


www.burmeseclassic.com
BURMESE CLASSIC
လုံးချင်းဝတ္ထုသစ်
မြသင်းကြ။
ပန္နလက်ရင်ခွင်ထဲကအချစ်ငှက်

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၈၈၈၀၆၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၁၁၀၀၈၀၈

| | | |
|---|---|---|
| မျက်နှာဖုံးပန်းချီ | ◆ | သန့်ဇော်သစ် |
| အတွင်းစာစီ | ◆ | မြစ်ခွဲဥစင်းကွန်ပျူတာ |
| အတွင်းပလင် | ◆ | ကိုထွန်းထွန်း |
| ထုတ်ဝေသည့်လ | ◆ | ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ |
| အကြိမ် | ◆ | ပထမအကြိမ် |
| အုပ်ရေ | ◆ | ၅၀၀ |
| ထုတ်ဝေသူ | ◆ | ဦးလှမိုး (ဉာဏ်ပွင့်စက်မှု)<br>ဧရာမြေစာပေတိုက်<br>မဟာဗန္ဓုလလမ်း၊ တိုက် (၂၂၄)၊ (ပ-ထပ်<br>အခန်း(၁၈) လသာမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းနှင့်မျက်နှာ<br>ဖုံးပုံနှိပ်သူ | ◆ | အောင်သာ (မြဲ ၀၃၁၃၇)၊<br>အမှတ်(၁၇၂)၊ ၃၁-လမ်း(အထက်)၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| စာအုပ်ချုပ် | ◆ | ပပစိုးနှင့်အဖွဲ့ |
| တန်ဖိုး | ◆ | ၁၀၀ ကျပ် |
| ဖြန့်ချိရေး | ◆ | တော်စွာစာပေ၊<br>အမှတ်(၂၂၅)၊ လမ်း-၃၀ (အထက်)၊<br>ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း - ၃၈၃၆၃၉။ |


# မြသင်းကြူ

********************

# ပဒ္မလက်ရင်ခွင်ထဲက အချစ်နှက်

www.burmeseclassic.com

မမျှော်လင့်ဘဲတွေ့
မထင်မှတ်ဘဲချစ်
တဒင်္ဂမှ ရာသက်ပန်
အတိတ်အိပ်မက် အလွမ်းရွာမှာ
ချစ်အိမ်လေးလဲ ရှိဖူးတယ်

မောင်...
ပဥ္စလက်ဆန်ဆန် အချစ်နိဒါန်းတွေနဲ့
ခိုဝင်ခဲ့တဲ့ ကျွန်မရင်ခွင်မှာ
ခိုင်မြဲတဲ့ အချစ်ကမ္ဘည်းလေး
စာဆိုညွှန်းဖွဲ့ခဲ့ဖူးတယ် မောင်...

www.burmeseclassic.com



မောင်...
ခံစားရအောင် တမင်မလှည့်စားခဲ့ပေမယ့်
အသိစိတ်တွေဝေဝါး
အမှောင်ခွင်းတဲ့ ဘဝမှန်နေ့သစ်ကို
မောင် ရောက်ရှိခဲ့မှာလား...
သံသယနဲ့ စိုးထိတ် ဘာသာပြန်
စမ်းစစ်ကြည့်ပြန်တော့
အတ္တကိုရင်ခွင်ပိုက်
ကျွန်မ မသိမ်းပိုက်ချင်ပါဘူး မောင်...
မောင့်အနာဂတ်လေး လင်းလက်
ဘဝမှန်နေသားကျဖို့ နှလုံးသားကိုရှေးရှု
အမုန်းစကားတွေမပါတဲ့ နှောင်ဖွဲ့ခြင်း
ရင်ခွင်ထဲမှာ မောင်က အချစ်ငှက်လေးပါ မောင်...

"စိမ်းမမ"

# အခန်း (၁)

မီးပွိုင့်မီးက ဖျတ်ခနဲ မီးနီသွားသည်။ စိမ်းမမ ဘရိတ်ကို ဆောင့်၍ နင်းလိုက်မိသည်။

"တောက်...ခဏ ခဏ မီးပွိုင့်ကလည်း မိနေတာပဲ" ဟု ရေရွတ်လိုက်ရင်း ဟင်းခနဲနေအောင် သက်မရှည်ကြီးကို ခပ်ကျယ်ကျယ် ရှိုက်ထုတ်ပစ်လိုက်မိသည်။

နံဘေးမှ အစ်မဖြစ်သူ ငြိမ်းမမက သူမကို မျက်မှောင်ကြုတ်ကာ စောင်းငဲ့၍ ကြည့်မိသည်။

"စိမ်း...ဘာဖြစ်လို့ ဒီလောက်တောင် အရင်လိုနေရ

www.burmeseclassic.com



တာလဲ၊ စိမ်း စိတ်တွေ အရမ်းလောနေတယ်၊ စိတ်ကိုတည်ငြိမ်အောင်ထားစမ်း”

အစ်မဖြစ်သူငြိမ်းမမ၏ စကားလုံးများကြောင့် စိမ်းမမ၏ မျက်နှာလှလှလေးမှာ အလိုမကျရိပ်တွေ စွန်းထင်းကုန်ကာ မှုန်ကုတ်ကုတ်ဂျစ်ကန်ကန်ပုံစံ ဖြစ်သွားရသည်။

“ကျွတ်...မမငြိမ်းကလည်း အချိန်ဆိုတာ စိမ်းအဖို့ရွှေအချိန်တိုင်း တစ်စက္ကန့် တစ်နာရီ အို...စက္ကန့် မိနစ် နာရီအချိန်တိုင်းဟာ တန်ဖိုးရှိတယ် မမငြိမ်း”

ငြိမ်းမမ ညီမငယ် စိမ်းမမ၏စကားလုံးများကြောင့် သက်ပြင်းမောတစ်ချက်ကို ချလိုက်ရင်း...

“စိမ်းရယ်...လောဘကလည်းကြီးလိုက်တာ၊ ကားမောင်းနေတုန်း စိတ်ကိုအေးအေးချမ်းချမ်းလေး ထားပါဦး”

စိမ်းမမ သူမ၏နှုတ်ခမ်းထောင့်စွန်းကလေး တွန့်ရုံဖြုံလိုက်ရင်း မျက်လုံးကလေး ထောင့်ကပ်ကြည့်ကာ...

“ခက်တယ်...မမငြိမ်းတို့ကြောင့် ခက်တယ်”

ငြိမ်းမမ ညီမဖြစ်သူ စိမ်းမမကို မျက်တောင်မခတ်စတမ်းငေး၍ကြည့်နေမိသည်၊ ရုတ်တရက် မီးပွိုင့်က စိမ်းမမ ကားလေးကို ဆောင့်ထွက်လိုက်သဖြင့်...

“အို...အမေ့”

ငြိမ်းမမ၏ခန္ဓာကိုယ်လေး သူမဘက်သို့ ယိမ်းယိုင်၍





ဘျလာသည်၊ ငြိမ်းမမအဖြစ်ကို စိမ်းမမက သဘောကျစွာရယ်သည်။

“အဟင်း...ခစ်...ခစ် မမငြိမ်း လန့်သွားတယ်၊ ခစ်ခစ်...Sorry နော် Sorry”

“စိမ်းနော်...မမငြိမ်းပြောနေတဲ့ကြားတည်းက လုပ်လိုက်တာ အရမ်းချည်းပဲ၊ ဖြည်းဖြည်းမောင်းစမ်းပါကွယ်၊ ကားမောင်းနေတာလေ တကတည်း ဂျက်လေယဉ်ပျံ မောင်းတာဘျနေတာပဲ”

စိမ်းမမ သူ၏သွားစွယ်ချွန်ချွန်လေးနှစ်ဖက်ပေါ်အောင် ရယ်လိုက်မိသည်။

“အဟင့်...ဟက်ဟက် မလန့်ပါနဲ့ မမငြိမ်းရယ်”

ပြောပြောဆိုဆို ကားကို အရှိန်မြှင့်လိုက်ပြန်သည်။ ငြိမ်မမမှာ ထိတ်ထိတ်ပျာပျာဖြစ်သွားရသည်။

“အို...စိမ်း ကားကိုစက်ရှိန်လျှော့စမ်း၊ မမငြိမ်းမစီးရဲဘူးကွယ်၊ တကတည်း ကားမောင်းနေတာ ဂျက်လေယာဉ်မောင်းနေတာ မဟုတ်ဘူးလို့ မမငြိမ်း ဘယ်နှစ်ခါပြောရမှာလဲ စိမ်း”

အစ်မဖြစ်သူ ငြိမ်းမမ၏ပုံစံကိုကြည့်ရင်း သူမ၏ ကိုယ်လေးက သိမ့်သိမ့်တုန်အောင် အားပါးတရ ရယ်ချလိုက်မိသည်။

“အဟင်းဟင်း...ခစ်ခစ် မမငြိမ်းရယ် တကယ်ရယ်ရ

www.burmeseclassic.com



တယ်၊ ဟင်းဟင်း...ဟင်း"

"စိမ်း...မမငြိမ်းပြောနေတယ်နော် အခု စက်ရှိန်ကို လျှော့လိုက်စမ်း၊ ဘယ့်နှယ် ကားကို စိတ်ကြိုက်အပျော်မောင်း နေလို့ ဘယ်ဖြစ်မှာလဲ၊ အန္တရာယ်ဘယ်လောက်ကြီးသလဲ စိမ်း သိရဲ့လား"

"အို...ဒါတွေများ စိမ်းသိတာပေါ့ မမငြိမ်းရဲ့"

ငြိမ်းမမမှာ ညီမငယ် စိမ်းမမ၏ ပုံစံနှင့် အပြုအမူ ကြောင့် ပိုမိုဒေါသထွက်ကာ လွန်စွာစိတ်ဆိုးလေသည်။

"တော်ပြီ စိမ်းရဲ့ကားကို နောက် မမငြိမ်းလုံးဝမစီးတော့ ဘူး၊ အိမ်ရောက်ရင် ဒက်ဒီနဲ့ မာမီတို့ကို တိုင်ပြောမယ်၊ ကား စက်ရှိန်ကိုလျှော့စမ်း၊ မလျှော့ရင် မမငြိမ်း ကားတံခါးဖွင့်ပြီး ကားပေါ်က ခုန်ချလိုက်မှာနော်"

"အား...မမငြိမ်းကလည်း စိမ်းက မမငြိမ်းကိုချစ်လို့ ကျီစားတာပါ ဟင်း...ဟင်း"

ပြောပြောဆိုဆို သူမ၏ကားစက်ရှိန်ကို လျှော့ချလိုက် သည်။

"တော်ပြီ နောက် စိမ်းရဲ့ကားနဲ့ မမငြိမ်း လုံးဝမလိုက် တော့ဘူး၊ မမငြိမ်း မစီးရဲဘူး"

စိမ်းမမ အစ်မဖြစ်သူကို ဘာစကားတစ်ခွန်းမှ ပြန်မပြော တော့ဘဲ သူမ၏ကားကလေးကို ဂရုတစိုက်မောင်းနေလေ





သည်။

ကားလေးက ကတ္တရာလမ်းမပေါ်မှာ တရိပ်ရိပ်ပြေးနေ ဆဲ ညီမငယ်စိမ်းမမ၏ မျက်နှာချောချောလှလှလေးကိုသာ ငြိမ်းမမ ငေး၍ကြည့်နေမိသည်။

ခေတ်ဆန်ဆန် ဝတ်စားဆင်ယင်မှုတို့ကြောင့် ဖြူဖွေး နုဖတ်သော အသားအရည်နှင့် ပုံစံတို့ကြောင့် တိုးရစ်မလေး တစ်ယောက်အလား ထင်မှတ်စရာ၊ သင်္ချာအဓိကနှင့် ကျောင်း ပြီး၍ ဘွဲ့ရထားပေမယ့် စီးပွားရေးလောကကကို ခြေစုံပစ်ဝင် သွားသည်။

ကုမ္ပဏီပေါင်း မြောက်မြားစွာကို အစုရှယ်ယာဝင်ထား သည်။

အသက်ငယ်ငယ် အရွယ်ငယ်ငယ်နှင့် စီးပွားရေးလောက ထိပ်ဆုံးသို့ရောက်နေပေမယ့် ကလေးစိတ်က မပျောက်သေး သည့် သည်ညီမငယ် စိမ်းမမအတွက် အလိုလိုရင်မောနေမိ သည်။

ငြိမ်းမမက ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာနမှ လက် ထောက်ကထိက ဆရာမတစ်ယောက်ဖြစ်သည်။ စိမ်းမမ ကားကို အဓိပတိလမ်းမ ဝင်ပေါက်တွင် ရပ်လိုက်သည်။

"ကဲ...မမငြိမ်းရောက်ပြီ ဆင်းတော့"

ငြိမ်းမမ၏ မျက်ခုံးလေးနှစ်ဖက် တွန့်ကွေးသွားရသည်။

www.burmeseclassic.com



ဖျတ်ခနဲ စိမ်းမမကို လှည့်ကြည့်ရင်း...

"အို..ဘာလို့ရပ်လိုက်တာလဲစိမ်း၊ ကျောင်းဝင်းထဲအထိ မောင်းဝင်လေကွာ၊ ဌာနရှေ့ရောက်အောင် မောင်းပို့ပေးရမှာပေါ့"

စိမ်းမမ၏မျက်နှာလေး စူပုတ်ပုတ်လေးဖြစ်သွားရသည်။

"ဒီကပဲဆင်းလျှောက်သွားတော့ မမငြိမ်းရာ၊ ဝေးတော့တာမှ မဟုတ်တာ၊ စိမ်းမှာ အရေးကြီးတဲ့ကိစ္စတွေ ရှိသေးတယ်"

"စိမ်းနော်...စိမ်းမှာ အရေးကြီးတဲ့ကိစ္စတွေရှိသလို မမငြိမ်းလည်း ဒီနေ့အစည်းအဝေးရှိတယ်"

ပြောပြောဆိုဆို သူမ၏လက်မှာပတ်ထားသော ရွှေရောင်ဒိုင်ခွက်နှင့် ကတ္တီပါကြိုးမည်းနာရီကလေးကို ငုံ့၍ကြည့်လိုက်ရင်း...

"အချိန်အရမ်းနီးနေပြီ မမငြိမ်းနောက်ကျရင် မကောင်းဘူး စိမ်း"

မမငြိမ်း သူမကို တမင်သက်သက် ဂျစ်တိုက်နေမှန်း စိမ်းမမသိသည်။ ထို့ကြောင့် မျက်နှာချိုကလေးကို သွေးလိုက်ရင်း...

"မမငြိမ်းကလည်း စိမ်းကိုညာမပြောနဲ့နော်၊ ဘာအစည်းအဝေးမှ မရှိတာ စိမ်းသိတယ်၊ အဟင်းဟင်း...လိမ္မာပါတယ်





မငြိမ်းရယ် ဒီကပဲ ဆင်းလျှောက်သွားတော့နော်"

စိမ်းနော် ပြောလေဆိုးလေပါလား မမငြိမ်းစိတ်ဆိုးလာပြီနော်၊ အစည်းအဝေးမရှိပေမယ့် Class တက်ဖို့အချိန် အရမ်းကပ်နေတာ"

"အို Sorry နော် မမငြိမ်းကလည်း နည်းနည်းပါးပါး နောက်ကျတော့ မမငြိမ်းရဲ့တပည့်တွေက စောင့်နေမှာပေါ့၊ ဘယ်သူမှ မမငြိမ်းကို အပြစ်မတင်ပါဘူး၊ မမငြိမ်းရဲ့လစာကိုလည်း ဖြတ်မှာမဟုတ်ဘူး၊ စိမ်းမှာ အလုပ်က စက္ကန့်ပိုင်းလေး နောက်ကျသွားတာနဲ့ ငွေတွေ သိန်းနဲ့ချီပြီး ဆုံးရှုံးသွားနိုင်တယ်၊ သိမှာပါတယ် မမငြိမ်းရယ်၊ ဒီကပဲဆင်းလျှောက်သွားလိုက်ပါ မငြိမ်းရာ"

ငြိမ်းမမ၏မျက်နှာမှာ အလိုမကျရိပ်တွေ စွန်းထင်းကုန်သည်။ သို့သော် ညီမငယ်ကို ဖက်ပြိုင်၍ မပြောချင်၍ ငြိမ်းမမ ကားပေါ်မှဆင်းလိုက်သည်။

"အဟဲ...အဲသလိုလိမ္မာမှပေါ့ မမငြိမ်း Good by"

ပြောပြောဆိုဆို ငြိမ်းမမ ကားပေါ်မှဆင်းလိုက်တယ် ဆိုရင်ပဲ စိမ်းမမ၏ ပရာဒိုကားလေး အရှိန်ပြင်းစွာ ငြိမ်းမမ၏ နံဘေးမှ မောင်းထွက်သွားသည်။ စိမ်းမမ၏ ပရာဒိုကားလေး ကို မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ရပ်၍ငေးကြည့် နေမိသည်။

www.burmeseclassic.com



"စိမ်းရယ်...သိပ်ခက်ပါလား"

စိမ်းမမ၏ကားလေးကတော့ အရှန်ပြင်းစွာဖြင့် တရိပ်ရိပ်ပြေးနေသည်မှာ ဂျက်လေယာဉ်တစ်စင်းနှယ်။ စိမ်းမမ၏စိတ်ထဲ၌မူ...

"ကိုရာဇာဆီက ကုန်ကြမ်းပစ္စည်းတွေ ငါ့ဆီအကုန်ရောက်အောင်လုပ်ရမယ်၊ အင်း...ဦးကြင်ဟုတ်လည်း ငါ့ရဲ့ပြိုင်ဘက်ဖြစ်လာပြီ၊ ဒီလူကြီးရဲ့လက်ထဲ နည်းနည်းမှ အပါခံလို့ မဖြစ်ဘူး၊ ငါဘာလုပ်ရမလဲ၊ ဒီကိစ္စကို နံပါတ်တစ် ဦးစားပေး ဖြေရှင်းရမယ်၊ အင်း...လောလောဆယ်ကတော့ ဘာမှမရှိသေးဘူး၊ အို...ဘယ်ဟုတ်ပါ့မလဲ လုပ်ငန်းကိစ္စမရှိပေမယ့်လူမှုရေးကရှိသေးတယ်"

ရှေ့တွင် မီးပွိုင့်ရှိ၍ သူမကားကို စက်ရှိန်လျှော့လိုက်သည်။

စိမ်းမမ၏ ပရာဒိုကားလေးက သူမ ထူထောင်ထားသည့် ရွှေမြန်ပြည်ကုမ္ပဏီရှေ့တွင် ကားကိုရပ်လိုက်သည် ဆိုရင်ပဲ သူမ၏အတွင်းရေးမှူးမလေး ရှိစ့်က ကားရှိရာသို့ ပြေးကာထွက်လာသည်။ ဖော်ရွေပြုံးရွှင်သော မျက်နှာထားဖြင့်...

"ဂွဒ်တမောနင်းပါ မမစိမ်း"

ဟု နှုတ်ဆက်သည်။ စိမ်းမမကလည်း နူးညံ့ချိုသာသော အပြုံးကလေးဖြင့်...

"ဂွဒ်တမောနင်း ရှိစ့်"ဟု ပြန်လည်နှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူးမလေး ရှိစ့်က ကားတံခါးကို တရိုတသေဖွင့်ပေးလိုက်သည် ဆိုရင်ပဲ စိမ်းမမ သူ၏ အတက်ချီကေ့(စ်)သေတ္တာပါးလေးကို ကိုင်၍ ကားပေါ်မှဆင်းလိုက်သည်။

"မမစိမ်း အတက်ချီကေ့(စ်)သေတ္တာလေး ရှိစ့်ကိုပေး"

ပြောပြောဆိုဆို စိမ်းမမထံမှ အတက်ချီကေ့(စ်)သေတ္တာပါးကလေးကို တရိုတသေ လှမ်းယူလိုက်သည်။ ထို့နောက် အတွင်းရေးမှူး(စက္ကထေရီ)မလေး ရှိစ့်က ကားတံခါးကို ပိတ်လိုက်သည်။ စိမ်းမမတစ်ယောက် သူမ၏ အတွင်းရေးမှူးမလေး၏ လှုပ်ရှားပုံကို စောင်းငဲ့၍ကြည့်လိုက်ရင်း...

"ရှိစ့် မန်နေဂျာဦးသက်ခိုင် ရောက်ပြီလား"

"ဟုတ်ကဲ့ ရောက်နေပါပြီ မမစိမ်း"

စိမ်းမမ သူမ၏လက်မှာပတ်ထားသော နာရီကို တစ်ချက်ငုံ့ကြည့်လိုက်သည်။

"အင်း...ဦးသက်ခိုင် အချိန်တိကျသားပဲ ကဲလာ...သွားစို့"

ပြောပြောဆိုဆို ကုမ္ပဏီအတွင်းသို့ ဝင်လာခဲ့ကြသည်။ ကုမ္ပဏီအတွင်းသို့ သူမ ခြေချလိုက်သည်ဆိုသည်နှင့် ဝန်ထမ်း





ကျော်စွာစာပေ

www.burmeseclassic.com



ရှိရာသို့ သူမ၏မျက်လုံးတို့ ဝေ့ဝဲ၍ကြည့်မိသည်။

ဝန်ထမ်းအားလုံး သူမရောက်လာသည်ကို သတိမပြုမိအား။ သူမတို့တာဝန်ထမ်းဆောင်နေသည့် တာဝန်ကိုသာ ကျေပွန်စွာ လုပ်ဆောင်နေသည်ကိုသာ တွေ့လိုက်ရသည်။

ထို့နောက် သူမ၏ရုံးခန်းရှိရာသို့ လျှောက်လာခဲ့သည်။

မန်နေဂျာရုံးခန်းသို့ သူမ လှမ်း၍ကြည့်လိုက်သည်။ စာရင်းဇယားတွေ တွက်ချက်စစ်ဆေးသော မန်နေဂျာဦးသက်ခိုင်ကို တွေ့ရသည်။ ထိုနောက် သူမ၏ရုံးခန်းရှိရာသို့ လျှောက်လာခဲ့သည်။

သူမ၏အတွင်းရေးမှူးမလေးဘက်သို့ လှည့်၍စောင်းငဲ့ကြည့်လိုက်ရင်း...

"ရှိုစ့် မမစိမ်းဆီကို စာရင်းဇယားတွေနဲ့အတူ မန်နေဂျာဦးသက်ခိုင်ကို လွှတ်လိုက်ပါ။ မှာထားတဲ့ပစ္စည်းစာရင်းတွေကို ကြည့်ချင်တယ်လို့ပြော"

"ဟုတ်ကဲ့ မမစိမ်း"

ရှိုစ့်က စိမ်းမမ၏စားပွဲခုံပေါ်သို့ အတက်ချီကေ့(စ်) သေတ္တာပါးကလေးကို တင်လိုက်သည်။

"မမစိမ်း ရှိုစ့်ကို သွားခွင့်ပြုပါ"

ရှိုစ့်က လှည့်ထွက်သွားရန်အလုပ် စိမ်းမမက သူမကို မျက်လွှာပင့်ကာ မော့ကြည့်ရင်း...





"ရှိုစ့် ဦးကြွင်ဟုတ်ဆီကို ဖုန်းဆက်ပါ၊ ဒီနေ့နေ့လယ် ၁၂-နာရီ မှာထားတဲ့ပစ္စည်းတွေ အရောက်ပို့ပေးပါလို့"

"ဟုတ်ကဲ့မမစိမ်း ရှိုစ့် ဖုန်းဆက်လိုက်ပါ့မယ်"

"အေး...သွားတော့ မန်နေဂျာ ဦးသက်ခိုင်ကို ပစ္စည်းစာရင်း အဝင်အထွက်တွေ ကြည့်ချင်တယ်လို့ပြောလိုက်"

"ဟုတ်ကဲ့ မမစိမ်း"

ပြောပြောဆိုဆို အတွင်းရေးမှူးမလေး ရှိုစ့်က သူမ၏ သီးသန့်ရုံးခန်းအတွင်းမှ ထွက်သွားသည်။

စိမ်းမမ...သူမ၏ စားပွဲခုံရှေ့ အိစက်ညက်ပြောင်းသည့် ဆိုဖာဆုံလည်ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။ သူမ၏ ကုမ္ပဏီကြီးကို ဆီးမှန်ချပ်များဖြင့် ကာရံထားသည်။ အတွင်းဒီဇိုင်းအပြင်အဆင်မှာ အနောက်တိုင်း တိုင်းပြည်တစ်ပြည်သို့ ရောက်နေသည့်အလား ပစ္စည်းများမှာလည်း အလွန်ထူးသည့် ဆန်းပြားသည့် ပစ္စည်းများနှင့် နိုင်ငံခြားအသုံးအဆောင် အဝတ်အထည်နှင့် အလှအပပစ္စည်းများကိုသာ ရောင်းချသည်။

သူမ၏ စက္ကူထေရီ အတွင်းရေးမှူးမလေးရှိုစ့်ကလည်း သူမအတွက် အလွန်အားကိုးရသည်။ သူမနှင့် နှစ်ကိုယ့်တစ်စိတ် ဖြစ်သည်။ သူမလိုပင် ဖွဲကြိုးသည်။ စေ့စပ်သေချာသည်။ ဘယ်အရာမဆို လွယ်လွယ်နှင့်အရှုံးမပေးတတ်သည့် ညဉ်မှာ

www.burmeseclassic.com



သူမအတိုင်းပင်။ သူမနှင့် အပေးအယူမျှသည်။ သူမ အားအကိုးရဆုံး အတွင်းရေးမှူးမလေးပင် ဖြစ်သည်။

စိမ်းမမ သူမ၏ကိုယ်ကို တစ်စက္ကန့်မျှ အနားပေးလိုသည့်သူ မဟုတ်သူပီပီ ကိုရာဇာဆီကို ဟန်းဖုန်းလေးဖြင့် ဆက်သွယ်လိုက်သည်။

"-------------"

"ဟဲလို...ကိုရာဇာလား စိမ်းမမပါ"

"-------------"

"ရှင်...သိပ်အရေးကြီးတဲ့ကိစ္စပေါ့ ကိုရာဇာ"

"-------------"

"စိမ်းမမမှာထားတဲ့ ပစ္စည်းတွေ စိမ်းမမကလွဲလို့ ဘယ်သူ့ကိုမှ မပေးရဘူးနော်"

"-------------"

အို...ဒီလိုလုပ်လို့ မရဘူးလေ"

"-------------"

"ဒါဆိုရင် စိမ်းထက်အရေးကြီးတဲ့ကိစ္စ ကိုရာဇာဆီမှာ ဘာရှိလဲ"

"-------------"

"ဟင်း...ဟင်း ရှင်က အတော်ရယ်ရတယ် အတာ... ဟက်...သိပ်အအူပြောကောင်းတာပဲ"





"-------------"

"အဟင်း...ယုံလိုက်မယ်၊ ကောင်းပြီလေ ဒီလောက်ဆို သုံးလောက်ပြီ၊ ဒါပဲနော် ကိုရာဇာ Good by"

ပြောပြောဆိုဆို သူမ၏ ဟန်းဖုန်းကိုပိတ်လိုက်သည်။ အောင်နိုင်သူတစ်ဦးပမာ စိမ်းမမ ပြုံးလိုက်သည်။ ထိုစဉ်...

"ဒေါ်စိမ်းမမ ဝင်ခွင့်ပြုပါ"

"အော်...ဦးသက်ခိုင် လာ...လာ"

အတွင်းရေးမှူးမလေး ရှိစ့်နှင့်အတူ မန်နေဂျာဦးသက်ခိုင် ပါလာသည်။ မန်နေဂျာဦးသက်ခိုင်ကို သူမ မျက်လွှာပင့်ကာ ကြည့်မိသည်။ မိမိရှေ့မှခုံတွင် ဝင်ထိုင်ဖို့ လက်ပြလိုက်သည်။

"အော်...ဦးသက်ခိုင် ထိုင်ပါ"

"ဟုတ်ကဲ့"

သူမ၏ ရှေ့တည့်တည့်ခုံမှာ ဝင်ထိုင်လိုက်၏။

"ရော့...ဒေါ်စိမ်းမမကြည့်ချင်တဲ့ ပစ္စည်းအဝင်အထွက် စာရင်းဇယားတွေပါ"

"အော်...ဟုတ်ကဲ့ရှင့်"

ဦးသက်ခိုင်ထံမှ အမှာစာရင်းဇယားများကို စိမ်းမမ လှမ်းယူလိုက်သည်။

"ဒေါ်စိမ်းမမ နယ်က ကိုယ်စားလှယ်တွေနဲ့ ချိန်းထား

www.burmeseclassic.com



တာက ၁၂-နာရီ သူတို့ကိုဧည့်ခံဖို့ကိစ္စတွေကို ကျွန်တော် အားလုံး စီစဉ်ပြီးသွားပြီ"

"ဟုတ်ကဲ့ရှင့် ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင့် နောက်ထပ် ဘယ်သူနဲ့များတွေ့ဖို့ချိန်းထားတာ ရှိသေးပါသလား"

မန်နေဂျာဦးသက်ခိုင် သူ၏ခေါင်းကို ခပ်သွက်သွက် ညိတ်လိုက်ရင်း...

"ရှိတယ် ဒေါ်စိမ်းမမ ကုန်သည်ကြီးများ ဟိုတယ်မှာ တည်းခိုနေတဲ့ စင်္ကာပူက ဧည့်သည်တွေနဲ့ သွားတွေ့ဖို့ရှိသေးတယ် ဒေါ်စိမ်းမမ"

"အော်...ဟုတ်သားပဲ၊ မေ့နေလို့ အဟင်း...ဦးနှောက်က အရမ်းအလုပ်လုပ်ရတော့ အရေးကြီးတဲ့ကိစ္စကို မေ့နေတတ်တယ်၊ ဟင်း...ဟင်း ကျေးဇူးတင်ပါတယ် ဦးသက်ခိုင်"

"ဒေါ်စိမ်းမမ ကြည့်ချင်တဲ့ ပစ္စည်းအဝင်အထွက် စာရင်းဇယားတွေကို သေချာစစ်ဆေးကြည့်ပါဦး"

"ဟုတ်ကဲ့ရှင့် ကျွန်မ သေချာစစ်ဆေးပါ့မယ်၊ ဦးသက်ခိုင်ကို ကျွန်မ မှာချင်တာက နယ်က ကိုယ်စားလှယ်တွေနဲ့ ချိန်းထားတဲ့ကိစ္စကို ဦးသက်ခိုင်ပဲ တာဝန်ယူလိုက်ပါ၊ ကျွန်မ စင်္ကာပူက ဧည့်သည်တွေ့ဖို့ အချိန်မီပြန်လာခဲ့မှာပါ၊ သူတို့ဆီကမှာထားတဲ့ ပစ္စည်းတွေအတွက် ရှင်းဖို့ငွေကိုလိုအပ်ရင် လိုသလောက် ဘဏ်မှာထုတ်ယူလိုက်ပါ"





တစ်ဆက်တည်းပင် စိမ်းမမတစ်ယောက် သူမ၏ အတွင်းရေးမှူးမလေး ရှိစ့်ထံသို့ လှမ်းကြည့်လိုက်ရင်း...

"ရှိစ့် ခဏလာဦး"

လုပ်လက်စအလုပ်များကို ရပ်လိုက်ရင်း...

"ဟုတ်ကဲ့ မမစိမ်း"

စိမ်းမမရှိရာသို့ သူမ လျှောက်လာလေသည်။

"ရှိစ့် ဘဏ်ကို ဖုန်းလှမ်းဆက်လိုက်ပါ၊ ကမ္ဘောဇဘဏ်ကို ဆက်နော်၊ မမစိမ်းရဲ့ ပြည်မြန်မာကုမ္ပဏီက အစုရှယ်ယာဝင်ထားတဲ့ ငွေစာရင်းစာအုပ်ထဲက ငွေသိန်းနှစ်ရာ ထုတ်မယ်သို့ ဖုန်းဆက်ပြီး အကြောင်းကြားပေးပါ၊ မန်နေဂျာဦးသက်ခိုင် အခုလာထုတ်မယ်လို့ ပြောလိုက်"

"ဟုတ်ကဲ့ မမစိမ်း"

စိမ်းမမ၏ရှေ့မှ အတွင်းရေးမှူးမလေး သူမ၏ အလုပ်စားပွဲရှိရာသို့ ပြန်သွားကာ ဟန်းဖုန်းတစ်လုံးဖြင့် စိမ်းမမပြောသည်များကို စီစဉ်ညွှန်ကြားလေသည်။

စိမ်းမမ မန်နေဂျာဦးသက်ခိုင်ကို မျက်လွှာပင့်ကာ မော့ကြည့်လိုက်ရင်း...

"ဦးသက်ခိုင် သွားနိုင်ပါပြီရှင် ကျွန်မ ဦးသက်ခိုင်ကို အရာရာစိတ်ချပါရစေ"

"ဟုတ်ကဲ့ပါ အားလုံး ကျွန်တော် တာဝန်ယူစီစဉ်

www.burmeseclassic.com



ဆောင်ရွက်ပေးလိုက်ပါမယ်၊ ကျွန်တော့်ကို သွားခွင့်ပြုပါဦး ခင်ဗျာ"

"OK Good by ဦးသက်ခိုင်"

ဦးသက်ခိုင်တစ်ယောက် စိမ်းမမ၏ သီးသန့်ရုံးခန်း အတွင်းမှ ထွက်ခွာသွားသည်။ စိမ်းမမ မန်နေဂျာဦးသက်ခိုင် ထံမှ ယူထားသည့် စာရင်းဇယားနှင့်အတူ ပစ္စည်းအဝင် အထွက် စာရင်းဇယားတွေကို စစ်ဆေးနေသည်။

"မမစိမ်း"

သူမ၏ အတွင်းရေးမှူးမလေး ရိုစ့်၏ ခေါ်သံကြောင့် စိမ်းမမ မျက်လွှာဝင့်ကာ မော့ကြည့်မိသည်။

"ဘာလဲ ရိုစ့်"

"စင်္ကာပူက ရောက်နေတဲ့ ကုန်သည်တွေကို သွားတွေ့ ရဦးမယ်လေ"

"အေးအေး...ရိုစ့်ဘက်က အဆင်သင့်ဖြစ်ရင် သွားကြ တာပေါ့ကွယ်"

စိမ်းမမနှင့် သူမ၏ အတွင်းရေးမှူးမလေးရိုစ့်တို့ ကုန်သည်ကြီးများဟိုတယ်တွင် တည်းခိုနေသော စင်္ကာပူမှ ဧည့်သည်များနှင့် လုပ်ငန်းကိစ္စများနှင့် အစုရှယ်ယာဝင်ဖို့ကို တွေ့ဆုံဆွေးနွေးသည်။

ကုမ္ပဏီသို့ ပြန်ရောက်သည်နှင့် နယ်ခံကိုယ်စားလှယ်





တွေနှင့် တွေ့ဆုံရပြန်သည်။

ညနေ သုံးနာရီလောက်မှ အလုပ်ကိစ္စပြတ်သွားသည်။ ထိုအခါမှ စိမ်းမမတစ်ယောက် ဟင်းခနဲနေအောင် သက်ပြင်း ...ာတစ်ချက်ကို ချလိုက်မိသည်။

ထိုအချိန် စိမ်းမမ၏ဟန်းဖုန်းမှ ဒစ္စကိုတီးလုံးလေးက အသံမြည်လာသည့်အတွက် သူမဟန်းဖုန်းကလေးကို လှမ်းယူလိုက်သည်။

"ဟဲလို...စိမ်းမမ စကားပြောနေပါတယ်ရှင်"

"ကျွန်တော် ရောမြေကုမ္ပဏီကပါခင်ဗျာ"

"ရှင်...ဦးမြင့်လွင်လား အမိန့်ရှိပါရှင်"

"ကျွန်တော်မှာထားတဲ့ပစ္စည်းတွေရောက်ရင် ပို့ခိုင်း လိုက်ပါ"

"အော်...ဟုတ်ကဲ့ရှင့် ရောက်ပြီ ရောက်ပြီ ကျွန်မ ...လေးနာရီအရောက် ပို့ခိုင်းလိုက်ပါမယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ကျွန်တော် ငွေသားချည်းပဲ ပေးချေရမလား၊ ဘဏ်မှာထုတ်ဖို့ ချက်လက် မှတ် ရေးပေးရမလား ခင်ဗျာ"

"ဦးမြင့်လွင် ကြိုက်သလိုစီစဉ်ပေးလိုက်ပါရှင်၊ ပစ္စည်း တွေကတော့ အားလုံး ဒီဇိုင်းဆန်းဆန်းတွေချည်းပါပဲရှင်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ခင်ဗျာ"

www.burmeseclassic.com



ပြောပြောဆိုဆို တစ်ဖက်မှ ဖုန်းချသွားသည့်အတွက် စိမ်းမမ သူမဖုန်းကို ပိတ်လိုက်သည်။

"ရှိစ့်ရေ…ဇရာမြေကုမ္ပဏီကို သူတို့မှာထားတဲ့ပစ္စည်းတွေပို့ဖို့ စီစဉ်လိုက်ပါရှိစ့်"

ရှိစ့် သူမ၏ခေါင်းလေးကို သွက်သွက်ညိတ်ပြလိုက်ရင်း

"ဟုတ်ကဲ့ပါ မမစိမ်း ရှိစ့် အားလုံးစီစဉ်ထားပြီးသားပါ ပစ္စည်းတွေ ဘယ်အချိန်ပို့ရမယ်မှန်း မသိသေးလို့ ရှိစ့် မပို့သေးတာပါ မမစိမ်း"

"အဟင်း ရှိစ့်က အဲဒါတွေကြောင့် မမစိမ်း အားကိုးရတာပေါ့ကွယ်"

ထိုအချိန်…စိမ်းမမ၏ဟန်းဖုန်းမှ ဒစ္စကိုတီးလုံးလေးထမြည်လာပြန်သည်။ စိမ်းမမကိုယ်စား ရှိစ့်က ကောက်ကိုင်လိုက်သည်။

"ဟဲလို…ရွှေမြန်ပြည်ကုမ္ပဏီကပါရှင်"

"---------------"

စိမ်းမမကို ပြုံးစစမျက်နှာပေးဖြင့် လှမ်းကြည့်လိုက်ရင်း

"မမစိမ်းရေ ကိုရာဇာဆီကဖုန်း"

"ပြောပြောဆိုဆို စိမ်းမမကို ဟန်းဖုန်းလှမ်းပေးလိုက်သည်။

"ဟဲလို ကိုရာဇာ စိမ်းမမပြောနေပါတယ်"





"---------------"

"ရှင်"

"---------------"

"အဟင်း ဟင်း ကိုရာဇာက ရယ်စရာပြောတတ်သားပဲ"

"---------------"

"သြော် ဟုတ်ကဲ့ရှင့် ဟုတ်ကဲ့"

"---------------"

"ကျေးဇူးတင်ပါတယ်ရှင် ဟင်းဟင်း"

"---------------"

"တကယ်ပြောတာပါရှင် နောက်မှလိုက်စားပါ့မယ်"

"---------------"

"အိမ်ပြန်နောက်ကျရင် ဒက်ဒီမာမီတို့ စိတ်ပူနေမှာ စိုးလို့ပါ"

"---------------"

"ဟုတ်ကဲ့ အရမ်းကိုကျေးဇူးတင်ပါတယ်ရှင်"

"---------------"

"သြော် ကျွန်မမှာထားတဲ့ ပစ္စည်းတွေ ဘယ်သူ့ကိုမှ မပေးနဲ့နော်၊ ကျွန်မ သူများရှင့်ကိုပေးတာထက် ပိုပေးပါ့မယ်"

"---------------"

"ကျွန်မက ဒီဇိုင်းဆန်းဆန်းလေးမှကြိုက်တာနော်'

www.burmeseclassic.com



အရင်အပတ်ကပို့တဲ့ ဒီဇိုင်းတွေက သိပ်မလှဘူး"

"-----------------"

"ကျေးဇူးတင်ပါတယ်ရှင် ကောင်းသောညနေခင်းပါ-ဘိုင် ဘိုင်"

ပြောပြောဆိုဆို စိမ်းမမ ဟန်းဖုန်းကိုချလိုက်သည်။

"မမစိမ်းကိုပြောဖို့မေ့နေဘာ၊ ယုဇနပလာဇာမှာ နတ်မြင်းပျံကုမ္ပဏီက အရောင်းပြခန်းဖွင့်ထားတယ် ပြောတယ်၊ သွားကြည့်ရင်ကောင်းမလား မမစိမ်း"

"ကောင်းသားပဲရိုစ်၊ ပစ္စည်းဆန်းလေးတွေ တွေ့တော့လည်း ဝယ်ရတာပေါ့ကွာ၊ ယိုင်ဝမ်နဲ့ မလေးက ပစ္စည်းဆန်းလေးတွေကိုတော့ မမစိမ်း စိတ်ဝင်စားတယ်ကွာ၊ ကိုယ့်အတွက် အကျိုးအမြတ်ရှိရင်တော့ စာချုပ်ချုပ်ကြတာပေါ့"

"ကောင်းသားပဲ မမစိမ်း မနက်ဖြန် သွားကြည့်ကြမယ်နော်"

ထိုအချိန် မန်နေဂျာဦးသက်၏ခိုင် ဝင်လာသည်။

"ဒေါ်စိမ်းမမ"

"အော်...ဦးသက်ခိုင် လာ လာ"

"ဒီနေ့ဝင်တဲ့ ဝင်ငွေနဲ့ ထွက်ငွေစာရင်း လာပို့တာပါခင်ဗျာ"

"အားလုံး အဆင်ပြေတယ် မဟုတ်လား"





"ဟုတ်ကဲ့ အားလုံး အဆင်ပြေပါတယ် ခင်ဗျာ"

ဦးသက်ခိုင်ထံမှ စာရင်းစာအုပ်ကို လှမ်းယူလိုက်သည်။

"ဦးသက်ခိုင် ဧရာမြေကုမ္ပဏီကို ပစ္စည်းတွေပို့ရမှာနော်၊ ညနေလေးနာရီအရောက်ပို့ပေးမယ်လို့ ကျွန်မပြောထားတယ်၊ ကိုယ်စား ဦးသက်ခိုင်ပဲ ငွေလိုက်ယူလိုက်ပါ၊ ကျွန်မ ပစ္စည်းတွေ လိုက်စစ်ကြည့်ဦးမယ်"

"ဟုတ်ကဲ့ခင်ဗျာ"

ညနေသုံးနာရီလောက်မှာ အလုပ်ကိစ္စတွေ ပြီးပြတ်သွားသည်။

"ဟူး...မောလိုက်တာ ရိုစ့်ရယ် တကတည်း စိတ်မောသူမောကြီး"

စိမ်းမမ၏ ချောမောလှပသော မျက်နှာလှလှလေးမှာ နွမ်းသွားသည်ဟု ရိုစ့်ထင်လိုက်မိသည်။

"ခဏအနားယူလိုက်ပါလား မမစိမ်း၊ ရိုစ့် မမစိမ်းအတွက် နက်(စ်)ကော်ဖီတစ်ခွက်ဖျော်လိုက်မယ်နော်"

"OK ကျေးဇူးပဲ ရိုစ့်ရယ် မမစိမ်း နားနေခန်းထဲမှာ စောင့်နေမယ်နော်"

"ဟုတ်ကဲ့ မမစိမ်း"

ခဏအကြာ နက်(စ်)ကော်ဖီခွက်ကလေးကိုကိုင်ကာ စိမ်းမမ၏ သီးသန့်ခန်းအတွင်းသို့ ဝင်လာသည်။

www.burmeseclassic.com



စိမ်းမမ အိုစက်ငြိမ့်ပြောင်းသော ဆုံလည်ဆိုဖာပေါ်တွင် ထိုင်နေသည်။

"ရော့...မမစိမ်းရဲ့စိတ်တွေ လန်းဆန်းသွားအောင် ကော်ဖီပူပူလေးကို အရင်သောက်လိုက်နော်"

"အေးကွယ်...ကျေးဇူးပါပဲရှိစ့်ရယ်"

ရှိစ့်ထံမှ ကော်ဖီပန်းကန်ကို လှမ်းယူလိုက်သည်။

"ရှိစ့်လည်း တော်ပင်ပန်းနေပြီနဲ့ တူတယ်၊ ကျေးဇူးတင်ပါတယ် ရှိစ့်ရယ်"

ရှိစ့်က ပြုံးရွှင်စွာဖြင့် စိမ်းမမကို မျက်လွှာပင့်ကာ လှမ်းကြည့်လိုက်ရင်း...

"မပင်ပန်းပါဘူး မမစိမ်းရယ်၊ ရှိစ့်ဝါသနာပါတဲ့အလုပ်မို့ ပျော်ပါတယ်၊ ပြီးတော့ မမစိမ်းက ရှိစ့်အပေါ်ကို ညီမရင်းတစ်ယောက်လို ဆက်ဆံခဲ့တယ်၊ အလုပ်ရှင်နဲ့ အလုပ်သမား ပုံစံ မဆက်ဆံတဲ့အတွက် မမစိမ်းကို ရှိစ့်ခင်တယ်၊ ချစ်တယ်၊ ရှိစ့်မှာက အစ်ကို အစ်မမရှိဘူး၊ ရှိစ့်တစ်ယောက်တည်း တစ်ကောင်ကြွက်"

"ဪ-ရှိစ့်ရယ် မမစိမ်းကလည်း ရှိစ့်ရဲ့ အစ်မပဲပေါ့ ကွယ်"

ရှိစ့်က စိမ်းမမထက် ငါးနှစ်ခန့်ငယ်ပြီး စီးပွားရေးဘွဲ့ရ တစ်ဦးဖြစ်သည်။ အစစ စိတ်ချရသည်။ အသက်ငယ်ပေမယ့်





သူကြီးလေးတစ်ဦးလိုပင် သွက်လက်ဖျတ်လတ်သည်။ ရှိစ့်ကို အတ်ဒီနှင့် မာမီတို့ကလည်း ချစ်သည်။ မမငြိမ်းကလည်း ချစ်သည်။

ရှိစ့်က စိမ်းမမတွက် အစစအရာရာ အားကိုးရသည့် ဝန်ထမ်းကောင်းဖြစ်သည်။

"မမစိမ်း နောက်ထပ်ကုမ္ပဏီအသစ်တစ်ခု ထပ်တည်ထောင်ပါလားဟင်"

"အင်း...ရှိစ့်ပြောတာ ကောင်းသားပဲ၊ ဒါပေမယ့် အသစ်တည်ထောင်မယ့်အစား အခုကုမ္ပဏီကို ဒီထက် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင် ထပ်မံတိုးချဲ့ရင် ကောင်းမယ်၊ အဲ..အင်းတိုင်က စက်ရုံကိုလည်း စာရင်းမစစ်ရသေးဘူးနော်"

"ဒါဆိုရင် မနက်ဖြန် စာရင်းသွားစစ်ကြတာပေါ့"

ယခုလက်ရှိကုမ္ပဏီမှ စိမ်းမမ၏ စက်မှုလက်မှုလုပ်ငန်းကြီးအား အင်းတိုင်တွင် အခြေချထူထောင်ခဲ့သည်။ ဧရိယာစတုရန်းမိုင်ပေါင်း ၁၂-မိုင်ပတ်လည်ခန့်ရှိသော ကြီးမားကျယ်ဝန်းသော ခြံကြီးအတွင်းဝယ် သန့်ရပ်သန့်ရှင်းလှပသော စက်ရုံကြီးကို တည်ဆောက်ထားသည်။ ထိုစက်ရုံဝင်းအတွင်းမှာပင် အိမ်ထောင်သည်ဝန်ထမ်းများအတွက် အခန်းပေါင်းများစွာပါသော ငါးထပ်တိုက်များ၊ လူပျိုအပျိုဝန်ထမ်းများအတွက် သီးခြားအဆောင်များ၊ ဆေးခန်း သက်သာဆိုင်

www.burmeseclassic.com



ဖူလုံရေး ဈေးတန်း ရှုပ်ရှင်ခန်းမ မွှာရုံ စသည်ဖြင့် အနယ်နယ် အရပ်ရပ်မှ လာရောက်လုပ်ကိုင်ရသော ဝန်ထမ်းများအတွက် စီစဉ်ပေးထားသည်။

ထိုစက်ရုံမှာ ရိုစ့်နှင့် စိမ်းမမ မတွဲခင်က စက်ရုံဝန်ထမ်းများအားလုံး အနေအစားချောင်ကြသည်။ စက်ရုံမန်နေဂျာ ဦးကျော်နီက စိမ်းမမနှင့် ဝန်ထမ်းများအပေါ် လူလည်ကျသည်။ စိမ်းမမ တစ်ပတ်တစ်ခါ အင်းတိုင်ကိုဝင်၍ စာရင်းစစ်သည့်အခါ လိမ်လည်၍ စာရင်းတင်ပြသည်။ စိမ်းမမမှာ ဦးကျော်နီကို ယုံကြည်၍ အစစအရာရာ မျက်နှာလွှဲထားသည့်အတွက် ဦးကျော်နီမှာ သူ၏စားကွက်ကို ဖန်တီးသည်။ စည်းကမ်းထိန်းသိမ်းမှုကို မသိမသာလျှော့၍ အကျင့်ပျက်ဝန်ထမ်းများ၏ စရိုက်ကို မွေးမြူသည်။

ခိုးထုပ်ခိုးထည်နှင့် မိအောင်ဖမ်းပြီး လူသိရှင်ကြားအရေးယူထုတ်ပယ်ပစ်သည်။ ကုမ္ပဏီပိုင်ရှင် စိမ်းမမထံသို့ စာရင်းတင်ပြရာ ဖိုင်ထဲတွင် ပစ္စည်းပျောက်စာရင်းမှာ ၁၀-သိန်း ဆိုလျှင် သိန်း ၁၀၀-တင်ပြသည်။ ဤကား ဦးကျော်နီ၏ စားကွက်ပင်ဖြစ်သည်။

"အို...ဦးကျော်နီ ကျွန်မရဲ့ငွေတွေ ပစ္စည်းတွေ ဆုံးရှုံးကုန်တာ ရှင်ပေါ့လျော့လို့ပဲ၊ ဒါကြောင့် ရှင့်ကို ကျွန်မ စက်ရုံက ထုတ်ပယ်တယ်"





ဦးကျော်နီ မျက်စိပျက် မျက်နှာပျက်နှင့် ဘာတစ်ခွန်းမှ မပြောနိုင်ပေ။ စိမ်းမမ ထိုနေ့မှာပဲ ဦးကျော်နီကို စက်ရုံမှ ထုတ်ပယ်ပစ်လိုက်သည်။

ထိုစက်ရုံကို ခေတ္တပိတ်ထားလိုက်သည်။

စိမ်းမမနှင့်ရိုစ့် လက်တွဲပြီးသည့်နောက်မှ စက်ရုံကို ပြန်ဖွင့်သည်။ မန်နေဂျာကို အသစ်ထပ်မံခန့်သည်။ စိမ်းမမကိုယ်တိုင် ရိုစ့်၏ အကြံဉာဏ်ပေးသည့်အတိုင်း စီစဉ်သည့်အတွက် အရင်ကထက် ပိုမိုတိုးတက်၍ အောင်မြင်လာသည်။ စီးပွားရေးလောက၌ ထိပ်ဆုံးက စိမ်းမမပဲဖြစ်ရမည်ဟု သူမ ကြွေးကြော်တတ်စမြဲ။

"မမစိမ်း ကော်ဖီသောက်လိုက်ဦးလေ"

ရိုစ့်၏အသံကြောင့် စိမ်းမမ၏ အတွေးစတွေ ပျံ့လွင့်သွားသည်။

"မမစိမ်း ခုတစ်လော မမစိမ်းကိုကြည့်ရတာ နည်းနည်းပိန်လာသလိုပဲနော်၊ နေမကောင်းဘူးလား"

"ဟင့်အင်း...ရိုစ့်ရယ် နေမကောင်းတော့ မဖြစ်ပါရစေနဲ့တွယ်၊ အဟက်ဟက် စီးပွားရေး ကြီးပွားရေး လုပ်ငန်းတွေအကြောင်း စဉ်းစားရလွန်းတော့ ညည အိပ်ရေးပျက်တယ်ရှိစ့်ရဲ့"

"အဟင်း...မမစိမ်းက လောဘကြီးတာကိုး၊ ကိုယ့်

www.burmeseclassic.com



ကျန်းမာရေးကိုလည်း ဂရုစိုက်ဦးမှပေါ့”

စိမ်းမမတစ်ယောက် ရိုစ့်၏အပြောကြောင့် လှပစွာပြုံးလိုက်ရင်း...

“အဟင်း ဟင်း...ရိုစ့်နဲ့ မာမီ ဒက်ဒီတို့နဲ့ တစ်ပုံစံတည်း မမငြိမ်းဆို ပိုဆိုးသေးတယ်၊ ဆရာမပီပီ အရမ်းဆရာလုပ်တာပဲ၊ နေတာ ထိုင်တာ ဝတ်တာ စားတာကအစ သိပ်ဆရာလုပ်တာ၊ အလုပ်ထဲမှာ ပင်ပန်းရတဲ့ကြားထဲ အိမ်ပြန်ရောက်လို့ နားမယ်မကြံသေးဘူး သူ့ရဲ့ Lesson တွေနဲ့ နပန်းလုံးရတာပဲ”

“ဟင်း...ဟင်း မမစိမ်းကတော့ လုပ်ပြီ မမငြိမ်းနဲ့ တိုင်ပြောမှာနော်”

ရိုစ့်၏ စကားလုံးကြောင့် စိမ်းမမ ထိတ်ထိတ်ပျာပျာ ဖြစ်သွားရသည်။

“အယ်...မမငြိမ်းနဲ့တော့ မတိုင်ပါနဲ့ကွယ်၊ ရိုစ့်ကို အပြန် ကရဝိက်မှာ ညစာကျွေးမယ်ကွာ”

“တကယ်နော် မမစိမ်း တကယ်ကျွေးရမှာနော်”

“အဟင်း..ဟင်း တကယ်ကျွေးမှာပေါ့ကွယ် စောစော ပြန်ကြစို့”

ပြောပြောဆိုဆို စိမ်းမမ ထိုင်ရာမှထလိုက်စဉ် ရုတ်တရက် ခေါင်းထဲမှာ မူးဝေလာပြီး ဟန်ချက်ပျက်သွားသည်၊

“အို...ရိုစ့်ရယ်”





“အို...မမ မမစိမ်း”

ရိုစ့် စိမ်းမမကို ကပျာကယာ လှမ်းဆွဲလိုက်သည်။

“ခေါင်းထဲက မူး...မူးလိုက်တာ ရိုစ့်”

စကားပင်ဆုံးအောင် မပြောနိုင်ဘဲ ရိုစ့်၏ရင်ခွင်ထဲ ပျော့ခွေ၍ကျသွားသည်။

“အို...မမစိမ်း...မမစိမ်း”

ရိုစ့် စိမ်းမမကို စိုးရိမ်တကြီးပွေ့ဖက်ထားရင်း ခေါ်မိသည်။

“မမစိမ်း...မမစိမ်း ဒုက္ခပါပဲ ခေါ်လို့လဲမရဘူး”

စိမ်းမမကိုကြည့်ရင်း ရိုစ့်ခြေမကိုင်မိ လက်မကိုင်မိဖြစ်သော ရုတ်တရက် ဘာလုပ်ရမည်မှန်းမသိ ဖြစ်သွားရသည်။

ဘုရား...ဘုရား မမစိမ်း ဘာမှမဖြစ်ပါစေနဲ့၊ သူ...သူ သေများသွားပြီလား၊ စိုးရိမ်ပူပန်ခြင်းများစွာဖြင့် သတိလစ်မေ့မြောနေသော စိမ်းမမ၏ရင်ဘတ်ကို သူမ၏နားကလေးဖြင့် ကပ်ကာ နားထောင်လိုက်မိသည်။ နှလုံးခုန်သံက မခုန်ချင့်ခုန်ချင်ဖြင့် အသံကသိပ်မမှန်ချင်...

“အို...နှလုံးခုန်သံက နှေးလိုက်တာ...ဘုရား...ဘုရား”

စိမ်းမမကို ဆိုဖာပေါ်သို့ ညင်သာစွာ ချလိုက်သည်၊ ပြီးနောက် မန်နေဂျာ ဦးသက်ခိုင်၏အခန်းသို့ သူမပြေးလေ

www.burmeseclassic.com



သည်။

"ဦးသက်ခိုင်...ဦးသက်ခိုင်"

ခေါ်သံနှင့်အတူ ဦးသက်ခိုင်၏ရုံးခန်းအတွင်းသို့ ရှိ ဝင်လိုက်သည်။ ခေါ်သံကြောင့် ဦးသက်ခိုင် ကွန်ပျူတာတစ် ဖြင့် အလုပ်ရှုပ်နေရာမှ မော့ကြည့်လိုက်သည်၊ သွေးဆုတ် သလို ဖြူဖွေးသောမျက်နှာထားနှင့် ရှိစ့်ကိုတွေ့လိုက်ရသည် အတွက်...

"ရှိစ့်...ဘာဖြစ်လို့လဲ"

"မမစိမ်း...မမစိမ်း...မူးလဲလို့ သတိလစ်နေတယ် ဦးသက်ခိုင်"

"ဟင်...ဟုတ်လား"

ဦးသက်ခိုင်နှင့်အတူ ရှိစ့် စိမ်းမမဆီသို့ အပြေးကလေး ပြန်ရောက်လာသည်။

"မမစိမ်း...မမစိမ်း...အဟင့်...ဟင့်...ခေါ်လို့မ တော့ဘူး ဦးသက်ခိုင်ရဲ့ လုပ်ပါဦး"

"ရှိစ့် စိတ်အေးအေးထားပါ၊ ဒေါ်စိမ်းမမကို ဆေးခန်း ပို့မှ ဖြစ်မယ်"

ပြောပြောဆိုဆို ဦးသက်ခိုင် စိမ်းမမကို ပွေ့ချီလိုက်သည်။

"ရှိစ့် ကားကို အဆင်သင့် စက်နှိုးထား၊ ဆေးခန်းသွား မှ ဖြစ်မယ်"





"ဟုတ်...ဟုတ်ကဲ့"

ဦးသက်ခိုင်၏အကူအညီနှင့် စိမ်းမမကို အာရှတော်ဝင် အထူးကုဆေးခန်းသို့ ပို့ဆောင်ဖြစ်သည်၊ ကံကောင်းထောက်မ စွာပင် စိမ်းမမ သတိပြန်ရလာခဲ့သည်၊ ဦးခင်မောင်ကျော် ဒေါ်ခင်မာလာနှင့် ငြိမ်းမမတို့ ပူပင်သောက ရောက်ခဲ့ရသည်။

"သမီးငယ်...သတိရလာပြီနော်"

"ဟုတ်ကဲ့ မာမီ...သမီး သတိရပါပြီ၊ အဲ...နေကောင်း သွားပြီ မာမီရဲ့၊ အိမ်ပြန်ကြမယ်နော်"

ပြောပြောဆိုဆို အိပ်ရာထက်မှ ထထိုင်ရန် အားယူစဉ် ဆရာဝန်ကြီးက သူမ၏အနားသို့ ရောက်လာသည်။

"သမီး...အေးအေးဆေးဆေး ဆေးရုံမှာ တစ်ပတ် လောက် အနားယူရမယ် သမီး၊ စိတ်ပင်ပန်းလူပင်ပန်းလို့ သမီး အခုလို နေမကောင်းဖြစ်ရတာ သမီးရဲ့ နှလုံးခုန်သံက သိပ် မမှန်ဘူးကွယ်၊ အေးအေးဆေးဆေး အနားယူသင့်တယ်"

"ရှင်...ကျွန်မ ဆေးရုံမှာ တစ်ပတ်အနားယူရမယ် ဟုတ် လား၊ မဖြစ်ဘူးနဲ့တူတယ်၊ ဟိုလေ ကျွန်မ အိမ်မှာပဲ အနား ယူချင်တယ် အန်ကယ်"

သမီးဖြစ်သူ၏ စကားကြောင့် ဖခင်ဖြစ်သူ ဦးခင်မောင် ကျော် ခေါင်းကို ခါယမ်းလိုက်ရင်း...

"မဖြစ်နိုင်ဘူး သမီး...ကိုယ့်ကျန်းမာရေးထက် ဘာ

www.burmeseclassic.com



အရေးကြီးနေတာလဲ၊ ဆေးရုံမှာ သက်သောင့်သက်သာနဲ့ အေးအေးဆေးဆေး အနားယူရမယ်"

"ဟုတ်သားပဲ ညီမလေးရဲ့...တစ်ပတ်ဆိုတာ မကြာပါဘူးကွယ် ခဏလေးပါ၊ ညီမလေးရဲ့ ကျန်းမာရေးအတွက် အနားယူသင့်တယ်ကွယ်"

"ဟုတ်တယ် သမီး စိမ်းမမ...ဆေးရုံကဆင်းရင်လည်း အေးအေးဆေးဆေး အနားယူဖို့သင့်ကယ်၊ အလုပ်ခွင်နဲ့ ကျွတ်ကျွတ်လွတ်လွတ်ကိုနေပြီး အေးအေးဆေးဆေး အနားယူသင့်တယ် သမီး...ပလီလို နေရာမျိုး၊ ချောင်းသာလို နေရာမျိုးတွေမှာ လေကောင်းလေသန့်ကိုရှူပြီး အနားယူသင့်တာ"

စိမ်းမမ သက်ပြင်းမောတစ်ချက်ကို ချလိုက်ရင်း စိတ်ထဲမှ...အို...အာလုံး ငါ့အတွက် ပြောနေကြတာပါပဲလေ၊ စိုးရိမ်လို့ ပြောနေတာ ငါပြင်းဆန်လို့ ဘယ်ကောင်းပါ့မလဲ...ရေရွတ်လိုက်ရင်း ပြုံးရွှင်သောမျက်နှာထားဖြင့်...

"ဟုတ်ကဲ့...သမီး နားထောင်ပါ့မယ်ရှင်"

စိမ်းမမ ဘာမှ မတတ်နိုင်သည့်အဆုံး ဆေးရုံမှာ တစ်ပတ်နေရန် သဘောတူလိုက်ရသည်။

* * *



## အခန်း (၂)

စိမ်းမမတစ်ယောက် နားနားနေနေ အပန်းဖြေရန် ချောင်းသာသို့သွားရန် ဆုံးဖြတ်လိုက်မိသည်၊ နေ့ပေါင်းများစွာ ရက်ပေါင်းများစွာ အလုပ်ထဲမှာသာ သူမ၏စိတ်တွေကို သံပတ်ပေးထားသည့်စက်ရုပ်နှယ် စေခိုင်းကာ အနားမပေးဘဲ အလုပ်တွေထဲမှာသာ နစ်မြုပ်နေရသည်။

ကြာလာတော့ မိမိရဲ့စိတ်တွေ လွတ်လပ်မှုမရှိ၊ အေးအေးချမ်းချမ်းနေချင်လာသည်၊ ထို့ကြောင့် မိမိရဲ့ အတွင်းရေးမှူးလေးရှိစ့်နှင့် တိုင်ပင်မိသည်။

www.burmeseclassic.com



"ရှိစ့်…မမစိမ်းရဲ့စိတ်တွေ အရမ်းပင်ပန်းနေတယ်"

စိမ်းမမထံမှ ကြားလိုက်ရသည့် စကားလုံးတွေကြောင့် အတွင်းရေးမှူးမလေးရှိစ့် ထိတ်ထိတ်ပျာပျာ ဖြစ်သွားရသည်။

"ဟင်…မမစိမ်း နေမကောင်းဘူးလားဟင်"

စိမ်းမမ လှပစွာတစ်ချက်ပြုံးလိုက်ရင်း သူမ၏ ခေါင်းကလေးကို ခါယမ်းပစ်လိုက်မိသည်။

"အဟင်း…မမစိမ်း နေကောင်းပါတယ်ကွယ်၊ ဒါပေမယ့် မမစိမ်းရဲ့ စိတ်တွေ အလုပ်ထဲမှာနှစ်ထားရတော့ စိတ်တွေ အရမ်းပင်ပန်းလွန်းတယ်ကွယ်၊ ဒါကြောင့် မမစိမ်း ခေတ္တခဏ အနားယူအပန်းဖြေရင် ကောင်းမလားလို့"

"ဟာ…ကောင်းတာပေါ့ မမစိမ်း၊ အဲ…တစ်နေရာရာကို ခရီးထွက်ပြီး အပန်းဖြေလိုက်ပါလားဟင်၊ ဒါဆိုရင် မမစိမ်းရဲ့ စိတ်တွေ ပေါ့ပါးလန်းဆန်းလာမှာ"

"ချောင်းသာမှာ အပန်းဖြေ အနားယူရင် ကောင်းမလားလို့"

"ကောင်းတာပေါ့ မမစိမ်း…သဘာဝဟောတောင် ပတ်ဝန်းကျင်နဲ့ ပင်လယ်ပြင်အလှကို ကြည့်လို့ရတယ်၊ ကောင်းတယ် မမစိမ်း ကောင်းတယ်၊ မမစိမ်းကို အနားယူအပန်းဖြေဖို့ အန်တီကလည်း ခဏခဏပြောနေတာလေ အဟင်း… မမစိမ်းက လောဘကြီးနေတာ ဟင်း…ဟင်း အန်ကယ်ကြီးနဲ့





ငြိမ်းတို့လည်း ဝမ်းသာမှာ"

ရုတ်တရက် စိမ်းမမ၏ခေါင်းထဲသို့ စီးပွားရေးလုပ်ငန်းကိစ္စတွေက ဝင်လာပြန်သည်။

"သွားလို့ဖြစ်ပါ့မလား ရှိစ့်ရယ်…ဒီမှာက လုပ်ငန်းကိစ္စတွေက စိတ်ချရပါ့မလားကွယ်"

"အို…မမစိမ်းကလဲ ရှိစ့် ကျန်ခဲ့မှာပဲဟာ စိတ်ချသွားပါ။ ဘာလဲ မမစိမ်းက ရှိစ့်ကို စိတ်မချဘူးလား"

"ဟင့်အင်း…မဟုတ်ပါဘူးကွယ်၊ မမစိမ်းသွားရင် မစိမ်းနဲ့အတူ ရှိစ့်ပါလိုက်ခဲ့ရမှာ ပြီးတော့ စင်ကာပူနဲ့မလေးရှား က တုန်သည်တွေနဲ့ အစုရှယ်ယာဝင်ဖို့ကိစ္စတွေက ရှိသေးတယ်လေကွယ်"

"မမစိမ်းကလဲ ဒီကိစ္စတွေကို ဦးသက်ခိုင်နဲ့ လွှဲထားရင် ရပါတယ်၊ ခရီးမသွားဖူးတာကျနေတာပဲ၊ စိုးရိမ်လိုက်ရတာ ခတိုင်း မမစိမ်း ခရီးထွက်တဲ့အခါ ကျန်တဲ့ကုမ္ပဏီကိစ္စတွေကို ဦးသက်ခိုင်ပဲ စီစဉ်ပေးနေတာပဲလေ၊ ဦးသက်ခိုင်က စိတ်ချယုံကြည်ရတဲ့ လူတစ်ယောက်ပါ မမစိမ်းရဲ့၊ နယ်ကိုယ်စားလှယ်တွေနဲ့တော့ ချောင်းသာကပြန်လာမှတွေ့ရင် အကောင်းဆုံးပဲ မမစိမ်း"

"ကိုရာဇာဆီကပစ္စည်းတွေ တခြားလူလက်ထဲကို ရောက်မှာစိုးတယ် ရှိစ့်"

www.burmeseclassic.com



စိမ်းမမ၏အပြောကြောင့် ရိုစ်၏မျက်နှာလေး မဲ့ပြုံးတ ချက် ပြုံးလိုက်ရင်း...

"ဟင်း...ဟင်း မမစိမ်းရေ ကိုရာဇာဆီက ပစ္စည်းတွေ ကိုတော့ စိတ်ချ မမစိမ်းကလွဲပြီး သူဘယ်သူ့ကိုမှ ပေးမှာ မဟုတ်ဘူး၊ ဟဲ...ဟဲ ကိုရာဇာက စိတ်ချရပါတယ် မမစိမ်းရဲ့ ဟဲ...ဟဲ...ဟဲ"

စိမ်းမမ၏ မျက်နှာလေး စူပုတ်ပုတ်ကလေး ဖြစ်သွား သည်။

"အို...ရိုစ့်နော် ဘာ ဟဲ...ဟဲ လဲ"

"အဟင်း...ဟင်း ကိုရာဇာက မမစိမ်းကို ရွှေစွန်ညိုကြီး ဝဲသလို ဝဲနေတာနော် မမစိမ်းရဲ့ မသိဘူးလား"

"ရိုစ့်နော်...မမစိမ်းက ရိုးရိုးသားသားပဲ သူ့ကို စီးပွား ရေးအရ မိတ်ဆွေတစ်ယောက်အဆင့်ထက် မပို့ဘူး"

"မမစိမ်းကသာ မပိုတာ၊ ကိုရာဇာကတော့ မမစိမ်းအတွက် ဆိုရင် ဓာပဲပေးရ ပေးရ ပေးချင်နေတာ ဟိ...ဟိ"

"မမစိမ်းကလဲ ချောချောလှလှ ကိုရာဇာကလဲ ချောချော လှလှ နေနဲ့လ ရွှေနဲ့မြလိုပဲ ဟဲ...တဲ"

"အို...ရိုစ့်ရယ် တော်ပါတော့ ကိုရာဇာရဲ့ ရုပ်က မိန်းမ တွေပိုင်းနေမဲ့ပုံ၊ ရှုတ်မဲ့ပွေမဲ့ပုံ၊ မမစိမ်းတို့က စိတ်မဝင်စားဘူး ကန်တော့ဆွမ်းပဲ"





"အဟင်း...ဟင်း အလကားစတာပါ မမစိမ်းရယ်၊ ရိုစ့် ကလဲ မမစိမ်းနဲ့ကိုရာဇာကို လုံးဝသဘောမတူပါဘူးနော်"

"တော်ပြီ...တော်ပြီ ချောင်းသာကိုသွားမဲ့ခရီးစဉ်ကို ချက်တယ်"

"အယ်...မမစိမ်းကလဲ စိတ်ဆိုးမြန်လိုက်တာ၊ အလကား မမစိမ်းကို ချစ်လို့စတာပါနော်၊ ကိုရာဇာနဲ့လုံးဝ သဘောမတူ ပါဘူး၊ မမစိမ်း ချောင်းသာသွားဖို့ ရိုစ့် လေယာဉ်လက်မှတ် ဘွတ်ကင်သွားလုပ်လိုက်မယ်နော်"

"ကောင်းသားပဲ...ဒါဆိုရင်လည်း ခရီးသွားဖို့ ရိုစ့်ပဲ စီစဉ် ပေးနော်"

"ဟုတ်ကဲ့ မမစိမ်း...ရိုစ့် ခုပဲ လေယာဉ်ရုံးကို သွားလိုက် မယ်နော်"

"အေး...အေး ကုမ္ပဏီကိစ္စတွေ ဦးသက်ခိုင်ကို မမစိမ်း မရှိတုန်း လိုအပ်တာတွေ စီစဉ်ဖို့ ဆွေးနွေးလိုက်ဦးမယ်"

"ဟုတ်ကဲ့ မမစိမ်း...ဘိုင့် ဘိုင်"

ရိုစ့်ကတော့ ကလေးတစ်ယောက်ပမာ နှုတ်ဆက်ရင်း စိမ်းမမ၏ရုံးခန်းအတွင်းမှ ထွက်သွားလေသည်။

"အင်း...ကိုရာဇာဆီကို ဖုန်းအရင်ဆက်လိုက်မယ်၊ တော်ကြာ ငါမှာထားတဲ့ ပစ္စည်းတွေ သူများလက်ထဲကို

www.burmeseclassic.com



ရောက်သွားရင် ပြဿနာ၊ ကိုရာဇာဆီကပစ္စည်းစုံတယ်၊ ဒီဇိုင်းဆန်းတယ်၊ သူက နိုင်ငံခြားကုမ္ပဏီပေါင်းစုံနဲ့ ဆက်သွယ်နေတာ”

❋ ❋ ❋

စိမ်းမမတစ်ယောက် အမှန်တကယ်ပင် အပန်းဖြေရန် ချောင်းသာသို့သွားရန် ခိုင်မာစွာ ဆုံးဖြတ်ချက်ကို ချလိုက်မိသည်။

သူမ၏ ပရာဒိုကားလေးကို စိတ်လက်ပေါ့ပါးစွာ မောင်းနှင်၍လာသည်။ ကားလေးကတရိပ်ရိပ်ပြေးလွှား၍နေသည်၊ ကားမောင်းနေရင်း ရုတ်တရက် သူမ၏စိတ်တွေက အလုပ်ထဲကို ရောက်သွားပြန်သည်။ ခါတိုင်းသွားတာ စီးပွားရေး ကုမ္ပဏီကိစ္စတွေနဲ့သွားရတာ...ငါမရှိတုန်း ငါ့ရဲ့လုပ်ငန်းတွေ အဆင်ပြေပါ့မလား၊ ဦးသက်ခိုင်ကတော့ အစစအရာရာ စိတ်ချယုံကြည်ရတဲ့ ဝန်ထမ်းတစ်ယောက်ပါ၊ ငါ့အပေါ်ကို သစ္စာ





ရှိတယ်၊ အလုပ်ကိုလည်း လေးစားတယ်၊ ချောင်းသာကပြန်လာရင် ဦးသက်ခိုင်ကို ဘောက်ဆူးကောင်းကောင်းပေးရမယ်၊ ကိုရာဇာကတော့ ငါမှာထားတဲ့ပစ္စည်းတွေ ငါကလွဲလို့ ဘယ်သူ့ကိုမှ မပေးဘူးလို့ပြောတာဘဲ၊ ဟွန်း...အပြောနဲ့အလုပ် တစ်ခြားစီဖြစ်နေလို့ကတော့ ငါနဲ့တွေ့မယ်။

အင်းတိုင်က စက်ရုံကိုတော့ ဒီနေ့ ငါစာရင်း စစ်ခဲ့ပြီးပြီ၊ နောက်ဘက်ခါစာရင်းစစ်ဖို့ ရှိတယ်၊ ဦးသက်ခိုင်မေ့နေမှာ စိုးရတယ်၊ ပစ္စည်းတွေတင်ဖို့ နောက်ထပ် ကားနှစ်စီး ထပ်ဝယ်မှဖြစ်မယ်၊ ငါ ချောင်းသာကို သွားလို့ဖြစ်ပါ့မလား၊ စီးပွားရေးလုပ်ငန်းကိစ္စတွေကို စိတ်မချဘူး၊ ငါ့ရဲ့စိတ်တွေ အရမ်းပင်ပန်းနေတယ်လို့ ထင်မိတယ်၊ အို...ကျန်းမာရေးအတွက်ပဲလေ၊ ငါကျန်းမာမှ ငွေတွေထပ်ရှာနိုင်မှာ စိတ်ချလက်ချသွားလို့ ဦးသက်ခိုင်ကလည်း ပြောလိုက်တယ်၊ ငါ ဘာမှ နောက်ဆံတင်းမနေတော့ဘူး၊ လုပ်ငန်းကိစ္စတွေ ဦးသက်ခိုင်နဲ့ ညှိနှိုင်းပြီးမှပဲ...

စိမ်းမမ၏ ကားလေးက တဖြည်းဖြည်း သူမနေထိုင်ရာအိမ်ဆီသို့ ဦးတည်နေသည်။ တီ...တီ ဟွန်းသံပေးရင်း ကွန်ကရစ်လမ်းလေးအတိုင်း မောင်းဝင်လာခဲ့သည်၊ တိုက်ရှေ့ပေါ်တီအောက် ကားလေးရပ်သွားသည်။

“အင်း...ဒီအချိန်ဆိုရင် ဒယ်ဒီနဲ့မာမီတို့ ပြန်ရောက်နေ

www.burmeseclassic.com



လောက်ပြီ၊ ငါချောင်းသာသွားမယ်ဆိုတာသိရင် ဘာပြောမလဲ မသိဘူး"

ကားတံခါးဖွင့်ကာ သွက်လက်ပေါ့ပါးစွာ ကားပေါ်မှ ဆင်းလိုက်သည်။ စေ့ပိတ်ထားသော သံဘာဂျာတံခါးကို အသာဆွဲဖွင့်လိုက်သည်၊ အိမ်ဖော်မလေး ပူစူးက အိမ်ထဲမှ စိမ်းမမကို ထွက်ကြိုသည်။

"ဟယ်...မမစိမ်း ပြန်လာပြီ၊ ပေး...ပေး မမစိမ်းရဲ့ အိတ် ပူစူးကိုပေး"

"ရော့ ပူစူး...မမစိမ်းရဲ့ အိပ်ခန်းထဲမှာ သွားထားလိုက်"

"ဟုတ်ကဲ့ မမစိမ်း"

စိမ်းမမ တိုက်အတွင်းသို့ ဝင်လာခဲ့သည်၊ ဧည့်ခန်းသို့ သူမလှမ်းကြည့်လိုက်သည်။ ဧည့်ခန်းထဲတွင် ဒယ်ဒီကထိုင်၍ သတင်းစာဖတ်နေသည်၊ မာမီက ဒယ်ဒီနံဘေးဆိုဖာတွင် ထိုင်၍ သိုးမွှေးထိုး၍နေသည်၊ ငြိမ်းမမက ထိုင်၍ TV ကြည့်နေသည်ကို တွေ့လိုက်ရသည်၊ စိမ်းမမ ဧည့်ခန်းအတွင်းသို့ ဝင်လာပြီး...

"ဒက်ဒီ...သမီး ချောင်းသာကို သွားချင်တယ်၊ သမီးရဲ့ စိတ်တွေ အလုပ်ထဲမှာနှစ်ထားရတာ အရမ်းပင်ပန်းတယ် သမီး အပန်းဖြေခရီးထွက်ချင်တယ်"

ပြောပြောဆိုဆို ဒက်ဒီ မာမီတို့၏ ရှေ့တည့်တည့်ဆိုဖာ





ပေါ်တွင် သူမ ဝင်ထိုင်လိုက်သည်။ စိမ်းမမထံမှ ကြားလိုက်ရသည့် စကားသံတို့ကြောင့် သတင်းစာဖတ်နေသော ဒက်ဒီ ဦးခင်မောင်ကျော်၏ မျက်ခုံးနှစ်ဖက် မြင့်တက်သွားရသည်။ သတင်းစာပေါ်မှ မျက်မှန်ကိုပင့်ကာ သူမကို လှမ်းကြည့်လိုက်သည်။

"ဗုဒ္ဓေါ...သမီး ဘာတွေပြောနေတာလဲ"

စိမ်းမမ သက်ပြင်းမောတစ်ချက်ကို ချလိုက်ရင်း...

သမီးရဲ့စိတ်တွေ အလုပ်ထဲမှာနှစ်ထားရတာ အရမ်းပင်ပန်းလွန်းတယ်၊ ဒါကြောင့် အနားယူဖို့ သမီး ချောင်းသာကို သွားချင်တယ် ဒက်ဒီ"

"သမီးသဘောပဲလေကွယ်၊ အဟက်..ဒက်ဒီ နားကြားများ လွဲသွားသလားလို့"

ဒက်ဒီဦးခင်မောင်ကျော်၏ ပြုံးစစမျက်နှာပေးနှင့် ပြောသောကြောင့် စိမ်းမမ၏မျက်နှာလေး စူပုပ်ပုပ်ကလေး ဖြစ်သွားရသည်။

"အာ...ဒက်ဒီကလဲ"

မိခင်ဖြစ်သူ ဒေါ်ခင်မာလာမှာ သမီးဖြစ်သူ၏ပုံစံကြောင့် ပြုံးချင်ချင်ဖြစ်သွားရသည်။

"အဟင်းဟင်း...မာမီရဲ့သမီးငယ်လေးရဲ့စိတ်တွေ အလုပ်ထဲမှာနှစ်ထားရတာ အရမ်းစိတ်ပန်းနေတာ မာမီသိပါ

www.burmeseclassic.com



တယ် သမီးရယ်"

ငြိမ်းမမက ညီမဖြစ်သူကို လှမ်း၍...

"မာမီသမီးငယ်က ပြောမရဆိုမရနဲ့ သိပ်ခက်တာပေါ့ ဆေးရုံကဆင်းတာ မကြာသေးဘူး အလုပ်ထဲပြန်ဝင်တယ် ဆေးရုံကဆင်းပြီးပြီးချင်း အပန်းဖြေခရီးထွက်သင့်တယ်လို့ ဆရာဝန်ပြောတာ လက်မခံတာ မာမီသမီးက သိပ်လောဘ ကြီးတာကိုး"

"အဟင်း...ဒါကတော့ မိုးရွာတုန်းရေခံဆိုတဲ့ စကား ရှိသားပဲ မမငြိမ်းကလည်း"

ဒက်ဒီဦးခင်မောင်ကျော်က မာမီ ဒေါ်ခင်မာလာကို စောင်းငဲ့၍ကြည့်ရင်း...

"ကဲပါ...တော်ပါတော့ သမီးငယ် စိတ်ပြောင်းသွား ဦးမယ်၊ ကောင်းတယ်သမီး ဆရာဝန်ကြီးတွေကလည်း သမီး ငယ်ရဲ့ ကျန်းမာရေးအတွက် ခရီးထွက်ဖို့ တိုက်တွန်းကြတာ သမီးငယ်သိတယ်နော်၊ အခု ဒက်ဒီတို့ကလည်း သမီးငယ် ခရီးထွက်ဖို့ တိုက်တွန်းတယ်၊ သမီးငယ် ခရီးထွက်ကိုထွက်ရ ဖြစ်မယ်"

စိမ်းမမ သူမ၏ခေါင်းလေးကို တဆတ်ဆတ်ညိတ် လိုက်ကာ...

"ဟုတ်ကဲ့ပါ ဒက်ဒီ"





မာမီဒေါ်ခင်မာလာ စိမ်းမမနံဘေးသို့ ပြောင်း၍ဝင်ထိုင် လိုက်ရင်း...

"သမီးငယ် အလုပ်ခွင်နဲ့ လွတ်လွတ်ကျွတ်ကျွတ်ကိုနေမှ ဖြစ်မှာ ကိုယ့်အသက်ကို ကိုယ်နှမြောစမ်းပါ သမီးငယ်ရယ်၊ သမီးငယ်အခုလိုဖြစ်ရတာ အလုပ်တွေအရမ်းပိပြီး ဦးနှောက် က ဒဏ်မခံနိုင်တော့လို့ ဖြစ်ရတာ"

"ဟုတ်ကဲ့ပါ မာမီ ဒါ...ဒါဆိုရင် သမီး ဘယ်ကိုသွားရ မှာလဲဟင်"

ဦးခင်မောင်ကျော်၏ မျက်ခုံးနှစ်ဖက် မြင့်တက်သွားရ သည်။

"ဟမ်...သွားချင်တဲ့နေရာသွား၊ စိတ်ကူးတည့်ရာကို လျှောက်သွား"

"အင်...ဒက်ဒီကတော့ လုပ်ပြီ"

သမီးငယ်၏ မျက်နှာချောချောလေးက ညှိုးနွမ်း၍သွား သည်ကို ကြည့်ရင်း ဦးခင်မောင်ကျော် ပြုံးချင်ချင်ဖြစ်သွား ရသည်။

"ကတယ်ပြောတာ သမီးငယ် ဆရာဝန်ကြီးတွေပြော အာနော်၊ သမီးမေ့နေပြီလား အနည်းဆုံး ခြောက်လလောက် ကို အဲ...တစ်နှစ်လောက်ပေါ့နော် အလုပ်တွေနဲ့ ဝေးဝေးနေ သင့်တယ် သမီး၊ အလုပ်တွေနဲ့ အဝေးဆုံးမှာ သွားနေသင့်

www.burmeseclassic.com



တယ်၊ ဒါမှ သမီးငယ် လန်းလန်းဆန်းဆန်းဖြစ်လာမှာ”

စိမ်းမမ သူမ၏ခေါင်းလေးကို ခပ်သွက်သွက် ခါရမ်းပစ်လိုက်မိသည်။

“အို…ဟင့်အင်း ဟင့်အင်း မဖြစ်နိုင်တာတွေကို မပြောပါနဲ့ ဒက်ဒီရဲ့၊ သမီးရဲ့ စီးပွားရေးလုပ်ငန်းတွေကို မစွန့်လွှတ်ပါရစေနဲ့၊ မကင်းကွာပါရစေနဲ့၊ တော်ပြီ တော်ပြီ ဘယ်ခရီးမှ မထွက်တော့ဘူး၊ ဒီမှာ ဒက်ဒီ သမီးဟာ စီးပွားရေးလောကမှာ သူများတကာရဲ့ ထိပ်ဆုံးကပဲနေချင်တာ၊ တန်ဖိုးရှိတဲ့ အချိန်တွေကို သက်သက်မဲ့ ဘာကြောင့် လွှင့်ပစ်ရမှာလဲ၊ အချိန်တိုင်း မိနစ် စက္ကန့်တိုင်းဟာ သမီးအဖို့တော့ ရွှေပဲ ဒက်ဒီ”

သမီးငယ် စိမ်းမမ၏ စကားလုံးများကြောင့် ဦးခင်မောင်ကျော် သက်ပြင်းမောကို ချလိုက်မိသည်။ ငြိမ်းမမနှင့် ဒေါ်ခင်မာလာတို့ကတော့ ပွဲကြည့်ပရိသတ် သက်သက်ပင်။

“သမီးငယ် ကိန်းကဏန်း မြောက်မြားစွာ ငွေစက္ကူတွေကြားမှာ နေရတာ မငြီးငွေ့ဘူးလား၊ ဒက်ဒီနဲ့မာမီတို့ရဲ့ ချမ်းသာတဲ့ စည်းစိမ်တွေက ဒက်ဒီရဲ့ သမီးနှစ်ယောက် ဆယ်သက်စားလို့ မကုန်သလို ဒက်ဒီရဲ့ ကုမ္ပဏီကလည်း စီးပွားရေးလောကမှာ အောင်မြင်နေတာ သမီးအသိနော်၊ မာမီဆိုရင်လည်း နိုင်ငံတော်က အသိအမှတ်ပြုတဲ့ ကျောက်မျက်ရတနာကုန်သည်တစ်ဦးဆိုတာ သမီးသိတယ်နော်၊ ဒက်ဒီတို့က





ဆင်းရဲမွဲတေနေတာ မဟုတ်ပါဘူး သမီးရယ်၊ လောဘသိပ်မကြီးပါနဲ့”

“ဟုတ်ကဲ့ပါ ဒက်ဒီ”

“ကဲ…ဒါဆိုရင် သမီးငယ် ဆုံးဖြတ်ချက်ချထားတဲ့အတိုင်း ချောင်းသာကိုသွားလေ၊ သမီးငယ်ရဲ့ မမငြိမ်း လိုက်ထားလို့ မေးကြည့်လေ၊ ညီအစ်မနှစ်ယောက်ဆိုတော့ ပျော်ရတာပေါ့”

စိမ်းမမရဲ့ အကြည့်က အစ်မဖြစ်သူ ငြိမ်းမမထံသို့ မျက်လုံးလေး ဝေ့ဝဲကာ လှမ်းကြည့်လိုက်မိသည်။

ငြိမ်းမမက ညီမကိုငေး၍ကြည့်နေသည်ကို တွေ့လိုက်ရသည့်အတွက် စိမ်းမမ မျက်နှာချိုလေးသွေးကာ ပြုံးစစမျက်လုံးလေးဖြင့်…

“မမငြိမ်း စိမ်းနဲ့ ချောင်းသာကိုလိုက်ခဲ့ပါလားဟင်၊ ပျင်းပြေ အပန်းဖြေသွားရအောင်လို့လေ”

စိမ်းမမ၏စကားကြောင့် ငြိမ်းမမ၏ မျက်နှာလေးမှာ မကျေရိပ်တွေ စွန်းထင်းကုန်သည်။

“မမငြိမ်း မအားပါဘူးကွယ်၊ ကျောင်းက ခွင့်ရမှာမဟုတ်ဘူး ဒုတိယနှစ်သမားတွေ စာမေးပွဲရှိတယ်၊ မမငြိမ်း မလိုက်တော့ဘူး”

စိမ်းမမ၏မျက်နှာလေးမှာ စူပုပ်ပုပ်လေး ဖြစ်သွားရ

www.burmeseclassic.com



သည်။

"ဟင့်အင်း...ဟင့်အင်း မရဘူး မမငြိမ်းလိုက်ခဲ့ရမယ်"

ကလေးငယ်တစ်ယောက်လို စူပုပ်သော မျက်နှာထားဖြင့် ဆိုးနွဲ့နေသော ညီမငယ်ကိုကြည့်ရင်း ငြိမ်းမမ ပြုံးလိုက်မိသည်။

"အို...စိမ်းကလည်း ကလေးကျနေတာပဲ၊ မဆိုးနဲ့လေကွာ၊ မမငြိမ်းတကယ်ပြောတာ စိမ်းရဲ့ မမငြိမ်း မအားလို့ပါ"

"ဟွန်း...တော်ပြီ တော်ပြီ မမငြိမ်းကို စိမ်း လုံးဝမချစ်တော့ဘူး"

ငြိမ်းမမနှင့် စိမ်းမမတို့နှစ်ယောက်ကို ဦးခင်မောင်ကျော်နှင့် ဒေါ်ခင်မာလာတို့က ပြုံး၍ကြည့်နေကြသည်။ စိမ်းမမတသူ၏နံဘေးမှာထိုင်နေသော မိခင်ဖြစ်သူ ဒေါ်ခင်မာလာကို မျက်လွှာပင့်ကာ မော့်ကြည့်လိုက်ရင်း...

"မာမီ မာမီ့သမီးကို ကူပြောပေးဦးလေ၊ သမီးနဲ့ အဖော်လိုက်ခဲ့ဖို့"

"ဟုတ်သားပဲ သမီးကြီးကလည်း ညီမလေးနဲ့ အဖော်လိုက်သွားနော်၊ ညီမလေးရဲ့အကြောင်း သမီးကြီးသိရဲ့သားနဲ့ကွယ်၊ ညီမလေးက ဘယ်တုန်းကမှ အနားယူအပန်းဖြေမယ်ဆိုတာကို မပြောခဲ့ဖူးဘူးနော်၊ အားလပ်ချိန်မရှိအောင် အလုပ်ထဲမှာ နှစ်ထားတာ၊ စိတ်ရောလူရော ပင်ပန်းလွန်းပါတယ်





နှမ်းမာရေးက သိပ်ကောင်းတာ မဟုတ်ဘူးလေကွယ်၊ သမီးကြီး အဖော်လိုက်သွားသင့်တယ်"

ငြိမ်းမမ ခေတ္တခဏ တွေဝေငေးငိုင်၍သွားသည်။ အစ်မဖြစ်သူ၏ပုံစံကြောင့် စိမ်းမမ ပြုံးလိုက်မိသည်။

"ရတယ်မာမီ ရတယ် သမီးအဖော်မလိုပါဘူး မာမီရဲ့ မငြိမ်းမှာက တကယ်မအားမှန်း သမီးသိပါတယ် မာမီ"

ငြိမ်းမမက ညီမငယ်စိမ်းမမကို အေးဆေးတည်ငြိမ်သော မျက်နှာထားဖြင့် စိုက်ကြည့်ရင်း...

"မမငြိမ်း အမှန်တကယ်မအားလို့ပါ ညီမလေးရယ်၊ မငြိမ်းကို စိတ်ဆိုးနေလားဟင်၊ ဒါမှမဟုတ် မမငြိမ်း ကျောင်းက ခွင့်ယူပြီး ညီမလေးနဲ့ လိုက်ခဲ့မယ်လေ"

စိမ်းမမ ခေါင်းကို ခပ်သွက်သွက်ကလေး ခါရမ်းလိုက်ရင်း...

"ဟင့်အင်း အလကားစတာပါ မမငြိမ်းရယ်၊ မမငြိမ်း လိုက်မယ်ဆိုရင်လည်း စိမ်းက မမငြိမ်းနဲ့ မသွားချင်ပါဘူး၊ ဒက်ဒီနဲ့ပဲ သွားချင်တာ ဒက်ဒီ စိမ်းနဲ့ ချောင်းသာကိုလိုက်ခဲ့မယ်နော်"

သမီးဖြစ်သူ စိမ်းမမ၏စကားကြောင့် ဖခင်ဖြစ်သူ ဦးခင်မောင်ကျော်၏ မျက်ဝန်းများ ပြုံးကျယ်သွားရသည်။

"အမ်...နိုး နိုး Baby ဒက်ဒီမအားဘူးလေကွယ်၊ ဒက်ဒီ

www.burmeseclassic.com



ရဲ့ လုပ်ငန်းတွေအကြောင်းကိုလည်း Baby သိရဲ့သားနဲ့ ကွယ်"

"ဟင့်အင်း ဟင့်အင်း မရဘူး ဒက်ဒီလိုက်ခဲ့ရမယ်"

ဦးခင်မောင်ကျော်၏ မျက်ဝန်းများက ဇနီးဖြစ်သူ ဒေါ်ခင်မာလာကို လှမ်း၍ ကြည့်လိုက်မိသည်။ ဒေါ်ခင်မာလာကတော့ ပြုံး၍သာကြည့်နေသည်ကို တွေ့လိုက်ရသည်။

"ခင်...ခင့်သမီးငယ်နဲ့ လိုက်သွားပါလား၊ ခင်လည်း သိပ်ခေါင်းမာတာ၊ ကျန်းမာရေးအတွက် အနားယူသင့်တယ်"

"အို့..ကိုကိုကလည်း တစ်ရက်နှစ်ရက်ဆိုရင်ပဲ ကျောက်မျက်ရတနာရောင်းဝယ်ရေးတွေက စတော့မှာ၊ ခင့်ရဲ့ ကုန်သည်တွေနဲ့ ခင် ဖောက်သည်ပျက်သွားမှာပေါ့၊ နိုင်ငံခြားသားကုန်သည်တွေနဲ့ ခင် အစုရှယ်ယာဝင်ဖို့ ရှိသေးတယ် ကိုကို၊ ခင် လိုက်လို့မဖြစ်ဘူး"

"ခင်...ကိုကို သမီးကိုစိတ်မချဘူးကွာ ခင်လိုက်သွား"

"ခင် လိုက်လို့မဖြစ်ဘူး ကိုကို"

ဦးခင်မောင်ကျော် စိတ်ပျက်စွာဖြင့် သက်ပြင်းမော တစ်ချက်ကို ချလိုက်ရင်း...

"သမီးငယ်ကို တစ်ယောက်တည်းသွားမှာ စိတ်မချဘူးကွာ၊ ကဲ...မင်းမလိုက်ချင်နေတော့ သမီးငယ် သမီးနဲ့ ဒက်ဒီလိုက်ခဲ့မယ်"





ဖခင်ထံမှ ကြားလိုက်ရသည့်စကားကြောင့် စိမ်းမမ ဝမ်းသားအားရ ထခုန်လေသည်။

"ဟေး...ဒါမှ စိမ်းရဲ့ဒက်ဒီကွ"

"သမီးငယ် သမီးငယ်နဲ့ ဒက်ဒီလိုက်ခဲ့မယ်"

ရုတ်တရက် စိမ်မမ၏ ပြုံးပျော်နေသော မျက်နှာလေးမှာ ခပ်တည်တည်လေး ဖြစ်သွားရသည်။

"ဒက်ဒီရဲ့လုပ်ငန်းတွေအားလုံး မန်နေဂျာဦးကိုကိုကျော်နဲ့ လွှဲထားခဲ့မယ်၊ သမီးနဲ့ ဒက်ဒီလိုက်ခဲ့မယ်"

စိမ်းမမက သူမ၏ခေါင်းကလေးကို သွက်သွက်ကလေး ခါရမ်းပစ်လိုက်မိသည်။

"အို...ဟင့်အင်း ဒက်ဒီမလိုက်ခဲ့နဲ့ ဘယ်သူမှမလိုက်ခဲ့နဲ့ သမီးနဲ့ရှိစ့် အဖော်လိုက်ခဲ့မှာ စိတ်ချပါဒက်ဒီရယ်၊ သမီးအတွက် ဘာမှ ပူပင်သောကဖြစ်မနေပါနဲ့၊ ဒက်ဒီရဲ့လုပ်ငန်းတွေက သမီးထက်ပိုအရေးကြီးတာပေါ့ ဒက်ဒီ၊ သမီးနားလည်ပါတယ်၊ ဒက်ဒီ စင်ကာပူကို ခရီးထွက်ဖို့ရှိတယ်ဆိုတာလည်း သမီးသိပါတယ်၊ ဒက်ဒီ ဘာမှ နောက်ဆံတင်းမနေနဲ့နော်၊ အရာရာအားလုံး စိတ်ချလက်ချသွားပါ ဒက်ဒီ"

ဦးခင်မောင်ကျော်က ခေါင်းတညိတ်ညိတ်ဖြင့် သမီးဖြစ်သူကို ငေးကြည့်နေမိသည်။

www.burmeseclassic.com



"နို့...သမီးရဲ့ လုပ်ငန်းကိစ္စတွေကရော"

စိမ်းမမ နှုတ်ခမ်းထောင့်စွန်းကလေး တွန့်ရုံပြုံးလိုက်ရင်း

"သမီး ချောင်းသာမှာ အလွန်ဆုံး တစ်ပတ်ဆယ်ရက် ပါ ဒက်ဒီရယ်၊ လုပ်ငန်းကိစ္စတွေကို သမီးရဲ့မန်နေဂျာ ဦးသက် ခိုင်နဲ့ လွှဲထားခဲ့မယ်လေ၊ ဦးသက်ခိုင်က သမီးအတွက် အစစအရာရာ အားကိုးရဆုံး ဝန်ထမ်းတစ်ယောက်ပါ ဒက်ဒီ သမီးအတွက် အစစအရာရာ စိတ်ချသွားပါ"

"အေးပါကွာ ဒက်ဒီရဲ့သမီးက ကလေးမဟုတ်တော့ ဘူးလေ၊ ဒါပေမယ့်..."

"အဟင်း...ဒက်ဒီကတော့လုပ်ပြီ၊ သမီး ကုမ္ပဏီကိစ္စ တွေနဲ့ မကြာခဏ ခရီးထွက်ထွက်နေရတာ သိရက်သား အစိုးရိမ်မလွန်ပါနဲ့ ဒက်ဒီ"

"သမီးငယ်ရဲ့ ကျန်းမာရေးက ရှိသေးတယ်လေ"

"အို...ဒက်ဒီရယ် သမီးက အခုနေကောင်းနေပြီလေ ကျန်းမာရေးအတွက် မစိုးရိမ်ပါနဲ့ ဒက်ဒီရယ်၊ အလုပ်ထဲ စိတ်တွေပင်ပန်းလွန်းလို့ ခေတ္တခဏ အနားယူတဲ့သဘော ဒက်ဒီ"

ဒေါ်ခင်မာလာက ခင်ပွန်းဖြစ်သူကို မျက်လွှာပင့် မော်ကြည့်လိုက်ရင်း...

"ကိုကို ကိုကို့သမီးက ဘယ်တုန်းကမှ အနားယူအောင်





ဖြေမယ်ဆိုတာကို မပြောခဲ့ဖူးဘူးနော်၊ အားလပ်ချိန်မရှိတော့ အောင် နားချိန်မရှိအောင် အလုပ်နဲ့လက် ပြတ်တာမဟုတ် ဘူး၊ ဒါကြောင့် သမီးငယ်ရဲ့စိတ်တွေ အလုပ်ထဲမှာနှစ်ထားရ တာ အရမ်းပင်ပန်းလွန်းတယ် သမီး၊ ကိုကိုရဲ့သမီးငယ်အတွက် လေယာဉ်လက်မှတ်ကို ကိုကိုကပဲ စီစဉ်ပေးလိုက်နော်၊ သမီး ငယ်စိမ်း လိုအပ်တာ သမီးဒက်ဒီ စီစဉ်ပေးလိမ့်မယ်နော်"

စိမ်းမမ သူမ၏နံဘေးမှာထိုင်နေသော မိခင်ဖြစ်သူ၏ ရင်ခွင်အတွင်းသို့ တိုးဝင်လိုက်ရင်း...

"အဟင်း...အဲဒီလိုအလိုက်သိလို့ မာမီ့ကိုချစ်တာ၊ ဟင်း...ဟင်း သမီးက လေယာဉ်လက်မှတ်ကို ဝယ်ထားပြီး သွားပြီ မာမီ၊ မနက်ဖြန်မနက် ၇-နာရီထွက်မယ့်လေယာဉ်နဲ့ သမီးနဲ့အတူ ရှိစို့ပါ လိုက်မှာပါမာမီရဲ့"

စိမ်းမမ၏စကားကြောင့် ဒေါ်ခင်မာလာ၏မျက်ခုံး နှစ်ဖက် မြင့်တက်သွားရသည်။

"အယ်...သမီးက အားလုံးစီစဉ်ပြီးမှ လူကြီးတွေကို အသိပေးတာပေါ့လေ၊ ဟုတ်လား စိမ်းမမ"

စိမ်းမမ သူမရဲ့ခေါင်းလေးကို ခပ်သွက်သွက်ကလေး ညိတ်လိုက်မိသည်။

"ဟုတ်ကဲ့ပါ မာမီ အဟဲ...မာမီနဲ့ ဒက်ဒီတို့ လူကြီးတွေ

www.burmeseclassic.com



အလုပ်ရှုပ်နေတာ သိလို့ သမီးဘာသာ စီစဉ်လိုက်တာပါ မာမီ ရယ် စိတ်မဆိုးပါနဲ့နော်"

ပြောပြောဆိုဆို မီခင်ဖြစ်သူ၏ နဖူးပြင်ကို ရင်ခွင် အတွင်းမှထွက်ကာ နမ်းလိုက်မိသည်။

"စိမ်းချောင်းသာအပြန် မမငြိမ်းအတွက် လက်ဆောင် ဝယ်ခဲ့ရမှာနော်"

ငြိမ်းမမထံမှ ကြားလိုက်ရသည့် စကားလုံးများကြောင့် စိမ်းမမ အစ်မဖြစ်သူကို မျက်လွှာပင့်ကာ လှမ်းကြည့်လိုက်ရင်း

"OK စိတ်ချ မမငြိမ်း စိတ်ချ၊ မမငြိမ်းအတွက် လက် ဆောင် ရှယ်ဝယ်ခဲ့မယ်၊ ဟဲ...ဟဲ မမငြိမ်းအတွက် ဖူးစာရှင် ကို စိမ်း ဝယ်လာခဲ့မယ်နော်"

စိမ်းမမ၏အပြောကြောင့် ငြိမ်းမမ၏မျက်နှာလေး ရဲခနဲ ဖြစ်သွားသည်။

"အို...,စိမ်းနော် မဟုတ်ကကုတ်က ကလေးကလား ဘာတွေလာပြောနေတာလဲ"

စိမ်းမမ သူမ၏ သွားစွယ်ချွန်ချွန်ကလေးတွေပေါ် အောင် ပြုံးလိုက်ရင်း...

"ဟင်း...ဟင်း Sorry နော် Sorry မမငြိမ်းမှာက ဖူးစာ ရှင်က ရှိပြီးသားပဲ၊ ဟဲ...ဟဲ...မမငြိမ်းနဲ့ ကိုကိုကြီးနေမို့





ဘာရာနဲ့က မကြာခင်ယူကြမှာဆိုတော့ စိမ်းက ကြိုပြီး မင်္ဂလာ လက်ဖွဲ့ကို ဝယ်ခဲ့မယ်နော်"

"စိမ်းနော် မမငြိမ်း စိတ်ဆိုးလာပြီ မမငြိမ်းက အချစ်ရေး တို့ စိတ်ဝင်စားတာ မဟုတ်ဘူးနော်၊ မမငြိမ်းနဲ့ ကိုကိုကြီးနဲ့က တခြားစီ အဝေးကြီးမှာ"

"အဟား...ဟက် ဟက် မမငြိမ်းနော် ဟွန်း...စိမ်း မသိရင်ခက်မယ်၊ ရှက်မနေပါနဲ့ မမငြိမ်းရယ် စေ့စပ်လို့ပဲ ပြီးနေ ပါပြီ မကြာခင်ပဲ မင်္ဂလာဆောင်တော့မယ့်ဟာ၊ ရှက်မနေပါနဲ့ မမငြိမ်းရယ် ကိုကိုကြီးကလည်း မမငြိမ်းကို ချစ်တယ်၊ မမငြိမ်း ကလည်း ကိုကိုကြီးကိုချစ်တယ်ဆိုတာ စိမ်းသိနေသားပဲ မငြိမ်း"

ဦးခင်မောင်ကျော်နှင့် ဒေါ်ခင်မာလာတို့ နှစ်ယောက်မှာ သမီးချောနှစ်ယောက်ကို ပြုံး၍ကြည့်နေကြသည်။

www.burmeseclassic.com



လေယာဉ်ပြတင်းပေါက်မှ မိုးကောင်းကင် တိမ်စိုင်တိမ်လိပ်များနှင့် သဘာဝတောတောင်ရေမြေများကို ငေးမောကြည့်ရင်း စိမ်းမမ၏စိတ်တွေ ပေါ့ပါးလန်းဆန်း၍နေသည်။

ဒီလိုနှင့် စိမ်းမမတစ်ယောက် ဒက်ဒီ၏အစီအစဉ်ဖြင့် ချောင်းသာသို့ လေယာဉ်ဖြင့် ရောက်လာသည်။

အမှန်တကယ်လည်း စိမ်းမမအဖို့ သူမ၏ဘဝတွင် ဘယ်တုန်းကမှ နားနားနေနေ နေဖို့စိတ်ကူး ရှိခဲ့သည်မဟုတ်။ ငယ်စဉ်ကလေးဘဝတည်းကပင် ဖွဲလုံ့လ ဝီရိယရှိခဲ့သည်။ ကျောင်းစာတွင်လည်း အားလုံးရဲ့ထိပ်ဆုံးက နံပါတ်တစ်ပင် ဖြစ်ခဲ့သည်။ ဆယ်တန်းတွင် ဘာသာစုံဂုဏ်ထူး ထွက်ခဲ့သည်။ အမြဲတမ်း သူများ၏ထိပ်ဆုံးမှပင် နေချင်သည်။

ဆေးတက္ကသိုလ်တက်ရန် အမှတ်တွေ ကောင်းပေမယ့် ဆရာဝန် အလုပ်ကို စိတ်မဝင်စား၊ ဝါသနာမပါ ထို့ကြောင့် မိဘများနှင့် အတိုက်အခံလုပ်ကာ သင်္ချာအဓိကနှင့်ဘွဲ့ကိုပင် ရယူခဲ့သည်။ ခေါင်းမာသည်။ သူမ လုပ်ချင်





တာကိုလုပ်ရမှ ကျေနပ်သည်။ သူများတကာ အမိန့်ပေးတာကို မခံချင်။

သူများအောက်ရောက်မှာကို သေမလောက် ကြောက်ခဲ့သည်။ ထို့ကြောင့် အတန်းတိုင်းတွင် သူမဟာ နံပါတ်တစ်ပဲ ဖြစ်ခဲ့သည်။ ကျောင်းပြီး၍ ကိုယ်ပိုင်လုပ်ငန်း လုပ်တော့လည်း ပြိုင်ဘက်တွေအပေါ် အနိုင်ရရန် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းခဲ့သည်။

အနိုင်ရရေးသည်သာ သူမအတွက် အဓိက အရေးကြီးဆုံး ဖြစ်ခဲ့ရသည်။

ထို့ကြောင့် အောင်မြင်ကျော်ကြားသော စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဖြစ်လာခဲ့သည်။

ချမ်းသာကြွယ်ဝသောမျိုးရိုးမှ ဆင်းသက်လာသည့် သူမဟာ ငွေစက္ကူတွေ သိန်းပေါင်းများစွာကြားမှာ ပျော်မွေ့၍နေသည်။ သူမမှာ အားလပ်ချိန်မရှိအောင် သူမရဲ့စိတ်တွေကို အလုပ်ထဲမှာပဲ နှစ်မြှုပ်ထားသည့်အတွက် သူမရဲ့စိတ်တွေ လေးလံတင်းကျပ်လွန်းလှသည်။ ပင်ပန်းနွမ်းနယ်သည့် စိတ်တွေ ခေတ္တခဏ အနားယူရန် ချောင်းသာ အပန်းဖြေစခန်းသို့ သူမ ရောက်ရှိလာခဲ့ရတော့သည်။

ညနေခင်း ဆည်းဆာချိန်မှာ ကျယ်ပြန့်စိမ်းပြာသော ဝင်လယ်ပြာကြီးက မိုးတိမ်ပြာပြာအောက်မှာ ပန်းချီကား

www.burmeseclassic.com



တစ်ချပ်နှင့် အလားသဏ္ဍာန်တူနေသည်။

ဖြူဖွေးနုရွသည့် သဲပွင့်ကမ်းခြေပေါ်သို့ တရွေ့ရွေ့တက်လာသော ရေလှိုင်းများကို ငေးကြည့်ရင်း စိမ်းမမရင်ထဲ အရမ်းပျော်သွားမိသည်။

စိတ်လွတ်ကိုယ်လွတ် ကလေးတစ်ယောက်လို ပင်လယ်ကမ်းစပ်နံဘေးက သဲသောင်ပြင်ပေါ်ဝယ် ပြေးလျှောက်ရန် ကြံရွယ်မိသည်။

ထို့ကြောင့် ဘန်ဂလိုဝရံတာမှာ ရပ်နေသော ရှိစ့်ကို လှမ်း၍...

"ရှိစ့်ရေ မမစိမ်းတို့ လမ်းလျှောက်ကြရအောင်ကွာ"

"ကောင်းသားပဲ မမစိမ်း လမ်းလျှောက်ကြတာပေါ့"

ပြောပြောဆိုဆို ဝရံတာမှာရပ်နေသော ရှိစ့်တစ်ယောက် ဘန်ဂလိုအတွင်းမှထွက်ကာ စိမ်းမမရှိရာသို့ လျှောက်လာလေသည်။

ညနေခင်းဆည်းဆာချိန်ဝယ် မိုးပြာရောင်တောက်တောက် ထက်အောက်ဆင်တူဝတ်စုံကို ဝတ်ဆင်ထားသည့် စိမ်းမမ၏ ဖြူဖွေးနုဖတ်၍နေသည့် အသားအရည်နှင့် သူမ၏ အရှေ့နှင့် အနောက်တို့ပေါင်းစပ်ထားသည့် သူမ၏ အလှက ထင်းနေသည်။

ခေတ်ဆန်ဆန်ဝတ်စားဆင်ယင်ထားသည့် အစိမ်း





ရောင်တောက်တောက် ဝတ်စုံကလေးမှာ သူမနှင့် အလွန်လိုက်ဖက်၍ ကြည့်၍ကောင်းနေသည်။ သူမ၏ ရှည်လျားနက်မှောင်သော ဆံနွယ်ကလေးများက လေတွင် လွင့်ပျံ၍နေသည်။ သူမ၏ ချောမောလှပ၍ ချစ်စဖွယ်ကောင်းသောမျက်နှာကလေးကို ရှိစ့် ငေး၍ကြည့်နေမိသည်။

ပင်လယ်ပြင်ကြီးကို ကျောက်ဆောင်ပေါ်မှထိုင်၍ငေးကြည့်နေသော စိမ်းမမ၏မျက်နှာလေး ရုတ်တရက် လှည့်၍လာသည်။ သူမကို ငေးစိုက်၍ကြည့်နေသည့် ရှိစ့်ကို တွေ့လိုက်ရသည့်အတွက်...

"အဲ... ရှိစ့် မမစိမ်းကို ဘာလို့ကြည့်နေရတာလဲ"

ရှိစ့်၏မျက်နှာလေး ပြုံးယောင်ယောင်ဖြစ်သွားရသည်။

"အဟင်း... မမစိမ်းက သိပ်လှတာပဲ"

စိမ်းမမ၏မျက်နှာလေးမှာ အလိုမကျရိပ်တွေ စွန်းထင်းကုန်ရသည်။

"အာ... ရှိစ့်ကလည်း တိုးတိုးပြောတာမဟုတ်ဘူး"

ရှိစ့်၏ အသံစူးစူးကလေးကြောင့် လမ်းသွားလမ်းလာလူအချို့နှင့် ဘန်ဂလိုမှလူအချို့၏ မျက်လုံးများက သူမတို့နှစ်ယောက်ထံသို့သာ ငေး၍ကြည့်နေကြသည်။

"အဟက်... လာလေ မမစိမ်းရဲ့ လမ်းလျှောက်မယ်ဆို"

www.burmeseclassic.com



စိမ်းမမ၏ လက်ကလေးကစ်ဖက်ကိုဆွဲ၍ ရှိစ့်ခေါ် လိုက်သည်။

ထို့နောက် ပင်လယ်ကမ်းခြေလေးအတိုင်း နှစ်ယောက်သား လျှောက်လာခဲ့ကြသည်။ ပင်လယ်လေနုအေးက သူမတို့နှစ်ယောက်ကို ပွေ့ဖက်ကျီစယ် ဆော့ကစား၍ သွားသည်။

"ဟင်း...ဟင်း လေကလေးက အေးနေတာပဲနော်"

ရှိစ့်၏အပြောကို စိမ်းမမက ခေါင်းညိတ်၍ ထောက်ခံသည်။

"ဟုတ်တယ်နော် လေကလေးက အေးသွားတာပဲ အဲ...ရင်ထဲအသည်းထဲထိအောင် အေးစိမ့်သွားတာ ရှိစ့်ရဲ့"

ထိုစဉ် ပင်လယ်ပြင်မှ ရေလှိုင်းကြီးများကလည်း ကမ်းစပ်ဘက်သို့ တဝုန်းဝုန်းရိုက်ခတ်၍ လာသေးသည်။

"ဟယ်...လှိုင်းလုံးဖြူဖြူကြီးတွေကလည်း လှလိုက်တာနော်"

စိမ်းမမ၏အပြောကို ရှိစ့်က ထောက်ခံသည်။

"ဟုတ်တယ်နော် မမစိမ်း ရေကူးပြီး ရေလှိုင်းစီးကြမယ်နော်၊ မမစိမ်း ဟိုမှာ သူများတွေ ရေကူးပြီးရေလှိုင်းစီးနေကြတာ ပျော်စရာကြီး"

ရှိစ့်ညွှန်ပြရာသို့ စိမ်းမမ လှမ်း၍ကြည့်လိုက်မိသည်။





ပျော်ရွှင်စွာရေကူး၍ ရေလှိုင်းစီးနေကြသော လူအချို့ကို တွေ့ရလေသည်။ ချောမောလှပသော သူမတို့နှစ်ယောက်ကို လမ်းသွားလမ်းလာအချို့က သမင်လည်ပြန် ငေး၍ကြည့်သွားကြသည်။

"မမစိမ်း ရေကူးကြမယ်နော် တွေ့လား ပျော်စရာကြီး"

"မနက်ဖြန်မှ ကူးမယ်လေကွယ် ဒီနေ့တော့ ညနေ အရမ်းစောင်းနေပြီလေကွယ်၊ လာ လာ လမ်းပဲဆက်လျှောက်ကြမယ်နော်"

ပြောပြောဆိုဆို စိမ်းမမ ရှေ့မှ ခပ်သွက်သွက်ကလေး လျှောက်ကာ သွားလေသည်။ ရှိစ့်က စိမ်းမမနောက်သို့ အပြေးကလေး လိုက်လာခဲ့သည်။

"ဟယ်တော့...ခရုလေးတွေ"

ပင်လယ်ကမ်းစပ် သဲသောင်ပြင်ဖြူလွလွကလေးပေါ်မှာ ပြန့်ကြဲနေသော ခရုကလေးတွေကို တွေ့လိုက်ရသည့်အတွက် သူမ၏ လှမ်းနေသော ခြေလှမ်းကလေးတွေ အလိုလို ရပ်တန့်သွားရသည်။

"မမစိမ်း ခရုလေးတွေကောက်မယ်နော်"

ထို့နောက် ခရုကလေးတွေကို သူမ ထိုင်၍ကောက်မိသည်။

"ဟင်...ဟိုမှာလည်းတစ်ခု ဒီမှာလည်းတစ်ခု

www.burmeseclassic.com



လှလိုက်တာဟယ်”

သဲသောင်ပြင်ပေါ်မှ ခရုကလေးများကို ကလေးတစ်သိုက်ကလည်း သူ့ထက်ငါ အလုအယက်ကောက်နေကြသည့် ကလေးတစ်သိုက်နှင့် သူမဆုံမိသည်။

“ဟော့...ဟာ မိစု ငါကောက်မယ့်ခရု ငါအရင်တွေ့တာ”

“ဟင်...ခွေးပုနော် ငါအရင်မြင်တာ ဒါငါ့ခရု လွှတ်နော် လွှတ် ခွေးပု ငါ့လက်ကိုလွှတ်နော်”

“အို...ငါကဘာလို့လွှတ်ရမှာလဲကွ၊ ငါရင်မြင်တဲ့ ဥစ္စာ”

“ခွေးပု လွှတ်ဟာ ငါ့ဒီခရုကို ပင်လယ်ထဲကို ပြန်ပစ်လိုက်မှာနော်”

“မိစုနော် နင် ပစ်ရဲပစ်ကြည့် ငါ့ရဲ့လက်သီးစာမိသွားမယ်”

မိစုဆိုသော ကောင်မလေးက သူမကောက်ရထားသော ပင်လယ်ခရုကြီးကို နှမြောတသစွာ ငေးကြည့်နေမိသည်။

“မိစု ငါ့ကိုပေးနော် ငါလုယူမှာနော်”

“ဟင့်အင်း မပေးဘူး အောင်ဘုနော် အဲ...ခွေးပုနော် ငါ ပင်လယ်ထဲကို ပစ်ချလိုက်မှာနော်”





“အေး ကောင်းတယ်မိစု ပင်လယ်ထဲကို ပြန်ပစ်ချလိုက်၊ ကဲ...ခွေးပု ငါက တစ်နှစ်သုံးလို့အော်မယ် ငါအော်တာနဲ့ ဟောဒီကမိစုနဲ့မင်း ရေထဲဆင်းငုပ်မယ်၊ ရတဲ့လူယူကြ”

“အေး ဟုတ်တယ် ဟိုအဝေးကြီးကိုရောက်အောင် ပစ်မယ်”

မိစုက ပြောပြောဆိုဆို ခရုကို ပင်လယ်ထဲသို့ပစ်ရန် ချိန်ရွယ်လိုက်သည်။

“ကဲဟယ်”

“ပလုံ”

ရေထဲသို့ အရှိန်ပြင်းစွာ ကျသွားရသည်။

ထို့နောက် တစ်နှစ်သုံးအော်ပြီး ပြိုင်တူပင်လယ်ဘက်သို့ပြေးကာ ပြိုင်တူ ရေငုပ်လိုက်ကြသည်။ ခဏအကြာ ရေထဲမှ ပြန်ပေါ်လာသည်။

“ဟေး...ငါရပြီကွ ငါရပြီ”

“ဗွမ်း”

“ဟေး...မိစု ကောင်မစုတ် ဒီမှာတွေ့လား သံပုံးခွံကြီး ငါတော့ ပွတာပဲ၊ လောက်စာလုံးထည့်ဖို့ ပုံးရပြီ”

“ဟာ...ဟော့ကောင်ခွေးပု ကုလားမာမွတ်ဆိုင်မှာ ပဲလှော်နဲ့ လဲစားရအောင်နော်၊ ကုလားမာမွတ်ဆိုင်မှာ မရောင်းဘူး၊ ခွေးပုရေ နင် လောက်စာလုံးထည့်ဖို့ ငါ စတ္တားပုံး

www.burmeseclassic.com



လေး ပေးမယ်ဟယ်"

"အေး...ဒါဆိုရင်လည်း ပြီးရော ထပ်တွေ့ချင်တွေ့ နေဦးမှာ၊ ငါလိုက်ရှာလိုက်ဦးမယ်"

"တော်ပြီဟာ ရေထဲကတက်ကြတော့၊ ငါတို့ ဘောလုံးကန်ကြရအောင် တော်ပြီ တက်ကြတော့ကွာ"

ကလေးငယ်တစ်သိုက် ကမ်းပေါ်သို့ တက်လာကြသည်။ ထိုစဉ် ကလေးငယ်တစ်သိုက် ဘောလုံးပိုက်၍ ပြေးထွက်လာကြပြန်သည်။

"ဟော့ကောင် ချက်စူ ငါတို့လည်းပါမယ်ကွ"

"အေး...လာကွာ ဘောလုံးကန်ကြမယ်"

အင်္ကျီချွတ်နှင့် ဘောင်းဘီတိုကလေးတွေကို ဝတ်ဆင်ထားသည့် ကလေးငယ်တစ်သိုက်၏ ကမ်းခြေဘောလုံးပွဲကို စိတ်ဝင်စားစွာ သတိလက်လွတ် ငေးကြည့်နေမိသည်။ ဗီဘီ လွတ်လပ်သည့် ဟန်ဆောင်မှုကင်းမဲ့သည့် ကလေးဘဝပါလား။ မာန်မာန အပြစ်ကင်းစင်သည့် ကလေးတွေ ပျော်ရွှင်နေသည်ကိုကြည့်ရင်း သူမပါ ပျော်ရွှင်လာသည်။

ထိုစဉ်...

"ဟော့...ငါပါ ပါမယ်ကွာ"

စူးရှကျယ်လောင်သောအသံနှင့်အတူ ကလေးတစ်အုပ်ထဲသို့ လူတစ်ယောက်ပြေးဝင်လာသည်ကို တွေ့လိုက်ရ





သည်။

သူမ၏ မျက်ခုံးလေးနှစ်ဖက် အလိုလိုမြင့်တက်သွားရသည်။ ထိုလူကို မျက်တောင်မခတ်စတမ်း ငေးစိုက်၍ကြည့်မိသည်။ သူမ၏နံဘေးမှ ရှိစ့်က...

"ဟယ်တော့...မမစိမ်း မကြီးမငယ်နဲ့ ဒီလူ ကလေးတွေကြား ဘာဝင်ရှုပ်ဦးမလဲမသိဘူး"

မုတ်ဆိတ်မွေး ပါးသိုင်းမွေးများနှင့် အဝတ်အစားကို ဖိုသီဖတ်သီဝတ်ထားသည့် သူ၏ပုံစံကြောင့် စိမ်းမမ၏စိတ်ထဲမှလည်း...

"ရှိစ့်ပြောတာမှန်တယ်၊ ဒီလူ မကြီးမငယ်နဲ့ ကလေးတွေကြား ဘာဝင်ရှုပ်ဦးမလဲ မသိဘူး"

စိမ်းမမ ထိုသို့တွေးနေစဉ်...

"မပါရဘူးဗျာ လူပြည့်နေပြီ"

ထိုလူ သူ၏ဦးခေါင်းကို ခါရင်းရင်း ကလေးငယ်များ၏ အနားသို့ တိုးကပ်၍သွားသည်။

"မရဘူးကွာ ပါမှာပဲ မင်းတို့ကန်သလို ငါလည်းကန်ချင်တာပေါ့"

"ဟင့်အင်း...ဟင့်အင်း ခင်ဗျားကြီး ပါလို့မရဘူးဗျာ ခင်ဗျားက အရမ်းညစ်တာ"

ကလေးငယ်များက ပြောပြောဆိုဆို ထိုလူ့ကို

www.burmeseclassic.com



အတင်းတွန်းလွှတ်ကြသည်။

"သွားဗျာ ခင်ဗျားကြီးမပါနဲ့"

"အေး...ငါမပါရရင် မင်းတို့လည်း မကန်ရဘူးကွ"

လက်နှစ်ဖက်ကို ခါးမှာထောက်ရင်း ကလေးငယ်များကို ပြန်လည်၍ ရန်တွေ့နေသည်။

"ဟေ့လူ သွားဗျာ သွား ခင်ဗျားကြီး အခုထွက်သွား"

ကလေးငယ်များက ထိုလူ့ကို အတင်းတွန်းထိုး၍ နှင်လွှတ်နေကြသည်။

"ဟား...ဟား...ဟား ဟီးဟီး...ဟီး"

အရူးတစ်ယောက်နှယ် အားပါးတရ ဟားတိုက်ရယ်မော၍ နေပြန်သည်။

"ဟေ့လူ အရူးကြီး သွား ထွက်သွား ဒီမှာ လာရယ်မနေနဲ့၊ ကျုပ်တို့ ဘောလုံးကန်မလို့ဗျ၊ သွားဗျာ"

"ငါမပါရရင် မင်းတို့လည်း မကန်ရဘူးကွ"

ကလေးငယ်များကို ဒေါသတကြီး အော်ဟစ်၍ ရန်တွေ့ပြန်သည်။

"ခင်ဗျားပါလို့မရဘူးဗျာ ခင်ဗျားက အရမ်းညစ်ပတ်တာ၊ ခင်ဗျားပါရင် ရန်ဖြစ်ပြီးရင် ပွဲပျက်ရတာ ခဏခဏပဲ၊ ခင်ဗျားမပါနဲ့"

"အေး...ကောင်းပြီ ငါမပါရရင် မင်းတို့လည်း မကန်





ရဘူး၊ မကစားရဘူး"

ပြောပြောဆိုဆို မလှမ်းမကမ်းမှ ဘောလုံးကို ဆတ်ခနဲ လှမ်းကောက်ယူလိုက်သည်။

"ဟာ...ဟေ့လူကြီး ပေးဗျာ ဘောလုံးပြန်ပေး"

"မပေးဘူးကွ၊ မင်းတို့နဲ့ မကစားရလည်း ငါ့ဘာသာ ငါ တစ်ယောက်တည်း ကစားမယ်ကွ"

ပြောပြောဆိုဆို ဘောလုံးကိုပွေ့ပိုက်ကာ ထွက်ပြေးသွားသည်။

"ဟေ့လူကြီး ဘောလုံးပြန်ပေး ခင်ဗျားကြီးမညစ်နဲ့နော်၊ မညစ်ပတ်နဲ့"

ကလေးတစ်သိုက် ထိုလူနောက်သို့ ပြေးလိုက်သွားကြသည်။

"အဟေး...ဟေး××စိန်ပလိန်တိမ် မုန့်ကြီးလိမ်××ပျော်ပျော်ပါးပါး×××ကလေးတို့ရယ် ဘောလုံးကန်ကြမယ်ကွယ်××အဟေးဟေး×××ပလို့ဂျိ ပလို့ဂျိ×××မိုးရွာရင်မိုးရေချိုးမယ်×××မေမေလာရင် နို့စို့မယ်×××ဖေဖေလာရင် ဘောလုံးကန်မယ်ကွယ်×××အဟေး ဟေး"

ကလေးငယ်များကို ရှောင်တိမ်းရင်း အော်ဟစ်ခုန်ပေါက်ကာ သီချင်းဆို၍ ကခုန်နေပြန်သည်။

"တောက်...ဟေ့ကောင်တွေ ခဲနဲ့ပေါက်ကွာ"

www.burmeseclassic.com



ကလေးများက ခဲနှင့် ဝိုင်းပေါက်ကြပြန်သည်။

"ဟော့လူ အရူး ဘောလုံးပြန်ပေး ဘောလုံးပြန်ပေး"

"ကဲဟယ်..."

"ဝှီး..." "ခွပ်..." "အ..."

"ကဲဟယ်..."

"ဝှီး..." "ခွပ်..." "အ..."

"တောက် အရူးစုတ် ခဲလုံးနဲ့ပေါက်တာတောင် မဖြုံဘူး"

စုပြုံကျလာသော ခဲလုံးများကို မနည်းရှောင်ရှားနေရသည်။

"ကြောက်ပါပြီဗျ ခဲနဲ့မပေါက်ပါနဲ့တော့၊ အဟီးဟီး နာတယ် နာတယ်"

အော်ဟစ်ကာ ငိုပြန်သည်။ ကလေးများနှင့် ဝေးရာသို့ တရွှေ့ရွှေ့ဆုတ်ခွာသွားသည်။

"ဟော့လူ အရူး ဘောလုံးပြန်ပေးမလား မပေးဘူးလား"

ကလေးများက ဘောလုံးကို အော်ဟစ်ကာ အတင်းဝိုင်းလုကြပြန်သည်။

"ကျုပ်တို့ဘောလုံးပြန်ပေးနော် မပေးရင် ခဲနဲ့ ခေါင်းကွဲအောင် ပေါက်မှာနော်"

"ဟင့်အင်း...မပေးဘူး မပေးဘူး ဒါငါ့ဘောလုံးကွ"





ဘောလုံးကို အတင်းပွေ့ပိုက်ကာ ကလေးငယ်များကို အတင်းတွန်းရင်း ကလေးငယ်များကြားမှ ပြေးထွက်လာကာ ပင်လယ်ကမ်းစပ်နံဘေးက ကျောက်ဆောင်များဘက်သို့ ထွက်ပြေးသွားပြန်သည်။

"ဟာ...ဒီအရူးကြောင့် ခက်တယ်ကွာ ဟော့လူအရူး ဘောလုံးပြန်ပေး"

ကလေးငယ်များကလည်း ထိုလူထွက်သွားရာဘက်သို့ ပြေးလိုက်သွားကြသည်။ မြင်တွေ့လိုက်ရသည့် ထိုမြင်ကွင်းကိုကြည့်ရင်း စိမ်းမမ၏ရင်ထဲမှာ တစ်မျိုးကြီး ခံစားလိုက်ရသည်။ ထိုလူထွက်ပြေးရာဘက်သို့ ငေး၍ကြည့်နေမိသည်။

"မမစိမ်း ဒီလူက အရူးကြီးလား မသိဘူးနော်"

စိမ်းမမ သက်ပြင်းမောတစ်ချက်ကိုချလိုက်ရင်း...

"ဟုတ်မယ်ထင်တယ် ကလေးတွေကလည်း မညှာမတာ ခဲနဲ့ဝိုင်းပေါက်ကြတယ်၊ သူ့ခမျာ သနားပါတယ်၊ ကလေးတွေကို ဘာမှ သူပြန်မလုပ်ဘူးနော်၊ ယဉ်ယဉ်လေးနဲ့ ရူးနေတာနဲ့ တူတယ်"

"အိုး..ရိုစ့်တော့ အရူးဆိုရင်ကြောက်တယ် မမစိမ်းရဲ့ လာ လာ တော်ကြာ ဒီဘက်ကိုပြန်လာပြီး မမစိမ်းနဲ့ ရိုစ့်တို့ကို ပြဿနာလာရှာရင် ခက်မယ်"

www.burmeseclassic.com



စိမ်းမမ ပင်လယ်ပြင်ကြီးကို လှမ်းမျှော်၍ ကြည့်လိုက်မိသည်။ သက်ပြင်းမော သဲ့သဲ့ချရင်း...

"အင်းလေ...ပြန်ကြတာပဲ ကောင်းပါတယ်"

ဆည်းဆာရောင် ပင်လယ်ပြင်ကြီးက လွန်စွာ လှပခန့်ငြား၍ အလှကြီးလှပ၍နေသည်။

❖ ❖ ❖



## အခန်း (၃)

"မမစိမ်း မမစိမ်း"

တစ်ဦးဦးရဲ့ လှုန့်လှုပ်နှိုးလိုက်မှုကြောင့် စိမ်းမမ နှစ်ခြိုက်စွာ အိပ်မောကျနေရာမှ လန့်နိုးသွားမိသည်။

"အင်း...အဲ"

ညည်းတွားသံနှင့်အတူ မှေးမှိတ်ထားသော သူမ၏ မျက်ဝန်းစုံကို ဖွင့်ကြည့်လိုက်မိသည်။ သူမ၏ ခုတင်စွန်းတွင် ပြုံးရွှင်သောမျက်နှာထားဖြင့် ရိုစ်ကို တွေ့လိုက်ရသည်။

"အဟင်း...မမစိမ်း ထတော့လေကွယ် မိုးလင်းနေတာ ကြာပြီမမစိမ်း"

www.burmeseclassic.com



"အင်...ဟုတ်လား မိုးလင်းကာနီးမှ အိပ်ပျော်သွားတယ်ကွယ်၊ Sorry Sorry"

"မမစိမ်းအတွက် ရိုစ့် နံနက်စာစားဖို့ အဆင်သင့်လုပ်ထားတယ် မမစိမ်း"

"ဘာတွေလုပ်ထားလဲကွယ် ဒုက္ခရှာလို့၊ အပြင်က စားသောက်ဆိုင်မှာ တစ်ခုခုသွားစားကြမယ်လေ"

ပြောပြောဆိုဆို သူမ ခုတင်ပေါ်မှ လူးလဲ၍ ထလိုက်သည်။

နေအလင်းရောင်က မှန်ပြတင်းမှတစ်ဆင့် သူမ၏ အိပ်ရာထက်ဆီသို့ အလင်းရောင်က ဖြာကျ၍နေသည်။

နာရီကိုယူကြည့်တော့ ကိုးနာရီပင် ထိုးလုပင်။

"ဟယ်တော့...ကိုးနာရီတောင် ထိုးတော့မှာပါလား"

"မမစိမ်းနော် နံနက်ခင်းပင်လယ်အလှကို ကြည့်မယ်လို့ ပြောပြီတော့၊ စောစောထလမ်းလျှောက်ကြမယ်၊ ပင်လယ်လေနုအေးကို ရှူမယ်ဆို..."

"အေးပါကွယ်...သွားကြတာပေါ့ ခဏလေးနော် ခဏလေး၊ မမစိမ်း ရေမိုးချိုးလိုက်ဦးမယ်ကွယ်"

"ဟုတ်ကဲ့ပါ မမစိမ်း မျက်နှာကို အရင်သစ်ပြီး ရိုစ့်မမစိမ်း စားဖို့ ဆီချက်ခေါက်ဆွဲကြော်နဲ့ ဝက်သားလုံးကြော်ထားတယ်၊ အရင်စားလိုက်ပါလားဟင်"





စိမ်းမမ ခေါင်းကို ခါရမ်းပစ်လိုက်ရင်း...

"ဟင့်အင်း...မမစိမ်း မစားချင်ဘူးကွယ်၊ ရေမိုးချိုးပြီးမှပဲ အပြင်မှာ တစ်ခုခုသွားဝယ်စားကြမယ်"

ပြောပြောဆိုဆို ခုတင်ပေါ်မှဆင်းကာ အိပ်ခန်းနှင့်ဆက်စပ်လျက်ရှိသော ရေချိုးခန်းအတွင်းသို့ ဝင်ကာ ကပျာကယာ မျက်နှာအရင်သစ်လိုက်သည်။ ထို့နောက် အဝတ်အစားလဲကာ ရေကို စိတ်လက်ပေါ့ပါးစွာ ချိုးလိုက်မိသည်။ ရေကို တစ်ဝကြီး စိမ်ချိုးပြီးမှ ရေချိုးခန်းအတွင်းမှ ထွက်လာခဲ့သည်။

အိပ်ခန်းအတွင်းသို့ရောက်သည်နှင့် မှန်တင်ခုံရှေ့တွင် အချိန်အတန်ကြာအောင် အလှပြင်၍နေမိသည်။ စိမ်းမမ၏ လှုပ်ရှားမှုကို ရိုစ့်က မျက်တောင်မခတ်စတမ်း ငေး၍ကြည့်နေမိသည်။

ရှည်လျားနက်မှောင်သော ဆံပင်များကို ဖားလျားချထားသည်။ မျက်လုံးနက်နက်ဝိုင်းဝိုင်းကလေးကို ရှည်လျားနက်မှောင်သော မျက်တောင်များက ဝန်းရံထားသည်။ ဖြောင့်စင်း၍ အဖျားနည်းနည်းကော့နေသော နှာတံနှင့် နှင်းဆီဖူးသဏ္ဌာန် ထူထူအိအိ နှုတ်ခမ်းတစ်စုံက ပြုံးရယ်လိုက်တိုင်း ပါးချိုင့်ကလေးနှစ်ဖက်က ခွက်၍ ချစ်စဖွယ် ခွက်ဝင်သွားသည်။

www.burmeseclassic.com



စင်ရော်တောင်မျက်ခုံးနှင့် ခန္ဓာကိုယ်အချိုးအစားက မယ်ဗမာအလား ဖြူဖွေးနုဖတ်၍ သွေးရောင်လွှမ်းနေသည့် အသားအရည်တို့ကြောင့် သူမ၏အလှက တစ်မျိုးလေး ကြည့်၍တောင်းနေသည်ဟု ရိုစ့်၏စိတ်ထဲက ထင်မှတ်၍နေသည်။

ရိုစ့်က အဆင်သင့်ဝတ်ရန် စိမ်းမမ၏အဝတ်အိတ်အတွင်းမှ ကျောက်စိမ်းပုပ်ရောင် ဆွစ်ဇာလန်ထက်အောက်ဆင်တူ ဝတ်စုံကို ထုတ်ယူလိုက်သည်။ ဝတ်စုံကလေးမှာ ရိုးရိုးကလေးပေမယ့် ကြည့်ရသည့်မျက်ဝန်းထဲမှာ ခပ်ဆန်းဆန်းကလေး ဖြစ်၍နေသည်။

"ရော့...မမစိမ်း ဒီဝတ်စုံကလေးကို ဝတ်လိုက်နော်"

စိမ်းမမ သူ့အတွက်ဝတ်ရန် ကျောက်စမ်းပုပ်ရောင်ဝတ်စုံကလေးကို ရိုစ့်ထံမှယူ၍ ဝတ်ဆင်လိုက်သည်။

"ဟယ်...မမစိမ်းက အရမ်းလှတာပဲ၊ ဘာပဲဝတ်ဝတ် သိပ်ကြည့်လို့ကောင်းတာပဲ၊ တကယ်ပြောတာ သိပ်လှတာပဲ မမစိမ်းရယ်"

စိမ်းမမ လှပစွာပြုံးလိုက်မိသည်။

"အဟင်း...ရိုစ့်ကတော့လုပ်ပြီကွယ် မမစိမ်းတ မလှပါဘူးကွာ၊ ရိုစ့်ကမှ မမစိမ်းထက်ပိုလှတာပါ ဟင်း... ဟင်း"

"အိုး...ရိုစ့်က မမစိမ်းလောက်မလှပါဘူးနော်၊ မမစိမ်းကမှ တကယ်လှတာ"

"အဟင်း တကယ်ပြောတာနော်၊ မမစိမ်းက လှတယ်လို့ ပြောရင် သိပ်ကြိုက်တာ ဟင်း...ဟင်း အလှကို ငယ်ငယ်လေးတည်းက ကြိုက်တာ၊ ဟင်း...ဟင်း မာမီတို့ကတော့ မမစိမ်းကို ပြောတာ ခဏခဏပဲ ငယ်ငယ် ကလေးငယ်အဲ...အူဝဲဘဝတည်းက ငိုရင် မာမီတို့က နှုတ်ခမ်းနီတွေ မိတ်ကပ်တွေလူးပေးရင် အငိုတိတ်သွားရောတဲ့၊ မှန်လည်း အရမ်းကြိုက်တာပဲ၊ ဘယ်လောက်ငိုငို ချော့မရဘူး၊ မှန်ရှေ့လည်းရောက်ရော အငိုတိတ်သွားတာပဲတဲ့၊ ဟင်း...ဟင်း ရှက်သံတောင် မကြားရဘူးလို့ ပြောတာပဲကွယ်"

ပြောပြောဆိုဆို မှန်ရှေ့မှာ သွား၍ရပ်လိုက် ပြန်သည်။ မှန်အတွင်းမှာပေါ်လာသော သူမ၏ပုံရိပ်ကို မျက်တောင်မခတ်စတမ်း ငေးစိုက်ကြည့်ရင်း ပြုံးလိုက်သည်။ ထို့နောက် မျက်ခွံတွင် ရွှဲဒိုးပန်းရောင် ဆိုးထားသည်ကို ဖျက်လိုက်ပြီး အစိမ်းရောင်ရွှဲဒိုးကို ပြန်ဆိုးသည်။ နှုတ်ခမ်းကို ပန်းဆီရောင် ဆိုးထားသည်ကို အပေါ်မှ ကြက်သွေးရောင်နှင်းဆီအရောင်ရင့်ရင့်ကို ပြန်ဆိုးလိုက်သည်။

သူမ၏အလှကို သူမ မှန်ထဲသို့စိုက်ကြည့်ရင်း ပြုံးလိုက်မိသည်။

"ရိုစ့် မမစိမ်းလှရဲ့လားဟင်"

www.burmeseclassic.com



ရှိုစ့်ကို လှမ်း၍မေးလိုက်သည်။ ရှိုစ့်က သွက်လက်ပေါ့ပါးစွာပင်...

"ဘယ့်နှယ်ပြောလိုက်ပါလိမ့် မမစိမ်းရယ်၊ သိပ်လှတာပေါ့ ဟင်း...ဟင်း ဟိုလေ...ဒဏ္ဍာရီတွေ ပုံပြင်တွေထဲကလို စနိုးဗိုက်မင်းသမီးထက်လည်း ပိုလှတယ်၊ စင်ဒရဲလားမင်းသမီးထက်လည်း လှတယ်၊ အဲ..ရိုမီယိုရဲ့အချစ်တော်ဂျူလီးယက် မင်းသမီးလေးထက်လည်း လှတယ်၊ မမစိမ်းရဲ့အလှက ဘယ်တော့ကြည့်ကြည့် မရိုးနိုင်တဲ့အလှတွေကြောင့် မမစိမ်းက မိုးပေါ်က နတ်သမီးလေးတွေထက်တောင် ပိုလှနေတာပါနော်"

"အဟင်း...ခစ် ခစ်...ခစ် ရယ်ရတယ် ရှိုစ့်ရယ်၊ ဘကယ်ရယ်ရတယ် ခစ်...ခစ်...မမစိမ်းက ရှိုစ့်လောက် မလှပါဘူးကွယ်"

"အဟင်း...ဟင်း မမစိမ်းကလည်း ရှိုစ့်က မမစိမ်းရဲ့အလှတွေနဲ့ နှိုင်းယှဉ်လိုက်ရင် မမစိမ်းရဲ့ ခြေဖျားတောင်မမီပါဘူးနော်"

"တကယ်ပြောတာပါ ရှိုစ့်ရယ် ရှိုစ့်ကမှ သိပ်လှတာ၊ ဟင်း ဟင်း...မမစိမ်းကတော့ ရှိုစ့်ရဲ့ အလှကိုပဲကြိုက်တာ"

"အမ်...မမစိမ်းကတော့ လုပ်ပြီ၊ ရှိုစ့်ရဲ့ပုံစံက အသားက မည်းမည်း၊ ဗိုက်ကပူပူ သွားကခေါခေါနဲ့ ဘယ်မှာလှလို့လဲ၊ အသေအချာကြည့်ပါဦး ဒီပုံစံကိုများ လှတယ်တဲ့"

ရှိုစ့်ရဲ့ မျက်နှာလှလှလေးကို ပုံပျက်ပန်းပျက်ဖြစ်အောင် ရှုံ့တွ၍တွန့်လိမ်ပြနေသောကြောင့် စိမ်းမမမှာ အားပါးတရ ဟားတိုက်၍ရယ်မောမိသည်။

"ဟား...ဟား...ဟား ဟားဟား...ဟားဟား...တော်ပါတော့ ရှိုစ့်ရယ်၊ မမစိမ်း ရယ်ရတာနဲ့ အူတက်တော့မယ်"

"မမစိမ်းနော်...မလှမပနဲ့ အရုပ်ဆိုးအကျည်းတန်တဲ့ ရှိုစ့်ကို လှတယ်လို့ မမစိမ်းက ပြောနေတာကိုး"

စိမ်းမမ သူမ၏ရှေ့တည့်တည့်မှာ ရပ်နေသော ရှိုစ့်ကို မျက်တောင်မခတ်စတမ်း စူးစိုက်စွာကြည့်မိသည်။

ကျောလယ်ထိရှည်သော ဆံပင်များကို ရွှေအိုရောင်ဆေးဆိုးကာ ထူထူပွပွကောက်ထားသည်။ မျက်ခုံးထူထူ ချက်ဝန်းအိမ်ကျယ်ကျယ်နှင့် မျက်တောင်ရှည်ရှည် ကော့ကော့များက ဝန်းရံထားသည်။ နှာတံကချွန်မြ၍ အဖျားက ကော့၍နေသည်။ နှုတ်ခမ်းပါးပါးက လေးကိုင်းသဖွယ်၊ ဖြူဖွေးသော အသားအရည်နှင့် ခေတ်ဆန်ဆန် အပြင်အဆင်တို့ကြောင့် ခေသိလျှင် တိုးရစ်မလေးတစ်ယောက်အလား ထင်မှတ်စရာပင်။

လိမ္မော်ရောင်တောက်တောက် ထက်အောက်ဆင်တူ ဝတ်စုံကို ခေတ်ဆန်ဆန်ချုပ်၍ ဝတ်ထားသည်။

www.burmeseclassic.com



သူမတို့ကြည့်ရင်း စိမ်းမမ၏မျက်နှာလေး မဲ့တဲ့တဲ့လေးဖြစ်သွားရသည်။ စိမ်းမမ၏ ရုတ်တရက်ပြောင်းလဲသွားသည့်ပုံစံကြောင့် ရိုစ့် ထိတ်ထိတ်ပျာပျာဖြစ်သွားရသည်။

"မမစိမ်း...ဘာဖြစ်လို့လဲဟင်"

"ရိုစ့်က မမစိမ်းက ရိုစ့်ကိုလှတယ်ပြောတာကို စိတ်ဆိုးတာကိုး"

"အယ်...မမစိမ်းကတော့ လုပ်ပြီ၊ ဟင်း...ဟင်း ရိုစ့် စိတ်မဆိုးပါဘူးရှင် ကဲ...ကဲ...ကျေနပ်တော့နော်၊ လာလေ မမစိမ်း ဘာမှမစားရသေးဘူးလေ အပြင်မှာတစ်ခုခုသွားစားမယ်ဆို"

စိမ်းမမ၏ မျက်နှာလေးက ပြုံးချင်ချင်ဖြစ်လာရသည်။

"အို...တော်ပြီ မမစိမ်း ဘာမှမစားချင်တော့ဘူးကွာ"

ပြောပြောဆိုဆို အိပ်ခန်းအတွင်းမှ စိမ်းမမ အရင်ထွက်သွားသည်။ ရိုစ့် ငေး၍ကြည့်ရင်း ကျန်ရစ်ခဲ့သည်။

"ရိုစ့် လာလေကွယ် မမစိမ်း ဗိုက်ဆာနေပြီနော်"

"ဟုတ်...ဟုတ်ကဲ့ မမစိမ်း"

ပြောပြောဆိုဆို စိမ်းမမရှိရာသို့ ရိုစ့် ခပ်မြန်မြန်လေးထွက်လာခဲ့သည်။

"လာ...ရိုစ့် မမစိမ်း ဗိုက်ဆာရမ်းဆာနေပြီကွယ်"

နှစ်ယောက်သား ဘန်ဂလိုအတွင်းမှ ထွက်လာခဲ့ကြ





သည်။

"မမစိမ်း ဟိုမှာကြည့်လိုက်စမ်း ပင်လယ်ကမ်းခြေကရွာကလေးတွေက အရမ်းသာယာတာပဲနော်"

စိမ်းမမက ပြုံး၍ ခေါင်းကိုညိတ်ပြလိုက်မိသည်။

"အင်း...ဟုတ်တယ်နော် သိပ်သာယာတာပဲ၊ အဲ...ဒါပေမယ့် ဟောဒီ ပင်လယ်ပြင်ကြီးရဲ့အလှက ပိုလှတယ်နော်"

စကားတပြောပြောဖြင့် ပင်လယ်ပြင်ကြီးကိုငေးကြည့်ရင်း ကမ်းစပ်နံဘေးမှ လမ်းလျှောက်လာမိသည်။

လမ်းလျှောက်လာသည်မှာ မည်မျှကြာသွားသည်မသိ။ ဈေးတန်းလေးနားသို့ ရောက်လာခဲ့သည်။ လက်ဖက်ရည်ဆိုင်တွေ စားသောက်ဆိုင်တွေ ပင်လယ်ဘက်ထွက်အမှတ်တရ ပစ္စည်းများဖြင့် သက်ဝင်စည်ကားနေသည့် ဈေးတန်းလေး ဖြစ်သည်။

"မမစိမ်း ဟိုရှေ့က စားသောက်ဆိုင်မှာ စားမယ်နော်၊ ရွှေမြန်မာ မြန်မာထမင်းဟင်း ဟင်းမျိုးစုံဆိုင်မှာ စားချင်တာတွေ အစုံရတယ်နဲ့တူတယ်"

"အေး...ကောင်းသားပဲ ရိုစ့် မမစိမ်းလည်း မြန်မာထမင်းဟင်းပဲ စားချင်တာ"

www.burmeseclassic.com



နှစ်ယောက်သား စားသောက်ဆိုင်ကလေးအတွင်းသို့ ဝင်လာကြသည်။ ချောမော လှပလွန်းသော သူမတို့နှစ်ယောက်ကို ဆိုင်အတွင်းမှ စားသောက်နေသော လူများက ငေးမျှကြည့်နေကြသည့်အတွက် သူမတို့နှစ်ယောက်ကတော့ ခပ်တည်တည်ပင်။ မလှမ်းမကမ်း၌ စားပွဲခုံတစ်ခုက လွတ်နေသည်။

"ရိုစ့်ရေ ဟိုရှေ့က ချောင်ကျကျစားပွဲမှာ ထိုင်ကြစို့ကွယ်"

"ကောင်းသားပဲ မမစိမ်း"

"ရိုစ့်ရေ မမစိမ်း လက်ဖက်ရည်တစ်ခွက်တော့ အရင်သောက်ချင်တယ်ကွယ်"

"ဟုတ်ကဲ့ မမစိမ်း ရိုစ့်မှာလိုက်ပါမယ်"

ပြောပြောဆိုဆို စားပွဲထိုးချာတိတ်ကလေးကို ရိုစ့်လက်ယပ်၍ခေါ်လိုက်သည်။ စားပွဲထိုးချာတိတ်ကလေးက ပြုံးရွှင်သောမျက်နှာထားဖြင့် သူမတို့၏အနားသို့ ရောက်လာသည်။

"ဘာသုံးဆောင်ကြမလဲခင်ဗျာ မြန်မာထမင်းဟင်းစုံရတယ်ခင်ဗျ"

"ချာတိတ် မမတို့ကို လက်ဖက်ရည်ချိုဆိမ့်နှစ်ခွက်





အရင်ပို့ပေးနော်၊ ပြီးရင် မြန်မာထမင်းနှစ်ပွဲနဲ့ ကြက်ကလီစာ ဝက်ကလီစာ ဆိတ်ကလီစာ ပုစွန်တုပ်ဆီပြန်နဲ့ ငါးချဉ်သုတ်နဲ့ သီးစုံပဲဟင်းနဲ့ စားမယ်၊ ဖွန်းနဲ့ ခက်ရင်း တပ်ပေးနော်"

"ဟုတ်ကဲ့ မမ ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

ယဉ်ကျေးဖော်ရွေစွာဖြင့် ထွက်ခွာသွားသည်။ ခဏအကြာ စားပွဲထိုးလေးက လက်ဖက်ရည်နှင့် မုန့်မျိုးစုံ အရင်လာချပေးသည်။

"မမတို့ လက်ဖက်ရည်နဲ့ မုန့်ကို အရင်သုံးဆောင်ပါဦးခင်ဗျ"

"အေးကွယ်...အေးအေး ကျေးဇူးပါပဲကွယ်"

စားပွဲထိုးကလေး လာချပေးသော လက်ဖက်ရည်ကို ငုံ၍သောက်နေမိသည်။

"အား...လက်ဖက်ရည်ကတော့ ရှယ်ပဲနော် မမစိမ်း ချိုပြီး အီဆိမ့်သွားတာပဲ"

စိမ်းမမက အပြုံးလေးဖြင့် ပြုံး၍ ခေါင်းညိတ်ပြလိုက်မိသည်။

***

www.burmeseclassic.com



တစ်ခုခုကို ငေးစိုက်ကြည့်မိတိုင်း စိတ်အလိုမကျသည့်အခါ တွန့်ခေါက်သွားတတ်သည့် ထူထဲနက်မှောင်သည့် မဟူရာမျက်ခုံးနှစ်ဖက်က ဖြူဖွေးသော သွေးအသားအရောင်ပေါ်တွင် ထင်ရှားနေသည်။

ရည်ရွယ်ရာမဲ့နေသော သူ၏ခြေလှမ်းတွေက လက်ဖက်ရည်ဆိုင်လေးရှေ့တွင် ရပ်တန့်သွားသည်။ ဆိုင်ရှေ့တွင် အချိန်အတန်ကြာ ခြေစုံရပ်နေသေးသည်။ ဆိုင်အတွင်းသို့ မျက်လုံးဝေ့ဝဲကာ တစ်ချင်လှမ်းကြည့်လိုက်ရင်း သူ၏ဝမ်းဗိုက်ကို လက်တစ်ကစ်ဖက်ဖြင့် ဖိကာ ပွတ်သပ်လိုက်သည်။

"အားပါးပါး...ဗိုက်ဆာလိုက်တာ၊ ထမင်း ထမင်းစားချင်တယ်".

နှုတ်ခမ်းထက်မှ စကားလုံးအချို့က သံစဉ်မညီမညာဖြင့် ဗလုံးဗထွေး ကစဉ့်ကလျား ပြေးထွက်၍လာသည်။

သူ၏မျက်ဝန်းအစုံက လက်ဖက်ရည်ဆိုင်လေး ရှေ့တည့်တည့်က ရွှေမြန်မာ ထမင်းဟင်းစားသောက်ဆိုင်သို့





အကြည့်က ရောက်သွားပြန်သည်။

"အဟီး...ဟုတ်ပြီ ထမင်းစားမယ်၊ ထမင်းစားမယ်"

ပြောပြောဆိုဆို သူ၏ခြေလှမ်းများက ရွှေမြန်မာ မြန်မာထမင်းဟင်း စားသောက်ဆိုင်အတွင်းသို့ ဦးတည်၍သွားသည်။

ဆိုင်အတွင်းသို့ ခပ်တည်တည် ဝင်ချ၍လာသည်။ သူ၏ခန္ဓာကိုယ်မှ ဖရိုဖရဲဝတ်စုံမှ ညစ်ထေးထေး ချဉ်စုတ်စုတ် အနံ့အသက်များကြောင့် စားသုံးသူတချို့ နှာခေါင်းရှုံ့၍ ထရပ်လိုက်ကြသည်။ တချို့က စားလက်စကို ရပ်တန့်ကာ ကျသင့်ငွေရှင်းပြီး ခပ်သုတ်သုတ်ထွက်သွားကြသည်။

"ဟာ...ဒီအရူးလာပြန်ပြီကွာ၊ ဟော့ကောင် ထွက်သွားစမ်း"

ဆိုင်ရှင်ဖြစ်သူက ကောင်တာစားပွဲမှနေ၍ တင်းမာခက်ထန်သော မျက်နှာထားဖြင့် အော်ဟစ်ကာ မောင်းထုတ်၍ နေသည်။

ထမင်းကိုသာ ငံ့စားနေသော စိမ်းမမှာ ပတ်ဝန်းကျင်ကို မေ့လျော့၍နေသည်။ ဆူဆူညံညံအသံများကြောင့် ထမင်းစားနေရာမှ မျက်လွှာပင့်ကာ ဝေ့ဝဲ၍ကြည့်လိုက်မိသည်။

"ဟင်...ဟိုလူပါလား"

www.burmeseclassic.com



သူမ၏မျက်ခုံးလေးနှစ်ဖက် မြင့်တက်သွားရသည်။

"ဟော့ကောင်အရှူး မင်းယွက်သွားစမ်း"

ဆိုင်ထဲမှ ဆိုင်ရှင်က အော်ဟစ်၍မောင်းထုတ်နေသည်ကို ဂရုမစိုက်ဘဲ သူ့အနံ့အသက်တွေကြောင့် စားလက်စပန်းကန်ကိုချ၍ ဘေးသို့ရှဲသွားသော အမျိုးသမီး၏ထိုင်ခုံတွင် ခပ်တည်တည်ဝင်ထိုင်၍ စားနေသည်။

"ဟယ်...ကိုကို လုပ်ပါဦး ဒုက္ခပဲ ငယ့်ပန်းကန်ကို ယူစားနေပြီ"

"ကျွတ်...ဒုက္ခပဲ၊ ဟော့ယူ ဒါဘာလုပ်တာလဲ ကဲကွာ"

"ခွပ်..."

"အင့်..."

ထိုအမျိုးသမီး၏ နံဘေးမှ လူရွယ်က ထိုလူ၏မျက်နှာတည့်တည့်ဆီသို့ လက်သီးဖြင့် အရှိန်ပြင်းစွာ အားကုန်ထိုးချလိုက်သည့်အတွက် ထိုလူ့လက်ထဲမှ ထမင်းပန်းကန် လွတ်ကျ၍သွားသည်။

"ခွမ်း"

ထမင်းပန်းကန်မှာ ကျကွဲ၍သွားသလို ထမင်းလုံးများ ပြန့်ကြဲ၍သွားသည်။ ထိုလူ့မှာ အလဲလဲအပြိုပြိုဖြစ်၍သွားသည်။

"ဒါဘာလုပ်တာလဲဗျ ကျုပ်ထမင်းဆာလို့ပါဗျာ"





"ကဲကွာ...ကဲကွာ...ဝတ်ဦး လက်ဆော့ဦး ရမ်းကားဦး"

"ခွပ်...ခွပ်"

"အား...ကြောက် ကြောက်ပါပြီဗျ"

"တောက်...ဒီအရူး ဒီလိုလုပ်တာ ကြာပြီ ချကွာ"

ပြောပြောဆိုဆို ဆိုင်ရှင်က ကောင်တာမှထကာ ထိုလူ့ရှိရာသို့သွားပြီး ဒေါသတကြီး ပြောဆိုကာ လက်သီးဖြင့် ထိုးချလိုက်ပြန်သည်။

"ကဲကွာ"

"ခွပ်"

"အား ..ကြောက်ပါပြီဗျ"

"မင်း နောက်ကို ဒီလိုမျိုးလုပ်ဦးမလား"

"ကဲကွာ"

"ခွပ်"

"အင့်..ကြောက် ကြောက်ပါပြီဗျာ နောက်..နောက် မလုပ်တော့ပါဘူး"

နှာခေါင်းနှင့် နှုတ်ခမ်းဇက်မှ သွေးများ စီးကျ၍လာသည်။ မြင်တွေ့လိုက်ရသည့် ဖြင်ကွင်းကြောင့် စိမ်းမမ ထိတ်ထိတ်ပျာပျာဖြစ်သွားရသည်။

"အို..."

www.burmeseclassic.com



ဟု အာမေဍိတ်သံနှင့်အတူ ရန်ပွဲရှိရာသို့ ပြေးကာ ထွက်လာခဲ့သည်။

"တော်...တော်ကြပါတော့ရှင် ကျွန်မ တောင်းပန်ပါတယ်"

စိမ်းမမ အတင်းဝင်ရောက်တားသဖြင့် သူတို့၏ လက်လွန်ခြေလွန်မှုတွေ ရပ်တန့်၍သွားသည်။

"အား...ကျွတ်...ကျွတ်"

ညည်းတွားသံနှင့် အတူ နှာခေါင်းနှင့် နှုတ်ခမ်းထက်မှ စီးကျနေသော သွေးတွေကို သူ၏လက်ဖဝါးဖြင့် ခပ်ကြမ်းကြမ်း ဖိကာ ပွတ်သပ်ပစ်လိုက်ပြီး သူ၏လက်ဖဝါးကို ဖြန့်ကာ ပြန်ကြည့်သည်။

"ဟင်...သွေး...သွေးတွေ "

သွေးတို့ဖြင့် လူးလွန့်ညည်းတွားနေသော သူ့အတွက် သူမ တုန်လှုပ်ခြောက်ခြားစွာ ပွေ့ထူလိုက်မိသည်။ သူ၏မျက်နှာမှာ သွေးဆုတ်ထားသလို ဖြူလျော်နေသည်။ ကြောက်ရွံ့ထိတ်လန့်မှုကြောင့် အသားလေးတွေပင် တဆတ်ဆတ်တုန်ယင်၍ နေသည်။

"ကျွန်မ ကြားထဲကနေ တောင်းပန်ပါတယ်၊ သူ့ရဲ့ ဦးနှောက်က ရှင်တို့လို ပုံမှန်မဟုတ်ဘူးလေ"

ဆိုင်ရှင်၏မျက်နှာက တင်းမာခက်ထန်၍နေသည်။





"ခင်ဗျား ဘာမှမသိဘဲနဲ့ ဒီအရူးက လူပါးကိုဝတယ်၊ ဆိုင်မှာ မနက်တိုင်းဝင်လုပြီး စားစားနေတာ အကြိမ်ပေါင်း မနည်းတော့ဘူးဗျ"

"ဒါတော့ရှင် သူလည်းဆာလို့နေမှာပေါ့၊ အစားလေး တစ်လုတ်စာနဲ့ ဒီလောက်တော့ မတရားမလုပ်သင့်ပါဘူး"

ရိုစ့်ကတော့ ဘာမှနားမလည်နိုင်သော မျက်လုံးစုံဖြင့် စိမ်းမမကို ငေးကြည့်၍သာနေမိသည်။

"ရှင်တို့ အကြင်နာတရားမဲ့တဲ့သူတွေပဲ"

စိမ်းမမက ဒေါသတွေထွက်နေသည်။ သူကတော့ ချက်ချင်းပင် ရုတ်တရက် ဘာမှမခံစားရသည့်သူအလား နှုတ်ခမ်းထောင့်စွန်းမှ စီးကျနေသော သွေးများကို လက်ဖမိုးဖြင့် ခပ်ကြမ်းကြမ်းဖိသုတ်ပစ်လိုက်သည်။ ထို့နောက် ညှိုးငယ်သော မျက်နှာထားဖြင့် စိမ်းမမကို မျက်လွှာပင့်ကာ မော့ကြည့်ပြီး သူ၏ဗိုက်ကို လက်ဖြင့် ပုတ်ပြသည်။

"ဗိုက်...ဗိုက်ဆာတယ်ဗျာ ကျွန်တော့်ကို ထမင်းကျွေးပါ"

"အေး...ကျွေးမယ် ဒါပေမယ့် မင်းကို ထမင်းကျွေးတဲ့လူတွေကို မစော်ကားရဘူးနော်"

သူ စိမ်းမမကို ခေါင်းခပ်သွက်သွက်ကလေး လျင်မြန်စွာ ညိတ်ပြသည်။

www.burmeseclassic.com



"ဟုတ်ကဲ့...ဟုတ်ကဲ့"

ထို့ကြောင့်...

"ကဲ...ထ...ထ...မင်းကို ထမင်းကျွေးမယ်"

တစ်ဆက်တည်းပင် စိမ်းမမ၏မျက်လုံးစုံက ရှိစ့်ကို လှမ်း၍ကြည့်လိုက်သည်။

"ရှိစ့် မမတို့ စားသောက်ထားတာတွေကို ရှင်းလိုက်တော့"

"ဟုတ်...ဟုတ်ကဲ့ မမစိမ်း"

စိမ်းမမ သူ့ကို ဖေးမ၍ ဆွဲထူလိုက်ရင်း...

"ကဲလာ...မင်းကိုထမင်းကျွေးမယ်ဟုတ်လား"

"ဟုတ်ကဲ့...ဟုတ်ကဲ့"

စိမ်းမမ သူ့လက်ကိုဆွဲကာ ဆိုင်အတွင်းမှ ထွက်လာခဲ့သည်။ ကောင်တာတွင် ကျသင့်ငွေကိုရှင်းပြီး ရှိစ့် ထွက်လာခဲ့သည်။

"လာ...တို့နဲ့လိုက်ခဲ့ ထမင်းစားရအောင်"

သူ လှမ်းနေသော ခြေလှမ်းက ရုတ်တရက်ရပ်တန့်သွားသည်။

သူ၏မျက်ဝန်းများက ရွှေမြန်မာထမင်းဆိုင်သို့သာ ဦးခေါင်းကို စောင်းငဲ့၍ကြည့်ရင်း...

"ဟို...ဟိုမှာ ထမင်းဆိုင်လေ ဟိုမှာစားမယ် ဟိုမှာ





စားမယ်နော်"

စိမ်းမမ၏မျက်နှာ တင်းမာခက်ထန်၍သွားရသည်။

"မင်းကိုငါပြောမယ်၊ နောက် အဲဒီဆိုင်ကို ဘယ်တော့မှ မင်းမသွားရဘူး၊ အဲဒီဆိုင်က ထမင်းဟင်းလည်း မင်း နောက်လုံးဝမစားရဘူး"

"ဟုတ်...ဟုတ်ကဲ့"

"မမစိမ်း ဟိုရှေ့က တရုတ်မြန်မာ အနောက်တိုင်း အစားအစာဆိုင်သွားမယ်"

စိမ်းမမ၏နောက်သို့ ပျော်ရွှင်မြူးတူးဟန် လိုက်ပါလာသည်။ တစ်ချက် တစ်ချက် ဘာတွေသဘောကျသည်မသိ။

"အဟင်း...ဟင်း ဟိဟိ"

ပြုံးရယ်၍ ရယ်မောနေပြန်သည်။

လမ်းသွားလမ်းလာ အချို့နှင့် ဈေးဆိုင်များက စိမ်းမမနှင့် သူ့ကို အထူးအဆန်းသဖွယ် အံ့ဩသောမျက်ဝန်းများဖြင့် ဝိုင်းကြည့်နေကြသည်။

အလွန်တရာ ချောမောလှပသော မိန်းကလေးနှစ်ယောက်ကို ညစ်ပတ်ပေရေ စုတ်ပြတ်သတ်နေသော အရူးတစ်ယောက်နှင့် တွဲလိုက်ရသည့်အတွက် လွန်စွာအံ့ဩမယုံကြည်နိုင်သော မျက်ဝန်းများဖြင့် ကြည့်ကြသလို တချို့ကလည်း တီးတိုးဝေဖန်ပြောဆိုနေကြသည်။ မလှမ်းမကမ်းမှာ

www.burmeseclassic.com



တွေ့သော တရုတ်အစားအစာမျိုးစုံနှင့် အနောက်တိုင်းအစားအစာမျိုးစုံ ရောင်းသော စားသောက်ဆိုင်အတွင်းသို့ ဝင်လာခဲ့ကြသည်။

ဆိုင်အတွင်းမှ လူများက စိမ်းမမနှင့်အတူ သူ့ကိုတွေ့လိုက်ရသည့်အတွက် မျက်ဝန်းများ ပြူးကျယ်ကာ လွန်စွာအံ့သြတုန်ကြသည်။

“ဟဲ့...ဝေးလွင့် နင်...နင် ဒည့်သည်ကို ဘာလို့လိုက်နှောင့်ယှက်နေရတာလဲ”

စားသောက်ဆိုင်ပိုင်ရှင်၏ အမေးစကားကြောင့် ဝေးလွင့်ဆိုသောသူ၏မျက်နှာ ညှိုးနွမ်း၍သွားသည်။ ထို့နောက် ခေါင်းကိုခါရမ်းပစ်လိုက်ရင်း...

“ဟင့်အင်း...သူ...သူ”

စိမ်းမမကို လက်ညှိုးထိုးပြသည့်အတွက် စိမ်းမမ ပြုံးလိုက်မိသည်။

“သူ့ကို ကျွန်မခေါ်လာတာ၊ သူရဲ့နာမည်က ဝေးလွင့်ဟုတ်လား အန်တီ”

ဆိုင်ရှင်မိန်းမကြီးကို စိမ်းမမ သူ့အကြောင်းကို မေးလိုက်၏။

“ဟဲ...လာ ဒီမှာထိုင်ကြတာပေါ့ကွာ”

ပြောပြောဆိုဆို စားပွဲလွတ်တစ်လုံးတွင် ဝင်ထိုင်





လိုက်သည်။

“အန်တီ သူ့နာမည်က ဝေးလွင့်ဟုတ်လား၊ သူက ဘယ်မှာနေတာလဲ”

စိမ်းမမနှင့်အတူ ရှိစုံက သူ့အကြောင်းကို သိချင်နေသည်။ စားသောက်ဆိုင်ပိုင်ရှင်ထံမှ သက်ပြင်းချသံ ခပ်သဲ့သဲ့ကို ကြားလိုက်ရသည်။

“အင်း...ဟုတ်တယ် သမီး လွန်ခဲ့တဲ့ ငါးနှစ်လောက်ကပေါ့၊ ညတစ်ညမှာ လေပြင်းမုန်တိုင်း အပြင်းအထန်တိုက်တယ်၊ မုန်တိုင်းတိုက်တဲ့ ညတစ်ညမှာပေါ့...”

ဖျိုးခနဲ ဖျတ်ခနဲ ပြိုးပြက်လင်းလက်၍သွားတိုင်း မိုးကောင်းကင်ပေါ်မှာ လျှပ်စီးအလင်းတန်းကြောင့် ပိန်းပိတ်အောင် မဲမှောင်နေတဲ့မိုးကောင်းကင်ကြီးဟာ...

“ဒိန်းဒလိန်း...”

စူးရှကျယ်လောင်သော မိုးခြိမ်းသံကြီးနှင့်အတူ အက်ကြောင်းအခါခါ ထင်သွားရသလို ကြောက်မက်ဖွယ် အသံနက်ကြီးဖြင့်လည်း တုန်ခါမြည်ဟီးကာ ဒေါသအမျက်ချောင်းချောင်းထွက်နေသည့်ပုံနှယ်...

“ဝေါ...”

ဝေါကနဲလေပြင်းတိုက်ခတ်သံနှင့်အတူ မိုးကလည်း အညိုးတကြီး သဲသဲမဲမဲရွာနေပြန်သည်။

www.burmeseclassic.com



မိုးသံလေသံတို့နှင့်အတူ ကြီးမားလှသည့် လှိုင်းလုံးကြီးများတလည်း ပင်လယ်ပြင်ကို ရိုက်ခတ်၍ ကျီစယ်ဆော့ကစားနေသည့်နှယ်...

"ဝေါ..."

"ဝုန်း..."

"ဒိန်း...ဒလိန်း..."

မိုးသံ...လေသံ...မိုးချိန်းသံ ရေလှိုင်းပုတ်သံ ရေစီးသံတို့ကြောင့် ဒေါသအမျက်ချောင်းချောင်းထွက်နေသည့် သတ္တဝါကြီးတစ်ကောင်နှယ် ပင်လယ်ပြင်ကြီးသည် မို့မောက်ခုံးထတက်ကြွလာပြီး အားကျမခံ ပြန်၍မာန်ဖီအော်ငေါက်နေသည့်နှယ်...

မိုးသက်လေပြင်း မုန်တိုင်းများကြားဝယ် ညတစ်ညသည် မိုးကောင်းကင်နှင့် ပင်လယ်ပြင်တို့၏ ကြီးမားပြင်းထန်သော စစ်တလင်းနယ်မြေဖြစ်ကာ စိစိညက်ညက်ကြေခဲ့ရလေသည်။

နံနက်ရောင်နီပျို၍ နုသစ်လက်ဆတ်သည့် နေခြည်နုနု၏ ဒွလင်းရောင်သည် စိမ့်ယိုဖြာကျလာသောအခါ ပြောင်းဆန်အောင် ထင်တိုင်းကြဲခဲ့သည့် ထိတ်လန့်ကြောက်မက်ဖွယ် မုန်တိုင်းကြီးသည် သူနှင့်လုံးလုံး မသက်ဆိုင်သည့်အလား တည်ငြိမ်အေးချမ်းစွာဖြင့် မိုးကောင်းကင်တစ်ခုလုံး





လှပသာယာလာသည်။

နံနက်မိုးလင်းတော့ ချောင်းသာရွာသူရွာသားတို့သည် ပင်လယ်ကမ်းခြေသို့ အလျှိုအလျှို ပြေးဆင်း၍လာကြသည်။

"ဟယ်...ငါတို့ ငါးဖမ်းတဲ့လှေတွေ ကမ်းစပ်မှာ တစ်စင်းမှ မရှိတော့ဘူး၊ တောက်...ကြမ်းလိုက်တဲ့လေကွာ"

"ဒုက္ခပါပဲကွာ ငါတံငါလှေဖျောက်တာလောက် ဒုက္ခရောက်တာရှိပါဦးမလား၊ ငါတို့လှေတွေ ဘယ်မှာပြန်ကောက်ရမလဲ မသိတော့ဘူး"

"အီး ဟီး ဟီး...ငါရဲ့ ငါးဖမ်းစက်လှေကြီးလည်း မရှိတော့ဘူး၊ ကုန်ပါပြီကွာ ကုန်ပါပြီ"

"အရီးလေးငွေရီရဲ့ အိမ်လည်း အမိုးအကာတွေ မရှိတော့ဘူး"

"ဘကြီးထွန်းမြိုင်ရဲ့အိမ် သစ်ပင်ပိလို့ ပြိုပျက်သွားပြီတွာ၊ အိမ်သစ်ဆောက်ထားတာ မကြာသေးဘူး"

"အေးဟယ် ဟုတ်ပါရဲ့ လူတွေမသေတာ ကံကောင်းတယ်ဟယ်...ဘုရား...ဘုရား ငါတို့တွေမှာ ဘုရားကယ်တဲ့အသက်ပဲရှိတော့တာ"

တစ်ယောက်တစ်ပေါက်ပြောဆိုကြပြီး ပင်လယ်ပြင်ကြီးကို ငေး၍ကြည့်နေကြသည်။

www.burmeseclassic.com



"တော်သေးတာပေါ့ကွာ၊ ပင်လယ်ရေတွေ တက်မလာလို့ ပင်လယ်ဒီရေတွေသာ တက်လာရင် ငါတို့ချောင်းသာလည်း ဟောဒီပင်လယ်ပြင်ထဲကို နစ်မြုပ်ပြီး ပျောက်ခြင်းမလှပျောက်သွားမှာဘဲ၊ ကံကြီးပေလို့ပေါ့"

"စပါးခင်းတွေ ရေနစ်ကုန်ပြီကွ၊ ရွာထိပ်က ဘုန်းကြီးကျောင်းလည်း ပြိုပျက်သွားတယ် ပေါ့"

"တောက်...အချိန်အခါမဟုတ် မိုးရွာရတယ်လို့ကွာ၊ မိုးရွာရုံတင် မဟုတ်ဘူး၊ လေပြင်းမုန်တိုင်းပါ ကျလာတာကွ"

လူကြီးများအဖို့ စိတ်ပျက်ငြီးငွေ့စရာဖြစ်နေသော်လည်း ကလေးများအဖို့ အပျော်ဆုံးအချိန်အခါဖြစ်သည်၊ အော်ဟစ်ပြေးလွှားကာ ခုန်ပေါက်၍နေကြသည်။ ကမ်းများအဖို့တော့ ရတနာပုံဆိုက်သည့် မနက်ခင်းဖြစ်သည်။ ကမ်းခြေတစ်လျှောက် ရေစီးနှင့်အတူ ပါလာသည့် ထင်ကျန်ရစ်သည့် ပစ္စည်းများကို လိုက်ကောက်ကာ ပျော်ပါးနေကြသည်။

"ဟာ...ပုလင်းလေးက လှလိုက်တာကွာ"

"ဟေ့ကောင် ချစ်တီး၊ ငါအရင်မြင်တာနော် လွှတ်... မင်းငါ့လက်ကိုလွှတ်"

"အို...ဘာလို့လွှတ်ရမှာလဲကွ၊ ငါအရင်မြင်တဲ့ဥစ္စာ"

"ဟေ့ကောင်...ငါအရင်မြင်တာကွ၊ လွှတ်ကွာ... လွှတ်"





"ဟေ့ကောင် ချစ်တီး ငါအရင်မြင်တာကွ"

"ဟာ...ဟိုမှာ ကြည့်စမ်းဟေ့၊ အဝတ်ထုပ်ကြီးတစ်ထုပ်ကွ"

ပြောပြောဆိုဆို ထိုအဝတ်ထုပ်ကြီးရှိရာသို့ ပြေးကာ ထွက်သွားကြပြန်သည်။

"ဟာ...ငါအရင်တွေ့တာကွ...ဒါ ငါ့ပစ္စည်း"

"အေးပါကွာ နီတွတ်ရ...မင်းပစ္စည်းပါ၊ ငါတို့ဖြေကြည့်ကြရအောင်"

ပြောပြောဆိုဆို အဝတ်ထုပ်ကြီးကို ဝိုင်း၍ဖြည် ကြည့်ကြသည်။

"ဟယ်...အင်္ကျီတွေ ပုဆိုးတွေ ထဘီတွေကွ၊ ဟားဟား ငါတော့ သူဌေးဖြစ်ပြီကွ"

"ဟေ့ကောင် နီတွတ်...ငါကို ဟိုအင်္ကျီလေး ပေးတယ်"

"အေး...ရော့ ယူကွာ"

"ဟေ့ကောင်တွေ လာကွာ ငါတို့လည်း ကျောက်ဆောင်တွေဘက်က ကမ်းခြေဘက်ကို သွားကြမယ်ကွာ"

"အေး...ဘာလေးညာလေးများ ထပ်ပြီး တွေ့ချင်တွေ့ဦးမှာကွ"

ပြောပြောဆိုဆို ပင်လယ်ကမ်းခြေကျောက်ဆောင်

www.burmeseclassic.com



များဘက်သို့ ကလေးငယ်တစ်သိုက်ပြေးကာ ထွက်သွားကြသည်။ ခဏအကြာ...

"လာကြပါဦး...လာကြပါဦး"

"လူတစ်ယောက်လဲနေလို့ လာကြပါဦး"

ကလေးငယ်တစ်သိုက်၏ စူးစူးဝါးဝါး အော်လိုက်သည့်အသံက ပင်လယ်ကမ်းစပ် ကျောက်ဆောင်များဘက်မှ ထွက်ပေါ်လာသည်။

"ဟင်...ကလေးတွေ ဘာတွေ့လို့ အော်နေကြတာလဲ"

"ဟိုမှာ...ဟိုမှာလေဗျာ"

ကလေးငယ်တစ်သိုက် ညွှန်ပြရာသို့ လှမ်း၍ကြည့်လိုက်မိသည်။

"ဟင်...လူတစ်ယောက်ပါလား"

ကျောက်ဆောင်ကြီးတစ်ခုအောက်ဝယ် ပက်လက်ကြီးလဲကျနေသော လူတစ်ယောက်ကို တွေ့လိုက်ရ၍ ထိတ်ထိတ်ပျာပျာဖြစ်သွားကြသည်။

"ဟဲ့...ဟဲ့ ကလေးတွေ ဘေးဖယ်ကြစမ်း အသက်မှ ရှိသေးရဲ့လား၊ သေနေပြီလား မသိဘူး၊ ဘယ်ကမျောလာတာလဲ မသိဘူး"

ထိုလူကို ဝိုင်းအုံ၍ကြည့်နေကြသည်။





"အင်း...ဟင်း...ဟင်း"

ညည်းတွားသံက ထိုလူ၏နှုတ်ခမ်းထက်မှ ခပ်သဲ့သဲ့ ထွက်ပေါ်လာသလို...

"ဟော...ဟော လှုပ်...လှုပ် လှုပ်လာပြီ၊ သူ မသေသေးဘူးဟ"

ဝမ်းသာအားရ ထိုလူကို ပြေး၍ပွေ့ထူကြသည်။

လူစိမ်းသည် တရွရွလှုပ်လာရာမှ မှေးမှိတ်ထားသော မျက်ဝန်းပါ ဖွင့်ဟလာသောအခါ လူအုပ်ကြီးကို ကြောင်တောင်တောင်မျက်ဝန်းစုံဖြင့် မျက်လွှာပင့်ကာ မော့ကြည့်ရင်း

"အဟီး"

ဟု အသံထွက်အောင် နှစ်နှစ်ကာကာကြီး ပြုံးပြလေသည်။

"မင်း...မင်းက ဘယ်မှာနေတာလဲကွ"

"အမ်...ဟင် ဘာ...ဘာကိုပြောတာလဲ ဟင်"

"မင်းကိုမေးနေတာကွ"

ထိုလူစိမ်းမှာ သူ၏ခေါင်းကို ကုတ်လိုက် ခါးထောက်လိုက် ငုတ်တုတ်ထထိုင်လိုက်နှင့် တစ်ယောက်တည်း အလုပ်ရှုပ်နေသည်။

"ဟော့ကောင် မင်းကိုမေးနေတာကွ၊ မင်း ဘယ်မှာနေတာလဲ"

www.burmeseclassic.com



"အဟီး ဟီး..ဟို ဟို"

ပင်လယ်ကြီးကို လက်ညှိုးထိုးပြသည်။

"ဟီးဟီး...ဟီး ဟိုးအဝေးကြီးက"

"မင်းနာမည် ဘယ်သူလဲလို့ဆိုတော့ ဟိုးအဝေးကြီးတလို့ ပြောတော့တာပဲကွယ်၊ ဒါကြောင့် သူ့ကို အဝေးက လွင့်လာတဲ့အတွက် ဝေးလွင့်လို့ပဲ နာမည်ပေးပြီး ခေါ်ကြတယ်ကွယ်"

စိမ်းမမ ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ရင်း...

"ဒါနဲ့ သူက ဘယ်မှာနေတာလဲဟင်"

"ချောင်းသာကမ်းခြေနားက ရွာကလေးတွေဟာ သူ့အိမ်ပဲလေကွယ်၊ အိပ်ချင်တဲ့အခါ အိပ်တယ်၊ စားချင်တဲ့အချိန်စားတယ်၊ သူ့ရဲ့စိတ်က မမှန်ဘူးလေကွယ်"

စိမ်းမမ၏နံဘေးမှာ ကလေးတစ်ယောက်လို တိတ်ဆိတ်ငြိမ်သက်စွာထိုင်နေသော ဝေးလွင့်ကို စောင်းငဲ့၍ကြည့်ရင်း...

"မင်းနာမည် ဝေးလွင့်နော် ဟုတ်လား"

ဝေးလွင့်က သူ၏ခေါင်းကို သွက်သွက်ကလေးညိတ်ကာပြရင်း...

"ဟုတ်...ဟုတ်တယ် ဝေးလွင့် ဝေးလွင့်"

ပင်လယ်ဘက်သို့ လက်ညှိုးတစ်ဆက်တည်း ညွှန်ပြ





ရင်း...

"ဟို...ဟို ဟိုးအဝေးကြီးကနေ လွင့်လာလို့ ဝေးလွင့်လို့ ခေါ်ကြတယ်၊ ဟုတ်တယ် ဟုတ်တယ် ဝေးလွင့် ဝေးလွင့်"

"အေး...ဟုတ်ပြီ ဝေးလွင့် မင်း ဘာဟင်းနဲ့ ထမင်းစားမှာလဲ"

"ကြက်အသည်းအမြစ် ဝက်ကလီစာ ဆိတ်ကလီစာ"

စကားကို တစ်ဝက်တစ်ပျက် ဖြတ်ပြောပြီး မျက်မှောင်ကြုတ်ကာ ခေတ္တခဏငြိမ်သက်သွားသည်။

"ဟဲ..ဟဲ ကြက်သား ကြက်သားနဲ့စားမှာ ကြက်သားနဲ့ပဲစားမှာနော်၊ ဒီပြင်ဟင်းဆိုရင်တော့ No No ပဲ၊ Please ကြက်သားဟင်းနဲ့ ကျွေးပါနော်"

ဝေးလွင့်ထံမှ ကြားလိုက်ရသည့် စကားလုံးများကြောင့် စိမ်းမမနှင့် ရိုစီတို့နှစ်ယောက် မျက်ခုံးများ ပင့်တက်သွားကာ တစ်ယောက်ကိုတစ်ယောက် ပြိုင်တူကြည့်လိုက်မိကြသည်။

ဆိုင်ရှင်မိန်းမကြီးက ပြုံးရယ်လိုက်ရင်း...

"ဟင်း..ဟင်း ဒီကောင်က လူကသာ အူလည်လည် အစားကောင်းတော့ ကြိုက်တယ်၊ သူဒီဆိုင်မှာ ထမင်းလာတောင်းစားရင် ကြက်သားပဲထည့်ပေးရတယ်၊ တခြားဟင်းဆိုရင် သူ့မျက်နှာမကောင်းတော့ဘူး"

"ဒါဆိုရင် အန်တီ ထမင်းသုံးပွဲပြင်ပေးနော်၊ ကြက်

www.burmeseclassic.com



သားဟင်း ကြက်ကလီစာ ဝက်ကလီစာ ပုစွန်တုပ်ဆီပြန်ဟင်း ရယ် ငါးဥကျော်ရယ်”

စိမ်းမမ သူမ၏လက်တစ်ဖက်ကိုမြှောက်၍ ရိုစ့် ပြောနေသမျှကို ဟန့်တားလိုက်ရင်း..

“အန်တီ ရှိသမျှဟင်းစုံ ချပေးပါနော်”

“အေး...အေး သမီး အန်တီ့ဆိုင်က ထမင်းဟင်းတွေက စပယ်ရှယ်ချက်ထားတာ၊ အားလုံးရှယ်ပဲ သမီး”

ခဏကြာတော့ မှာထားသော ထမင်းဟင်းများ ရောက်လာသည်။

“ကဲ...စားတော့ ဝေးလွင့်”

“ဟုတ်...ဟုတ်ကဲ့ တကယ်စားရမှာလား၊ ခုနကလို ကျွန်တော့်ကိုရိုက်ဦးမှာလား”

“မင်းကိုမရိုက်ပါဘူးကွယ်၊ စား စား ဝအောင်စားနော်”

“ဟုတ်ကဲ့...ဟုတ်ကဲ့”

ရိုစ့်က ဆိုင်ရှင်မိန်းမကြီးကို...

“အန်တီ ခက်ရင်းနဲ့ဇွန်း ပေးဦးလေ”

“အေးကွယ် အေး အေး၊ ရော့ သမီး ရော့ ရော့”

စိမ်းမမနှင့် ရိုစ့်တို့က ဖွန်းနှင့်ခက်ရင်းကို ကျင်လည်စွာကိုင်တွယ်၍ ငုံ့စားနေသည်ကို ဝေးလွင့် မျက်တောင်မခတ်စတမ်း ငေးကြည့်၍နေသည်။





ထမင်းမစားဘဲ ငြိမ်သက်နေသော ဝေးလွင့်၏ အပြု အမူကြောင့် စိမ်းမမ စောင်းငဲ့၍ကြည့်မိသည်။

“စားလေ ဝေးလွင့်”

ဝေးလွင့်က ဘာတစ်ခွန်းမှ ပြန်မပြောဘဲ စိမ်းမမ၏ လက်မှ ကိုင်စားနေသော ခက်ရင်းနှင့် ဇွန်းကို ငေးစိုက်ကာ ကြည့်နေသည်ကို တွေ့လိုက်ရသည့်အတွက် စိမ်းမမ ပြုံးချင်ချင် ဖြစ်သွားရသည်။

“ဘာလဲ ခက်ရင်းနဲ့ဇွန်းနဲ့ စားချင်လို့လား”

ဝေးလွင့် သူ၏ခေါင်းကို လျင်မြန်စွာညိတ်ပြသည်။

“အင်း...စားချင်တယ် ခက်ရင်းနဲ့ဇွန်းနဲ့ပဲစားမယ်”

ဝေးလွင့်၏ အလိုမကျရိပ်တွေ စွန်းထင်းနေသော ဂျစ်ကန်ကန်အသံကြောင့် ဆိုင်ရှင်အဒေါ်ကြီးက...

“မေ့နေလို့ ဝေးလွင့်ရေ ရော့...ရော့”

ဝေးလွင့်ထံသို့ ဖွန်းနှင့် ခက်ရင်းတစ်စုံကို လာ၍ချ ပေးသည်။

“အိုး Good Very good ”

ပြောပြောဆိုဆို လာချပေးသည့် ခက်ရင်းနှင့် ဇွန်းကို လက်ကိုင်ပဝါနှင့် သေသပ်စွာသုတ်လိုက်သည်။ ထို့နောက် ခက်ရင်းနှင့်ဇွန်းကို ကျွမ်းကျင်စွာကိုင်တွယ်၍ သေသေသပ်သပ် ကျကျနန စားနေသည်။ ထမင်းတစ်စေ့မှ အဖိတ်

www.burmeseclassic.com



အစင်မရှိသည့်အတွက် စိမ်းမမ မယုံကြည်နိုင်သောမျက်လုံး အစုံဖြင့် စားလက်စထမင်းကိုရပ်ရင်း အံ့ဩစွာငေးကြည့်နေမိသည်။

ဆိုင်ရှင်အဒေါ်ကြီးက...

"ဟင်း...ဟင်း ဝေးလွင့်က အခုလိုပဲ ဖွန်းနဲ့ခက်ရင်းနဲ့ စားနေကျ သနားပါတယ်ကွယ်၊ သူ ဘယ်ကနေလာလို့ ဘယ်ကမှန်းမသိဘဲနဲ့ သူ့ရဲ့မိဘ ညီအစ်ကိုမောင်နှမတွေကတော့ ဝူပင်သောကရောက်နေကြမှာပဲ၊ ရုပ်ရည်ကလေးက သနားကမားနဲ့"

ရိုစ့်ကလည်း ထမင်းစားနေသည်ကို ရပ်တန့်လိုက်ရင်း ဝေးလွင့်ကို မျက်တောင်မခတ်စတမ်း စူးစိုက်စွာ ကြည့်လိုက်မိသည်။

"မမစိမ်း သူ့ကြည့်ရတာ လူရည်သန့်အသိုင်းအဝိုင်းထဲကလို့ ရိုစ့်တော့ထင်တယ်"

စိမ်းမမ ခေါင်းညိတ်ပြလိုက်ရင်း...

"ဟုတ်မယ်နော် သူ့ကြည့်ရတာ အတိတ်မေ့ဝေဒနာသည်လား အဲ...စိတ္တဇဝေဒနာ ရောဂါသည်ဆိုပေမယ့် သူ့ကြည့်ရတာ ယဉ်ယဉ်ကလေး"

ရုတ်တရက် စားနေသည့်ထမင်းကိုရပ်ကာ ငေးမော့သွားသည့် ဝေးလွင့်၏ပုံစံကြောင့် စိမ်းမမ ဝေးလွင့်၏အတွေး





ကို သိချင်စိတ်ပေါ်လာပြီး...

"ဝေးလွင့် ဘာတွေစဉ်းစားနေတာလဲ"

ဖျတ်ခနဲ သူ့ခေါင်းထောင်ကာ မျက်လွှာပင့်ကာ မျက်တောင်မခတ်စတမ်း စိမ်းမမကိုတစ်လှည့် ရိုစ့်ကိုတစ်လှည့် စူးစိုက်စွာ ခပ်တည်တည်ကြည့်ရင်း...

"မမ...မမတို့က ရန်ကုန်ကလားဟင်"

ရိုစ့်က ပြုံးစစမျက်နှာပေးဖြင့်...

"အင်း ဟုတ်တယ် ရန်ကုန်က"

ဝေးလွင့် စိမ်းမမကို လက်ညှိုးထိုးကာ...

"ဒါ...ဒါဆိုရင် ဟောဒီက မမကလည်း ရန်ကုန်ကပေါ့နော်"

"အင်း ဟုတ်တယ်ဝေးလွင့် မမစိမ်းက ရန်ကုန်က ရန်ကုန်မှာနေတာ၊ မင်းကရော ရန်ကုန်ကို ရောက်ဖူးလို့လား"

ဝေးလွင့် မျက်မှောင်ကြုတ်ကာ ခေတ္တခဏ ငြိမ်သက်သွားသည်။

"မင်းက ရန်ကုန်ဆိုတာကို သိလို့လား"

ဝေးလွင့်၏နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်ရင်လာသည်။

"ရန်ကုန် ရန်ကုန်...ရန်ကုန်ဆိုတာ ဘာလဲဟင်"

စိမ်းမမကို မဝံ့မရဲကြည့်ကာ ပြန်မေးလိုက်သည့်

www.burmeseclassic.com



အတွက် စိမ်းမမက...

"ရန်ကုန်ဆိုတာ မင်းသိပါတယ်ကွာ၊ သေချာစဉ်းစား ကြည့်ပါဦး"

ဝေးလွင့် သူ၏ခေါင်းကို ခပ်သွက်သွက်ညိတ်လိုက်ရင်း...

"အင်း..ရန်ကုန်ဆိုတာ သိတယ်၊ သိတယ် ကျွန်တော်သိတယ်"

"ကဲ...သိရင် မမစိမ်းကို ပြောပြကွယ် မမစိမ်း နားထောင်ချင်တယ်"

"ကျွန်တော် ရန်ကုန်ကလူတစ်ယောက်နဲ့ တွေ့ဖူးတယ်၊ ကောင်းကင်ပေါ်က လေယာဉ်ပျံကြီးနဲ့ ဒီကိုလာတာတဲ့၊ ရန်ကုန်ဆိုတာ မိုးပေါ်မှာရှိတယ်တဲ့၊ အကြီးကြီးပဲတဲ့၊ အဲဒါတကယ်လားလို့ တွေးနေတာ ရန်ကုန်ဆိုတာ မိုးပေါ်မှာတဲ့ ဟုတ်...ဟုတ်လား မမ"

"အင်း...ဟုတ်မယ်ထင်တာပဲကွယ်"

"ဟာ...မဟုတ်ဘူး မဟုတ်ဘူး မဟုတ်ဘူး ရန်ကုန်ဆိုတာကြီးက ကျွန်တော့်ရဲ့စိတ်ထဲမှာ ရန်ကုန်ဆိုတာနဲ့ ရင်းနှီးပြီး သိနေသလိုပဲ၊ ရန်ကုန်ဆိုတဲ့ မြို့ကြီးကို ခဏခဏအိပ်မက်မက်တယ်ဗျာ၊ ကျွန်တော့်ရဲ့စိတ်ထဲမှာ ရန်ကုန်ဆိုတာ ရောက်ဖူးနေတယ်လို့ ထင်တယ်ဗျ"





စိမ်းမမနှင့် ရှိစ်တို့ပြုံး၍ ပြိုင်တူခေါင်းညိတ်ပြမိသည်။

"အင်း အဟင်းဟင်း...ဟုတ်မှာပေါ့"

"ဒီမှာဝေးလွင့် မင်းကို မမစိမ်းပြောမယ်၊ မင်း ရန်ကုန်မှာ နေခဲ့ဖူးတယ်နဲ့တူတယ်၊ မင်း သေသေချာချာစဉ်းစားကြည့်ပါလား"

"အင်း...ဟုတ်တယ် ဟုတ်တယ် စဉ်းစားမယ်"

"မင်း ဘယ်ကလာတာလဲ၊ မင်းရဲ့မိဘတွေက ဘယ်သူတွေလဲ၊ မင်းဘယ်မှာနေတာလဲ စဉ်းစားကြည့်ပါလားကွယ်"

ဝေးလွင့် မျက်မှောင်ကြုတ်ကာ အချိန်အတော်ကြာသည်အထိ စဉ်းစားနေသည်။ ရုတ်တရက်ဝေးငိုင်ကာ မှိုင်ကျ၍ ပြုံးပျော်နေသောမျက်နှာမှာ ညှိုးနွမ်း၍သွားသည်။

"ဝေးလွင့် မင်းစဉ်းစားလို့ရပြီလားဟင် မမစိမ်းကို ပြောပြပါလား၊ မမစိမ်း သိချင်လို့ပါကွယ်"

"ဟင့်အင်း...ကျွန်...ကျွန်တော် ဘာမှစဉ်းစားလို့မရဘူး၊ ကျွန်တော် စဉ်းစားလိုက်တိုင်း ခေါင်းက အရမ်း အရမ်းကို မူးမူးသွားတယ်"

"ကဲ...ဒါဆိုရင် မင်း မမစိမ်းတို့နဲ့ ရန်ကုန်ကိုလိုက်မလား"

"ဟာ..တကယ်ပြောတာလား လိုက်မယ် လိုက်မယ်ဟေး လိုက်မယ်ကွ"

www.burmeseclassic.com



ဝမ်းသာအားရ အော်ဟစ်ခုန်ပေါက်၍နေသည်။

"အာ...ဟဲ့ ဝေးလွင့် ဟိုမှာလူတွေကြည့်ကုန်ပြီ"

ဆိုင်အတွင်းရှိ လူများက စိမ်းမမတို့နှင့် ဝေးလွင့်ကို အကဲခတ်သောမျက်ဝန်းများဖြင့် စောင်းငဲ့၍ကြည့်နေကြသည်။

"ဝေးလွင့် ထမင်းစားလေကွာ"

ဝေးလွင့် သူ၏ခေါင်းကို ခပ်သွက်သွက်ခါရမ်းပစ်လိုက်ရင်း...

"ဟင့်အင်း ကျွန်တော်ဝပြီ မမ"

ပြောပြီး ထိုင်ရာမှထကာ ဆိုင်အတွင်းမှ ခပ်တည်တည်ပင် ထွက်သွားလေသည်။

❋ ❋ ❋



## အခန်း (၄)

နေခြည်နုနုအောက်မှာ ချောင်းသာကမ်းခြေဝယ် ရေလှိုင်းစီးသူများ ရေကူးသူများနှင့် နေပူဆာလှုံသူများကြောင့် စည်ကား၍နေသည်။

စိမ်းမမနှင့် မိုးစံ့တို့နှစ်ယောက် ဘန်ဂလိုအတွင်းမှ ထွက်၍ ပင်လယ်ပြင်ကြီးကို ငေးကြည့်၍နေကြသည်။

"မမစိမ်း ရေလှိုင်းစီးရတာ ပျော်စရာကောင်းတယ်နော်"

ရေလှိုင်းစီးသူအချို့ကို ငေးကြည့်ရင်း မိုးစံ့ကပြောလေသည်။

www.burmeseclassic.com



"အင်း...အရမ်းသာယာတာပဲနော်၊ ပင်လယ်ပြာပြာ မိုးပြာပြာနဲ့ တောတောင်စိမ်းစိမ်းလေးတွေနဲ့ အရမ်းသာယာတာပဲ"

"မမစိမ်း ရေကူးကြမယ်လေ"

'အေးကွယ် နေမွန်းမတည့်ခင် ကူးကြရအောင်"

"မမစိမ်း ရေကူးမယ်နော် ရိုစ့်မှာ ရေကူးဝတ်စုံတွေ မမစိမ်းအတွက် အပိုထည့်လာတယ်"

"ဟင့်အင်း..မမစိမ်း ရေမကူးတတ်ဖူးကွယ်၊ ပြီးတော့ ရေကူးရမှာ ကြောက်သလို ရေကူးဝတ်စုံကိုလည်း မဝတ်ရဲပါဘူးကွယ်"

စိမ်းမမ၏မျက်နှာလေး ရဲသွားကာ ရှက်စိတ်ကြောင့် မျာပျာသလဲ ငြင်းဆန်လေသည်။

"အို...မမစိမ်းကလည်း ဟောဟိုမှာကြည့်ပါလား သူများတွေလည်း ရေကူးဝတ်စုံကလေးတွေကို ဝတ်နေကြတာပဲ၊ ရေမကူးတတ်ရင်လည်း ဘောကွင်းနဲ့ကူးနေကြတာ ဘယ်လောက်ပျော်ဖို့ကောင်းလဲ"

ရိုစ့် ညွှန်ပြရာသို့ စိမ်းမမ လှမ်းကြည့်မိသည်။

"မမစိမ်းက လိမ္မာပါတယ်နော် ရိုစ့်နဲ့အတူ ရေကူးမယ်လေကွယ်၊ ရိုစ့် ရေကူးဝတ်စုံတွေ သွားယူလိုက်မယ်နော်"

ပြောပြောဆိုဆို ဘန်ဂလိုထဲသို့ ပြေးဝင်၍သွားသည်။





စိမ်းမမ စိတ်ရှုပ်ထွေးစွာဖြင့် ရပ်၍ကျန်ရစ်ခဲ့သည်။

'ဟေး..."

"ဒိုင်ဗင်ကွ ဒိုင်ဗင်"

ပျော်ရွှင်စွာ ရေကူးနေသောသူများဆီသို့ အကြည့်က ရောက်သွားသည်။

"ဟေး...ရေလှိုင်းစီးကြမယ်ဟေ့"

ဖွေးဖွေးဖြူနေသော ရေလှိုင်းကြီးများကို ပျော်ရွှင်စွာ အော်ဟစ်၍စီးနေကြသောသူများကို သတိလက်လွတ် စိမ်းမမ ငေးကြည့်၍နေမိသည်။

ထိုစဉ် နောက်နားဆီမှ...

"မမစိမ်း"

"ဟင်"

ရုတ်တရက် ရိုစ့်၏ခေါ်သံကြောင့် စိမ်းမမ၏ခန္ဓာကိုယ်လေး ဆတ်ခနဲ တုန်ယင်သွားသည်ကိုကြည့်ရင်း ရိုစ့် ပြုံးလိုက်မိသည်။

"အဟင်း...ဟင်း မမစိမ်း လန့်သွားလား ဟင်း ဟင်း ဘယ့်နှယ်လဲ ရေကူးချင်နေပြီလား၊ သူများရေကူးတာကိုကြည့်ပြီး အားကျနေပြီနဲ့တူတယ်"

"အင်း ပျော်စရာကြီးနော် မမစိမ်းလည်း သူတို့လို ရေလှိုင်းစီးချင်လိုက်တာနော်"

www.burmeseclassic.com



စိမ်းမမ၏လက်ကို ရှိစ့်ဆွဲလိုက်ရင်း...

"OK စိတ်ချ မမစိမ်း ရေလှိုင်းစီးရမယ်၊ လာ...ဟိုရှေ့မှာ အဝတ်လဲခန်းရှိတယ်"

အဝတ်လဲခန်းရှိရာသို့ စိမ်းမမကို ဆွဲခေါ်လာခဲ့သည်။

"အို...မမစိမ်း ရေကူးဝတ်စုံ မဝတ်ရဲဘူးကွယ်"

"အာ...မမစိမ်းကတော့လုပ်ပြီ ဟိုမှာ သူများတွေလည်း ရေကူးဝတ်စုံ ဝတ်နေကြတာပဲဟာ၊ မမစိမ်းကြောင့်ခက်ပါတယ်"

စိမ်းမမမှာ ရှိစ့်ဆွဲခေါ်ရာနောက်သို့ ပါသွားသည်။ အဝတ်လဲခန်းရှေ့သို့ရောက်သော် အဝတ်လဲခန်းရှေ့တွင် စိမ်းမမ ခြေစုံရပ်လိုက်မိသည်။

"လာပါ မမစိမ်းရဲ့"

ရှိစ့်ခေါ်ရာနောက်သို့ စိမ်းမမ ပါလာလေသည်။

"လာပါ မမစိမ်းရဲ့ ရေကူးဝတ်စုံလေးကိုဝတ်ပြီး ရေကူးမယ်လေ"

"ဟင့်အင်း မမစိမ်း မဝတ်ရဲဘူးကွယ်၊ ဒီအတိုင်းပဲကူးမယ်လေ"

"ဟင့်အင်း ဟင့်အင်း မရဘူး ရေကူးဝတ်စုံလဲပြီးမှကူးရမယ်"

အဝတ်လဲခန်းအတွင်းသို့ အတင်းဆွဲခေါ်လေသည်။





"ရော့...မမစိမ်း ဒီရေကူးဝတ်စုံ အနီရဲရဲလေးကို ဝတ်လိုက်နော်"

စိမ်းမမကို ရှိစ့်က ရေကူးဝတ်စုံ အနီရဲရဲကလေးကို အတင်းလဲခိုင်းနေသည့်အတွက် စိမ်းမမယူကာ လဲလိုက်မိသည်။ စိမ်းမမ အဝတ်လဲခန်းတွင် ရေကူးဝတ်စုံဝတ်ပြီး ငူငူကြီးရပ်ကာနေမိသည်။

စိမ်းမမမှာ အဝတ်အစားနှင့် အလှအပမှာ ခေတ်ဆန်ပေမယ့် ယခုလို ရေကူးဝတ်စုံကြီးနှင့်ဆိုတော့ ရှက်လွန်း၍လည်း တစ်ကိုယ်လုံးမှာ တုန်ယင်နေသည်။ ရှည်လျားသောပေါင်တံနှင့် မြင့်မားသောရင်အစုံက အထင်းသားပေါ်လွင်နေသည်။

စိမ်းမမ၏ မျက်နှာပြင်လေးမှာ ရှက်လွန်း၍ ပန်းသွေးရောင်လွှမ်းနေသည်။

"အဟင်း မမစိမ်းက သိပ်လှတာပဲကွယ်"

စိမ်းမမ ရှိစ့်ကို မျက်စောင်းထိုးလိုက်ရင်း...

"ရှိစ့်ရာ မမစိမ်းရှက်တယ်ကွာ ဒီရေကူးဝတ်စုံကြီးကို မဝတ်ရဲဘူး၊ လူတွေအများကြီးကြားထဲမှာ"

ရှိစ့်၏ခန္ဓာကိုယ်ပေါ်တွင် နက်ပြာရောင်ရေကူးဝတ်စုံကလေးကလည်း လှပစွာနေရာယူထားသည်ကို ငေး၍ကြည့်နေမိသည်။ ရှိစ့်ကတော့ ခပ်တည်တည်ပင်။

www.burmeseclassic.com



"လာ မမစိမ်း သွားစို့"

စိမ်းမမ မကြားသလို ရပ်နေမိသည်။

"အို...မမစိမ်းကလည်း ဟိုမှာကြည့်ပါလား သူများတွေလည်း ရေကူးဝတ်စုံကိုဝတ်ပြီး ရေကူးနေတာပဲဟာ၊ လာပါ မမစိမ်းရဲ့၊ ရိုစ့်တို့ရောက်နေတာ သုံးရက်တောင်ကျော်နေပြီ ရေတစ်ခါမှ မကူးရသေးဘူး၊ ချောင်းသာကိုရောက်ရင် ရေကူးဖို့မှ သဘာဝကျတာ မမစိမ်းရဲ့၊ ပင်လယ်ရေက လူ့ခန္ဓာကိုယ်နဲ့ ခဏတာထိတွေ့တာနဲ့ ကျန်းမာရေးနဲ့ညီညွတ်တာ မမစိမ်းရဲ့"

ပြောပြောဆိုဆို စိမ်းမမကို အဝတ်လဲခန်းအတွင်းမှ ရိုစ့်အတင်းဆွဲထုတ်ကာ ပင်လယ်ကမ်းစပ်ဘက်သို့ ဆွဲခေါ်၍ သွားသည်။

"လာပါ မမစိမ်းရယ် အဟက်ဟက် ဒီကိုရောက်လာတာ ရေကူးဖို့ဆိုတာကို သတိရသေးရဲ့လား၊ မမစိမ်းက ရေကူးချန်ပီယံတစ်ယောက်ပဲဟာ၊ ရိုစ့် သိတယ်နော် ဟင်း ဟင်း"

စိမ်းမမနှင့် ရိုစ့်တို့နှစ်ယောက်၏ ချစ်စဖွယ် လှပသော ရုပ်ရည်နှင့် အချိုးအစားလှပသော ခန္ဓာကိုယ်အလှတို့က ရေကူးဝတ်စုံလေးတွေကြောင့် ပိုမိုလှပ၍နေသည်။ စိမ်းမမက သူ၏ ရှည်လျားနက်မှောင်သော ဆံပင်များကို ဖဲကြိုးဖြူဖြူကလေးဖြင့် ခပ်မြင့်မြင့်ကလေး စည်းထားသည်။ ရိုစ့်ကလည်း





သူမ၏ ရွှေအိုရောင် ဆံပင်ပွပွကောက်ကောက်ကလေးများကို ဖဲကြိုးနက်ပြာရောင်ကလေးဖြင့် ခပ်မြင့်မြင့်ကလေး စည်းနှောင်၍ထားသည်။

ပင်လယ်လေနုအေးက တိုက်ခတ်၍ ကျီစယ်နေသည့်အတွက် သူမတို့နှစ်ယောက်၏ ဆံနွယ်လေးတွေက လေတွင်လွင့်ပျံ၍နေသည်။ ချောမောလှပလွန်းသော အလှနတ်သမီးလေးနှစ်ပါးကို ရေကူးနေသူအချို့နှင့် ပင်လယ်ကမ်းစပ်မှာ လေညင်းခံနေသည့်သူများက သမင်လည်ပြန်ငေးမော၍ ကြည့်နေကြသည့်အတွက် စိမ်းမမ၏မျက်နှာလေးက ရှက်ရွံ့မှုကြောင့် မဲ့တဲ့တဲ့ကလေးဖြစ်ကာ ခြေလှမ်းက ဖျက်ချင်ချင်။

"ဟေး ဟန်နီ လာလေ ရေကူးမယ်လေကွာ ဒါက ဘယ်လဲ"

"ဟေး Baby Baby လေးတွေ နှစ်ယောက်စလုံး သိပ်လှတယ်ဟေ့ ကိုယ်တို့နဲ့ ပျော်ပျော်ပါးပါး ရေကူးကြမယ်နော်"

"ဟေး ရွှတ် ရွှတ်"

"I love You I Love You"

• အော်ဟစ်၍ နောက်ပြောင်နေကြသည့်အတွက် စိမ်းမမ၏ လှမ်းနေသောခြေလှမ်း အလိုလိုရပ်တန့်၍သွားရသည်။

"ရိုစ့် ပြန်တော့မယ်ကွာ မမစိမ်း ရေမကူးချင်ဘူး"

www.burmeseclassic.com



"အို…မမစိမ်းကလည်း သူတို့စကားနဲ့ပဲ ကိုယ့်ရဲ့လွတ်လပ်ခွင့်တွေ ဆုံးရှုံးကုန်မှာပေါ့ မမစိမ်းရယ်၊ လာပါ မမစိမ်းရဲ့"

စိမ်းမမ၏ လက်ကလေးတစ်ဖက်ကို ဆွဲကာ…

"မမစိမ်း ဟိုးရှေ့က ကျောက်ဆောင်တွေဘက်ကို သွားမယ်နော်"

ပြောပြောဆိုဆို ရှိစ့်ကတော့ ခပ်တည်တည်ပင် ကျောက်ဆောင်များဘက်သို့ စိမ်းမမကို ခေါ်လာခဲ့သည်။ အလိုမကျရိပ်တွေ စွန်းထင်းနေသော စိမ်းမမ၏ မျက်နှာလှလှကလေးကို စောင်းငဲ့၍ကြည့်ရင်း…

"မမစိမ်းကိုလေ ရှိစ့်က ဟိုးရှေ့ကမြင်နေရတဲ့ ကျောက်ဆောင်ပေါ်ကနေ ရေကူးပြမယ်နော်၊ ဟဲ ဟဲ ဒိုင်ဗင်ထိုးပြမယ်နော်"

ရှိစ့်ထံမှ ကြားလိုက်ရသည့် စကားလုံးကြောင့် စိမ်းမမ ထိတ်ထိတ်ပျာပျာဖြစ်သွားရသည်။

"အို…အန္တရာယ်များလိုက်တာ ရှိစ့်ရယ်၊ ကျောက်ဆောင်ကြီးက အမြင့်ကြီး ခဲရာခဲဆစ်တက်ရမှာ၊ မတော် ပြုတ်ကျရင် ဒုက္ခ၊ မမစိမ်း မကြည့်ရဲဘူးကွယ်"

"အို..မမစိမ်းကလည်း ရှိစ့်က ရေကူးချန်ပီယံလေကွယ်၊ ရေကူးချန်ပီယံဘွဲ့ကို ဆယ်နှစ်သမီးဘဝတည်းက ပိုင်ဆိုင်ထားတာ၊ ချောင်းသာကိုရောက်တိုင်း ဒီလိုပဲရေကူးနေကျ





မမစိမ်းရဲ့"

ကျောက်ဆောင်များရှိရာသို့ ခပ်သွက်သွက်လျှောက်လာခဲ့သည့် ရှိစ့်ကတော့ ခပ်တည်တည်ပင်။ ကျောက်ဆောင်များဘက်သို့ စိမ်းမမ အကြည့်က ရောက်သွားသည်။

ကျောက်ဆောင်များပေါ်သို့ ပြေးတက်ကာ ရေထဲသို့ ဒိုင်ဗင်ထိုးချနေသောလူများကို တွေ့လိုက်ရသည်။

"ဟေး"

"ဗွမ်း"

"ဝမ်းစမိုး…ဝမ်းစမိုး"

"ရွှီ…ဖြောင်းဖြောင်း ဖြောင်း"

ဒိုင်ဗင်ထိုးသူများကို အော်ဟစ်၍အားပေးနေသည်ကို ကြည့်ရင်း စိမ်းမမ၏ရင်ထဲ အော်ဟစ်အားပေးချင်စိတ်များပင် ပေါက်သွားသည်။

"ဟယ်…ဒိုင်ဗင်ထိုးတာ လှလိုက်တာနော်၊ အရမ်းကြည့်လို့ကောင်းတာပဲ"

"ရှိစ့်ထိုးတဲ့ ဒိုင်ဗင်လောက်မလှဘူးနော် ရှိစ့်ထိုးပြမယ် ကြည့်"

ကျောက်ဆောင်ပေါ်သို့ ပြေးကာတက်သွားသည်။ ကျောက်ဆောင်ပေါ်သို့ရောက်သည်နှင့်…

"မမစိမ်းရေ ဒီမှာကြည့်နော် ဝမ်း တူး သရီး"

www.burmeseclassic.com



ရှိစ့် ပြောပြောဆိုဆို ပင်လယ်ထဲသို့ ကျောက်ဆောင်ပေါ်မှ ဒိုင်ဗင်ထိုးဆင်းသွားသည်။

"ဟေး"

"ဗွမ်း"

"ဝမ်းစမိုး...ဝမ်းစမိုး"

"ရှိ...ဖြောင်းဖြောင်း ဖြောင်း"

ရှိစ့်ကို ပင်လယ်ကမ်းစပ်နားမှာ ရပ်ကြည့်နေသူများက အော်ဟစ်ကာ အားပေးကြသည်ကို စိမ်းမမ ငေးကြောင်၍ ကြည့်နေမိသည်။

ခဏအကြာ ရေထဲမှ ရှိစ့် ပြန်ပေါ်လာသည်။

"ဗွမ်း"

"ဝေး ဟေး ဟေး ဝမ်းစမိုး...ဝမ်းစမိုး"

"ရှိ...ဖြောင်းဖြောင်း ဖြောင်း"

အော်ဟစ်အားပေးသံကြောင့် ရှိစ့် ပြုံးရွှင်သောမျက်နှာပေးဖြင့် စိမ်းမမကို လက်မကလေးထောင်ပြလေသည်။

စိမ်းမမ ရေထဲမှရှိစ့်ကိုကြည့်ရင်း မခံချင်စိတ်များ ဖြစ်ပေါ်၍လာသည်။ ရှိစ့်၏အပြုံးက သူမကို လှောင်ပြုံးပြုံးနေသည့်နှယ်၊ သူမ၏ အိပ်ပျော်နေသော မာနတို့ကို အပြုံးတလှုပ်နှိုးလိုက်သည့်ပမာ သတိလက်လွှတ်ဖြစ်ကာ ပင်လယ်ကမ်းစပ်ရေပြင်နားသို့ သူမ တရွေ့ရွေ့တိုးကပ်လာမိသည်။





"မမစိမ်း ရှိစ့်ကို အားကျလို့ ရေကူးမလို့လား"

စိမ်းမမရှိရာ ကမ်းစပ်သို့ ရှိစ့်က ကူးခတ်၍လာသည်။

ပြောပြောဆိုဆို စိမ်းမမကို ရေဖြင့် လှမ်းပက်လိုက်ရင်း

"မမစိမ်း ရှိစ့်ရဲ့ဒိုင်ဗင် လှသလားဟင် ဘယ့်နှယ်လဲ မမစိမ်းရော ဒိုင်ဗင်မထိုးချင်ဘူးလား၊ ရှိစ့် မမစိမ်းကို ဒိုင်ဗင်ထိုးနည်း သင်ပေးမယ်လေ"

ရှိစ့် ကမ်းစပ်ပေါ်သို့ ခပ်သွက်သွက်တက်လာလေသည်။

"ရှိစ့် မင်းလောက်တော့ မမစိမ်းက အပျော့ပါကွယ်၊ လာ မမစိမ်းနဲ့မင်း ဒိုင်ဗင်ထိုးပြိုင်မယ်"

"အဟက် တကယ်ပြောတာလား မမစိမ်း ရှိစ့်က တော့ မယုံပါဘူးနော်"

ရှိစ့်၏ စကားလုံးများကြောင့် စိမ်းမမ၏ မခံချင်စိတ်များက တဖွားဖွားဖြစ်ကာ သူမ၏စိတ်ထဲမှာ သူမအတွက် ပြိုင်ဘက်မရှိစေရ၊ အားလုံး၏ထိပ်ဆုံးမှာ သူမသာလျှင် ဖြစ်စေရမည်ဟု သူမ၏ မာနဖြင့် ကြွေးကြော်ထားသည်။ ထို့ကြောင့် စိမ်းမမ လှုပ်ရှားသွားသော သူမ၏စိတ်ကို တည်ငြိမ်အောင်ထိန်းရင်း...

"ရှိစ့် မင်းနဲ့ကိုယ် ဒိုင်ဗင်ထိုးပြိုင်မယ်ကွာ၊ ကိုယ်အရင် ထိုးပြမယ်"

www.burmeseclassic.com



စိမ်းမမ ကျောက်ဆောင်ပေါ်သို့ ပြေးကာတက်သွားသည်။

"ကဲ...ဝမ်း တူး သရီး"

ကျောက်ဆောင်ပေါ်ကနေ ပင်လယ်ပြင်ထဲသို့ ဒိုင်ဗင်ထိုး၍ဆင်းသွားသည့် စိမ်းမမမှာ လေထဲမှာပင် လှပစွာနောက်ကျွမ်းနှစ်ပတ်ပစ်လိုက်ရင်း ရေထဲသို့ ဒိုင်ဗင်ထိုးဆင်းသွားသည်။ စိမ်းမမ၏ ရေကူးကျွမ်းကျင်မှုကို ရိုစ့် အံ့ဩစွာတွေ့လိုက်ရသည်။

"ဟယ်"

"ဟေး...လှတယ်ဟေ့"

"ဝေးဟေးဟေး ရှားရှားပါးပါး စတန့်ပဲဟေ့"

"ဗွမ်း"

"ဖြောင်းဖြောင်း...ဖြောင်း"

"ရှီ...ဖြောင်း...ဖြောင်း"

ကမ်းစပ်မှာ ရပ်ကြည့်နေသောသူများက အော်ဟာစ်ကာ စိမ်းမမကို အားပေးကြသည်။

စိမ်းမမ၏ ခန္ဓာကိုယ်လေး ရေထဲသို့ လှပစွာကျလာသည်။ အရှိန်ဖြင့် ရေထဲသို့ တဖြည်းဖြည်းနစ်မြုပ်၍သွားသည်။ သူမ ရေပြင်ပေါ်သို့တက်ရန် သူမခြေလက်တို့ဖြင့် ရုန်းကန်ကာကူးခတ်မိသည်။ သိပ်ကြာကြာမကူးလိုက်ရ၊ ရေပြင်ပေါ်သို့





သူမရောက်သွားသည်။

"ဗွမ်း"

သူမ၏မျက်နှာလေး ရေပြင်ပေါ်မှာ ဘွားခနဲပေါ်လာသည်။

"ဝေး...ဟေးဟေး"

"ရှီ...ဖြောင်း...ဖြောင်း"

ကမ်းစပ်ပေါ်မှလူများက အော်ဟာစ်အားပေးကြသလို ရိုစ့်ကလည်း ဝမ်းသာအားရ...

"ဟေး...မမစိမ်းကွ မမစိမ်း"

အော်ဟာစ်ခုန်ပေါက်ကာ စိမ်းမမကို အားပေးလေသည်။

စိမ်းမမ ကမ်းစပ်ဘက်သို့ ကူးလာခဲ့သည်။ ရုတ်တရက်ကြီးမားသော လှိုင်းလုံးကြီးက လိမ့်ဆင်းလာပြီး စိမ်းမမကို ရိုက်ပုတ်လိုက်သည်။

"ဝုန်း"

"အိုး"

ကမ်းစပ်မှ ကြည့်နေကြသည့်လူအများမှာ...

"ဟယ်" "ဟင်" "ဟာ"

"ဘုရားကယ်ပါ"

"အိုး..."

www.burmeseclassic.com



သစ်ရွက်ကလေးတစ်ရွက်ပမာ အပေါ်သို့မြောက်တက်သွားသည်။ လှိုင်းလုံး၏အရှိန်ကြောင့် စိမ်းမမမှာ ဖြောတ်လန့်တကြားအော်ဟစ်လိုက်ရင်း...

"အား..."

"ဗွမ်း"

ရေထဲပြုတ်ကျသွားလေသည်။ စိမ်းမမကိုကြည့်ရင်း ရှိုစ့်၏ရင်ထဲ တုန်လှုပ်သွားသည်။

"ဘုရား ဘုရား မမစိမ်း မမစိမ်း"

✣ ✣ ✣

အားကိုးရာမဲ့ခံစားလိုက်ရသည့် သူမ၏ခန္ဓာကိုယ်တစ်ခုလုံး ရေထဲသို့ နစ်မြုပ်သွားပြန်သည်။ ရေပြင်ပေါ်သို့ ပြန်တက်ရန် အားကုန်ကြိုးစားမိသည်။ သို့သော် ကြောက်စိတ်တို့ကြောင့် လက်ခြေတို့ဖြင့် ရုန်းကန်ကူးခတ်မိသည်။ တဖြည်းဖြည်း ရေပြင်ပေါ်သို့ရောက်လာသည်။





"ဗွမ်း"

သူမ၏ခေါင်းလေး ရေပြင်ပေါ်မှာ ပေါ်လာသည်။ သူမ ကိုယ်ကိုဖော့ကာ ကမ်းစပ်ရှိရာသို့ မျှော်ကြည့်မိသည်။

"အို...ဘုရား ဘုရား ကမ်းစပ်နဲ့ငါ အတော်ဝေးနေပါလား"

သူမ စိတ်ပျက်စွာ ငြီးတွားမိသည်။ သူမ အားမာန်တင်းကာ ကမ်းစပ်ဘက်သို့ အားကုန်ကူးခတ်၍လာမိသည်။ ကမ်းစပ်နှင့် တဖြည်းဖြည်း နီးကပ်၍လာသည်။

သို့သော် ကြာလာတော့ လက်ပန်းကျလာသည်။ မောဟိုက်လာ၍ ရင်ဘတ်က စူးရှနာကျင်ကာ အောင့်လာသည်ကို ခံစားလိုက်ရသည်။ ရေအောက်သို့ တဖြည်းဖြည်း နစ်မြုပ်၍လာသည်။ ရေပြင်ပေါ်သို့ ပြန်မတက်နိုင်။ ကြောက်စိတ်တို့က သူမတစ်ကိုယ်လုံးကို ဖုံးလွှမ်း၍လာသည်။ လူကား ရေပြင်ပေါ်သို့မရောက်နိုင်။ အဝတ်လျှော်စက်ထဲသို့ရောက်နေသလို လူးကာလိမ့်ကာ ဖြစ်၍နေသည်။

"ငါ...ငါ သေရတော့မှာပါလား"

ကြောက်စိတ်တို့က မင်းမူနေသည်။ သတိက လစ်ချင်ချင်။ လူတစ်ကိုယ်လုံး မလှုပ်ရှားနိုင်တော့ပေ။

ရုတ်တရက် သန်မာသော လက်တစ်ဖက်၏ ဆွဲခေါ်ခြင်းကို ခံလိုက်ရသည်။ ထိုသူခေါ်ရာသို့ ပါလာရင်း ရေပြင်

www.burmeseclassic.com



ပေါ်သို့ ရောက်လာခဲ့သည်။ ရေပြင်ပေါ်သို့ ရောက်တယ်ဆို ရင်ပဲ အသိတရားတွေလွင့်စင်ကာ သတိလစ်မေ့မျောစ၍ သွား သည်။

သတိလစ်မေ့မျောနေသော သူမကို ဆွဲခေါ်ဖက် တွယ်ရင်း ကမ်းစပ်ဘက်သို့ ဝေးလွင့် ကူးလာခဲ့သည်။ ကမ်းစပ် ၏ နံဘေးမှာ လူအများက ဝိုင်းအုံ၍ကြည့်နေကြသည်။

"ဟယ်...တော်ပါသေးရဲ့ မမစိမ်း မမစိမ်း"

ရိုစီ ကမ်းစပ်ဘက်မှနေ၍ ရေထဲသို့ ပြေးဆင်း၍လာ သည်။ ဝေးလွင့်နှင့်အတူ စိမ်းမမကို ရိုစီတွဲကာ ကမ်းစပ်ဘက် သို့ ပြန်ကူးလာခဲ့သည်။

ကမ်းစပ်ပေါ်သို့ဆွဲတင်ကြသည်။ ရှေးဦးသူနာပြုစု သည့်နည်းနှင့် ရိုစီက ပြုစုသည်။ လူအများက ဝိုင်းအုံ၍ လာ သည်။ ပါးစပ်နှင့် နှာခေါင်းမှ ရေများထွက်လာသည်။ ထို့ နောက် စိမ်းမမကို ရင်ခွင်ထဲ၌ ရိုစီ ပွေ့ကာထားမိသည်။

အင်း...အဲ ငြိမ်းတွားသံနှင့်အတူ စိမ်းမမ သတိရလာ သည်။

"မမစိမ်း မမစိမ်း"

ရိုစီက စိမ်းမမ၏မေးဖျားကလေးကို ကိုင်ကာ စိုးရိမ် တကြီး ခေါ်လိုက်မိသည်။

သူမ၏ မှေးမှိတ်ထားသော မျက်ဝန်းကလေး





တဖြည်းဖြည်း ပွင့်၍လာသည်။

"မမစိမ်း မမစိမ်း သတိရပြီနော်"

စိမ်းမမ ခေါင်းကလေးကိုညိတ်ကာ လူးလဲ၍ထလိုက် မိသည်။

"ကျေး...ကျေးဇူးပါပဲ ရိုစီ့ရယ် ရိုစီပေးတဲ့အသက်ပဲ မမစိမ်းမှာရှိတာ၊ ရိုစီဟာ မမစိမ်းရဲ့ အသက်သခင်ပါပဲကွယ်"

ရိုစီ ခေါင်းကို ခပ်သွက်သွက်ခါရမ်းလိုက်ရင်း...

"ဟင့်အင်း...မမစိမ်းရဲ့ အသက်သခင်က ရိုစီ မဟုတ်ဘူး မမစိမ်း"

"ဟင်...ဒါ...ဒါဆိုရင် ဘယ်သူလဲဟင်"

"ဟို...ဟို လူတစ်ယောက်ပဲ မမစိမ်း"

"သူ့ကို မမစိမ်း ကျေးဇူးဆပ်ချင်တယ်ကွယ်၊ မမစိမ်း ကို ခေါ်ပေးပါလား"

စိမ်းမမကို အစိုးရိမ်လွန်နေသည့်အတွက် ရိုစီ စိမ်းမမ ကို ကယ်တင်တဲ့သူကို သေသေချာချာမကြည့်ဖြစ်၊ သတိ မထားမိပေ။ ထို့ကြောင့် ကယ်တင်ရှင်ကို လူအုပ်ကြားထဲသို့ မျက်လုံးဝေ့ဝဲကာ ရှာမိသည်။

သို့သော် ကယ်တင်ရှင်ကို သူမ မမြင်ဖူး သတိမထား မိသည့်အတွက် မည်သူမှန်းမသိ။

www.burmeseclassic.com



"ခင်ဗျားရဲ့အသက်ကိုကယ်တာ ဝေးလွင့်ဆိုတဲ့ အရှူဗျ"

"ရှင်...ဝေးလွင့် ဟုတ်လား"

စိမ်းမမနှင့် ရိုစ့်တို့နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက် ပြိုင်တူကြည့်မိကြသည်။



အခန်း (၅)

ဝေးလွင့်တစ်ယောက် စိမ်းမမဝယ်ပေးသော အဝတ်အစားများကိုဝတ်ကာ စိမ်းမမတို့ရှိရာ ဘန်ဂလိုသို့ ခပ်တည်တည်လျှောက်လာလေသည်။

"ဟိတ်ကောင် ဝေးလွင့်"

နောက်နားဆီမှခေါ်သံကြောင့် ဝေးလွင့်၏ လှမ်းနေသောခြေလှမ်းမှာ ရပ်တန့်၍သွားရသည်။ နောက်သို့ စောင်းငဲ့၍ လှည့်ကြည့်မိသည်။

"မင်းဘယ်သွားမလို့လဲ၊ မင်းသိပ်ကိုသားနားပြီး သိပ်လှနေပါလား"

www.burmeseclassic.com



ဝေးလွင့်၏မျက်နှာ မှုန်ကုတ်ကုတ်ဖြစ်သွားသည်။

"ငါ့ဘာသာ ဘယ်သွားသွားပေါ့ကွ"

ဝေးလွင့်၏ ဂျစ်ကန်ကန်အဖြေစကားလုံးများကြောင့် ဘရုတ်လူငယ်တစ်သိုက် ပြုံးစစဖြစ်သွားရသည်။

"မင်းကလည်းကွာ အကောင်းမေးတာကွ မင်းဘယ်သွားမလို့လဲ၊ မင်းကအခုဝတ်ထားတဲ့ ဝတ်စုံနဲ့ သိပ်လိုက်တာပဲ ဟဲ...ဟဲ ကောင်းဘွိုင်နဲ့တူတယ်"

"အဟီး တကယ်ပြောတာလားကွ"

"အဟက်...ဟက် တကယ်ပြောတာပေါ့ကွ ဒါနဲ့ နေပါဦး မင်းဘယ်ကိုသွားမှာလဲကွ"

"မမ မမစိမ်းတို့ဆီကို"

ဝေးလွင့်၏အဖြေစကားကြောင့် သူတို့ပခုံးတွန့်ကာ အချင်းချင်း တစ်ယောက်မျက်နှာတစ်ယောက် ပြိုင်တူကြည့်မိကြသည်။

"အဟက်...ဟက် မမစိမ်း ဟုတ်လား၊ အဟက်... ဟက် ငါသိပြီ ငါသိပြီ မြို့ကလာတဲ့ ခပ်ချောချောမမနှစ်ယောက် မဟုတ်လား"

ဝေးလွင့် ခေါင်းကို ခပ်သွက်သွက်ကလေး ညိတ်ပြမိသည်။

"ဟုတ်တယ် ဟုတ်တယ် အဲဒီမမတို့ဆီကို သွားမှာ





အဟီး"

ဝေးလွင့်ကိုကြည့်ရင်း ဟားတိုက်ရယ်မောလိုက်ကြသည်။

"ဟားဟားဟား...ဟားဟား...အဟက် ဟက်"

"ဘာလဲ မင်းက မမ မမဆိုပြီး ကပ်ပြီးတော့ ညာစားနေတာ မဟုတ်လား"

ဝေးလွင့် ခေါင်းကိုခါရမ်းပြရင်း...

"ဟင့်အင်း မဟုတ်ဘူး မဟုတ်ဘူး"

"ဘာမဟုတ်ရမှာလဲကွ ရူးသလိုလို ပေါသလိုလိုနဲ့ မင်းက လူလည်ပဲ"

"မဟုတ်ပါဘူးဆိုမှဗျာ ခင်ဗျားတို့က စွပ်စွပ်စွဲစွဲ"

စိမ်းမမနှင့် ရိုစ့်တို့နှစ်ယောက် ညနေခင်းဆည်းဆာအလှကို ခံစားရန် ဘန်ဂလိုအတွင်းမှ ထွက်ကာ ပင်လယ်ကမ်းခြေဘက်သို့ လမ်းလျှောက်၍ထွက်လာခဲ့ကြသည်။

"ရိုစ့် မမစိမ်းနဲ့ ရေကူးပြိုင်ကြမလား"

ပြုံးစစမျက်နှာပေးနှင့် စိမ်းမမမေးလိုက်သည့်အတွက် ရိုစ့် ခေါင်းကလေးကိုခါရမ်းလိုက်ရင်း...

"အို...ဟင့်အင်း ဟင့်အင်း ရေကူးမပြိုင်ချင်ပါနဲ့တော့ မမစိမ်းရယ်၊ ရိုစ့်လေ အဲဒီနေ့က မမစိမ်းအတွက် စိုးရိမ်လိုက်ရတာ အရမ်းပဲ၊ တကယ်ပြောတာပါ မမစိမ်းသာ တစ်ခုခုဖြစ်

www.burmeseclassic.com



သွားရင် ရှိစ့် ရူးသွားမလားပဲ"

"အဟင်း...ရှိစ့်ကတော့ လုပ်ပြီကွယ် ဟင်း...ဟင်း"

"မမစိမ်းရဲ့အသက်ကို ဘုရားသခင်က ပြန်ပေးတာ သိလား၊ ပြီးတော့ ဝေးလွင့်သာမကယ်ရင် မမစိမ်းရဲ့ဘဝဟာ မတွေးဝံ့စရာပဲ၊ ခုလောက်ဆိုရင် ရေထဲမှာ ပုပ်ပွနေပြီလား ဒါမှမဟုတ် ငါးမန်းစာဖြစ်နေလောက်ပြီနော်"

စကားတပြောပြောနှင့် လျှောက်လာကြသည်။ ရုတ်တရက် စိမ်းမမ၏မျက်ဝန်းအကြည့်က ကျောက်ဆောင် အကွယ်၌ ဝေးလွင့်နှင့် လူငယ်တစ်သိုက် ရယ်မောကာ ပြော နေသည်ကို လှမ်းတွေ့လိုက်ရသည်။

"အမယ် မယ် မင်းရဲ့အဝတ်အစားတွေက တယ် စမတ်ကျပါလားကွ၊ မင်း ဘယ်ကအလစ်သုတ်လာတာလဲ"

"ဟင့်အင်း မဟုတ်ဘူး မဟုတ်ဘူး"

"ဒါဆိုရင် မင်းဘယ်ကရလဲ"

"မဟုတ်ဘူး မဟုတ်ဘူး မမစိမ်း ဝယ်ပေးတာ ဝယ် ပေးတာ"

"အဟက် ဟက် မင်းကတော့ ရူးသလိုပေါသလိုနဲ့ လူလည်ပဲကွ၊ နှာဘူး အရူး မိန်းမလှလှတွေနားမှာကပ်ပြီး ညာစားနေတာပဲကွ"

ဝေးလွင့်တို့ထံမှ စကားသံတွေက ပျံ့လွင့်၍လာသည့်





အတွက် စိမ်းမမ၏ လှမ်းနေသောခြေလှမ်းတွေ အလိုလိုရပ် တန့်၍သွားသည်။

"မမစိမ်း ဘာ...ဘာဖြစ်လို့လဲဟင်"

စိမ်းမမ၏ လက်ညှိုးကလေးက သူမ၏နှုတ်ခမ်းဖူးဖူး လေးရှေ့တွင် ထောင်ပြကာ ရှိစ့်ကို...

"ရှူး...တိတ်တိတ်နေစမ်း ရှိစ့်"

စိမ်းမမကို နားမလည်နိုင်သောမျက်ဝန်းများဖြင့် ရှိစ့် လှမ်းကြည့်လိုက်ရင်း...

"မမစိမ်း ဘာဖြစ်လို့ဟင်"

"ဟိုမှာ ကြည့်စမ်း ရှိစ့်"

မမစိမ်းညွှန်ပြရာသို့ လှမ်းကြည့်လိုက်မိသည်။

"ဟင်...ဝေးလွင့် ဘာတွေဖြစ်နေတာလဲမသိဘူး"

"ရှိစ့် သူတို့ပြောတာတွေကို အသာနားထောင်စမ်း"

ကျောက်ဆောင်အကွယ်မှရပ်ကာ အသာချောင်း ကြည့်နေလိုက်ကြသည်။

စိမ်းမမ၏မျက်ဝန်းကလေးတွေ ဝိုင်းစက်သွားသည်။ ဝေးလွင့် ဒေါသတကြီး လှည့်ထွက်သွားရန်ပြင်လိုက်စဉ် ရှာတိတ်တစ်ယောက်က လက်ကို လှမ်းဆွဲထားသည်။

"ကျွတ်..နေစမ်းပါဦးကွ၊ မင်းကလည်း ဒေါသကြီးပဲ"

"ဘာလဲကွ ဘာလုပ်တာလဲ လွှတ် ငါ့ကိုလွှတ်"

www.burmeseclassic.com



"သယ်...ဒီသောက်ရူး ငါဖြတ်ရိုက်လိုက်ရ"

ပြောပြောဆိုဆို ဖြတ်ရိုက်ရန်ဟန်ပြင်လိုက်သည့်အတွက်...

"ကြောက်...ကြောက်ပါပြီဗျာ"

ဝေးလွင့်မှာ ကြောက်ရွံ့တုန်လှုပ်သွားရသည်။ စိမ်းမမ ဒေါသထောင်းခနဲထွက်သွားရသည်။ သူမ၏ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ယောင်ရမ်း၍ ဆုပ်လိုက်မိသည်။

"အဟက်...ဟက် ဒီလိုမှပေါ့ကွ။ ဟဲဟဲ မင်းကို ငါတို့မေးစရာရှိတယ်ကွ၊ ငါ မင်းကိုမေးမလို့ ဒီမှာ ညှေ့သည်မမတို့နှစ်ယောက်ရဲ့နာမည်က ဘယ်သူလဲ"

"မမစိမ်း"

"နောက်တစ်ယောက်ကရော"

"မမစိမ်း"

"ဟုတ်လို့လား"

"ဟုတ်တယ် ဟုတ်တယ် မမစိမ်း မမစိမ်း အတူတူပဲ"

"အဟက်ဟက် တတွဲတွဲနဲ့ သူတို့နှစ်ယောက်နဲ့ မင်းကြိုက်နေကြပြီလား"

စိမ်းမမတစ်ယောက် သူမ၏ရင်ဘတ်ကို ဖိမိထားသည်။ ဝေးလွင့် မည်သို့ဖြေမည်နည်း၊ ရိုစ့်နှင့် တစ်ယောက်ထိုတစ်ယောက် ပြိုင်တူကြည့်မိကြသည်။





"ဟုတ်တယ် ဟုတ်တယ် ကြိုက်နေတယ်"

"ဘယ်သူနဲ့လဲကွ အရူးရ"

"အဟီး...မမစိမ်းနဲ့ကွ"

စိမ်းမမ ဘုရားတလိုက်မိတော့သည်။

"အို...ဘုရားရေ"

"ဟား...ဟား...ဟား တကယ့်ကောင် မင်းလိုသောက်ရူးကို သူကကြိုက်ပါ့မလားကွ၊ ကြိုက်ချင်းကြိုက် ငါ့ကိုကြိုက်မှာပေါ့ကွ"

"ဘာကွ...ဘာပြောတယ်"

ဝေးလွင့် ဒေါသထောင်းကနဲဖြစ်သွားသည်၊ ဂျစ်ကန်ကန်ပုံစံဖြင့် မျက်မှောင်ကြီးကြုတ်ကာ စိုက်ကြည့်နေမိသည်။

"အဟဲ...အလကားစတာပါကွ၊ မင်းကို သူတို့ကခင်တာနေမှာပေါ့ကွာ"

ဝေးလွင့် ခေါင်းတညိတ်ညိတ်ဖြင့်...

"ဟုတ်တယ်...ခင်တာ...ခင်တာ...ဟိ...ဟိခင်တာကွ...အဟီး"

"အဟက်...ဒီလိုလုပ်စမ်းပါကွ၊ မင်းနဲ့ မမစိမ်းတို့က ခေါင်နှမလိုခင်တာ မဟုတ်လား၊ သူကလည်း မင်းကို မောင်လေးလို မင်းကလည်း သူတို့ကို အစ်မလိုခင်တာ မဟုတ်လား"

"အေး...ဟုတ်တယ် ဟုတ်တယ် အဲဒီလိုကြိုက်တာ

www.burmeseclassic.com



ကြိုက်တာ"

"တောက်...နာတော့မှာပဲ လာပြန်ပြီ ကြိုက်တာ၊ *ကြိုက်တာမဟုတ်ဘူး ခင်တာပါဆို*"

"အေး...အေး ခင်တာ ခင်တာ ဟုတ်တယ် အဟီး ဟီး ဟိ...ဟိ ခင်တာ"

သူတို့တွေ ပြောစကားများကြောင့် စိမ်းမမ ပြုံးချင်ချင် ဖြစ်သွားရသည်။

"ဟော့ကောင် ဝေးလွင့် မင်းနဲ့ မမစိမ်းတို့က မောင်နှမတွေဆိုတော့ မင်းနဲ့ငါ ယောက်ဖတော်ရအောင်ကွာ"

"ဟေ့...ယောက်ဖ ယောက်ဖ အဟီး ယောက်ဖဆိုတာ ဘာလဲကွ၊ မြန်မြန်ပြောကွာ ယောက်ဖ ယောက်ဖ အဟီး ခေါ်လို့ကောင်းတယ်နော်"

"အဟေးဟေး..ဒီမှာ အရူးပေါ်ရဲ့ ယောက်ဖဆိုတာ နှမပေးယောက်ဖလေကွာ၊ မင်းအစ်မနဲ့ ငါနဲ့ညားတော့ မင်းက ငါ့ယောက်ဖပေါ့ကွ၊ ဟဲ...ဟဲ ပေးမလား မင်းရဲ့မမစိမ်းကို"

"မပေးဘူး"

ဝေးလွင့် ဝမ်းခေါင်းသံကြီးဖြင့် ကြုံး၍အော်လိုက်သည်။ ထို့နောက် ထိုလူ့မျက်နှာကို လက်သီးဖြင့် ဒေါသတကြီး အားကုန်ထိုးပစ်လိုက်တော့သည်။

"ကဲကွာ"





"ခွပ်"

"အား"

မြန်ဆန်လွန်းလှသည့် ဝေးလွင့်၏ လက်သီးထိုးချက်ကို ရှောင်တိမ်းချိန်မရသဖြင့် ထိုလူ အငိုက်ခံလိုက်သလို စိမ်းမမနှင့် ရိုစ်တို့နှစ်ယောက်မှာ...

"ဟင်..."

"ဟာ..."

အာမေဍိတ်သံနှင့်အတူ တအံ့တသြဖြစ်သွားရသည်။

"တောက်...မင်းကများ ငါ့ကိုထိုးတယ်"

"ကဲကွာ" "ခွပ်" "အား"

"ကဲကွာ" "ခွပ်" "အား"

တစ်ယောက်တစ်ချက်စီ ဝေးလွင့်ကို ဝိုင်း၍ထိုးကြသည်။

"ကဲကွာ" "ခွပ်"

"ကဲကွာ"

"ခွပ်"

"အ..."

"အီး ဟီး ဟီး ကြောက်ပါပြီဗျ ကြောက်ပါပြီ အီး ဟီး ဟီး"

ထိုးရုံဖြင့် အားမရသေး ဝေးလွင့်ကို ခြေထောက်ဖြင့် သုမ်းကန်ကြပြန်သည်။

www.burmeseclassic.com



"ကဲကွာ"

"ဖျောင်း"

"အား..."

"ကဲကွာ"

"ဖျောင်း"

"အီး ဟီး ဟီး နာ...နာတယ် တော်...တော်ပါတော့ နာတယ် နာတယ် အဟီးဟီး ကြောက်ပါပြီဗျ"

စိမ်းမမနှင့် ရိုစ်တို့နှစ်ယောက် ကျောက်ဆောင်များကြားမှ ထွက်လိုက်သည်။

"ရှင်...ရှင်တို့ တော်တော့နော်၊ ရှင်တို့ သိပ်ကို တရားလွန်နေပြီနော်၊ မတရားမလုပ်နဲ့"

ဝေးလွင့် မမစိမ်းကိုမြင်သည်နှင့်...

"ဟင်...မမစိမ်း"

လဲကျနေရာမှ လူးလဲထကာ စိမ်းမမရှိရာသို့ ပြေးလာလေသည်။

"အဟီးဟီး မမစိမ်း သူ...သူ ကျွန်တော့်ကိုထိုးတယ် မမစိမ်း အဟီးဟီး အဟင့် ရှွတ်"

စိမ်းမမမှာ ဒေါသကြောင့် အသားလေးတွေ တဆတ်ဆတ် တုန်ရင်နေသည်။

"ရှင်တို့ လူတွေမှဟုတ်ရဲ့လား"





"ခင်ဗျားကောင်အရှူးက ကျုပ်ကိုအရင်ထိုးတာဗျ"

"ငါ့အစအဆုံးမြင်တယ် မင်းတို့ သူ့ကိုဘာစကားတွေ ပြောနေတယ်ဆိုတာ ငါအကုန်ကြားတယ်၊ မင်းတို့ ငါ့ကို ဘယ်လိုမိန်းမစားမျိုး ထင်လို့လဲ၊ သွား...သွား မင်းတို့ထွက်သွားကြစမ်း ငါ ရဲစခန်းကို အကြောင်းကြားလိုက်ရမလား"

မထေမဲ့မြင်ဟန်ဖြင့် ဗရုတ်တစ်သိုက် ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ကျောခိုင်းကာ ထွက်သွားကြသည်။

ဝေးလွင့်တစ်ယောက် တရှုံ့ရှုံ့ငိုနေရာမှ မျက်ရည်စတွေကို ပွတ်သုတ်ပြီး စိမ်းမမကို နားမလည်နိုင်သည့် ကြောင်တောင်တောင် မျက်ဝန်းစုံဖြင့် မဝံ့မရဲ မျက်လွှာပင့်ကာ ကြည့်သည်။

"တိတ်..တိတ်တော့ ဝေးလွင့် မင်း ယောကျ်ားမဟုတ်ဘူးလား၊ ယောကျ်ားဆိုတာ မငိုရဘူးကွ၊ ကိုယ့်ကို အနိုင်ကျင့်စော်ကားတာကို ငုံ့ပြီးမခံရဘူး၊ သူ့မှာလက်ရှိသလို ကိုယ့်မှာလည်း လက်ရှိတာပဲ ပြန်ချပေါ့ကွ၊ ငါပြောတာ သဘောပေါက်ရဲ့လား ဝေးလွင့်"

"ဗျာ...ဟုတ်...ဟုတ်ကဲ့"

"ကဲလာ...ငါတို့ ဗိုက်ဆာလှပြီ တစ်ခုခုသွားစားရအောင်"

ပင်လယ်ကမ်းစပ်နံဘေးမှ စားသောက်ဆိုင်များရှိရာ

www.burmeseclassic.com



သို့ လျှောက်လာခဲ့ကြသည်။

ဘန်ဂလိုတည်းခိုခန်းအတွင်း ဧည့်ခန်းတွင် TV ဖွင့်၍ ကြည့်နေကြသည်။

ချောင်းသာမှာ ခေတ္တခဏ အပန်းဖြေအနားယူရနေပေမယ့် သူမ၏စိတ်တွေက တစ်ခါတစ်ရံ အလုပ်ထဲကို အာရုံက ရောက်ရောက်၍သွားသည်။

"ရှိစ့်"

"ရှင် မမစိမ်း"

TV ကြည့်နေရာမှ ရှိစ့် မျက်လွှာပင့်ကာ လှမ်းကြည့်မိသည်။

"ဦးသက်ခိုင်တစ်ယောက် အလုပ်လုပ်ရတာ အဆင်မှ ပြေပါ့မလား မသိဘူး"

ရှိစ့် ပြုံးစစမျက်ဝန်းစုံဖြင့် စိမ်းမမကို မျက်လွှာပင့်ကာ မော့ကြည့်သည်။

"အဟင်း...ဟင်း အားလုံးအဆင်ပြေပါတယ် မမစိမ်းရဲ့၊ ဦးသက်ခိုင်က ရှိစ့်ကို နေ့တိုင်းဖုန်းနဲ့ ကုမ္ပဏီလုပ်ငန်းတွေအကြောင်း အမြဲတမ်း သတင်းပို့တယ် မမစိမ်း၊ အရင်ကထက် ပစ္စည်းတွေ အရောင်းပိုသွက်တယ်"

"ဟင်...ဟုတ်လား မမစိမ်းတောင် မသိရပါလား၊ ဘာလို့ မမစိမ်းကို မပြောတာလဲ"





ဆိုဖာဆက်တီနောက်ကိုမှီရင်း မေးလိုက်သည်။

"မမစိမ်းကို တမင်မပြောတာပါ၊ မမစိမ်း ခေတ္တခဏ အနားယူအပန်းဖြေနေတဲ့အချိန်မှာ စီးပွားရေးလုပ်ငန်းကိစ္စတွေကြောင့် မမစိမ်းရဲ့စိတ်တွေ အရမ်းပင်ပန်းသွားမှာ စိုးလို့ပါ မမစိမ်းရယ်"

"အဟင်း ဟင်း လူကသာ အနားယူ အပန်းဖြေနေရပေမယ့် မမစိမ်းရဲ့စိတ်တွေကတော့ အလုပ်ထဲမှာချည်းပဲကွယ် ဟင်း...ဟင်း"

"အာ...ဒါတော့ မမစိမ်းက အရမ်းလောဘကြီးနေတာကိုး၊ ကြာရင် မမစိမ်းရဲ့စိတ်တွေ ရောဂါဖိစီးမှာ စိုးတယ်၊ ဒါကြောင့် ခေတ္တခဏ အနားယူ အပန်းဖြေနေတဲ့ အချိန်တွေမှာ မမစိမ်းရဲ့စိတ်တွေကို အေးချမ်းတည်ငြိမ်စေချင်တယ်"

"အင်းပါ ညီမလေးရှိစ့်ရယ်၊ မမစိမ်း ကျေးဇူးအရမ်းတင်ပါတယ်ကွယ်"

စိမ်းမမ တည်းခိုခန်းအတွင်း ဧည့်ခန်းဆက်တီစားပွဲပေါ် မှာတင်ထားသော သူမ၏ ဆယ်လူလာဖုန်းကလေးထံသို့ အကြည့်က ရောက်သွားသည်။ ထိုအချိန်...ဆယ်လူလာဖုန်းကလေးမှ သံစုံဒစ္စကိုတီးလုံးကလေးက မြည်လာသည်။ ရှိစ့် လျှင်မြန်စွာကောက်ကိုင်လိုက်သည်။

"ဟဲလို...အမိန့်ရှိပါရှင်"

www.burmeseclassic.com



"သမီးစိမ်း ဒက်ဒီပါ"

ရှိစ့် မျက်ဝန်းကလေးများ ပြူးကျယ်၍သွားရသည်။

"အန်ကယ် ခဏနော်"

ကပျာကယာ စိမ်းမမကိုလှမ်းကြည့်ရင်း...

"မမစိမ်း အန်ကယ့်ဆီကဖုန်း"

ပြောပြောဆိုဆို စိမ်းမမကို လှမ်းပေးလိုက်သည်။ ဒက်ဒီ့ဆီကဖုန်း ဆိုသည်နှင့် စိမ်းမမ၏မျက်ဝန်းကလေးတွေ တလက်လက် ဖြာသွားရသည်။

"ဟယ်လို ဒက်ဒီ သမီးစိမ်းပါ"

ရှိစ့်က တီဗွီကို ရီမုဖြင့် လှမ်း၍ပိတ်လိုက်သည်။ စိမ်းမမ ဖုန်းပြောနေသည်ကို စိတ်ဝင်တစား နားထောင်နေမိသည်။

"သမီး နေကောင်းလားဟင် နေရထိုင်ရတာ အဆင်ပြေရဲ့လား"

စိမ်းမမ ခေါင်းကိုခပ်သွက်သွက်ညိတ်ပြလိုက်ရင်း...

"ဟုတ်...ဟုတ်ကဲ့ သမီးနေကောင်းပါတယ် အားလုံးလည်း အဆင်ပြေပါတယ်၊ ဒက်ဒီ...ဒက်ဒီ မာမိနဲ့ မမငြိမ်းတို့ရော နေကောင်းရဲ့လား၊ သမီးအရမ်းကို သတိရတာပဲ ဒက်ဒီ"

"အားလုံး နေကောင်းပါတယ် သမီး"

"ဟုတ်...ဟုတ်ကဲ့...သမီး ဝမ်းသာပါတယ်"





"အေး...သမီးကို ဒက်ဒီပြောရဦးမယ်၊ အခု ဒက်ဒီ သမီးဆီကို ဖုန်းဆက်တာ ဂျပန်နိုင်ငံကနေ ဆက်တာ"

"ရှင်...မြန်မာနိုင်ငံက မဟုတ်ဘူးလား"

"ဟင်အင်း မဟုတ်ဘူး သမီး ဒက်ဒီ ဒီနေ့မနက်ပဲ လေယာဉ်နဲ့ ဂျပန်ကိုသွားရတာ၊ ဒက်ဒီ အစုရှယ်ယာဝင်ထားတဲ့ I-C-S ကုမ္ပဏီက ဒက်ဒီကို ဖိတ်ခေါ်တာလေ"

"အိုး...မင်္ဂလာရှိလိုက်တာ ဒက်ဒီရယ်၊ ဒက်ဒီ အစစအရာရာ အဆင်ပြေပါစေလို့ သမီး ဆုတောင်းပါတယ် ဒက်ဒီ ဂျပန်ကနေ သမီးကုမ္ပဏီအတွက် ပစ္စည်းဆန်းလေးတွေ တွေ့ရင် ပို့ပေးပါ ဒက်ဒီ၊ သမီးမှာတာ မမေ့နဲ့နော်"

သမီးငယ် စိမ်းမမ၏ စကားလုံးများကြောင့် ဦးခင်မောင်ကျော် မျက်ခုံးနှစ်ဖက် မြင့်တက်သွားရသည်။

"အိုး...သမီးငယ်ကလည်း လောဘကြီးလိုက်တာ၊ ဒက်ဒီက ဒီမှာ ကုမ္ပဏီလုပ်ငန်းတွေနဲ့ ပတ်သက်လို့ အစည်းအဝေးထိုင်ရမှာ ပြီးတော့ ဂျပန်ကနေ မလေးရှားကို ဆက်သွားရမှာ သမီး"

"ဒက်ဒီကတော့လုပ်ပြီ ရတဲ့အချိန်ကလေးမှာ သမီးအတွက် ပစ္စည်းဆန်းလေးတွေကို ရှာပြီး ပို့ပေးရမှာပဲ ဒက်ဒီ"

"ဒက်ဒီ အချိန်မရလို့ပါ သမီးရယ်"

"ကျွတ်...အဲဒါတွေကြောင့် ခက်တာပေါ့ သမီးသာ

www.burmeseclassic.com



ဒက်ဒီနေရာမှာဆို ရရှိတဲ့အားလပ်ချိန် တစ်စက္ကန့် တစ်မိနစ် တစ်နာရီဟာ ရွှေပဲ ဒက်ဒီ ဟင်အင်း...ဟင်အင်း မရဘူး သမီး ကုမ္ပဏီအတွက် ပစ္စည်းဆန်းလေးတွေ့ရင် ပို့ပေးပါ ဒက်ဒီရယ်"

"ဟား...ဟား ဟား ဒက်ဒီ သမီးကတော့ သိပ်လောဘကြီးတာပဲ ဟား...ဟား...ဟား"

"အေးပါကွာ၊ ဒက်ဒီသမီးအတွက် ပစ္စည်းဆန်းဆန်း ဒီဇိုင်းဆန်းဆန်းလေးတွေ ဒက်ဒီတွေ့ရင် ပို့ပေးလိုက်မယ်"

"တွေ့ရင်မဟုတ်ဘူး ဒက်ဒီ တွေ့အောင်ရှာပြီး ပို့ပေးရမှာနော် သမီး မနက်ဖန်ခါ လေယာဉ်နဲ့ပြန်မှာ ဒက်ဒီ သမီးက ဒီမှာသာ အနားယူ အပန်းဖြေနေရပေမယ့် စိတ်တွေက အလုပ်ထဲကိုပဲ အာရုံရောက် ရောက်နေတာ လွတ်လပ်ပေါ့ပါးမှု မရှိပါဘူး ဒက်ဒီရယ်၊ ကုမ္ပဏီမှာ သမီးမရှိတဲ့အတွက် ငွေတွေ ဘယ်လောက် လက်လွှတ်လိုက်ရပြီလဲဆိုတဲ့ ပူပင်သောကဟာ ရင်နဲ့အပြည့်ပါ ဒက်ဒီ"

"သမီးရယ် ကိုယ်ဘဝဟာ အစစအရာရာပြီးပြည့်စုံပြီးသားပါကွယ်၊ သိပ်လောဘမကြီးပါနဲ့ကွယ်၊ သမီး ချောင်းသာကို သွားတဲ့နေ့ကစပြီး သမီး ကုမ္ပဏီရဲ့အကြောင်း ဝင်ငွေထွက်ငွေနဲ့ ပစ္စည်းသစ် အဝင်အထွက်တွေကို သမီးရဲ့မန်နေဂျာ မောင်သက်ခိုင်က ဒက်ဒီဆီကို ဖုန်းဆက်ပြီး သတင်းပို့နေကြ





ပါကွယ်၊ ပစ္စည်းရောင်းအား ပိုတက်တယ်လို့လည်း ပြောတယ် သမီး"

"ဟင်...ဟုတ်လား ဒါဆိုရင် ဝမ်းသာစရာပဲပေါ့ ဒက်ဒီ"

"အေး...အေး သမီး ကျန်းမာရေးကိုလည်း ဂရုစိုက်နော် ဒက်ဒီ ဖုန်းချလိုက်တော့မယ် good by Baby"

"ဟုတ်ကဲ့...ဒက်ဒီလည်း ကျန်းမာရေးကို အထူးဂရုစိုက်နော် good by ဒက်ဒီ"

စိမ်းမမ၏မျက်နှာမှာ ပြုံးပျော်နေသည်၊ တလက်လက် ဖြာသည့် မျက်ဝန်းစုံဖြင့် ရိုစ့်ကိုလှမ်း၍ ကြည့်လိုက်ရင်း ဆဲလ်လူလာဖုန်းကို ရိုစ့်ထံသို့ လှမ်းပေးလိုက်သည်။

"ရော့...ရိုစ့် ဖုန်းလေးကို သိမ်းလိုက်ပါဦးကွယ်၊ ဒက်ဒီတော့ ဂျပန်ကိုရောက်နေပြီ၊ မနက်ကလေယာဉ်နဲ့ သွားတာတဲ့ I-C-S ကုမ္ပဏီက ဖိတ်ခေါ်တာ"

"ဟင်...ဟုတ်လား ဝမ်းသာစရာ မင်္ဂလာသတင်းတစ်ပုဒ်ပေါ့ မမစိမ်းရယ်"

"ဟင်း...ဟင်း တုတ်တယ် ရိုစ့် မမစိမ်း ဒက်ဒီကို ပစ္စည်းဆန်းတွေတွေ့ရင် ပို့ပေးဖို့မှာထားတယ်၊ မမစိမ်းတို့ မနက်ဖြန် ပြန်မယ်နော်၊ လေယာဉ်ရုံးကို သွားကြစို့ "

"ဟင်း...ဟင်း မမစိမ်းအကြောင်းသိလို့ ရိုစ့်

www.burmeseclassic.com



လေယာဉ်လက်မှတ်ကို အသွားအပြန် ဘွတ်ကင်လုပ်ထားပြီး သွားပါ။ ရှိစ့် လေယာဉ်ရုံးကို ဖုန်းဆက်လိုက်မယ်လေ မမစိမ်း”

“အဟင်း...ဟင်း ရှိစ့်က အဲဒါလေးတွေကြောင့် သိပ်ချစ်ဖို့ကောင်းနေတာကိုး၊ အလိုက်သိတဲ့ ရှိစ့်ကို မမစိမ်း ဘောက်ဆူးပေးရဦးမယ် ဟင်း...ဟင်း”

“ကျေးဇူးတင်ပါတယ် မမစိမ်းရယ်”

“ရှိစ့် မမငြိမ်းနဲ့ မာမီတို့အတွက် လက်ဆောင်ပစ္စည်း တစ်ခုခု ဝယ်သွားချင်တယ်ကွာ”

“ကောင်းသားပဲ မမစိမ်း၊ ဒါဆိုရင် လေယာဉ်ရုံးကို ဖုံးမဆက်တော့ဘူး၊ ရှိစ့်နဲ့မမစိမ်းတို့နှစ်ယောက် တစ်ခါတည်း လက်ဆောင်ဝယ်ရင်း လေယာဉ်ရုံးကို သွားကြတာပေါ့”

“ကဲ...ဒါဆိုရင် ရေမိုးချိုးပြီး အဝတ်အစားလဲပြီး သွားကြတာပေါ့ကွယ်”

ပြောပြောဆိုဆို အိပ်ခန်းအတွင်းသို့ ဝင်သွားသည်။

အဝတ်အစားများ ကပျာကယာလဲကာ အိပ်ခန်းနှင့် ကပ်လျှက် ရေချိုးခန်းအတွင်းသို့ ဝင်၍ စိမ်းမမ ရေကိုတဝကြီး စိမ်၍ ချိုးနေလိုက်သည်။

ရေချိုးနေပေမယ့်လည်း သူမ၏စိတ်တွေက အလုပ်ထဲကို ရောက်သွားပြန်သည်၊ ဦးကြင်ဟုတ်က လူလည် ငါ့ကိုရာဇာဆီမှာ မှာထားတဲ့ပစ္စည်းတွေကို တဖက်လှည့်နဲ့





ဦးကြင်ဟုတ်ရဲ့လက်ထဲကို ရောက်သွားရင် ပြဿနာပဲ...

အို...ကိုရာဇာကတော့ ငါ့အပေါ်ကို သစ္စာရှိမှာပါ၊ ဒါပေမယ့် ငါပေးထားတဲ့ဈေးထက် ဦးကြင်ဟုတ်က ငွေပိုပေးရင်တော့ ငါခံရမှာပဲ၊ တောက်...ငါဒီချောင်းသာလာနေတဲ့ အချိန်တွေဟာ ငါ့အဖို့တော့ အရမ်းနှမြောဖို့ကောင်းလိုက်တာ၊ သိန်းပေါင်းများစွာ ငွေတွေကို သက်သက်မဲ့ လက်လွှတ်ပစ်လိုက်ရပြီနဲ့တူတယ်၊ ငါ...ငါရဲ့ အမိကရန်သူကတော့ ဦးကြင်ဟုတ်ပဲ...

* * *

“ဝေးလွင့်”

စိမ်းမမထံမှခေါ် လိုက်သည့်အသံကြောင့် ဝေးလွင့်၏ ခန္ဓာကိုယ်လေး ဆတ်ကနဲတုန်ရင်လာပြီး ဖျတ်ခနဲ မျက်လွှာပင့်ကာ မော့ကြည့်သည်။

“ဗျာ...မမစိမ်း”

www.burmeseclassic.com



“မင်း...ဒါ...ဘာထိုင်လုပ်နေတာလဲ”

“ကျွန်...ကျွန်တော် မမစိမ်းတို့ကို လာထိုင်စောင့်နေတာလေ”

ဝေးလွင့်၏စကားကြောင့် ရိုစ့် မဲ့ပြုံးကလေး ပြုံးလိုက်ရင်း...

“ဟိတ်...ဝေးလွင့် ဘယ်က မမစိမ်းကိုစောင့်နေတာလဲ၊ ဒီမမစိမ်းလား ဟို မမစိမ်းလား”

ရိုစ့်က သူမကိုအရင်လက်ညှိုးထိုးပြပြီး နောက် စိမ်းမမကို ထပ်မံထိုးပြလိုက်ပြန်သည်။

“ဟုတ်တယ်...ဟုတ်တယ်...ဟီး...ဟီး မမစိမ်းကိုစောင့်တာဗျ၊ မမစိမ်းကိုစောင့်တာ”

“ကျွတ်...ဘယ် မမစိမ်းလဲကွ”

“အဟီး...ဟို...ဟို မမစိမ်းကို စောင့်တာ အဟီး... ဒီက မမစိမ်းကို စောင့်တာဗျ ဟီ...ဟီ”

“ကဲ...ဝေးလွင့် မမစိမ်းတို့နဲ့ လိုက်မလား”

“လိုက်မယ်...လိုက်မယ်”

“ကဲ...လာ ဒါဆိုရင် သွားမယ်၊ ရိုစ့်ရေ လေယာဉ်ရုံးကို အရင်သွားမယ်နော်”

“ဟုတ်ကဲ့...မမစိမ်း”

ဂျင်းဘောင်းဘီနှင့် ရှပ်အကျႌကို ကိုးယိုကားယား ဖရဲ





ပုံစံဖြင့် ဝတ်ဆင်၍ထားသည်။ ခေါင်း၌ အုန်းလက်ဦးထုပ်ကို ဆောင်းထားသည်။ ဝေးလွင့်၏ပုံစံက လူအများ ရယ်ချင်စရာ လမ်းလျှောက်ရင်း တစ်ခါတလေ တစ်ယောက်တည်း စကားပြောလိုက်သေးသည်။ ရယ်ချင်လျှင်လည်း တစ်ယောက်တည်း ရယ်သည်၊ ဝေးလွင့်၏ ပုံစံကြောင့်...

“မမစိမ်း...သူ့ကို လေယာဉ်ရုံး ခေါ်သွားလို့ ဖြစ်ပါ့မလား”

“ဖြစ်ပါတယ်ကွယ်...မမစိမ်းတို့လည်း အဖော်ရတာပေါ့”

ထိုစဉ် အစိမ်းရောင် ဘန်ဂလိုတည်းခိုခန်း၏ ဆင်ဝင်အောက်သို့ တက္ကစီအငှားကားတစ်စီး ထိုးဆိုက်၍လာသည်။

“ဟော...ကားလာနေပြီ မမစိမ်း သွားစို့”

ကားရှိရာသို့ လျှောက်လာကြသည်။

“အဟေး ဟေး...ကားစီးရတော့မယ် ပျော်စရာကြီး”

ဝေးလွင့်က ဝမ်းသာအားရ အော်ဟစ်ခုန်ပေါက်၍နေသည်။

“ဝေးလွင့် တိတ်နေစမ်း”

“ဟုတ်...ဟုတ်ကဲ့”

ကားနားသို့ရောက်သည်နှင့် ကားတံခါးကိုဖွင့်ကာ ဝေးလွင့် ကားမောင်းသည့် သူ၏နားတွင် အရင်ဝင်ထိုင်လိုက်

www.burmeseclassic.com



သည်။ ထို့နောက် ရိုစီနှင့် စိမ်းမမတို့ဘက်ကို လှည့်၍…

"မမစိမ်းနဲ့ ရိုစီက နောက်ကထိုင်"

"အေး…ထိုင်မယ်၊ မင်းကားထဲမှာ တိတ်တိတ်ကလေး ထိုင်ပြီး လိုက်ခဲ့"

"ဟုတ်…ဟုတ်ကဲ့"

ရိုစီနှင့် စိမ်းမမတို့ ကားတံခါးကိုဖွင့်ကာ ကားပေါ်သို့ တက်လိုက်သည်။

"ကဲ…ကားဆရာ လေယာဉ်ရုံးကို အရင်မောင်းပါနော်"

ကားလေးက အရှိန်ပြင်းစွာဖြင့် လေယာဉ်ရုံးဆီသို့ ဦးတည်ထွက်ခွာသွားသည်။ တစ်လမ်းလုံး ဝေးလွင့်က ကားဆရာကို လမ်းပြပုလိပ်လုပ်သွားသည်။

"ဟာ…ရောက်ပြီ ရောက်ပြီ ဟိုရှေ့နားမှာရပ်"

ကားလေးက လေယာဉ်ရုံး၏ မလှမ်းမကမ်းမှာ ရပ်တန့်၍သွားသည်။ ကားတံခါးဖွင့်ကာ ကားပေါ်မှဆင်းလိုက်ကြသည်။

"ကဲ…လာ"

ဝေးလွင့်က သွက်လက်စွာပင် လေယာဉ်ရုံး ရုံးခန်းအတွင်းသို့ ပြောပြောဆိုဆို ဦးဆောင်၍ဝင်သွားသည်။ ထိုနောက် ထိုင်ခုံများရှိရာသို့ ခပ်တည်တည်လျှောက်သွားလေ





သည်။

"ဟူး…မောလိုက်တာ"

ထိုင်ခုံပေါ်သို့ ခပ်ပြင်းပြင်း ထိုင်ချလိုက်သည်။ စပရိန်ကို ဖုံးထားသည့် ရေမြှုပ်သားထူထူက သူ့ကို ဆွေ့ခနဲ တွန်းတန်လိုက်လေသည်။

"ဟ…ဟ ဘုရားကယ်တော်မူကြပါဗျို့"

ဝေးလွင့်၏ စူးရှကျယ်လောင်သော အသံကြီးက ဟိန်း၍ထွက်လာသည်။ ရိုစီ့မျက်နှာက ပြုံးစိစိ ရယ်ကျဲကျဲ။ စိမ်းမမမျက်နှာကတော့ ပျက်ချင်ချင်ဖြစ်နေသည်။ ဝေးလွင့်မှာ စည်းလွတ်ဝါးလွတ် မြောက်တက်သွားသော ခန္ဓာကိုယ်ကို မနည်းထိန်းလိုက်ရသည့်အတွက် ကိုးယိုးကားရား ပုံပျက်ခန်းပျက် ဖြစ်နေသည့် ပုံစံဖြင့် စိမ်းမမတို့ရှိရာသို့ သွေးဆုတ်ဖျော့လျော့ မျက်နှာပေးဖြင့် လှမ်း၍ကြည့်နေသည်။

"မမစိမ်း ကယ်…ကယ်ပါဦးဗျ"

"ခွီး…ခစ် ခစ်ခစ်"

"ဟင်းဟင်း…ဟင်း"

ရယ်မောသံအချို့က ထွက်ပေါ်လာကြသည့်အတွက် ဝေးလွင့် ကပျာကယာထရပ်လိုက်ရင်း ရယ်မောသံထွက်ပေါ်လာရာ အရပ်ဆီသို့ ဂျစ်ကန်ကန် မှုန်ကုတ်ကုတ်ပုံစံဖြင့် လှမ်းကြည့်ရင်း တင်းမာခက်ထန်သောလေသံဖြင့်…

www.burmeseclassic.com



"ဟော့လူတွေ ဘာရယ်တာလဲ၊ ဒါ ရယ်စရာလားဗျ၊ သေတော့မှာပဲ အဲ...နာချင်ပြီနဲ့တူတယ်"

လက်သီးလက်မောင်းတန်းကာ ဒေါသတကြီး အော်ဟစ်ခုန်ပေါက်ကာ ကြိမ်းဝါး၍နေသည့်အတွက် စိမ်းမမနှင့် ရိုစ့်တို့နှစ်ယောက်မှာ ထိတ်ထိတ်ပျာပျာဖြစ်သွားရသည်။

"အို...ဝေးလွင့် တော်စမ်း တိတ်စမ်း မင်းပါးစပ် ပိတ်ထားစမ်း"

စိမ်းမမ၏ တင်းမာခက်ထန်သော မျက်နှာထားနှင့် လေသံပြင်းပြင်းတို့ကြောင့် ဝေးလွင့်၏မျက်နှာ ရုတ်တရက် ညှိုးငယ်၍သွားရသည်။

"ဟုတ်...ဟုတ်ကဲ့ ကျွန်...ကျွန်တော် ဗိုက် ဗိုက်ဆာတယ် မမစိမ်း"

ပြောပြောဆိုဆို သူ၏ဝမ်းဗိုက်ကိုပွတ်လိုက်ရင်း ပြောလေသည်။ စိမ်းမမ ခေါင်းကို စိတ်ပျက်စွာကုတ်ရင်း ရိုစ့်ကို စောင်းငဲ့၍ကြည့်လိုက်မိသည်။ ရိုစ့်က ဟင်းခနဲမြည်အောင် သက်ပြင်းမောကို ချလိုက်ရင်း...

"မမစိမ်း ဟိုရှေ့က စားသောက်ဆိုင်မှာ မမစိမ်းတို့နှစ်ယောက် တစ်ခုခုသွားစားကြလေ၊ ရိုစ့် လေယာဉ်လက်မှတ်အတွက် မန်နေဂျာနဲ့ ဝင်တွေ့လိုက်မယ်"

"အေး အေး ဒါဆိုရင် မမစိမ်းတို့သွားမယ်"





တစ်ဆက်တည်း ဝေးလွင့်ကို စေ့စေ့ကြည့်လိုက်ရင်း

"ဝေးလွင့် ကောင်းကောင်းလိုက်ခဲ့နော်"

"ဟုတ်...ဟုတ်ကဲ့ မမစိမ်း"

လေယာဉ်ရုံးခန်းမှ ထွက်လာခဲ့ကြသည်။ စိမ်းမမ၏ ခြေလှမ်းများက လေယာဉ်ရုံးခန်းနှင့် မလှမ်းမကမ်းမှာရှိသော စားသောက်ဆိုင်ဘက်သို့ ဦးတည်လိုက်သည်။

▼▼▼

စားသောက်ဆိုင် ခန်းမအတွင်းသို့ ဝင်လာခဲ့ကြသည်။

"လာ...ဝေးလွင့်"

"ဟုတ်...ဟုတ်ကဲ့"

ဝေးလွင့်က မပြောမဆို ဆင်နားရွက်တံခါးကို တွန်းဖွင့်လိုက်သည့်အတွက် တံခါးရွက်က ဝေးလွင့်၏လက်မှ လွတ်ထွက်သွားကာ အရှိန်ပြင်းစွာ ဂျိုင်းခနဲမြည်ကာ ပိတ်သွားတော့သည်။ ဝေးလွင့်ကတော့ ခပ်တည်တည်ပင် စားသောက်ခန်းမထဲသို့ ဝင်သွားသည်။

www.burmeseclassic.com



"ဟာ..သွားပြန်ပြီ ဝေးလွင့်ကတော့ လုပ်ချလိုက်ပြန်ပြီ"

စားသောက်နေသည့် လူကုံထံများ၏ မျက်လုံးများက သူမထံသို့ စူးစူးရှရှ စူးစမ်းလာကြသည်။ ဝေးလွင့်က စားပွဲလွတ်တစ်ခုတွင် ခပ်တည်တည်ဝင်ထိုင်လိုက်လေသည်။

ထိုစဉ်...

"ဟာ...ဟော့ကောင်အရှူး သွား သွား ထွက်သွားစမ်း"

ဝေးလွင့်ထိုင်နေရာစားပွဲဆီသို့ စားပွဲထိုးဝတ်စုံဝတ် လူတစ်ယောက် ချက်ချင်း အပြေးရောက်လာသည်။

"ဟော့ကောင်အရှူး ထွက်သွားလေကွာ၊ မင်းနဲ့ ဒီစားသောက်ဆိုင်နဲ့ တူသလား တန်သလား"

"ဗျာ...ကျုပ် ကျုပ် ဗိုက်ဆာလို့ဗျ"

"တယ်...ဟော့ကောင် ထစမ်း သွား ထွက်သွား"

ဝေးလွင့်ကို ထိုင်ရာမှထခိုင်းကာ အတင်းနှင်လွှတ်နေသည့်အတွက် စိမ်းမမ ဝေးလွင့်တို့ရှိရာသို့ ခပ်သွက်သွက်လျှောက်လာခဲ့သည်။

"အဲဒါ ကျွန်မဧည့်သည်ပါ"

စိမ်းမမ၏ အပြောကြောင့် စားပွဲထိုးဝန်ထမ်း၏ မျက်ဝန်းများ ပြူးကျယ်ကာ...

"ဗျာ...ဒါ ဒါ ခင်ဗျားရဲ့ဧည့်သည် ဟုတ်လား"





"မမ မမစိမ်း ဒီ ဒီလူ မတရားဘူးဗျ၊ ကျွန်တော့်ကို သူ သူ နှင်လွှတ်တယ်"

ဝေးလွင့်က စိမ်းမမကို အားကိုးတကြီးတိုင်လေသည်။ စားပွဲထိုးဝန်ထမ်းမှာ စိမ်းမမကိုတစ်လှည့် ဝေးလွင့်ကို တစ်လှည့် အထူးအဆန်းသဖွယ် မယုံကြည်နိုင်သော မျက်ဝန်းစုံဖြင့် ကြည့်နေသည်။

"ရှင့်ကို ကျွန်မပြောပြီးပြီလေ ဒါ ကျွန်မဧည့်သည်ပါလို့"

"ဟုတ်...ဟုတ်ကဲ့ အစ်မကြီးရဲ့ ဧည့်သည်ဆိုရင် စိတ်တိုင်းကျဖြစ်ရပါစေမယ်"

တီးတိုးစကားသံများက ဟိုတစ်စ သည်တစ်စ ပျံ့ထွက်လာသည်။ မနှစ်မြို့သော မြို့ခံလူများ အချို့ ခန်းမထဲမှ ထွက်ခွာသွားကြသည်။ စိမ်းမမကတော့ ဘာကိုမှမမှုသည့်ဟန်ဖြင့်...

"ဝိတ်တာ ဟန်ဘာကာနှစ်လုံးနဲ့ လစ်(ပ်)တန်တီး နှစ်ခွက် အရင်ပေး၊ ပြီးရင် ဝက်သားလုံးကြော်နှစ်ပွဲ ဆီချက်နှစ်ပွဲ ကြေးအိုးနှစ်ပွဲကို မြန်မြန်လေးလုပ်ပေး"

"ဟုတ် ဟုတ်ကဲ့ပါခင်ဗျာ"

စားပွဲထိုးဝန်ထမ်းက သူမတို့နှစ်ယောက်၏အနားမှ ခပ်သွက်သွက်လေး ထွက်သွားသည်။ ခဏအကြာ မှာ

www.burmeseclassic.com



ထားသော စားသောက်ဖွယ်ရာတွေ ရောက်လာသည်။

"ဝေးလွင့်"

"ဗျာ မမစိမ်း"

"မမစိမ်းတို့ ရန်ကုန်ပြန်တော့မယ်၊ လိမ်လိမ်မာမာ နေခဲ့နော်"

စိမ်းမမ၏ စကားလုံးတွေကြောင့် ဝေးလွင့်၏မျက်လုံးတွေ ဝိုင်းစက်၍ပြူးကျယ်သွားရသည်။ မျက်နှာလည်း သွေးဆုတ်လားသလို ဖြူလျော်သွားကာ ချောက်ချားတုန်လှုပ်စွာဖြင့် ခေါင်းကိုခါရမ်းရင်း...

"ကျွန်တော် ကျွန်တော့်ကို ရန်ကုန်ကိုလိုက်ခဲ့ဖို့ ဟင် မမစိမ်း ရန်ကုန်ကိုပြန်ရင် ကျွန်တော့်ကိုခေါ်မှာလား၊ မမစိမ်းပဲ ရန်ကုန်ကိုလိုက်ခဲ့မလားလို့ ပြောသေးတယ်လေ၊ လိုက်မယ် လိုက်မယ်၊ ကျွန်တော် ရန်ကုန်လိုက်မယ်"

ရန်ကုန်ကို လိုက်ခဲ့ဦးမလားဟု ပေါ့ပေါ့ပါးပါးပြောခဲ့သော စကားက အခုမှ မည်မျှအရေးကြီးသွားမှန်း စိမ်းမမ သိလိုက်ရသည်။ ဟင်းခနဲ သက်ပြင်းမောကို ချလိုက်မိသည်။

"မင်းလိုက်လို့ ဘယ်ဖြစ်မှာလဲ ဝေးလွင့်ရယ်"

"ကျွန်တော် မမစိမ်းနဲ့ မခွဲနိုင်ဘူးဗျ အီး ဟီးဟီး"

ပြောပြောဆိုဆို ကလေးတစ်ယောက်လို ခြေဆောင့်၍အော်ဟစ်ကာ ငိုနေသည့်အတွက် စိမ်းမမ ထိတ်ထိတ်





ပျာပျာ ဖြစ်သွားရသည်။

"အို...အို ဒုက္ခပါပဲ ဒုက္ခပါပဲနော် တိတ် တိတ် မငို နဲ့လေ"

"အီး ဟီးဟီး လိုက်မှာပဲ ရန်ကုန်ကိုလိုက်မှာပဲ မမစိမ်းနဲ့ မခွဲနိုင်ဘူးဗျ"

ဆိုင်အတွင်းရှိလူများက စူးစမ်းသောမျက်ဝန်းဖြင့် ကြည့်နေကြသည်။

"အို...ဒုက္ခပါပဲနော် တိတ်ပါဝေးလွင့်ရယ် မင်းကို နောက်တာပါ ခေါ်သွားပါ့မယ် တိတ် တိတ်နော်"

"အဟင့်...ဟင့် တ တကယ်ပြောတာနော်"

ရှိုက်ငင်ငိုကြွေးနေရာမှ စိမ်းမမအား မယုံသင်္ကာသလို စေ့စေ့ကြည့်နေသည်။

စိမ်းမမ၏ စားပွဲပေါ်တွင်တင်ထားသော လက်ကလေးကို ဝေးလွင့် ဆုပ်ကိုင်ကာ...

"မမစိမ်း သီချင်းဆိုခိုင်းရင်လည်း ကျွန်တော် ဆိုပြမယ်၊ ကျွမ်းထိုးခိုင်းရင်လည်း ထိုးပြမယ်၊ အဟီး မမစိမ်းခိုင်းတာ အကုန်လုပ်မယ်၊ အဲ ဒါပေမယ့် မမစိမ်း မလုပ်နဲ့ဆိုရင် ကျွန်တော် ဘာမှမလုပ်ပါဘူး၊ ကျွန် ကျွန်တော် မမစိမ်းနဲ့ ခွဲပြီး မနေချင်ဘူး၊ ကျွန်တော် ရန်ကုန်ကိုလိုက်မယ်နော်၊ မမစိမ်းနဲ့သာ မလိုက်ရဘူးဆိုရင် ကျွန်တော်ကတော့ ပင်လယ်ထဲကို

www.burmeseclassic.com



ဆင်းပြီး သေပစ်လိုက်မှာနော်"

စိမ်းမမ လန့်ဖျတ်သွားရသည်။ ဝေးလွင့်အား ချော့မော့နှစ်သိမ့်ကာ သူ မသိခင် လစ်ပြေးမည်ဟု ကြံရွယ်ထားသော မမစိမ်းသည်...

"သူ...သူ ငါ့ကိုမတွေ့လို့ ငါပြန်သွားတာသိရင် သူပြောသလိုလုပ်မှာ သေချာတယ်၊ သူ့ရဲ့စိတ်က ပုံမှန်မဟုတ်သလို အထိန်းအကွပ်ရှိတာမှ မဟုတ်တာ၊ ငါ ငါ ဘာလုပ်ရမှာလဲ"

စိတ်ထဲမှ တီးတိုးရေရွတ်လိုက်ရင်း စိမ်းမမ ငေးငိုင်ကာ မှိုင်ကျသွားသည်။ ဝေးလွင့် ရုတ်တရက် ထိုင်ရာမှ ထလိုက်သည်။

"မမစိမ်း လာဗျာ အခုသွားမယ်ဗျာ ရန်ကုန်ကို အခုပဲသွားမယ်၊ ထဗျာ"

"အို...ဝေးလွင့် ဖြည်းဖြည်းပေါ့ လာပြန်ထိုင်စမ်း၊ မင်း ဘာမှမစားရသေးဘူးလေ စားသောက်ပြီးမှ သွားကြတာပေါ့"

"ဟင့်အင်း ဘာမှမစားချင်တော့ဘူး ထဗျာ သွားမယ် အခု ရန်ကုန်ကိုသွားမယ်"

ဝေးလွင်ကို စေ့စေ့ကြည့်ကာ စိမ်းမမ ဆုံးဖြတ်ချက်ကို ခိုင်မာစွာ ချလိုက်မိသည်။ ဝေးလွင့်ဟာ မိမိ၏အသက်ကို ကယ်တင်ထားသည့် ကျေးဇူးရှင်၊ သူ့ကို ကျေးဇူးဆပ်တဲ့အနေ





နဲ့ ရန်ကုန်ကိုခေါ်သွားပြီး ဆေးကုပေးဖို့ ဆုံးဖြတ်ချက်ချလိုက်သည်။

"လာဗျာ မမစိမ်း ရန်ကုန်ကိုသွားမယ် ကျွန်တော် ဟဲ ဟဲ ဗိုက်မဆာတော့ပါဘူး ရန်ကုန်ကိုလိုက်မယ်နော်"

ဗွတ်တရွတ်နိုင်လှသော ဝေးလွင့်၏အပြုအမူကြောင့် ဝိတ်တာ စားပွဲထိုးကလေးများက မလှမ်းမကမ်းမှ ရပ်ကြည့်နေကြသည်။ ဆိုင်ရှင်က...

"ဟော့ကောင် ကိုယ့်ဆီကိုလာလည်တဲ့ ဧည့်သည်ကို စိတ်ညစ်အောင်မလုပ်နဲ့လေကွာ၊ မင်းက ရူးနေလို့သာပဲ"

တင်းမာခက်ထန်စွာ လှမ်း၍အော်ပြောလိုက်သည်။ ကြာရင် ပြဿနာတက်သွားမှာ စိမ်းမမ စိုးရိမ်သွားသည်။

"ကဲ...ကဲ ဝိတ်တာ လာ ကျသင့်ငွေကို ရှင်းမယ်"

ဝိတ်တာစားပွဲထိုးလေးနှင့် ကျသင့်ငွေကို ရှင်းပေးလိုက်သည်။ စိမ်းမမ ထိုင်ရာမှ ထလိုက်သည်။

"ကဲလာ သွားစို့ ဝေးလွင့်"

ဝေးလွင့်ကို လက်မှဆွဲခေါ်ပြီး စားသောက်ဆိုင်အတွင်းမှ ထွက်လာခဲ့သည်။

"မမစိမ်း ရန်ကုန်ကိုလိုက်မှာနော်၊ ကျွန်တော့်ရဲ့စိတ်ထဲမှာ ရန်ကုန်ကိုရောက်ဖူးနေသလိုပဲဗျ၊ သိလား လာဗျာ အခုပဲ ရန်ကုန်ကို လမ်းလျှောက်သွားမယ်နော်"

www.burmeseclassic.com



စိမ်းမမ၏ လှမ်းနေသော ခြေလှမ်းကလေးက အလိုလိုရပ်တန့်၍သွားသည်။

"ဝေးလွင့် အဲဒီလို ချက်ချင်းကြီး ဖွက်လုပ်လို့မရဘူးလေ၊ မင်းကို မမစိမ်း ရန်ကုန်ကို တကယ်ခေါ်သွားမှာပါကွယ်"

"ဟေး... ဒါမှ မမစိမ်းကွ လေယာဉ်နဲ့သွားမှာနော်"

ကလေးတစ်ယောက်နှယ် အော်ဟစ်ခုန်ပေါက်၍ နေလေသည်။ ဝေးလွင့်၏ပုံစံကြောင့် စိမ်းမမ တွေဝေသွားသည်။ လေယာဉ်ပျံနဲ့သွားရန် မဖြစ်နိုင်ပေ။

"အင်း... ရိုစ့်နဲ့တိုင်ပင်ကြည့်ရမှာပဲ"ဟု စိတ်ထဲမှ ရေရွတ်လိုက်မိသည်။ ထိုစဉ် လေယာဉ်ရုံးအတွင်းမှ ပြုံးရွှင်သော မျက်နှာထားဖြင့် ရိုစ့်ထွက်လာလေသည်။

❦ ❦ ❦

မနက်ဖြန်ခါတွင် ပြန်ရန်အတွက် ရိုစ့်က ပစ္စည်းများကို သိမ်းနေသည်ကိုကြည့်ရင်း စိမ်းမမ သက်ပြင်းအကြိမ်ကြိမ်ချလိုက်မိသည်။

စိမ်းမမထံမှ သက်ပြင်းချသံအကြိမ်ကြိမ်ကို ကြားလိုက်ရသည့်အတွက် ရိုစ့် မျက်လွှာပင့်ကာ မော့ကြည့်လိုက်ရင်း...





"မမစိမ်း သက်ပြင်းတွေ ခဏခဏချနေပါလား၊ ဘာဖြစ်လို့လဲဟင်"

"ရိုစ့် လေယာဉ်လက်မှတ်က မနက်ဘယ်နှနာရီလဲဟင်"

"မနက် ခုနစ်နာရီလေ မမစိမ်းရဲ့၊ ဘာဖြစ်လို့လဲဟင်"

"ဝေးလွင့်ကို မမစိမ်း ရန်ကုန်ခေါ်သွားပြီး ဆေးကုပေးချင်တယ်ကွယ်"

ရိုစ့်၏ မျက်ခုံးနှစ်ဖက် မြင့်တက်သွားရသည်။

"ဟင်... ဖြစ်ပါ့မလား မမစိမ်းရဲ့ သူက ရူးနေတဲ့ အရူးလေ"

"ရိုစ့်ပြောတာ မှန်ပါတယ်၊ ဒါပေမယ့် သူက မမစိမ်းရဲ့ အသက်ကို တယ်တင်ထားတဲ့ အသက်သခင် ကျေးဇူးရှင်ဖြစ်နေတယ်လေ၊ ဒါကြောင့် မမစိမ်း သူ့ကိုကျေးဇူးဆပ်တဲ့အနေနဲ့ သူ့ရဲ့ရောဂါပျောက်ကင်းအောင် ကုသပေးချင်တယ်ကွယ်"

"ဒါဆိုရင်တော့ မမစိမ်းရဲ့ သဘောပဲလေ၊ သူ့အတွက် လေယာဉ်လက်မှတ်ဝယ်လို့ရပါ့မလား၊ ပြီးတော့ သူ့မှာ နိုင်ငံသား စိစစ်ရေးကတ်ပြားလည်း ရှိမှာမဟုတ်ဘူး၊ ဘယ်လိုလုပ်မလဲဟင်"

စိမ်းမမ အိပ်ခန်းပြတင်းပေါက်မှနေ၍ ပင်လယ်ပြင်

www.burmeseclassic.com



တြီးတို ငေးကြည့်ရင်း...

"ရိုစ့်ကို မမစိမ်းပြောမယ် မမစိမ်းတို့ လေယာဉ်နဲ့ပြန်လို့ မဖြစ်တော့ဘူး၊ ရိုစ့်ပြောသလို သူမှာ နိုင်ငံသားစိစစ်ရေးကတ်လည်း ရှိမှာမဟုတ်ဘူး၊ သူ့ကို ဘယ်သူမှလည်း လုပ်ပေးမှာမဟုတ်ဘူး၊ သူ့ကိုယ်သူတောင် သိမှာမဟုတ်ဘူး၊ ဒါကြောင့် မမစိမ်း ကုန်းလမ်းက ကားနဲ့ပြန်မလားလို့ စိတ်ကူးထားတယ် ရိုစ့်"

"ကုန်းလမ်းခရီးက အရမ်းကြမ်းတယ် မမစိမ်းရယ် ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် ရိုစ့်ရယ် ရိုစ့် ကားလက်မှတ်သုံးစောင် သွားဖြတ်နော်၊ မမစိမ်း မလိုက်တော့ဘူးကွယ်"

"ဟုတ်ကဲ့ မမစိမ်း ရိုစ့် ခုပဲသွားလိုက်ပါ့မယ်"

ရိုစ့် လုပ်လက်စအလုပ်ကို ခပ်သွက်သွက်ကလေး လက်စသတ်လိုက်သည်။ ထို့နောက် အဝတ်အစား ကပျာကယာ လဲလှယ်ဝတ်ဆင်လိုက်သည်။

"မမစိမ်း ရိုစ့်သွားမယ်နော်"

"အေး အေး Good by ရိုစ့်"

"Good by မမစိမ်း

❑❑❑



**အခန်း (၆)**

ဝေးလွင့်ပါလာသဖြင့် ကုန်းလမ်းခရီးကို စိမ်းမမဲ နှွေးချယ်ခဲ့ရသည်။

ရိုစ့်ပြောသလိုပင် လမ်းကကြမ်းသည်။ အကွေ့အကောက် အတက်အဆင်းတွေကလည်း များပြားလွန်းလှသည်။

အဝေးပြေးကားကြီးကတော့ တရိပ်ရိပ်ပြေးနေဆဲ။ ပင်လယ်ကမ်းစပ်နှင့် တဖြည်းဖြည်းဝေးသွားသလို အလွန်သာယာလှပသည့် ပင်လယ်ကမ်းစပ်နံဘေးက ရွာကလေးတွေ တစ်ရွာပြီးတစ်ရွာ ကျန်ခဲ့သလို မြို့ကလေးတွေလည်း တစ်မြို့ပြီးတစ်မြို့ ကျန်ရစ်ခဲ့သည်။

www.burmeseclassic.com



စိမ်းမမ တစ်သက်နှင့်တစ်ကိုယ် ကြမ်းတမ်းသည့်ခရီးလမ်းကို ဒီလိုကားကြမ်းကြီးနှင့် မစီးဖူးပေ။ လမ်းကလည်း ကြမ်းလှသည်။ အကွေ့အကောက် အတက်အဆင်းတွေကလည်း များပြားလွန်းလှသည်။

ရိုစ့်ကတော့ စိမ်းမမကို စိုးရိမ်သောမျက်ဝန်းများဖြင့် မကြာခဏလှမ်း၍ကြည့်မိသည်။

"မမစိမ်း ခေါင်းသိပ်မူးနေလားဟင် ရှူဆေးလေး ရှူလိုက်ပါလား"

ရိုစ့်၏ စိုးရိမ်သောကပိုနေသော မျက်ဝန်းစုံနှင့် ရင်ဆိုင်လိုက်ရသည့်အတွက် သူမ၏ခေါင်းကလေးကို ခပ်သွက်သွက် ခါရမ်းပြလိုက်ရင်း...

"ဟင့်အင်း...မမစိမ်း ဘာမှမဖြစ်ပါဘူးကွယ်"

ပြုံးရွှင်သော မျက်နှာပေးဖြင့် ဟန်ဆောင်ကာ စိမ်းမမ မှုသားသုံး၍ ဖြေရှင်းလိုက်ရသည်။

အမှန်တကယ် စိမ်းမမမှာ ခရီးပန်းသည့်ဒဏ်ကို အပြင်းအထန် ခံစားနေရသည်။ ငါ့ဒုက္ခငါရှာတာပဲ၊ ငါ လေယာဉ်ပျံနဲ့ပြန်လာရင် ခုလောက်ဆို ရောက်နေပြီဟု သူမစိတ်ထဲမှ ရေရွတ်လိုက်မိသည်။ စိမ်းမမ စောင်းငဲ့၍ ဝေးလွင့်ကို ကြည့်လိုက်သည်။ သူ့အဖို့ မြင်မြင်ရာ အသစ်အဆန်းဖြစ်နေသည်ဟု စိမ်းမမထင်မိသည်။ တအံ့တသြနှင့် အပြင်ကို ငေး





မောနေသည်မှာ နံဘေးမှ သူမကိုပင် ရှိနေသည်ဟု ထင်မည်မဟုတ်။ ကားလမ်းမနံဘေး လှိုမြောင်တောတန်းနှင့် ဘုရားစေတီများကို တွေ့ရသည်။ ရိုးမခရီးက တဖြည်းဖြည်းနှင့်ဆုံး၍ မြို့ပြများကို ဖြတ်ကျော်၍လာခဲ့သည်။

တရိပ်ရိပ်ပြေးနေသော မြင်ကွင်းများကို ကြည့်၍ သူမ၏ စိတ်ထဲမှာ လွတ်လပ်ပေါ့ပါးသွားသလို ခံစားရသည်။ ပတ်ဝန်းကျင်ကို သတိလစ်မေ့လျော့သွားရသည်။ အဝေးပြေးကားကြီးကတော့ တရိပ်ရိပ်ပြေးနေဆဲ။

"မမစိမ်း ဘာတွေကြည့်နေတာလဲဟင်"

အဝေးသို့ မျှော်ငေးကြည့်နေသော မမစိမ်းမှာ ဝေးလွင့် အမေးကြောင့် ဒီဘက်သို့ ပြန်လှည့်မိသည်။

"ဟိုမှာလေ ဝေးလွင့်ရဲ့ ရှုခင်းလေးတွေအရမ်းလှလို့ ကြည့်နေတာ၊ ဝေးလွင့်လည်း ကြည့်လေ ဘယ်လောက်ကြည်နူးဖို့ကောင်းလဲ"

"ဟင့်အင်း မကြည့်ချင်ပါဘူး မမစိမ်းရယ် ဝေးလွင့်ကြည့်ချင်တာ ဟောဒီက မမစိမ်းပဲ"

"ဟယ်...ပေါက်တရ ကောင်လေးနော်"

ဝေးလွင့်စကားကို ရှက်စိတ်ဖြင့် စိမ်းမမ လှမ်းမာန်သိုက်ပေမယ့် ဝေးလွင့်ကြည့်ရတာ ဘာမှပုံစံမပြောင်း။ သူမကို ရွှန်းရွှန်းစားစားကြည့်မနေဘဲ ကြောင်တောင်တောင်မျက်ဝန်း

www.burmeseclassic.com



လေးတွေနှင့်။

ဒီလိုဆိုတော့လည်း စိမ်းမမမှာ တစ်ဖက်သတ် သူ အရှက်ပိုသွားခဲ့တာကို ပြန်လည်စဉ်းစားတော့ ရင်ထဲမချိ။

"အိုကွယ်...မင်းလေးကို သာမန်ယောကျ်ားတွေလိုပဲ မမထင်ခဲ့မိတယ်၊ ဒါပေမယ့် မင်းက စိတ်ဝေဒနာသည်ကိုး ကွယ်"

"ဟေး...မမစိမ်းနဲ့ဝေးလွင့် ဘာတွေငြိမ်ပြီး အပြုံးချင်း မလှယ်နေကြတာလဲ၊ ဟေး ဝေးလွင့် မျက်တောင်ခတ်ပါဦးဟဲ့"

"ဟာဗျာ မမကလဲ ဒီမှာ မမစိမ်းကိုခေါ်မရတဲ့အထဲ လာ မမစိမ်း သွားကြစို့"

'ဟဲ့...ဘယ်ကိုသွားမှာလဲ ဝေးလွင့်ရဲ့၊ ဒါ ကားပေါ် မှာလေ"

"ဟင့်အင်း ဟင့်အင်း ဝေးလွင့်နဲ့လိုက်ခဲ့ လိုက်ခဲ့"

ဝေးလွင့်မှာ ဘာဖြစ်သွားသည်မသိ ငြိမ်နေရာမှထ၍ စိမ်းမမလက်ကိုဆွဲကာ ထစေတာမို့ ရှုတ်ရှုတ်သဲသဲဖြစ်သွား သည်။ ကားပေါ်ရှိလူများရဲ့ မျက်ဝန်းတွေက သူတို့ထံစုပြုံကျ လာသည်။

"ဟိတ်...ဝေးလွင့် မင်း ငြိမ်ငြိမ်ပြန်ထိုင်နေစမ်း မမစိမ်း ပြောနေတယ်နော်၊ မင်းငါ့စကားကို နားမထောင်ဘူးလား"

စိမ်းမမက ဝေးလွင့်ကို မျက်နှာတင်းတင်းနှင့် မာန်မဲ ကာ ပြောလိုက်တော့မှ အပြစ်မရှိသည့် ကလေးတစ်ယောက် လို ဝေးလွင့် ငြိမ်ကုတ်သွားလေသည်။

"ပြန်ထိုင်နော် ငါနှစ်ခါမပြောဘူး ဝေးလွင့်"

"ဟုတ်...ဟုတ်ကဲ့"

ဒီလိုဆိုတော့လည်း ဝေးလွင့်မှာ ပြောစကား နားထောင်သားပင်။ စိမ်းမမမှာ မာန်မဲပြီး ဝေးလွင့်ကို ပြော လိုက်ရတယ်ဆိုပေမယ့် ရင်ထဲစိတ်ထဲမှုပါ၍ မဟုတ်ပါ။

ဒီလိုမှမပြောရင်လည်း သူ့ရဲ့မသိစိတ်က ဘေးပတ် ဝန်းကျင်တွေ ဘာတွေကိုလည်း ထောက်ရှုမကြည့်တတ်တာ မို့ အရှက်တကွဲမဖြစ်စေချင်ပါ။

ငြိမ်သက်သွားသော အနေအထားကြောင့် ကားပေါ် မှ ခရီးသည်များအားလုံး သူတို့ကို ဆက်မကြည့်နေတော့မှ စိမ်းမမ သက်ပြင်းမော ချလိုက်မိတော့သည်။

ရန်ကုန်ရောက်ရင် ဘယ်လိုတွေဆက်ဖြစ်မယ်မှန်း မသိ။ တွေးလို့တော့ ပူပင်မိပါသည်။

"မမစိမ်း မမစိမ်း ကျွန်...ကျွန်တော် အိပ်ချင်တယ်"

"ဟင်...အိပ်ချင်လို့ဟုတ်လား၊ အိပ်လေ ဝေးလွင့်ရဲ့ အိပ် အိပ် ရောက်ရင် မမနှိုးမယ်"

"တကယ်နော် မမစိမ်း ဒါဆို ကျွန်တော်အိပ်ပြီ"

www.burmeseclassic.com



ပြောပြောဆိုဆိုဖြင့် ဝေးလွင့်က သူမ၏ ပခုံးစွန်းပေါ် မှီလှဲပြီး အိပ်လိုက်တော့ ပီဘိတလေးငယ်လို။ သင့်တော်လား မသင့်တော်လား မသိ။ သူမ ပခုံးစွန်းပေါ်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်နေလေပြီ။

"ဟယ်...မမစိမ်း ဝေးလွင့် ဝေးလွင့်"

"ရှူး...တိုးတိုး ရိုစ့် သူအိပ်ပါစေတော့ မင်းပြောမယ့် စကားကို မမသိပါတယ်"

ရိုစ့်က စိမ်းမမပခုံးပေါ် မှီတင်အိပ်နေသော ဝေးလွင့် ကိုကြည့်ရင်း...

မမစိမ်းရယ် သံယောဇဉ်ရယ်လို့ ဖြစ်လာခဲ့ရင် အမြတမ်း မခွဲနိုင်ကြရင် ကောင်းမှာနော်၊ တကယ်လို့ ဝေးလွင့် သာ သူ့အတိတ်ကို ပြန်သတိရသွားရင် မမစိမ်း ဘယ်လို ခံစားရမလဲဟင်"

"အိုး...ဘယ်လိုခံစားရမှာလဲ ရိုစ့်ရဲ့ သူ့ဘဝမှန် သူ ရောက်တော့ ပျော်မှာပဲပေါ့"

ရိုစ့်၏ သွေးတိုးစမ်းစကားကို စိမ်းမမ ချေပပြောလိုက် ရပေမယ့် ရင်ထဲမှာ နင့်နင့်နာနာလေး ခံစားလိုက်မိသည်။ ရိုစ့်ပြောတဲ့အတိုင်း သူ...အတိတ်ပြန်သတိရသွားရင် ငါ့ကို ငါ့ကို မေ့သွားမှာပဲနော်"





ဝေးလွင့်ရယ်...ခံစားမှုတွေနဲ့ ဖြစ်တည်ခဲ့တဲ့ မမစိမ်းရဲ့ ရင်ခွင်ထဲကို မင်း မဥ္စလက်ဆန်ဆန် ဝင်ရောက်ခဲ့ပြီး အမှတ် တရတွေ ကျန်ရစ်ခဲ့အောင် နာကျင်ခံခက် ရက်စက်စွာ ထား ရစ်ခဲ့မယ့် နေ့ရက်တွေကို မရောက်ချင်ဘူးကွယ်။

"အို...ဟင့်အင်း ဟင့်အင်း ငါဘာတွေတွေးနေတာလဲ။ ငါ ဒါတွေ မတွေးသင့်ပါဘူး၊ ဝေးလွင့်ကို ငါကယ်တင် ရမယ်"

ကားကြီးက ရန်ကုန်နယ်နိမိတ်ထဲသို့ ဝင်လာသည်။

"မမစိမ်း ဘာတွေတွေးနေတာလဲ၊ ရိုစ့် ရှေ့နားဆို ဆင်းရတော့မယ်၊ ရိုစ့် အိမ်ကိုမလိုက်တော့ဘူးနော်"

ရိုစ့် အနားကပ်ပြောမှ စိမ်းမမ အတွေးစရပ်သည်။ မည်မျှကြာကြာ အတွေးလွန်သွားသည်မသိ။ အချိန်နာရီတွေ က မြန်လိုက်တာဟု သူမ ရေရွတ်လိုက်မိသည်။

ရိုစ့်က သူဆင်းမည့်နေရာတွင် ဆင်းပြီး ကျန်ရစ်ခဲ့ သည်။ စိမ်းမမတို့သာ ကျန်ရစ်ခဲ့သည်။ အဝေးပြေးရောက် တော့ အိမ်သို့တစ်ဆင့်ပြန်ဖို့ ကားငှားခဲ့သည်။

www.burmeseclassic.com



စိမ်းမမ တက္ကစီကျသင့်ငွေကိုရှင်းပြီး ဝေးလွင့်အား ကားပေါ်မှဆင်းရန် အချက်ပြလိုက်ရင်း...

"ဝေးလွင့် ရောက်ပြီ ဆင်းတော့"

"ဟုတ်...ဟုတ်ကဲ့ မမစိမ်း"

စိမ်းမမနောက်မှ လိုက်ဆင်းသည်။ ကားနောက်ခန်းထဲမှ အဝတ်အိတ်များကို စိမ်းမမ အဖုံးဖွင့်ကာ လှမ်းယူလိုက်သည်။

"ပေး...ပေး မမစိမ်း ကျွန်တော့်ကိုပေး"

စိမ်းမမထံမှ အဝတ်အိတ်များကို လှမ်းယူလိုက်သည်။ ပိတ်ထားသော ခြံတံခါးကို စိမ်းမမ တွန်းဖွင့်၍ဝင်လိုက်သည်။

"ကဲလာ ဝေးလွင့် ခြံထဲကိုဝင်မယ်၊ မင်း တိတ်တိတ်နေရမယ်နော်"

စိမ်းမမကို မျက်လွှာတစ်ချက်ပင့်ကြည့်ရင်း ခေါင်းကို ဆတ်ခနဲ ညိတ်ပြသည်။ ထို့နောက် ပါးစပ်ကိုခပ်တင်းတင်း ဖိကာ ပိတ်ထားသည်ကို တွေ့လိုက်ရသည့်အတွက် စိမ်းမမ





စိတ်မကောင်းဖြစ်သွားရသည်။

"ကဲလာ ငါ့နောက်လိုက်ခဲ့"

ကွန်ကရစ်လမ်းလေးအတိုင်း လျှောက်လာမိကြသည်။ တိုက်ရှေ့ ဆင်ဝင်အောက်သို့ရောက်သည်နှင့် ခြေစုံရပ်လိုက်မိသည်။

"မမငြိမ်းရေ မမငြိမ်း မာမီရေ မာမီ စိမ်းပြန်လာပြီ"

စိမ်းမမ၏ အော်သံစူးစူးကြောင့် တိုက်အတွင်းမှ အစ်မဖြစ်သူ ငြိမ်းမမ ပြေးထွက်လာသည်။

"ဟယ်...စိမ်းပြန်လာပြီ၊ မာမီရေ စိမ်းပြန်လာပြီ"

ပြောပြောဆိုဆို ပြေးထွက်လာသည်။ စိမ်းမမ၏ နောက်မှ ဝေးလွင့်ကို တွေ့လိုက်ရသည့်အတွက် ငြိမ်းမမ၏ မျက်ဝန်းများ ပြူးကျယ်သွားကာ ကိုယ်ရှိန်သပ်လိုက်မိသည်။

"စိမ်း...စိမ်း သူ...သူ"

"အဟင်း စိမ်းရဲ့ဧည့်သည်ပါ မမငြိမ်းရဲ့"

ထိုအချိန် တိုက်အတွင်းမှ ဒေါ်ခင်မာလာ ထွက်လာသည်။

"ဟယ်...သမီးငယ် အသံမပေး ဘာမပေးနဲ့ ဘာနဲ့လာတာလဲ"

"အဟင်း...ကားနဲ့လာတာ၊ အဲ...တက္ကစီနဲ့ အဝေးပြေးက ငှားလာတာ မာမီ"

www.burmeseclassic.com



"ဟင်...သမီးတို့ လေယာဉ်နဲ့မပြန်ကြဘူးလား"

"အဟင်း...ကုန်းလမ်းခရီးကနေ ပြန်လာတာ မာမီ၊ ဧည့်သည်ပါလို့လေ"

စိမ်းမမနှင့်ကွယ်ပြီးရပ်နေသော ဝေးလွင့်ကို စိမ်းမမ စောင်းငဲ့ကြည့်ရင်း ပြောလိုက်သည့်အတွက် ဒေါ်ခင်မာလာ ဝေးလွင့်ကို အကဲခတ်သလို မကျေမနပ် မျက်ဝန်းစုံဖြင့် စိုက်ကြည့်လိုက်ရင်း အကဲခတ်နေသည်ကို တွေ့လိုက်ရသည့်အတွက်...

"ဧည့်သည်ပါတယ် မာမီရေ၊ အထူးဧည့်သည်"

"ဘာ...ဘယ်လို အထူးဧည့်သည် ဟုတ်လား"

စိမ်းမမက ပြုံး၍ ခေါင်းညိတ်ပြလိုက်ရင်း...

"ဝေးလွင့် ဒါက မမစိမ်းရဲ့ မာမီ"

"မာ...မာမီ မာမီ...မာမီ"

စိမ်းမမ၏စကားကို ဝေးလွင့် သံယောင်လိုက်ကာ မာမီဟု ခေါ်သည့်အတွက် ဒေါ်ခင်မာလာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ စိမ်းမမ မသိချင်ယောင် ဆောင်လိုက်ရင်း ရယ်ချင်စိတ်ကို မနည်းထိန်းချုပ်ထားရသည်။

မာမီနှင့် မမငြိမ်းတို့နှင့် မိတ်ဆက်ပေးလိုက်သည်။

"ဝေးလွင့် ဒါက မမစိမ်းရဲ့ အစ်မ မမငြိမ်း၊ မမငြိမ်းရဲ့ နာမည်က ငြိမ်းမမတဲ့ မှတ်ထားနော်"





"ဟုတ်...ဟုတ်ကဲ့"

မဝံ့မရဲကြည့်ကာ ခေါင်းညိတ်၍အဖြေပေးသည်။ ငြိမ်းမမကတော့ မျက်မှောင်ကြုတ်ကာ ဝေးလွင့်ကို အကဲခတ်နေသည့်အတွက် ဝေးလွင့် မျက်လွှာကလေးချကာ ခေါင်းကလေးကိုငုံ့၍ ကလေးတစ်ယောက်နှယ် လက်ပိုက်၍ရပ်နေသည်။

"ဒက်ဒီရော မာမီ ဒက်ဒီအလုပ်သွားပြီလား"

"သမီးဒက်ဒီ ဂျပန်သွားတယ် သမီးရဲ့၊ (J.C.S) ကုမ္ပဏီကလွှတ်တာလေ၊ သွားတာ ငါးရက်ပဲရှိသေးတယ်"

"ကောင်းတယ် မာမီ စိမ်းလိုချင်တာ လှမ်းမှာလို့ရတာပေါ့"

"ဒါပေါ့ သမီးရဲ့"

"အဟင်း ဒက်ဒီ့ကိုလေ ဂျပန်က ဒီဇိုင်းအသစ်အဆန်းလေးတွေ တွေ့ရင် သမီးကုမ္ပဏီအတွက်ပို့ပေးလို့ သမီးမှာထားတယ် မာမီ"

"ဟင်...ဟုတ်လား သမီးဆီ ဘယ်တုန်းက ဒက်ဒီ ဖုန်းဆက်အကြောင်းကြားတာလဲ"

"ဒက်ဒီ ဂျပန်ကို ရောက်ရောက်ချင်းနေ့က ဆက်တာ မာမီ"

"ဒါဆိုရင် ဒက်ဒီကို သမီးဝယ်လိုချင်တာတွေ မှာပြီး

www.burmeseclassic.com



ထားပြီးပြီပေါ့"

"ဟုတ်တယ် မာမီ"

"အော်...မေ့နေတယ် အဝတ်အိတ်တွေ အိမ်ထဲ မသွင်းရသေးဘူး ပူစူးမနဲ့ ဂျမ်းပုံရေ လာဦး"

တိုက်အတွင်းသို့ လှမ်းအော်လိုက်သည်။

"ရှင် လာပါပြီမာမီကြီး"

အသံနှင့်အတူ တိုက်အတွင်းမှ ပူစူးမနှင့် ဂျမ်းပုံတို့ ပြေးထွက်လာသည်။

"ဟယ်...မမလေးပြန်လာပြီ"

ပြောပြောဆိုဆို ဝေးလွင့်၏နံဘေးမှ အဝတ်အိတ်များကို လှမ်းယူလိုက်ကြသည်။

"ဟာ...မမစိမ်း လုပ်ပါဦး ဒီမှာ အဝတ်အိတ်တွေ ယူနေပြီ၊ အဝတ်ထုပ်သူခိုးမတွေ သွား သွား"

ပြောပြောဆိုဆို အဝတ်အိတ်တွေကို ပြန်လုယူထားသည်။

"အို...ဝေးလွင့် ပေးလိုက်စမ်း ပေးလိုက် ပူစူးမ မမစိမ်းရဲ့ အဝတ်အိတ်တွေကို မမစိမ်းရဲ့ အိပ်ခန်းထဲမှာပဲ သွားထားလိုက်"

"ဟုတ်ကဲ့ မမစိမ်း"

"ကဲလာ မာမီ အိမ်ထဲဝင်ရအောင် အိမ်ထဲရောက်မှ စိမ်း အကြောင်းစုံပြောပြမယ်၊ မမငြိမ်းလည်း ခဏလိုက်ခဲ့"

သားအမိသုံးယောက်စလုံး တိုက်အတွင်းသို့ဝင်ရန် ဟန်ပြင်လိုက်စဉ်...

"မမစိမ်း မမစိမ်း ကျွန်...ကျွန်တော် ဘာလုပ်ရမှာလဲ ဟင်"

"မင်းလည်း လိုက်ခဲ့လေ"

"ဟုတ်...ဟုတ်ကဲ့"

"လာ မာမီ ဧည့်ခန်းမှာ အေးအေးဆေးဆေး သမီး ပြောပြမယ်နော်"

တိုက်အတွင်းသို့ဝင်၍ ဧည့်ခန်းဘက်သို့ လျှောက်လာခဲ့ကြသည်။

ဧည့်ခန်းအတွင်းဝယ် ခန်းလုံးပြည့်ခင်းထားသော ကြက်သွေးရောင်တောက် ကော်ဇောထူထူများကို ဝေးလွင့် ဧည့်ခန်းဝတွင် ခြေစုံရပ်၍ ငေးကြည့်နေမိသည်။

"ဝေးလွင့် မင်းဒီမှာ ငြိမ်ငြိမ်လေးထိုင်နေစမ်း"

"ဟုတ်...ဟုတ်ကဲ့ မမစိမ်း"

စိမ်းမမညွှန်ပြသော ဆိုဖာပေါ်တွင် ခပ်ကုတ်ကုတ် ကလေး ဝင်ထိုင်လိုက်သည်။

"ဝေးလွင့် မင်းဒီမှာ ငြိမ်ငြိမ်လေးထိုင်နော် ဘယ်မှ ထမသွားရဘူး၊ ငါတို့ပြန်လာလို့ ဒီမှာထိုင်နေတာမတွေ့ရင်

www.burmeseclassic.com



မင်းတို့ရိုက်မှာနော်”

စိမ်းမမကို မျက်လွှာလေးပင့်ကာ မဝံ့မရဲကြည့်ရင်း ခေါင်းကို ခပ်သွက်သွက်ကလေးညိတ်ကာ…

“ဟုတ်…ဟုတ်ကဲ့ပါ မမစိမ်း”

ပြောပြောဆိုဆို လက်ကလေးနှစ်ဖက်ကိုပိုက်ကာ ကလေးတစ်ယောက်လို ထိုင်နေသည်။ စိမ်းမမနှင့် ဝေးလွင့်တို့ကိုကြည့်ကာ မာမီဒေါ်ခင်မာလာ၏စိတ်ထဲ အလိုမကျရိပ်တွေ စွန်းထင်းကုန်သည်။

“စိမ်း…သမီးဘာတွေလုပ်လာတာလဲ၊ ပြီးတော့ သူ…သူက ဘယ်သူလဲ၊ ခက်တော့ခက်ကုန်ပြီ သမီးရယ်”

ချောမောလှပလွန်းသည့် သမီးငယ်နှင့်အတူ မတိမ်းမယိမ်း သူစိမ်းယောက်ျားပျိုတစ်ယောက်က အိမ်သို့ သမီးငယ်နှင့်အတူ ပါလာသည့်အတွက် အစိုးရိမ်လွန်နေရပြီး ခေါင်းများပင် မူး၍လာသည့်အတွက် သွေးများပင် တိုးချင်ချင်ဖြစ်လာရသည်။

“လာ…မာမီနဲ့ မမငြိမ်း ထမင်းစားခန်းမှာ အကြောင်းစုံကို ရှင်းပြပါမယ်”

ထမင်းစားခန်းအတွင်းသို့ စိမ်းမမက အရင်ဦးဆောင်၍ ဝင်သွားသည်။

“ကဲ…သမီးငယ် မာမီတော့ သွေးတိုးချင်ချင်ဖြစ်လာ





ရပြီ ပြောစမ်းပါဦး”

စိမ်းမမထံမှ သက်ပြင်းချသံ ခပ်သဲ့သဲ့ထွက်ပေါ်၍လာသည်။ ငြိမ်းမမနှင့် ဒေါ်ခင်မာလာတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ခေါင်းတခါခါဖြစ်နေကြသည်။

“ဒီလို မာမီရေ…”

ဟု စိမ်းမမက ဝေးလွင့်နှင့် သူမတို့အကြောင်းကို ဇာတ်စုံခင်းပြလိုက်လေသည်။ ဒေါ်ခင်မာလာက သူမ၏ ရင်ဘတ်ကို လက်ဖြင့်ဖိကာ…

“အို..ဘုရား ဘုရား မာမီရဲ့သမီးလေး မသေကောင်း မပျောက်ကောင်း ဘုရားကယ်တာ ဘုရားပေးတဲ့အသက်ပဲ ရှိတော့တာပေါ့ကွယ်”

“ဘာပဲဖြစ်ဖြစ်ပေါ့ မာမီရယ် မာမီ့သမီးကတော့ သူထင်တာတွေ လျှောက်လုပ်လာတယ်၊ ခု အိမ်မှာက မိန်းမသားတွေချည်းပဲ ကျန်ရစ်ခဲ့တာကို သိရဲ့သားနဲ့ သူခေါ်လာတဲ့လူက စိတ်ဖောက်ပြန်ပြီး ရန်ရှာရင် ဘယ့်နှယ်လုပ်မလဲမာမီ”

“အို…မမငြိမ်းကလည်း စိတ်ဖောက်ပြန်ရအောင် သူ့ဇာ အရူးမှမဟုတ်တာ၊ စိမ်းအထင်တော့ အတိတ်မေ့နေတာပါ၊ ပြီးတော့ သူ့ကြည့်ရတာ ရုပ်ရည်ပုံပန်းသဏ္ဌာန်က လူကောင်းတစ်ယောက်နဲ့ တူတယ်၊ အတိတ်မေ့ ဝေဒနာသည် တစ်ယောက်ပါ”

www.burmeseclassic.com



"သမီးငယ် အတိတ်မေ့နေတာနဲ့ ရှုတာကတော့ အတူတူပဲလေ၊ မာမီတော့ ကြောက်တယ်သမီး"

စိမ်းမမ ခေါင်းကို ခါရမ်းလိုက်ရင်း ပြုံးစစမျက်နှာပေးဖြင့်…

"သူ အရူးမဟုတ်ပါဘူး မာမီရယ်၊ ဘာမှမစိုးရိမ်ပါနဲ့ မာမီ၊ သူ့ကိုမွေးရတာ ကြောင်လေးတစ်ကောင်မွေးထားရသလိုပါပဲ မာမီရယ်၊ အဲ…ဒါပေမယ့် ကြောင်တစ်ကောင်ထက်တော့ အားကိုးရမှာပါ"

" ခက်တာက သူ့ကိုယ်သူ ဘယ်သူ မှန်းမသိဘူးဆိုတဲ့ ထိခိုက်မှုတစ်ခုကြောင့် သူ့အတိတ်မေ့ရောဂါ ခံစားနေရတာနဲ့ တူတယ်လို့ မမငြိမ်း စဉ်းစားမိတယ်"

"ဟုတ်မယ်ထင်တယ် ဒါကြောင့် စိမ်းရဲ့အသက်သခင်ဖြစ်တဲ့ ဝေးလွင့်ကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဆေးကုဖို့ဆုံးဖြတ်ပြီးမှ ရန်ကုန်ကိုခေါ်လာခဲ့တာပါ မမငြိမ်းရယ်"

ငြိမ်းမမက ကျောင်းဆရာမ ပီသသည်။ ဝေးလွင့်ကို ခေါ်လာသည့်ကိစ္စကို အပြစ်တင်ပေမယ့် အမှောင်ဖုံးနေသည့် ဝေးလွင့်၏ဘဝ ပြုပြင်ရေးကိုတော့ သူမ စိတ်ဝင်စားသည်။

ထိုအချိန်…ဝေးလွင့်တစ်ယောက်မှာတော့ ဆိုဖာပေါ်မှာ ထိုင်နေရပေမယ့် လူက ရိုးတိုးရွတဖြစ်၍နေသည်။

သမံတလင်းကြမ်းပြင်မှာ ခင်းထားသော မွေးပွ





ကတ္တီပါ ကြက်သွေးရောင်တောက်တောက် ကော်ဇောကြီးကို လွန်စွာ စိတ်ဝင်စားနေသည်။ ထို့ကြောင့် ဆိုဖာပေါ်မှဆင်းကာ ကြမ်းခင်းကော်ဇောပေါ်မှာဆင်း၍ ခြေပစ်လက်ပစ် ထိုင်လိုက်သည်။

"အားပါးပါး…ကော်ဇောကြီးက ကောင်းလိုက်တာ အပျော်း အိပ်လိုက်ရရင် ဇိမ်ပဲ"

ပြောပြောဆိုဆို ကော်ဇောပေါ်သို့ လှဲ၍အိပ်လိုက်သည်။ စက္ကန့်ပိုင်းလေး အတွင်းမှာပင် တခေါခေါနှင့် နှစ်ခြိုက်စွာ အိပ်ပျော်သွားတော့သည်။

ထိုအချိန်မှာပဲ ရေခဲသေတ္တာအတွင်းမှ ထုတ်ယူလာသည့် စတော်ဘယ်ရီသီးလေးများမှာ ငွေလင်ဗန်းကလေးပေါ်တွင် စားချင်စဖွယ် စီစီရီရီ။ ထိုစတော်ဘယ်ရီသီးကလေးများတို့ တင်ထားသော ငွေလင်ဗန်းကလေးကိုကိုင်ကာ စိမ်းမမနှင့်အတူ မမငြိမ်းနှင့် ဒေါ်ခင်မာလာတို့ ဧည့်ခန်းသို့ဝင်လာကြသည်။

"ဟယ်တော့…"

တွေ့လိုက်ရသည့် ဝေးလွင့်ရဲ့ပုံစံကြောင့် စိမ်းမမ၏ ချက်ခုံးနှစ်ဖက် မြင့်တက်သွားကာ မျက်ဝန်းများ ပြူးကျယ်ကုန်ရသည်။

"ရော့…မမငြိမ်း စပျစ်သီးဗန်းကို ယူလိုက်"

www.burmeseclassic.com



ငြိမ်းမမကိုပေးရင်း ဝေးလွင့်ကို အတင်းလှုပ်နှိုးလိုက်သည်။

"ဝေးလွင့် ဝေးလွင့် ထစမ်း ထစမ်း"

စိမ်းမမ၏ လှုပ်နှိုးလိုက်ခြင်းကြောင့်...

"အင်း...အဲ..."

ညီးတွားသံနှင့်အတူ နှစ်ခြုက်စွာအိပ်ပျော်ခြင်းမှ ဝေးလွင့် လန့်နိုးလာသည်။

"ဝေးလွင့် ထစမ်း ဘယ့်နှယ် ကြမ်းပေါ် အိပ်နေရတာလဲ၊ ထ...ထ"

"အဟီး အိပ်ချင်လို့ပါဗျ မမစိမ်း ဟောဒီကော်ဇောပေါ်မှာအိပ်ရတာ ဇိမ်ပဲဗျ ဟီး...ဟီး မယုံရင် မမစိမ်း အိပ်ကြည့်ပါလား"

ပြောပြောဆိုဆို လှဲအိပ်နေရာမှ ငုတ်တုတ်ထထိုင်လိုက်သည်။ ဝေးလွင့်၏စကားကြောင့် ငြိမ်းမမနှင့်အတူ ဒေါ်ခင်မာလာတို့ ပြုံးချင်ချင်ဖြစ်သွားရသည်။

"အဟင်း...ဟင်း ဟုတ်သားပဲ စိမ်းရဲ့ အိပ်ကြည့်လိုက်ပါလား"

စိမ်းမမ၏မျက်နှာလေး ရှက်ရွံ့မှုကြောင့် ရဲသွားသည်။

"အို...မမငြိမ်းကလဲ"

"အဟင်းဟင်း အလကားစတာပါ ညီမလေးရယ်၊ တဲ





ဝေးလွင့် လာ ဆိုဖာပေါ်မှာထိုင်စမ်း ရော့ စပျစ်သီးစား"

"ဟုတ်...ဟုတ်ကဲ့"

ငြိမ်းမမထံမှ စပျစ်သီးကို လက်ညှိုးနှင့် လက်မကိုအားပြု၍ တစ်လုံးကို နှုက်ယူ၍ စားကြည့်လိုက်သည်။

"အားပါးပါး ကောင်းလှချည်လား"

တစ်လုံးပြီးတစ်လုံး ဇယ်ဆက်သလို ပါးစပ်ထဲသို့ ကောက်ယူပစ်သွင်းလိုက်တော့၏။ ပလုပ်ပလောင်းစားလေသည်။

"အဟဲ ဟဲ စားလို့လည်းကောင်း ခါးတွေလည်းညောင်း ခဏလေးတော့ အညောင်းဖြေ အဲ..အနားယူလိုက်ဦးမယ်နော်"

"အို...ဟင့်အင်း ဟင့်အင်း အဲဒီမှာ မလှဲနဲ့လေ ထထ ဟိုရှေ့က နှစ်ယောက်ထိုင်ဆိုဖာပေါ်မှာ သွားလှဲစမ်း ဝေးလွင့်"

"ဟင့်အင်းဗျာ နေပစေ ကျွန်တော်က ဒီကော်ဇောကြီးတို့ မြင်ကတည်းက အိပ်ကြည့်ချင်နေတာဗျ၊ အဟီး ခဏလေးနော်၊ ခဏလေးပါ မမစိမ်းရဲ့"

"ခေါ်...ခလော ခလူး"

"ဟောတော့"

ဝေးလွင့်တစ်ယောက် လှဲအိပ်လိုက်ပြီး တခေါ်ခေါ်နှင့်

www.burmeseclassic.com



ပြန်လည်အိပ်ပျော်၍သွားလေသည်။

"အင်း သမီးပြောပုံဆိုရင် သူ့ဘဝလေးက သနားစရာပါကွယ်၊ သူ့အတွက် ကားဂိုဒေါင်အပေါ်ထပ်အခန်းကို မာမီစီစဉ်ခိုင်းလိုက်မယ်'

မာမီက ကားဂိုဒေါင်အပေါ်ထပ်တွင် ဝေးလွင့်ကိုနေထိုင်ရန်စီစဉ်ပေးလိုက်သည့်အတွက်...

"ဟုတ်ကဲ့ မာမီ့အစီအစဉ်တွေ သိပ်ကောင်းပါတယ်"

● ● ●

စိမ်းမမ စာရင်းဇယားတွေကို စစ်ဆေးကြည့်နေသည်။ သူမ မရှိခင်ကာလမှာ မန်နေဂျာဦးသက်ခိုင် လုပ်ငန်းတွေကို နိုင်နင်းစွာ ကိုင်တွယ်ထားသည်ကို တွေ့ရသည်။

"မမစိမ်း"

ရှိုစ့်၏ခေါ်သံကြောင့် စိမ်းမမ မျက်လွှာပင့်ကာ မော့ကြည့်မိသည်။





"ဘာလဲဟင် ရှိုစ့်"

"မမစိမ်း ကိုရာဇာရောက်နေတယ် မမစိမ်းနဲ့ တွေ့ချင်လို့တဲ့"

"ဟင်...ဟုတ်လား၊ ဒါဆိုရင်လည်း မမစိမ်းဆီကို လွှတ်လိုက်လေကွယ်"

"ဟုတ်ကဲ့ မမစိမ်း"

ရှိုစ့် ရုံးခန်းအတွင်းမှ ပြန်ထွက်သွားသည်။

စိမ်းမမ စာရင်းဇယားတွေကို ပြန်၍ငုံ့ကြည့်နေသည်။

"စိမ်း..."

စိမ်းမမရှေ့မှ ခြေစုံရပ်ပြီး ခေါ်လိုက်သည့်အသံကြောင့် သူမ မော့်မကြည့်ဘဲ...

"အော်...ကိုရာဇာ ထိုင်ပါရှင်"

ဟု ပြောလိုက်ပြီး သူမ၏ လုပ်လက်စအလုပ်တွေကိုသာ ငုံ့၍လုပ်နေမိသည်။ စိမ်းမမ၏ အပြုအမူကြောင့် ရာဇာအောင့်သက်သက်ဖြစ်သွားရသည်။ စိမ်းမမကို မျက်တောင်မခတ်စတမ်း စူးစိုက်စွာ ရမ္မက်ခိုးဝေနေသော အကြည့်ဖြင့်ကြည့်လိုက်ရင်း...

"စိမ်း..ဝလာတယ်ကွာ၊ အသားလေးတွေ နည်းနည်းညိုသွားတယ်၊ ဒါပေမယ့် အခု ပိုကြည့်ကောင်းနေသလိုပဲ၊ ကိုယ် နေ့တိုင်း ဦးသက်ခိုင်ကို ဖုန်းဆက်မေးတယ်၊ စိမ်း ပြန်

www.burmeseclassic.com



ရောက်နေပြီလားလို့"

"ဟုတ်ကဲ့ ကျွန်မပြန်ရောက်တာ တစ်ပတ်လောက်တော့ ရှိပါပြီ"

သူမ၏ ရှည်လျားနက်မှောင်သော ဆံပင်ရှည်များကို တစ်ပတ်လျှိုဆံထုံးကလေး ခပ်မြင့်မြင့်ကလေး ထုံးထားသည်။ ရှန်သားအိတုံ ပန်းသွေးရောင်ရင့်ရင့်ကို ဝတ်ဆင်၍ထားသည်။

စိမ်းမမ၏ ရုပ်ပုံလွှာမှာ မဟာဆန်ဆန် နန်းဆန်ဆန် အလှတို့ကြောင့် တစ်မျိုးလေးကြည့်လို့ကောင်းနေသည့်အတွက် သူမ၏ မျက်နှာလှလှလေးကို မျက်တောင်မခတ်စတမ်း စူးစိုက်စွာ ငေးကြည့်နေမိသည်။ ခေတ်ဆန်ဆန်အပြင်အဆင်ထက်စာရင် အခုလို ရိုးရိုးလေး ဝတ်စားထားတာက ပို၍လှနေသည်။ ကိုရာဇာတစ်ယောက် စိမ်းမမကိုကြည့်ရင်း သက်ပြင်းတွေ အကြိမ်ကြိမ်ချနေမိသည်။

"စိမ်း..."

"ရှင်...ကိုရာဇာ"

စိမ်းမမ ရာဇာကို မျက်လွှာပင့်ကာ မော့ကြည့်ရင်း ထူးလိုက်မိသည်။

"ကိုယ်လည်း စိမ်းပြန်ရောက်တယ်ဆိုတာ ဒီနေ့မှသိရတာ၊ ကိုယ် သိသိချင်း အလုပ်တွေပစ်ထားပြီး စိမ်းဆီကိုပြေးလာခဲ့တာ"





"အော်...ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင်"

"အဟက် ကိုယ့်အတွက် ဘာလက်ဆောင်များပါသလဲ စိမ်း"

"Sorry ကိုရာဇာ ကျွန်မ ဘာလက်ဆောင်မှ မဝယ်လာမိဘူး"

"စိမ်းရာ ကိုယ်က ဟောဒီစိမ်းမမကို နေ့တိုင်းသတိရနေတာ ဟဲဟဲ...ဟဲ"

ရာဇာထံမှ ရမ္မက်ခိုးဝေနေသော အကြည့်စူးစူးတို့ကြောင့် စိမ်းမမ၏မျက်နှာလေး ခပ်တည်တည်လေးဖြစ်သွားရသည်။

"စိမ်းမှာထားတဲ့ပစ္စည်းတွေ ဦးကြင်ဟုတ်ကြီးက ဖုန်းတဂွမ်ဂွမ်ဆက်ပြီး ကိုယ့်ဆီမှာ တဂျီဂျီနဲ့တောင်းတာတောင် ကိုယ် လုံးဝမပေးဘူး၊ ကိုယ့်ကို သူ အရမ်းစိတ်ဆိုးသွားတာ ကိုယ့်ကိုတောင် ရွဲ့သွားသေးတယ်၊ အဟက် ဟက်"

"အေးပေါ့ကွာတဲ့ ငါက စိမ်းမမမှ မဟုတ်တာတဲ့၊ ဟင်းဟင်း ဟင်း"

ရာဇာ မရယ်ချင်ဘဲရယ်သည်။ စိမ်းမမ ဝတ်ကျေတမ်းကျေ ရယ်ရမှာကိုပင် မေ့လျော့နေမိသည်။ စိမ်းမမ၏ အပြုအမူကြောင့် ရာဇာ မျက်နှာပိုးသပ်လိုက်သည်။

"စိမ်း စိမ်း ဘာဖြစ်နေတာလဲ အရင်ကနဲ့မတူဘူး၊

www.burmeseclassic.com



နေမကောင်းဘူးလားဟင်”

“နေကောင်းပါတယ်”

စိမ်းမမ သံပြတ်ဖြင့် ပြန်ဖြေမိသည်။

“စိမ်း ကျွန်တော့်အပေါ်မှာ စိတ်ကွက်နေသလားဗျာ မကျေနပ်တာရှိရင်လည်း ပွင့်ပွင့်လင်းလင်းပြောပါ၊ စိမ်းအတွက်ဆို ကိုယ် ဘာပဲပေးရပေးရ စိမ်း နားလည်ပါတယ်လေ၊ ကိုယ် ရှည်ရှည်ဝေးဝေး ပြောပြနေစရာမလိုဘူးလို့ ထင်တယ်၊ ကိုယ့်အတွက် စိမ်းဟာ သိပ်ကို အရေးကြီးနေတယ်ဟဲ...ဟဲ”

“စိမ်းရဲ့မျက်နှာလှလှလေး ညှိုးနေရင် ကိုယ်မနေတတ်ဘူး၊ စိမ်းဟာ ကိုယ့်အတွက် သိပ်ကိုအရေးကြီးတယ် စိမ်းသိရဲ့လား”

ရမ္မက်ခိုးတွေဝေနေသော ရာဇာကို မျက်တောင်မခတ်စတမ်း စူးစိုက်ကြည့်နေရင်း စိမ်းမမစိတ်ထဲမှ...

သူ့အတွက် ငါက အရေးကြီးတယ်တဲ့။ ဘာလို့အရေးကြီးရတာလဲ။ ငါ့အပေါ် သူ ဒီလောက်လိုက်လျောပြီး အရေးပေးနေတာ ရိုးသားမှုရှိရဲ့လား။

ငါ့ဆီက တစ်စုံတစ်ခုကို လိုချင်လို့ သူ့ဆီက တစ်စုံတစ်ခုကိုပေးတာမဟုတ်လား။ ပေးဆပ်ခြင်း သဘောမျိုးနဲ့ သူ ပေးဆပ်နေတာမှ မဟုတ်တာ။





ဒါဆိုရင် သူ့ဘက်က ရိုးသားမှုမရှိဘူးပေါ့။ ဆန်လိုချင်လို့ ဆီပေးနေတာလား။

“စိမ်း”

“ရှင်...”

“အဟက်...ကိုယ့်အပေါ် ဘာအလိုမကျတာရှိလဲ”

ရမ္မက်ခိုးတွေ ဝေနေသော ရီဝေဝေမျက်လုံးစုံဖြင့် မျက်တောင်မခတ်စတမ်း စိုက်ကြည့်ရင်း မေးလိုက်သည့်အတွက် စိမ်းမမ ထိတ်ထိတ်ပျာပျာဖြစ်သွားရသည်။

“မဟုတ်ဘူး မဟုတ်ဘူး ကျွန်မ ဘာမှ အလိုမကျတာမရှိပါဘူး”

စိမ်းမမ၏ အဖြေစကားကြောင့် ရာဇာ သူ၏ နှုတ်ခမ်းထောင့်စွန်းကလေးတွန့်ရုံ ပြုံးလိုက်ရင်း...

“စိမ်း...စိမ်း ကိုယ်နဲ့ အပြင်မှာ တစ်ခုခုလိုက်စားပါလားဟင်”

“ဟင့်အင်း စိမ်း စိတ်ရှုပ်နေလို့ နောက်မှပဲ စားကြတာပေါ့”

စိမ်းမမဘက်မှ ငြင်းဆန်လိုက်သည့်အတွက် ရာဇာ၏ မျက်နှာမှာ သိသာစွာ ပျက်ယွင်း၍သွားသည်။

“ဘာလဲ စိမ်းက ကိုယ့်ရဲ့အကြောင်းတွေကို တွေးနေလို့လား၊ အဟက် ဟက်...စိမ်း ကိုယ် စိမ်းကို ကိုယ့်ရင်ထဲ

www.burmeseclassic.com



နှလုံးသားထဲကလာတဲ့ စကားတွေပြောစရာရှိလို့ ကိုယ်နဲ့ အပြင်ကို ခေတ္တခဏလိုက်ခဲ့ပါလား"

စိမ်းမမ၏ အိုပ်ပျော်နေသော မာနကို လှုပ်နှိုးလိုက်သည့်နှယ် စိမ်းမမ၏မျက်နှာ တင်းမာခက်ထန်သွားရသည်။

"အိုး...Sorry ပဲ ကိုရာဇာ ရှင်က ကျွန်မကို ဘယ်လို မိန်းမစား ဘယ်လိုအဆင့်အတန်းထဲက ထင်လို့လဲ"

"အဟက်...ကိုယ် မင်းကို အထင်မသေးဝံ့ပါဘူး စိမ်းရယ်၊ ဒါပေမယ့် မင်းကို ကိုယ်သိပ်ချစ်တဲ့အကြောင်းကို မင်းသိအောင် ကိုယ်ရင်ဖွင့်ချင်လို့ပါ စိမ်းရယ်၊ ကိုယ့်ဘဝမှာ စိမ်းရှိမှဖြစ်မှာ ပြီးတော့ စိမ်းရဲ့စီးပွားရေးအတွက် ကိုယ့်ရဲ့ အထောက်အကူတွေ စိမ်းအဖို့ အများကြီးလိုအပ်တယ်ဆိုတာ စိမ်းအသိဆုံးပါကွာ၊ အဲ...တစ်နေ့တခြား ပိုပိုလှလာတဲ့ စိမ်းကို ကိုယ်စိန်မချပါဘူးကွာ၊ ကိုယ်ပိုင်ဆိုင်ချင်တယ်၊ ကိုယ့်ဘဝထဲမှာ စိမ်းလောက် ဘာမှအရေးမကြီးဘူးဆိုတာ စိမ်း သိပါတယ်"

စိမ်းမ၏မျက်နှာလေးမှာ ဒေါသကြောင့် တင်းမာ ခက်ထန်သွားရသည်။

"Please ကိုရာဇာ Please ဒီစကားမျိုး ကျွန်မရဲ့ ရုံးခန်းအတွင်းမှာ လာမပြောပါနဲ့၊ ကျွန်မရဲ့ရုံးခန်းအတွင်းမှာ စီးပွားရေးလုပ်ငန်းကိစ္စပဲ ပြောခွင့်ရှိပါတယ်"





"အဟက်...ဒါကြောင့် စိမ်း ကိုယ်နဲ့အပြင်လိုက်ခဲ့ဖို့ ကိုယ်ခေါ်တာပေါ့၊ ဒါတိုင်းလည်း စိမ်း အပြင်မှာ မကြာခဏ သွားနေကျ စားနေကျပဲဟာ၊ ကိုယ် စိမ်းကို တစ်ခုခုကျွေးပါရစေ"

"ကျေးဇူးတင်ပါတယ် ကိုရာဇာ ကျွန်မ ရှင့်ကို စီးပွားရေးနဲ့ မတ်သက်လို့ မိတ်ဆွေတစ်ယောက်လိုပဲ ခင်ပါတယ်၊ ကျွန်မမှာ ရှင့်ထက် တခြားအရေးကြီးတဲ့ကိစ္စတွေရှိသေးလို့ ရှင်ပြန်ဖို့သင့်ပြီလို့ ထင်ပါတယ်"

ရာဇာ ကောက်ကျစ်စဉ်းလဲစွာ တစ်ချက်ပြုံးလိုက်ရင်း

"စိမ်း ကိုယ်က လိုချင်တာကို မရရအောင်ယူတတ်တဲ့ အကျင့်ရှိတယ်နော်၊ မင်းကို ကိုယ် မရရအောင်ယူပြမယ် စိမ်းကဲ့...ကိုယ်ပြန်မယ် Good by "

ကိုရာဇာ မျက်နှာမသာမယာဖြင့် စိမ်းမမကို ကျော ခိုင်းကာ ထွက်ခွာသွားသည်။ ကိုရာဇာ၏ နောက်ကျောပြင်ကိုကြည့်ရင်း စိမ်းမမ၏ရင်ထဲ လေးလံတင်းကျပ်သွားရသည်။

"ဟင်း..."

စိမ်းမမ သက်ပြင်းရှည်ကြီးကို လေးတွဲ့စွာ ချလိုက်မိသည်။

ထိုအချိန် ရုံးခန်းအတွင်းသို့ ရှိစ့်ဝင်လာသည်။ ပြုံးစစ

www.burmeseclassic.com



မျက်နှာပေးဖြင့် စိမ်းမမရှိရာသို့ ရိုစ့် လျှောက်လာရင်း...

"မမစိမ်း ကိုရာဇာက မကြာခင် သူ့မင်္ဂလာပွဲမှာ ရိုစ့်က သတို့သမီးအရံလုပ်ပေးရမယ်လို့ ပြောသွားတယ် မမစိမ်းရဲ့"

စိမ်းမမ၏မျက်နှာ သိသာစွာပျက်ယွင်းသွားရသည်။

"ဘာ...ဘယ်လို"

ဒေါသကြောင့် သူ၏အသားလေးတွေ တဆတ်ဆတ်တုန်ရီ၍လာသည်။ ရိုစ့်က သူမ၏စကားထဲမှာ ဘာများအမှားပါသွားလို့လဲဟု ထင်လိုက်မိသည်။

"ဘာ...ဘာဖြစ်လို့လဲ မမစိမ်း ရိုစ့်ရဲ့စကားလုံးထဲမှာ ဘာတွေများအမှားပါသွားလို့လဲဟင်"

"ကိုရာဇာက ရိုစ့်ကို ဘာတွေပြောသွားတာလဲ"

ရိုစ့် စိမ်းမမကို နားမလည်နိုင်သောမျက်ဝန်းဖြင့် ကြည့်လိုက်ရင်း...

"ကိုရာဇာက သူ့ရဲ့မင်္ဂလာပွဲမှာ ရိုစ့်က သတို့သမီးအရံလုပ်ပေးရမယ်လို့ ပြောသွားတာ မမစိမ်းရဲ့၊ ရိုစ့်က ဘယ်သူနဲ့လဲလို့မေးတော့ ရိုစ့်သိလို့မဖြစ်သေးဘူးလို့ ပြောသွားတယ် မမစိမ်းရဲ့၊ မမစိမ်းက ဒါနဲ့ ဘာဖြစ်လို့ စိတ်တိုနေရတာလဲ"

"ဘာမှမဟုတ်ပါဘူး ရိုစ့်ရယ်၊ ကိုရာဇာက ခုနကပဲ မမစိမ်းကို ချစ်တယ်လို့ပြောလို့ မမစိမ်း စိတ်တိုနေတာ"





စိမ်းမမ ထိတ်ထိတ်ပျာပျာဖြစ်သွားရသည်။

"အို...မမစိမ်း ဒီလူတော့ စိတ်မဝင်စားလိုက်ပါနဲ့နော်၊ ရှုပ်တဲ့ပွေတဲ့နေရာမှာ နှစ်ယောက်မရှိဘူး၊ သူ့ကားကို ထည်လည်းစီးသလို မိန်းကလေးပေါင်း မြောက်များစွာကိုလည်း ထည်လည်းတွဲနေတဲ့သူ"

စိမ်းမမ လှပစွာ တစ်ချက်ပြုံးလိုက်ရင်း...

"ဟင်း...ဟင်း...ဝေးပါသေးတယ်ကွာ၊ အချစ်ရေးကို စိတ်မဝင်စားဘူး၊ သူနဲ့မမစိမ်း ပတ်သက်နေရတာ စီးပွားရေးအတွက်ပါကွာ၊ လုံးဝ မမစိမ်း စိတ်မဝင်စားပါဘူး၊ မမစိမ်းရဲ့ မာနကိုလည်း ရိုစ့်သိရဲ့သားနဲ့ကွာ၊ တောက်...သက်သက်မဲ့ မမစိမ်းကို ကြောသွားတာ ကိုယ့်ကို မရရအောင် ယူပြမယ်လို့ ကြေညာသွားတယ် ရိုစ့် ပြီးတော့ သူမကြာခင် မင်္ဂလာဆောင်မယ်၊ သူ့မင်္ဂလာဆောင်မှာ ရိုစ့်က သတိုးသမီးအရံလုပ်ရမယ်ဆိုတာ ရိုစ့်ကို တမင်ပြောသွားတာ မမစိမ်းကို သိကွာကျအောင် ပြောသွားတာ"

"အင်း...သူကတော့ ဖွဲကြီးကြီးနဲ့ မမစိမ်းကို မရရအောင် ယူမယ့်ပုံစံပဲနော် မမစိမ်း"

"အို...စိတ်ရှုပ်ပါတယ်၊ သူ့အကြောင်း မတွေးတာပဲကောင်းပါတယ်"

www.burmeseclassic.com



"တော်ပြီ ရိုစီ... သူနဲ့ မမစိမ်း လုံးဝမပတ်သက်တော့ဘူး"

"ကောင်းတယ် မမစိမ်း အခွင့်အရေးသမား လူရှုပ်လူပွေ သူနဲ့ မပတ်သက်တာ အကောင်းဆုံးပါပဲ မမစိမ်းရဲ့"

စိမ်းမမ သက်ပြင်းမောတစ်ချက်ကို စိတ်ရှုပ်ထွေးစွာ ချလိုက်မိသည်။

☆ ☆ ☆



## အခန်း (၇)

ကားဂိုဒေါင်အပေါ်ထပ်တွင် ဝေးလွင့် နေထိုင်ရန် မာမီ စီစဉ်ပေးသည်။ ဘာဝဲပြောပြော ဝေးလွင့် အိမ်ကိုရောက်လာသည့်နေ့မှ မိုးလင်းသည်နှင့် ကုမ္ပဏီကိုသွား မိုးချုပ်မှပြန်လာသည်။ ငြိမ်းမမတစ်ယောက် အပိုအလိုမရှိသော အချိန်များကြောင့် သူမနှစ်သက်မြတ်နိုးသည့် နှင်းဆီပန်းပင်တွေကို တယုတယမပြုစုနိုင်ခဲ့ ဝေးလွင့်အလိုက်သိမှုဖြင့် ပန်းခြံထည်းတွင် အချိန်ကုန်ခဲ့သည့် ပြုစုပေးမှုကြောင့် လှပစွာဖူးပွင့်၍လာခဲ့သည်။

အိမ်၏ကရိကထအလုပ် ကားရေဆေးခြင်း မိုးလင်းသည်နှင့် ခြံထဲရောက်ကာ ပေါင်းသင် ရေလောင်းသည်၊ မာမီ

www.burmeseclassic.com



နှင့်ကူသည်၊ တစ်ခါတရံ ကားတွေကို အသေအချာကြီး ကြည့်ပြီး ငိုင်နေတတ်သည်။

ဝေးလွင့် ကားရေဆေးနေသည့်နေရာသို့ စိမ်းမမ နောက်မှ တိတ်တိတ်ကလေး အသံမပေးဘဲ လျှောက်လာမိသည်။

နောက်ကနေ သူလန့်အောင် ခြောက်လှန့်မည်ဟု စိတ်ထဲမှ ကြံရွယ်လျက် တဖြည်းဖြည်း အနားသို့ တိုးကပ်လိုက်သည်။ ထို့နောက်...

"ဟိတ်" ဟု အသံပေး ခြောက်လှန့်လိုက်သည်၊ သူမ၏ အသံကြောင့် "အာ..."ဟု ရေရွတ်သံနှင့်အတူ ဆတ်ကနဲ နောက်သို့ ရုတ်တရက် သူမျက်နှာလှည့်၍လာသည်၊ သူ၏ မျက်နှာကို မြင်တွေ့လိုက်ရသည့်အတွက်...

"ဟင်"

ရေရွတ်သံနှင့်အတူ နောက်ကနေလှန့်မည်ဟု စိတ်ကူးထားသော သူမ၏မျက်ဝန်းကလေးများ ပြူးကျယ်ဝိုင်းစက်သွားကာ မယုံကြည်နိုင်သော မျက်ဝန်းဖြင့် ငေးကာကြည့်မိသည်။ သူမ၏အသံကြောင့် ဆတ်ကနဲ နောက်သို့လှည့်ကြည့်လိုက်သော သူ့မျက်နှာ အသားအရည်မှာ ဖြူဝင်းပြီး နုနယ်၍နေသည်။ ရိတ်ထားသော ပါးသိုင်းမွေးနေရာမှ စိမ်းမြသော အရောင်နှင့် ပိရိဖူးရဲနေသော နှုတ်ခမ်းနှစ်လွှာ၊ ဖြောင့်စင်း





ချွန်မြသော နှာတံက ထူထဲနက်မှောင်သော မျက်ခုံးထူထူတစ်စုံနှင့် တောက်ပရွှန်းစားသော အကြည့် မျက်ဝန်းတစ်စုံ ရှည်လျားရှုပ်ပွနေသော ဆံပင်များနေရာအစား သပ်သပ်ရပ်ရပ် ညှပ်ထားသည့် ဆံပင်တိုတိုတို့ဖြင့် ညှင်းသိုးသိုး စုတ်ချွန်းချွန်းပုံစံအစား သန့်ရှင်းသပ်ရပ်သော ရုပ်သွင်ပုံစံတို့ကြောင့် စိမ်းမမ သတိလက်လွတ် ငေးမော၍ကြည့်မိသည်။

စိမ်းမမ၏ပုံစံကြောင့် ဝေးလွင့် ထိတ်ထိတ်ပျာပျာဖြစ်သွားရသည်။

"မ...မမစိမ်း...ဘာ...ဘာခိုင်းမလို့လဲ ဟင်"

ဝေးလွင့်ထံမှ ကြားလိုက်ရသော စကားကြောင့် စိမ်းမမ၏ပျောက်ကွယ်လုလု အသိတရားတွေ ပြန့်ဝင်၍လာသည့်အတွက် သူမ၏ ပျော်ဝင်မျက်ဝန်းငွေ ဝေးလွင့်ထံမှ ဖျတ်ခနဲ အကြည့်လွှဲပစ်လိုက်မိသည်။

ဘာကြောင့်မှန်းမသိ စိမ်းမမ၏ ရင်တစ်ခုလုံး ဖြောင်းဆန်အောင် တုန်၍ ရင်ခုန်နှုန်းမြန်သွားရသည်။ လှုပ်ရှားတုန်ရင်နေသောရင်ကို ကြိုးစား၍ထိန်းရင်း...

"ကားရေဆေးလို့မပြီးသေးဘူးလား၊ မမစိမ်းကုမ္ပဏီကို သွားမလို့လေ"

စိမ်းမမကိုစေ့စေ့ကြည့်ရင်း ဝေးလွင့်၏မျက်နှာ ကွက်ခနဲ ဖျက်ယွင်းသွားကာ အလိုမကျရိပ်တွေ စွန်းထင်းကုန်သည်။

www.burmeseclassic.com



"ဟာဗျာ...မမစိမ်းကလည်း မိုးလင်းတာနဲ့ ကုမ္ပဏီကိုပဲ သွားနေတာပဲ၊ ကုမ္ပဏီဆိုတာ ဘာလဲဟင်၊ အဲ... ကုမ္ပဏီကို မမစိမ်း ဘာသွားလုပ်တာလဲ၊ နေ့တိုင်းပဲသွားနေတာပဲ၊ ပြီးတော့ မိုးချုပ်မှပြန်လာတယ်"

ဝေးလွင့်၏ စကားလုံးများကြောင့် စိမ်းမမ ပြုံးချင်ချင်ဖြစ်သွားရသည်။

"အဟင်း...မမစိမ်း အလုပ်သွားလုပ်တာပေါ့ ကလေးရဲ့၊ မမစိမ်းက ကုမ္ပဏီတစ်ခု တည်ထောင်ထားတယ်လေ ဝေးလွင့် ပျင်းရင် မမစိမ်းနဲ့ လိုက်ခဲ့လေ"

ဝေးလွင့်၏မျက်နှာ ဝင်းပသွားသည်။ လက်မှာကိုင်ထားသော အဝတ်စနှင့် ရေပိုက်ကိုလွှတ်ချလိုက်ရင်း...

"မမ မမစိမ်း တကယ်ပြောတာနော်၊ အဟီး လိုက်မယ် လိုက်မယ်"

ပြောပြောဆိုဆို ရုတ်တရက် ကားတံခါးကိုဖွင့်ကာ ကားမောင်းသူနေရာတွင် ဝေးလွင့် ခပ်တည်တည် လျင်မြန်စွာ ဝင်ထိုင်လိုက်သည်။

"လာလေ မမစိမ်း"

"ဟဲ့ ဝေးလွင့် ဖယ်စမ်း ဖယ်...ဖယ် ငါမောင်းမယ်"

ဝေးလွင့်က ခေါင်းကိုခါရမ်းပစ်လိုက်ရင်း ကားစတီယာရင်ကို လှမ်း၍ ကိုင်လိုက်သည်။





"အို...ဝေးလွင့် မလုပ်နဲ့ မလုပ်နဲ့ ဖယ်...ဖယ် မမစိမ်း မောင်းမယ် ဖယ်စမ်းပါကွာ၊ ဝေးလွင့် ပြောမရဘူးလား"

ဝေးလွင့်က ကားစတီယာရင်ကို ကိုင်ပြီး မှိုင်တွေ၍သွားသည်။ ဝေးလွင့်ထံမှ သက်ပြင်းချသံ ခပ်သဲ့သဲ့ထွက်ပေါ်လာပြီး တည်ငြိမ်အေးဆေးသော မျက်နှာထားဖြင့်...

မမစိမ်း ကျွန်တော့်ရဲ့စိတ်ထဲမှာလေ ကားမောင်းတတ်နေသလိုပဲ၊ ကျွန်တော်မောင်းမယ်ဗျာ၊ မယုံရင် ကျွန်တော်စက်နှိုးပြမယ်"

ပြောပြောဆိုဆို ကာစက်နှိုးရန် ဟန်ပြင်လိုက်သည့်အတွက် စိမ်းမမ ထိတ်ထိတ်ပျာပျာဖြစ်သွားရသည်။

"ဟဲ့...ဝေးလွင့် မလုပ်နဲ့ မလုပ်နဲ့"

"ဟာဗျာ မမစိမ်းကလည်း ဒီမှာကြည့်"

ဝေးလွင့် ကားစက်ကို ကျွမ်းကျင်စွာနှိုးလိုက်သည်။

"ဝူး..."

ကားစက်နှိုးလိုက်သည့်အတွက် ကားစက်သံကအျယ်လောင်စွာထွက်ပေါ်လာသည်။

"ဟယ်...ဝေးလွင့်"

စိမ်းမမ မယုံကြည်နိုင်သော မျက်ဝန်းစုံဖြင့် ငေး၍ကြည့်မိသည်။

"လာ မမစိမ်း တက်လေဗျာ၊ ကျွန်တော်လိုက်ပို့ပေး

www.burmeseclassic.com



မယ်"

စိမ်းမမ ကားပေါ်သို့မတက်ရဲသေးဘဲ ရပ်၍ကြည့်နေမိသည်။ လွန်စွာလည်း အံ့သြသွားသည်။

"မမစိမ်း ကားပေါ်ကိုတက်လေဗျာ"

"ဝေးလွင့် ဖယ်နော် ဝေးလွင့်က လိမ္မာပါတယ်ကွယ်၊ မမစိမ်း မောင်းမယ်နော်"

ဝေးလွင့် ခေါင်းကိုခါရမ်းပစ်လိုက်ရင်း...

"ကျွန်တော် မောင်းချင်တယ်ဗျာ၊ လာပါ မမစိမ်းရဲ့ တက်ပါ မမစိမ်း တက်လေ သွားကြမယ်"

စိမ်းမမတက်ရန် ကားရှေ့တံခါးကို ဝေးလွင့် လှမ်းဖွင့်ပေးလိုက်သည်။

"ဖြစ်ပါ့မလား ဝေးလွင့်ရယ်၊ မမစိမ်း မစီးရဲဘူးကွယ်"

'လာပါ မမစိမ်းရဲ့ ကျွန်တော်မောင်းတတ်ပါတယ်ဗျ။ မမစိမ်းကို ကျွန်တော် ကားစက်နှိုးပြပြီးပြီလေဗျာ အခု ကားမောင်းပြမယ်"

စိမ်းမမ ကားပေါ်သို့တက်ထိုင်လိုက်သည် ဆိုရင်ပဲ ကားလေး အရှိန်ပြင်းစွာမောင်းထွက်သွားသည်။

"ဟဲ့ ဟဲ့ ဝေးလွင့် ကားစက်ရှိန်ကို လျှော့လိုက်စမ်း ကားစက်အရှိန်ကိုလျှော့လိုက်စမ်း

ဝေးလွင့် စိမ်းမမ၏ပြောစကားအတိုင်း ကားကို စက်





ရှိန်လျှော့လိုက်သည်။

"ဟဲ...ဟဲ...မမစိမ်း ကျွန်တော် ကားမောင်းတတ်တယ်နော်၊ အဟားဟား ပျော်စရာကြီး အဟီး...မမစိမ်းကို ကျောင်းလိုက်ပို့ပေးမရယ်၊ ဟဲဟဲ မာမီကိုလည်း ရွှေဆိုင်ကို ကားမောင်းပြီးလိုက်ပို့ပေးရမယ်၊ အဟဲဟဲ ပျော်လိုက်တာ"

"ဟဲ့ ဟဲ့ ဝေးလွင့် ကားကို သေသေချာချာဂရုစိုက်ပြီး မောင်းစမ်းပါကွယ်၊ မမစိမ်း မင်းမောင်းတဲ့ကားကိုစီးရတာ ရင်ထိတ်လိုက်တာကွယ်"

ကားလေးကတော့ ကတ္တရာလမ်းမပေါ်မှာ တရိပ်ရိပ်ပြေးနေသည်။

"မမစိမ်း ကျွန်တော် ဘယ်ကိုမောင်းရမလဲဟင်"

"ရွှေဘုံသာလမ်းက ရွှေမြန်ပြည်ကုမ္ပဏီကိုမောင်းကွယ်၊ အဲ...ဟုတ်ပြီ ဟုတ်ပြီ ဟိုရှေ့ကလမ်းကိုကွေ့၊ အဲ...ရှေ့မှာမီးပွိုင့်ရှိတယ်နော်"

"ဟုတ်...ဟုတ်ကဲ့ မမစိမ်း"

ကားလေးက မီးပွိုင့်တွင်မိနေ၍ စက်ရှိန်ကိုလျှော့ကာ ခေတ္တခဏရပ်လိုက်သည်။

"ဟော...မီးပွိုင့်ကလွတ်ပြီ"

"ဟုတ်ကဲ့ မမစိမ်း"

စိမ်းမမ ကားစီးရပေမယ့် ရင်တထိတ်ထိတ်။ ကုမ္ပဏီ

www.burmeseclassic.com



ရှိရာသို့ လမ်းကိုညွှန်ပြပြောဆိုမိသည်။ ဝေးလွင့် ကားကို ညင်သာစွာမောင်းနေသည်။

ဝေးလွင့်ကို စိမ်းမမ စောင်းငဲ့၍ကြည့်မိသည်။ ဝေးလွင့်ကတော့ ကားကို ဂရုတစိုက်မောင်းနေသည်။

"ဝေးလွင့် မင်းဒီနေ့သိပ်ကိုလှနေပါလား"

ရယ်ကျဲကျဲမျက်နှာပေးဖြင့် စိမ်းမမကို ဝေးလွင့် စောင်းငဲ့၍ကြည့်သည်။

"အဟီး လှတယ် လှတယ် သိပ်လှတယ်"

"ဟင်းဟင်း ဘယ်သူလှတာလဲဟင်"

"မမစိမ်း မမငြိမ်း အဲ...မာမီ အားလုံးလှတယ်"

"သူတို့ကိုပြောတာမဟုတ်ဘူးကွ၊ ဝေးလွင့်ကိုပြောတာ"

ကားလေးက ရွှေဘုံသာလမ်းထဲသို့ ချိုးကွေ့၍ဝင်လာသည်။

"ဟုတ်ပြီဝေးလွင့် ဟိုးရှေ့ကမြင်နေရတာ မမစိမ်းရဲ့ ကုမ္ပဏီပေါ့၊ ရွှေမြန်ပြည်ကုမ္ပဏီဆိုတာလေ"

"ဟုတ်...ဟုတ်ကဲ့ မမစိမ်း"

ကားလေးက ကုမ္ပဏီ၏မလှမ်းမကမ်းနေရာတွင် ရပ်သွားသည်။

"ကဲ ရောက်ပြီ မမစိမ်း ဆင်းတော့"





စိမ်းမမ၏ကုမ္ပဏီကို တစ်ချက်မော့ကြည့်ပြီး ပြောလိုက်သည်။ ဝေးလွင့်အဖို့တော့ စိမ်းမမ၏ ကုမ္ပဏီကြီးမှာ လွန်စွာလှပ၍ ကြီးကျယ်ခမ်းနားလွန်းလှသည်ကို စိတ်ဝင်စားဟန် မပြ။

"ဝေးလွင့် ဟောဒါ မမစိမ်းရဲ့ ကုမ္ပဏီကြီးလေ မလှဘူးလားဟင်"

"အင်း...လှတော့လှပါရဲ့ ဒါပေမယ့် ကျွန်တော့်ရဲ့ ကုမ္ပဏီလောက် လှမယ်မထင်ပါဘူးဗျာ ဟဲဟဲ အဟီး"

"ဘာ...ဘယ်လို ဝေးလွင့်ရဲ့ကုမ္ပဏီ ဟုတ်လား"

"အင်း အင်း ဟုတ်တယ် ဟုတ်တယ် ကျွန်တော့်ရဲ့ ကုမ္ပဏီ ကုမ္ပဏီ၊ ဟဲဟဲ ဟဲ မမစိမ်း ကျွန်တော် ကားမောင်းတတ်တယ်နော်၊ ပျော်စရာကြီးပဲ အဟီးဟီး မမစိမ်း ရောက်ပြီလေ ဆင်းတော့"

ထိုစဉ် ကုမ္ပဏီအတွင်းမှ ရိုစီထွက်လာလေသည်။ စိမ်းမမတို့ရှိရာသို့ ခပ်သွက်သွက်ကလေး လျှောက်လာလေသည်။

ရိုစီ၏မျက်ဝန်းစုံက ကားအတွင်းသို့ လှမ်းကြည့်လိုက်ရာ ကားမောင်းသူနေရာတွင် ထိုင်နေသည့် ဝေးလွင့်ကို တွေ့လိုက်ရသည့်အတွက် လွန်စွာ အံ့သြ၍သွားသည်။

"ဟင်...မမစိမ်း ဝေး...ဝေးလွင့် သူ သူက ကား

www.burmeseclassic.com



မောင်းတတ်တယ် ဟုတ်လား"

ပြောပြောဆိုဆို စိမ်းမမကို ဆင်းရန် ကားတံခါးကို ရှိုစ် ဆွဲဖွင့်ပေးလိုက်သည်။

ဝေးလွင့်ကတော့ တစ်ယောက်တည်း ဘာတွေကို သဘောကျနေမှန်းမသိ တဟဲဟဲနှင့် ရယ်မော၍နေသည်။

စိမ်းမမ ကားပေါ်မှဆင်းလိုက်သည်။

"ရှိုစ်ရေ မပြောချင်ပါဘူးဟယ်၊ သူ့ရဲ့စိတ်ထဲမှာ သူ ကားမောင်းတတ်တယ်လို့ ထင်တယ်ဆိုပြီး ဇွတ်အတင်း ကားပေါ်တက်ပြီး ကားစက်ကိုနှိုးပြတယ်၊ ကားစက်နှိုးပြပြီးတော့ ကားပေါ်ကဆင်းခိုင်းတာ မရတော့ဘူးကွယ်၊ သူမောင်းတဲ့ ကား စီးသာလာရတယ် ရင်တထိတ်ထိတ်နဲ့ပဲ ရှိုစ်ရေ"

"ဟာ ဒါဆိုရင် ဝေးလွင့်အတွက် ကောင်းတဲ့လက္ခဏာ မင်္ဂလာသတင်းပဲပေါ့ မမစိမ်းရဲ့၊ သူ့ရဲ့ ဘဝဖြစ်စဉ်မှန်ကိုလည်း သူ တဖြည်းဖြည်းနဲ့ သတိရလာမှာပါ။ သူ့ရဲ့ဘဝကို သူ သတိပြန်ရလာရင် ရှိုစ်နဲ့ မမစိမ်းတို့ကို သူမေ့သွားမလား မသိဘူး နော်"

"ရှော့...မမစိမ်း"

ကားပေါ်မှစိမ်းမမ၏ အတက်ချီကော့(စ်)သေတ္တာပြား လေးကို ဝေးလွင့် ယူ၍ပေးလိုက်သည်။

"မမစိမ်းတို့ရေ တာ့တာ မမငြိမ်းနဲ့ မာမီတို့ကို





ကျွန်တော် သူတို့သွားချင်တဲ့နေရာ လိုက်ပို့ပေးမယ်နော်"

"အို...ဟဲ့ ဝေးလွင့် မသွားနဲ့ လာ လာ ကားပေါ်က ဆင်းစမ်း၊ မမစိမ်းနဲ့ ညနေမှ အတူပြန်မယ်"

"ဟင့်အင်း မမငြိမ်းကို ကျောင်းလိုက်ပို့ပေးမလို့ဗျ သွားမယ်နော်"

ပြောပြောဆိုဆို ကားကိုစက်နှိုး၍ တစ်ရှိန်ထိုး မောင်း ထွက်သွားသည်။

"အို ဒုက္ခပါပဲ ရှိုစ်ရယ် အိမ်ကိုမပြန်ဘဲ သူ့စိတ်ထင်ရာ ကားကို လျှောက်ပြီးမောင်းနေရင် ဒုက္ခ၊ သူ့ရဲ့စိတ်တွေက ပုံမှန် မဟုတ်ဘူးကွယ့်"

"မမစိမ်း ခုလို သူ့ကိုမြင်လိုက်ရတော့ လူကောင်း တစ် ယောက်အတိုင်းပဲနော်၊ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်နဲ့ မမငြိမ်း ပုံစံသွင်းလိုက်တာနဲ့ တူတယ်"

"ဟုတ်တယ်ရှိုစ် မမငြိမ်းနဲ့ မာမီတို့နှစ်ယောက်က သူ့ဘဝပြောင်းလွဲရေးကို အရမ်းစိတ်ဝင်စားနေကြတာ၊ သူ့ကို ကြည့်ရတာ ရန်ကုန်နဲ့ သိပ်စိမ်းမနေဘူးကွ၊ ကားလမ်းတွေ ကို မမစိမ်း အရိပ်အမြွက်လောက်သာ ပြောတာ သူက ကျွမ်း ကျွမ်းကျင်ကျင်နဲ့ မောင်းနှင်နိုင်တာ အံ့ဩဖို့ကောင်းတယ်ကွာ"

"ဒါဆိုရင် သူအိမ်ပြန်မရောက်မှာ ပူစရာမလိုတော့ ဘူး"

www.burmeseclassic.com



ရိုစီနှင့် စိမ်းမမတို့နှစ်ယောက် စကားတပြောပြောနှင့် ကုမ္ပဏီရုံးခန်းရှိရာသို့ လျှောက်လာခဲ့ကြသည်။

စိမ်းမမကတော့ ဝေးလွင့်အတွက် ပူပင်သောက ရောက်နေသည်။ အိမ်သို့ ချောချောမောမောရောက်ပါစေဟု ဘုရားတ၍ ဆုတောင်းနေမိသည်။

"ရိုစီ့ မမစိမ်းတို့အိမ်ကို ဖုန်းဆက်စေချင်တယ်"

"ရိုစီ့ ဆက်လိုက်မယ် မမစိမ်း"

ရိုစီ့ သူမလက်မှာကိုင်ထားသော ဟန်းဖုန်းကလေးဖြင့် စိမ်းမမတို့အိမ်ကို ဖုန်းလှမ်း၍ဆက်လိုက်သည်။

"ဟယ်လို အန်တီ ရိုစီ့ပါ ဝေးလွင့် အိမ်ကိုပြန်ရောက်ပြီလား၊ မမစိမ်းက အရမ်းစိတ်ပူနေတယ်"

"ရိုစီ့ရေ ဝေးလွင့်ပြန်ရောက်နေပြီ၊ အန်တီတို့ အရမ်းအံ့ဩနေတာ၊ ဝေးလွင့်ရဲ့အခြေအနေ တဖြည်းဖြည်းကောင်းလာမှာပါ သူ့ရဲ့ အရင်ဘဝဟောင်းကို သူ မကြာခင်သတိရမယ်လို့ ထင်တယ်"

"ဟုတ်တယ် အန်တီ သူ့အတွက် မမစိမ်းလည်း အရမ်းဝမ်းသာနေတယ်၊ အဲ...မမစိမ်းက သူ ကားတစ်စီးနဲ့ လျှောက်သွားမှာကို အရမ်းစိုးရိမ်နေတာ တော်သေးပါရဲ့ အိမ်ကို လမ်းတွေမှတ်မိပြီး တန်းတန်းမတ်မတ်ပြန်တတ်လို့"

"ရိုစီ့ရေ မမငြိမ်းတော့ ဒုက္ခရောက်နေပြီကယ် ဟင်း"





ဟင်း"

"ဘာဖြစ်လို့လဲ အန်တီ"

"ဝေးလွင့်က မမငြိမ်းကျောင်းကို အတင်း သူလိုက်ပို့မယ်ချည်းပြောနေလို့ ငြိမ်း ကျောင်းကိုမသွားဘဲ နေရတယ်၊ ဝေးလွင့်မောင်းတဲ့ကားကို မစီးရဲဘူးတဲ့ကွယ်၊ စိတ်ဖောက်ပြီး ကားကို ထင်ရာစွတ်မောင်းသွားရင် ဒုက္ခတဲ့ ဟင်းဟင်း"

"အဲ...ဟုတ်လား ဝေးလွင့်ကို အမြင်ကိုလုံးဝမထွက်စေနဲ့ အန်တီ"

"အေး အေး သမီး ဒါပဲနော်"

"ဟုတ်ကဲ့ရှင့်"

ဝေးလွင့်အတွက် စိုးရိမ်သောကဖြစ်နေသည့် စိမ်းမမ၏မျက်နှာလေးမှာ ညှိုးနွမ်း၍ ပျက်ချင်ချင်။

"မမစိမ်း ငြိမ်းတော့ ဒုက္ခရောက်ပြီ"

"ဘာ...ဘာယ်လို"

"ဟင်းဟင်း ဝေးလွင့်က မမငြိမ်းကို သူ့ကားနဲ့ ကျောင်းကို အတင်းလိုက်ပို့မယ်လုပ်နေလို့ မမငြိမ်း ကျောင်းကိုမသွားရဲဘူးတဲ့၊ ဝေးလွင့်မောင်းတဲ့ကားကို မမငြိမ်းမစီးရဲဘူးဖြစ်နေတယ် ဟင်းဟင်း"

"ရိုစီ့ ဒါဆိုရင် မမစိမ်းပြန်မှဖြစ်မယ်ရိုစီ့"

"ရိုစီ့မှာ ကားပါပါတယ် မမစိမ်း၊ ရိုစီ့လိုက်ပို့မယ်နော်"

www.burmeseclassic.com



စိမ်းမမ သက်ပြင်းရှည်ကြီးကို လေးတွဲ့စွာချလိုက်မိသည်။

သူမ၏စိတ်ထဲ ဝေးလွင့်ကိုသာ သတိရလွမ်းဆွတ်နေမိသည်။ ဘာကြောင့်မှန်းမသိ ဝေးလွင့်၏ပုံရိပ်က သူမ၏မျက်ဝန်းထဲမှာ တရစ်ဝဲဝဲပေါ်လာလေသည်။ ဝေးလွင့် သူ၏အရင်ဘဝဟောင်းကို ပြန်လည်၍ သတိရသွားမှာကို အရမ်းစိုးရိမ်နေမိသည်။

❖ ❖ ❖

"အို…တံခါးကို ပိတ်ထားပါလား၊ ဆင်းဖွင့်နေရမှာကြာပါတယ် ကဲကွာ"

စေ့ပိတ်ထားသော တံခါးကို ဆိုင်ကယ်ဖြင့်တွန်းကာ ရာဇာ စိမ်းမမတို့၏ ခြံအတွင်းသို့ ဝင်လာသည်။

"တီ…တီ…တီ"

ခြံထဲသို့ ဟွန်းကိုအဆက်မပြတ်တီးကာ အရှိန်ပြင်းစွာမောင်းနှင်ဝင်လာသော နောက်ဆုံးပေါ် DT ဆိုင်ကယ်ကြီး၏





ဟွန်းသံကြောင့် တိုက်ရှေ့ပေါ်တီကိုအောက်တွင် ထိုင်နေသော ဝေးလွင့် အသံလာရာဆီသို့ စောင်းငဲ့၍ လှမ်းကြည့်မိသည်။

"တီ…တီ…တီ"

ဆိုင်ကယ်က ဝေးလွင့်နှင့် မလှမ်းမကမ်း ခပ်လှမ်းလှမ်းတွင် ရပ်သွားသည်။ ဆိုင်ကယ်ပေါ်မှ ရာဇာဆင်းလာသည်ကိုတွေ့လိုက်ရသည့်အတွက် ဝေးလွင့် ထိုင်ရာမှထကာ ထိုလူဆီသို့ ခပ်သွက်သွက်ခြေလှမ်းများဖြင့် လျှောက်သွားကာ ဂျစ်ကန်ကန် ပေးစောင်းစောင်း ပုံစံဖြင့် ရာဇာ၏ရှေ့တည့်တည့်တွင် ခြေစုံရပ်လိုက်ရင်း…

"ဟေ့လူ ဘာကိစ္စလဲဗျ ခွင့်မတောင်းဘဲနဲ့ သူများခြံထဲကို စောစောစီးစီး စွတ်ဝင်လာတယ်"

ရာဇာ မိမိ၏ရှေ့မှာရပ်နေသော ဝေးလွင့်ကို မျက်မှောင်ကြုတ်ကာ ကြည့်လိုက်မိသည်။ စိမ်းမမတို့ဆီမှာ တစ်ခါမှ မမြင်ဖူးသော၊ သူ့ထက်သာလွန်ချောမောသော ယောကျ်ားတစ်ယောက်ကို မြင်လိုက်ရသဖြင့် ရာဇာ မဲ့ပြုံးတစ်ချက်ပြုံးလိုက်ရင်း…

"စိမ်းမမရှိလား စိမ်းမမနဲ့တွေ့ချင်လို့"

ဝေးလွင့်၏မျက်နှာ ကွက်ခနဲ ပျက်ယွင်းသွားသည်။

"မမစိမ်း မရှိဘူး"

www.burmeseclassic.com



"နေစမ်းပါဦးကွ မင်းက စိမ်းနဲ့ ဘယ်လိုပတ်သက်နေသလဲ၊ မင်းကို အစက ငါမတွေ့ဖူးပါဘူး"

ဝေးလွင့်၏ပခုံးကို ခပ်ဆတ်ဆတ်လေးပုတ်၍ ရာဇာ ပြောလိုက်သည့်အတွက် ဝေးလွင့် ဒေါသထောင်းခနဲထွက်သွားရသည်။

"ခင်ဗျားကရော ဘာကိစ္စနဲ့ ကျုပ်တို့ခြံထဲကို ရောက်လာရတာလဲ"

ရာဇာ နှုတ်ခမ်းထောင်းစွန်းကလေး တွန့်ရုံပြုံးကာ..

"အဟက် စိမ်းပြောပြမထားဘူးနဲ့ တူတယ် ငါနာမည်က ရာဇာ၊ စိမ်းဆိုတဲ့ စိမ်းမမနဲ့ မကြာခင်လက်ထပ်တော့မယ့် စိမ်းရဲ့ခင်ပွန်းလောင်းဆိုတာကို မင်းရဲ့ခေါင်းထဲမှာ မှတ်ထားစမ်း"

"ဘာဗျ...ခင်ဗျားဟာခင်ဗျား စေ့စပ်ထားတယ် ဘာဘာညာညာပြောပြော ကျုပ်မသိဘူး၊ ကျုပ်သိတာက မမစိမ်းရဲ့အနားမှာ ကျုပ်တစ်ယောက်တည်းပဲရှိတယ်၊ ကျုပ်အပြင် နောက်တစ်ယောက်ကို လက်ခံလိမ့်မယ် မထင်နဲ့၊ ခင်ဗျားကို တာ့တာပဲ ခင်ဗျားမြန်တော့"

ပြောပြောဆိုဆို ရာဇာ၏ရင်ဘတ်ကို ဆောင့်တွန်းလိုက်သည်။

"ဟာကွာ...တောက် မင်း...မင်း"





ရာဇာ အနောက်သို့ ယိမ်းယိုင်သွားသည်။ ရာဇာ၏ ဒေါသသွေးတွေ ဆူပွက်၍သွားသည်။

"ကဲကွာ...ကဲကွာ"

"ခွပ်...ခွပ်"

"အား"

ဝေးလွင့်၏မျက်နှာသို့ ရာဇာ၏လက်သီးက အရှိန်ပြင်းစွာ ကျရောက်လာသည်။

"အို...ကိုရာဇာ မလုပ်ပါနဲ့"

တိုက်အတွင်းမှ စိမ်းမမပြေးထွက်လာသည်။ စိမ်းမမ၏ အော်ဟစ်ဟန့်တားသည့်အတွက် ရာဇာ၏လက်သီး လေတွင်ရပ်တန့်သွားသည်။ ရာဇာ၏မျက်နှာ တင်းမာခက်ထန်နေသည်။

"ဒီကောင် သိပ်မိုက်ရိုင်းတယ်စိမ်း"

"အီးဟီးဟီး မမစိမ်း ဒီကောင် ကျွန်တော့်ကိုထိုးတယ်ဗျ ထိုးတယ် အီးဟီးဟီး"

ဝေးလွင့်က စိမ်းမမကို ငိုတိုင်လေသည်။

"မမစိမ်း ဒီကောင့်ကို ကျွန်တော် မကျေနပ်ဘူးဗျ၊ အီးဟီးဟီး သူ...သူ ကျွန်တော့်ကိုထိုးတယ်ဗျ၊ ဟော့ကောင်မင်းကို ငါမကျေနပ်ဘူးကွ"

ပြောပြောဆိုဆို ရာဇာ၏ရင်ဘတ်ကို လက်ဖြင့်

www.burmeseclassic.com



အားကုန်ဆောင့်တွန်းပစ်လိုက်သည်။

"ကဲကွာ သေစမ်း"

"အား"

"ဘိုင်း"

ရာဇာ ဟန်ချက်ပျက်ကာ အနောက်သို့ အရှိန်မထိန်းနိုင်ဘဲ လဲကျ၍သွားသည်။

"အို...ကိုရာဇာ"

စိမ်းမမ ထိတ်ထိတ်ပျာပျာဖြစ်သွားကာ ရာဇာကို ပြေးထူလိုက်မိသည်။ ဝေးလွင့် ရာဇာနှင့် စိမ်းမမတို့ကို မျက်တောင်မခတ်စတမ်း စူးစိုက်စွာ မျက်ဝန်းစုံဖြင့် စိုက်ကြည့်ရင်း စိမ်းမမနှင့် ရာဇာတို့၏အနားသို့ ဝေးလွင့် တရွေ့ရွေ့ တိုးကပ်၍လာသည်။ ဝေးလွင့်ကို...

"ဟဲ့...ဟဲ့ ဝေးလွင့် ဒါ မမစိမ်းဧည့်သည် သွား သွားစမ်း"

တင်းမာခက်ထန်သော မျက်နှာနှင့် လေသံပြင်းပြင်းဖြင့် ပြောဆိုမာန်မဲလိုက်သည့်အတွက် ဝေးလွင့်၏ခြေလှမ်းတွေ ရပ်တန့်သွားသည်။

"ဝေးလွင့် သွားလို့ပြောနေတယ်နော် ဒါ မမစိမ်းရဲ့ ဧည့်သည်၊ သွား မင်းသွားတော့ မမငြိမ်းနဲ့ မာမီခေါ်နေတယ်"

စိမ်းမမကို ဘာစကားတစ်လုံးမှ ခွန်းတုန့်မပြန်ဘဲ





တင်းမာခက်ထန်နေသော ဝေးလွင့်၏မျက်နှာမှာ ရုတ်ချည်း ညှိုးနွမ်းသွားပြီး ချာခနဲ ကျောခိုင်းကာ လှည့်ထွက်၍သွားသည်။

ဝေးလွင့်၏ပုံစံကြောင့် စိမ်းမမ၏ရင်ထဲ တင်းကျပ်စွာ ခံစားလိုက်ရသည်။

"စိမ်း ဒီကောင်ဘယ်ကလဲ ရူးကြောင်ကြောင်နဲ့"

စိမ်းမမ ဘာမှမပြောဘဲ ဝေးငိုင်ကာ မှိုင်ကျသွားသည်။ စိမ်းမမ၏ ရုတ်တရက်ပြောင်းလဲသွားသော ပုံစံကြောင့် ရာဇာ မျက်မှောင်ကြုတ်ကာ စိမ်းမမကို စိုက်ကြည့်နေမိသည်။

ခဏကြာမှ စိမ်းမမ ရာဇာကို မျက်လွှာပင့်ကာ မော့ကြည့်မိသည်။ ရာဇာ၏ အေးစက်စက် အကြည့်စူးစူးတို့နှင့် ရင်ဆိုင်လိုက်ရသည့်အတွက် စိမ်းမမ၏ မျက်နှာလေးမှာ ရုတ်ချည်း တင်းမာခက်ထန်သွားသည်။

"ရှင် စောစောစီးစီး ဘာလာလုပ်တာလဲ ကိုရာဇာ၊ မလာစဖူး အလာထူးလှချည်လား"

စိမ်းမမ၏အသံမှာ ဒေါသသံအနည်းငယ်စွက်နေသည်ဟု ရာဇာထင်လိုက်မိသည်။ ထို့ကြောင့် နှုတ်ခမ်းထောင့်စွန်းကလေး တွန့်ရှုံ့ပြုံးလိုက်ရင်း...

"အဟက် ကိုယ်လား စိမ်းကိုသတိရလို့ တွေ့ချင်လို့ ပေါ့ကွာ"

www.burmeseclassic.com



"ရှင်...ရှင်နော် ဘာတွေလာပြောနေတာလဲ"

"အဟက်ဟက် စိမ်းက ဘယ်လိုကြည့်ကြည့် သိပ်လှတာပဲ၊ အဲ...အခုလိုစိတ်ဆိုးနေတဲ့ပုံက ပိုပြီးတော့ ချစ်ဖို့ကောင်းသေးတယ်"

"ကိုရာဇာ ရှင် ဒီလိုစကားတွေ ဆက်ပြောဦးမယ်ဆိုရင် ရှင် ကျွန်မခြံထဲကနေ ထွက်သွား"

"အဟက် ဟက် ဒေါ်စိမ်းမမရယ်၊ အလကားစတာပါဗျာ စိတ်ဆိုးတာကလည်း မြန်လိုက်တာ၊ ဟဲ...ဟဲ Sorry နော် Sorry အလကားစတာပါဗျာ၊ ကိုယ့်ဆီမှာ ဒေါ်စိမ်းမမှာထားတဲ့ပစ္စည်းတွေရောက်ပြီလို့ လမ်းကြုံလို့ ဝင်ပြောတာပါဗျာ ဟဲ...ဟဲ"

ရုတ်ချည်း စိမ်းမမ၏မျက်နှာလေး ပြုံးရွှင်၍သွားသည်။

"ဟယ်...တကယ်ပြောတာလား ကိုရာဇာ Sorry နော် ကျွန်မဘက်က ပြောမှားဆိုမှားဖြစ်သွားရင် တောင်းပန်ပါတယ်"

"ရပါတယ်စိမ်းရယ် ဟဲ ဟဲ ကိုယ်နဲ့စိမ်းနဲ့က သူစိမ်းတွေမှ မဟုတ်တာ၊ ကိုယ့်ရဲ့မိတ်ဆွေက ဂျာမဏီကနေပို့လိုက်တဲ့ ပစ္စည်းဆန်းတွေ ရောက်လာလို့"

"ရှင် တကယ်လား ကိုရာဇာ"

"ကိုယ် စိမ်းတို့ညာပြောရမှာလား ဒီဇိုင်းတွေအားလုံး





ဆန်းတယ် စိမ်း စိတ်ကြိုက်တွေချည်းပဲ ကိုယ်မှာထားတာ"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ နေ့လယ်ကျမှ ပစ္စည်းတွေကို ကျွန်မ ဦးသက်ခိုင်ကို လာကြည့်ခိုင်းလိုက်ပါ့မယ်"

"ဟာဗျာ လာကြည့်ခိုင်းဦးမယ် ဟုတ်လား ကျွန်တော်က နေ့လယ်လာပို့ပေးမယ်လို့ စိတ်ကူးထားတာဗျ"

စိမ်းမမ မျက်မှောင်ကြုတ်ကာ တွေဝေစဉ်းစားလိုက်ပြီး

"အိုး...ရှင့်ပစ္စည်းတွေက ဒီဇိုင်းဆန်းတယ်လို့ ရှင်ပြောပေမယ့် ကျွန်မအတွက် ဈေးကွက်ဝင်မဝင် ကြည့်ရဦးမယ်လေ၊ ရှင့်ပစ္စည်းတွေအကြောင်း ကျွန်မ မသိရသေးဘဲနဲ့ ချက်ချင်းလာမပို့ပေးနဲ့ဦး၊ ကိုရာဇာရဲ့ပစ္စည်းကို ကျွန်မ ကြိုက်မှယူမှာနော်"

"အဟက်ဟက် အားလုံး စိမ်းမမစိတ်ကြိုက်တွေရွေးပြီးမှ ကိုယ်မှာထားတာ၊ ပစ္စည်းတွေရောက်ရောက်ချင်း ကိုယ်လာပြောတာ၊ ဟဲ...ဟဲ ကျွန်တော်ပြောမယ် စိမ်းအတွက်ဆိုရင် ကျွန်တော့်ဘက်က စိမ်းလိုချင်တာမှန်သမျှ အိုကေ...စိမ်းစိတ်ကြိုက်ဖြစ်အောင် စီစဉ်ပြီးသားပါ ဟဲဟဲ"

"ကျေးဇူးတင်ပါတယ် ကိုရာဇာ"

ထိုစဉ် တိုက်ထဲမှ ဒေါ်ခင်မာလာထွက်လာသည်။

"ဟယ်...မောင်ရာဇာ ရောက်နေတာ ကြာပြီလား"

"ဟုတ်ကဲ့အန်တီ အဟဲ ရောက်နေတာ ကြာပြီ"

www.burmeseclassic.com



"အို...ဘယ့်နှယ် မတ်တတ်ကြီးရပ်နေကြတာလဲ သမီးစိမ်း မောင်ရာဇာကို တိုက်ထဲခေါ်လေကွယ်၊ သမီးစိမ်းက သိပ်ခက်တာပဲ လာ လာ မောင်ရာဇာ"

"အဟင်း မေ့နေလို့ Sorry Sorry ကိုရာဇာ တိုက်ထဲကို ဝင်ပါဦးလား"

"ကိုယ်သွားစရာရှိနေလို့ပါ စိမ်း အန်တီ ကျွန်တော်သွားစရာတွေ ရှိသေးလို့ပါ အန်တီ ဟဲဟဲ ကျွန်တော်နဲ့ အန်တီနဲ့က သူစိမ်းတွေမှမဟုတ်တာ ကျွန်တော့်ကို ခွင့်ပြုပါဦး အန်တီ"

"အေးကွယ်...အေးအေး အဲ...မောင်ရာဇာရေ မေ့နေလို့ သားမာမီကို ပြောလိုက်ပါဦး အရည်အသွေးကောင်းတဲ့ စိန်တစ်ဆင်စာမှာထားတာ ရပြီလို့၊ ညနေဆိုင်သိမ်းရင် အန်တီအိမ်ကိုဝင်လာမယ်လို့ သားပြောလိုက်နော်"

"ဟုတ်ကဲ့အန်တီ ဟဲဟဲ...မာမီလည်း အန်တီနဲ့ အေးအေးဆေးဆေး စကားပြောချင်တယ်လို့ပြောတယ်၊ အန်တီ ဆက်ဆက်လာခဲ့နော်၊ စိမ်းပါ လိုက်ခဲ့ပါလားဟင်"

"Sorry ကိုရာဇာ စိမ်း အိမ်မလည်တတ်ဘူး"

ဒေါ်ခင်မာလာ စိမ်းမမ၏ ခပ်ဆတ်ဆတ်ပြောလိုက်သည့် စကားကြောင့် မျက်မှောင်ကြုတ်ကာ စိမ်းမမကို မလိုမကျေရိပ်တွေ စွန်းထင်းနေသော မျက်ဝန်းဖြင့် ကြည့်မိသည်။





"အို...သမီးစိမ်း ဘယ်လိုပြောလိုက်တာလဲ"

"ဟဲဟဲ ရပါတယ်အန်တီရယ် စိမ်းပြောချင်သလို ပြောပါစေ စိမ်းနဲ့ ကျွန်တော်က ဟဲဟဲ သူစိမ်းတွေမှ မဟုတ်တာ"

ရာဇာ၏စကားကြောင့် စိမ်းမ်၏မျက်နှာလေး စူပုပ်ပုပ်ကလေးဖြစ်သွားရသည်။

"ရှင်...ရှင်နော် ဘာတွေပြောနေတာလဲ ကျွန်မ မကြိုက်ဘူး"

"တွေ့လားအန်တီ စိမ်းက ကျွန်တော့်ကို သိပ်ဆိုးတာ ဟဲဟဲ...ဟဲ"

ဒေါ်ခင်မာလာက ပြုံး၍ ခေါင်းတညိတ်ညိတ်ဖြင့် သူတို့နှစ်ယောက်ကို ကြည့်နေသည်။

"အန်တီခင် ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦးခင်ဗျာ"

"အေးကွယ် အေးအေး"

"စိမ်း ကိုယ်ပြန်မယ်နော်"

"ဟုတ်ကဲ့ ကိုရာဇာ ပစ္စည်းတွေကို ကျွန်မကြိုက်မှ ယူမှာနော်"

"ကိုယ် တော်ကြာနေ ပစ္စည်းတွေအားလုံး စိမ်းရဲ့ ကုမ္ပဏီကို ပို့လိုက်မှာ၊ စိမ်း ငွေတစ်ပြားမှပေးစရာမလိုဘူး၊ ကိုယ် ငွေအပြီးချေပြီးသား၊ စိမ်းအတွက် ဟဲ ဟဲ ကိုယ့်ရဲ့

www.burmeseclassic.com



ချစ်သက်လက်ဆောင်ပေါ့နော်”

စိမ်းမမ၏မျက်နှာ ကွက်ကနဲပျက်ယွင်းသွားသည်။

“အို...ကျွန်မ သူများပစ္စည်းကို ဘယ်တော့မှ အချောင်အလကားမယူချင်ဘူး၊ မလိုချင်ဘူး၊ တန်ရာတန်ကြေး ပေးဝယ်မှာ၊ နေစမ်းပါဦး ရှင်က ကျွန်မကို ဘယ်လို မိန်းမစားမျိုး မှတ်လို့လဲ”

“အို...သမီး ဘယ်လိုပြောလိုက်တာလဲကွယ်၊ သမီးနဲ့ မောင်ရာဇာက သူစိမ်းတွေ မဟုတ်ဘူးလေကွယ်၊ သမီးနဲ့ မောင်ရာဇာကို မြန်မြန်နေရာချပေးမှ ဖြစ်တော့မယ်”

ဒေါ်ခင်မာလာစကားကြောင့် စိမ်းမမ၏ မျက်နှာလေး ပန်းသွေးရောင်လွှမ်းသွားသည်။

“ဖို့...မာမီ မဟုတ်ဘူး မဟုတ်ဘူး”

ပြောပြီး တိုက်ထဲသို့ပြေးဝင်သွားတော့သည်။

***



## အခန်း (၈)

ခုတလော စိမ်းမမ ကုမ္ပဏီလုပ်ငန်းများနှင့် အလုပ်ရှုပ်နေ၍ နံနက်စောစော အိမ်ကထွက် ညနေမိုးချုပ်မှ အိမ်သို့ ပြန်လာနှင့် ဝေးလွင့်နှင့်ပင် မတွေ့ရပေ။ အမှန်တကယ် ဝေးလွင့်ကို သူမ မခေါ်ချင် မပြောချင်၍ ရှောင်နေသည် မဟုတ်။ ဝေးလွင့်က စိမ်းမမကိုမြင်သည်နှင့် ပုန်းကွယ်၍နေတတ်သည်။

ဝေးလွင့်ကတော့ နံနက် စိမ်းမမ အိမ်ကထွက်မှ သူ၏ အားဂိုဒေါင်ပေါ်မှ သူ့အိပ်ခန်းက ထွက်လာတတ်သလို ညနေစောင်းတာနှင့်ပင် သူ၏ အိပ်ခန်းအတွင်းသို့ ဝင်၍နေတာမှိုင်နေတတ်သည်။

www.burmeseclassic.com



တစ်ခါတစ်ရံ မည်သူနှင့်မျှ စကားမပြောဘဲ မှိုင်နေတတ်သည်။

"မမစိမ်း ဝေးလွင့်တစ်ယောက် ဘယ်လိုအခြေအနေရှိလဲဟင် မမစိမ်းတို့နဲ့ အဆင်ပြေလား"

ဝင်ငွေထွက်ငွေစာရင်းတွေကို စစ်နေသော စိမ်းမမတစ်ယောက် ရှိစ့်၏အမေးစကားလုံးများကြောင့် ဝေးလွင့်ကို ဖျတ်ခနဲသတိရသွားသည်။ ရှိစ့်ကို မျက်လွှာပင့်ကာ စောင်းငဲ့ကြည့်ရင်း...

"ဪ ရှိစ့် ဝေးလွင့်လား မမငြိမ်းတို့ မာမီတို့နဲ့ အဆင်ပြေပါတယ်၊ ရှိစ့်ကို ဝေးလွင့်အကြောင်း ထူးထူးဆန်းဆန်း ပြောစရာရှိတယ်"

"ဟင်..ဟုတ်လား ဘာ...ဘာဖြစ်လို့လဲဟင် မမစိမ်း ဝေးလွင့် ဘာဖြစ်လို့လဲ၊ သူ...သူ စိတ်တွေဖောက်ပြန်လို့လားဟင်"

ရှိစ့်၏မျက်ဝန်းကလေး ပြူးကျယ်သွားကာ ထိတ်ထိတ်ပျာပျာဖြစ်သွားရသည်။ ရှိစ့်၏ပုံစံကြောင့် စိမ်းမမအားပါးတရ ရယ်ချလိုက်မိသည်။

"ဟားဟား..ဟားဟား ရှိစ့်ရယ် ဝေလွင့်ရဲ့အကြောင်းတွေကိုသိရင် ရှိစ့် အရမ်း အရမ်းကို အံ့သြသွားမှာ ရှိစ့်ရဲ့"

ရှိစ့် နားမလည်နိုင်သောမျက် မျက်ဝန်းစုံဖြင့် စိမ်းမမ





ကို ငေး၍ကြည့်မိသည်။

"ဘာဖြစ်လို့လဲဟင် မမစိမ်း"

"ဝေးလွင့်ကိုတွေ့ရင် ရှိစ့် မှတ်မိပါ့မလား"

ရှိစ့်၏မျက်ဝန်းထဲမှာ ပါးမြိုင်းမွေး ဆံပင်စုတ်ဖွားဖွားနှင့် အဝတ်အစား ဖိုသီဖတ်သီနှင့် ညစ်ပတ်ပတ် ပေတေတေ ချောင်းသာကမ်းခြေမှ စတင်တွေ့ရသော ဝေးလွင့်၏ ပုံစံက သူမ၏မျက်ဝန်းထဲမှာ မြင်ယောင်၍လာသည်။

"မမစိမ်း ဝေးလွင့် ဘာဖြစ်လို့လဲဟင်"

စိမ်းမမ သူ၏လက်မှာပတ်ထားသောနာရီကို ရှတ်တရက် ငုံ့ကြည့်လိုက်ရင်း...

"ကဲ...ရှိစ့် မမစိမ်းတို့ အိမ်ကိုပြန်ကြမယ်"

"ရှင်...အိမ်ပြန်မယ်ဟုတ်လား မမစိမ်း"

"ဟုတ်တယ်ရှိစ့် အိမ်ကိုလိုက်ခဲ့ဦးလေကွာ၊ ရှိစ့် အိမ်ကို မရောက်တာပဲ ကြာလှပြီ၊ ရှိစ့် ဝေးလွင့်ကိုမြင်ရင် မှတ်မိတယ် မဟုတ်လား ကဲလာ သွားကြမယ်"

စိမ်းမမ ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်သည်။

ရုံးခန်းအတွင်းမှ စိမ်းမမထွက်လာခဲ့သည်။ စိတ်မြန်လက်မြန်ရှိသော စိမ်းမမနောက်သို့ ရှိစ့် အပြေးကလေး လိုက်၍လာခဲ့မိသည်။

www.burmeseclassic.com



စိမ်းမမ၏ကားလေး ပေါ်တီကိုအောက်တွင် ထိုးရပ်၍ သွားသည်။

"ရိုစ့် ရောက်ပြီ ဆင်းလေကွာ"

"ဟုတ်...ဟုတ်ကဲ့ မမစိမ်း"

ကားတံခါးကိုဖွင့်ကာ ကားပေါ်မှ စိမ်းမမနှင့်အတူ ရိုစ့်တို့ ဆင်းလာခဲ့ကြသည်။ စိမ်းမမ၏မျက်ဝန်းစုံက ပိတောက်ပင်အောက်က ခုံတန်းလျားပြာပြာကလေးပေါ်မှာ ငေးငေးထွေထွေလေး ထိုင်နေသော ဝေးလွင့်ကို ရုတ်တရက် သူမ မြင်တွေ့သွားသည်။ ဘာကြောင့်မှန်းမသိ သူမရင်တစ်ခုလုံး ဖျတ်ခနဲ ရင်ခုန်နှုန်းမြန်သွားသည်။ ဝေးလွင့်ရှိရာသို့ သူမ ငေးကြည့်နေမိသည်။

"မမစိမ်း ဘာကြည့်နေတာလဲဟင်"

ရိုစ့်က စိမ်းမမကြည့်နေရာသို့ လှမ်း၍ကြည့်ရင်း မေး





လိုက်သည့်အတွက် စိမ်းမမ၏ အသိတရားတွေ ပြန်လည်စုစည်းမိသည်။

"လာ လာ ရိုစ့် ဝေးလွင့်ဆီသွားရအောင်"

စိမ်းမမတို့ အနားကိုရောက်လာသည်ကို သူမသိ။ ဝေးလွင့်၏ရှေ့တည့်တည့်တွင် ခြေစုံရပ်လိုက်ကြသည်။

"ဝေးလွင့်"

စိမ်းမမ၏ခေါ်သံကြောင့် ဝေးလွင့် မျက်လွှာပင့်ကာ မော့ကြည့်၍လာသည်။

"ဟင်...ဝေး...ဝေးလွင့်"

ဝေးလွင့်ကို မြင်လိုက်ရသည်ဆိုရင်ပဲ ရိုစ့်၏ နှုတ်ခမ်းထက်မှ အာမေဍိတ်သံက ထွက်ပေါ်၍လာသည်။

"ဝေးလွင့် မင်း သူ...သူ့ကိုသိလား"

ဝေးလွင့် ရိုစ့်ကို မျက်တောင်မခတ်စတမ်း စူးစိုက်ကာ ကြည့်လိုက်ရင်း သူ၏ခေါင်းကို ညိတ်၍ပြလိုက်မိသည်။

"သိတယ် သိတယ်"

"ဟုတ်ပြီ ဒါဆိုရင် သူနာမည်ကော ဝေးလွင့်သိလား"

ဝေးလွင့် ခေါင်းကို ခပ်ဆတ်ဆတ်ညိတ်ပြလိုက်ရင်း

"သိတယ် သိတယ် မမစိမ်း မမစိမ်းလေ မမစိမ်း"

ရိုစ့် ပြုံးချင်ချင်ဖြစ်သွားရသည်။

"မမစိမ်းက ဒီမှာလေကွယ်၊ သူ့ကိုဝေးလွင့်သိတယ်

www.burmeseclassic.com



မဟုတ်လား၊ သူ့နာမည်ကို သေချာစဉ်းစားပါဦးကွယ်"

ဝေးလွင့် မျက်မှောင်ကြုတ်ကာ စဉ်းစားနေသည်။ ထို့နောက် ခေတ္တခဏ တွေးတောငေးမှိုင်၍သွားသည်။ သူ၏ နှုတ်ခမ်းနှစ်လွှာက တဆတ်ဆတ်တုန်ရင်လာသည်။ ရိုစ်ကို မျက်တောင်မခတ်စတမ်း စူးစိုက်ကာကြည့်လိုက်ရင်း...

"ရိုစ် ရိုစ် ဟုတ်တယ် ဟုတ်တယ် မမရိုစ်၊ မမစိမ်း သူ သူက မမရိုစ်၊ ဟုတ်တယ်နော် သူ့နာမည် မမရိုစ်"

"ဟုတ်ထယ်လေ ရိုစ်ကို ဝေးလွင့် မှတ်မိပြီနော်"

ဝေးလွင့် ခေါင်းကို ခပ်သွက်သွက်ညိတ်ပြသည်။ ရိုစ်က ပြုံးစစမျက်နှာပေးဖြင့်...

"မင်းရဲ့နာမည် ဘယ်သူလဲဟင်"

"မသိဘူး"

ရိုစ်၏မျက်ခုံးလေးနှစ်ဖက် မြင့်တက်သွားရသည်။

"ဟယ်...ကိုယ့်ရဲ့နာမည်တောင် ကိုယ် မမှတ်မိဘူးလား၊ ဘယ်မှာနေတာလဲ၊ အဖေအမေက ဘယ်သူတွေလဲ၊ ဘာလုပ်လဲ"

ဝေးလွင့်၏ မျက်နှာချောချောလေးကို စိမ်းမမက တော့ ငေး၍ကြည့်နေမိသည်။ စိမ်းမမကို မျက်လွှာပင့်ကာ လှမ်းကြည့်ရင်း...

"ကျွန်တော်မသိဘူး မမစိမ်း"





"မင်းရဲ့နာမည် ဝေးလွင့်လေကွာ"

"ဝေးလွင့် ဝေးလွင့် ဟုတ်လား ဟင့်အင်း မဟုတ်ဘူး မဟုတ်ဘူး ဝေးလွင့်မဟုတ်ဘူး"

ရုတ်တရက် ဝေးလွင့်ထံမှ ကြားလိုက်ရသည့် စကားလုံးကြောင့် စိမ်းမမနှင့် ရိုစ်တို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် မတိုင်ပင်ပါဘဲ ပြိုင်တူ အကြည့်ချင်းဆုံသွားကြသည်။

"ကျွတ်...မမစိမ်း ဝေးလွင့်ရဲ့စိတ်တွေ ပိုဆိုးလာပြီနဲ့ တူတယ်၊ ဒုက္ခပါပဲ"

ရိုစ်ကတော့ လွန်စွာစိတ်ပျက်သွားမိသည်၊ ဝေးလွင့်၏ နံဘေးတွင် စိမ်းမမဝင်ထိုင်လိုက်သည်။

"ဝေးလွင့်ပါ မင်းရဲ့နာမည်က ဝေးလွင့်လေကွယ်"

စိမ်းမမက ဇွဲမလျှော့ဘဲ ဆက်၍ပြောသည်။ ဝေးလွင့်က သူ၏ခေါင်းကို ခပ်သွက်သွက်ကလေး ခါရမ်းပြရင်း...

"ဟင့်အင်း မဟုတ်ဘူး ကျွန်တော့်နာမည် ဝေးလွင့် မဟုတ်ဘူး"

"ဟင်...မင်းနာမည် ဝေးလွင့်မဟုတ်ဘူး ဟုတ်လား"

"ဟုတ်တယ် ဝေးလွင့် ဝေးလွင့် မဟုတ်ဘူး၊ မဟုတ်ဘူး"

www.burmeseclassic.com



ဝေးလွင့်မဟုတ်မှန်း အတင်းငြင်းနေသည့်အတွက် စိမ်းမမ၏မျက်ဝန်းကလေးက အရောင်တလက်လက်ဖြာသွားရသည်။

"ကဲ…ဒါဆိုရင် အခုလောလောဆယ် မင်းဘယ်သူတွေနဲ့ နေတာလဲ"

"မမစိမ်း မမငြိမ်း မာမီတို့နဲ့နေတာပေါ့"

စိတ်ရှုပ်ထွေးသည့်ဟန် စိတ်မရှည်သည့်ပုံစံနှင့် ကျွတ်ဆတ်ဆတ် ပြန်ဖြေလေသည်။

"အေး…ဟုတ်ပြီ မင်းနာမည် ဝေးလွင့် မဟုတ်ဘူးနော်"

ဝေးလွင့် ခေါင်းကို ခပ်ဆတ်ဆတ်ညိတ်ပြလိုက်သည်။

"ဝေးလွင့်မဟုတ်ဘူး ကျွန်တော့်နာမည် ဝေးလွင့်မဟုတ်ဘူး"

"ကဲ…ဒါဆိုရင် မင်းရဲ့နာမည် မင်းရဲ့အဖေအမေတွေ ပြီးတော့ မင်းဘယ်မှာနေတာလဲ၊ မင်းရဲ့ဘဝကို မင်း သေသေချာချာ ပြန်စဉ်းစားကြည့်စမ်း"

ရီစိ၏ စကားလုံးများကြောင့် ဝေးလွင့်၏ခေါင်း တဆတ်ဆတ်ညိတ်ပြရင်း…

"ဟုတ်တယ် မမငြိမ်းလည်း ဒီလိုပြောတာပဲ ကျွန်တော် ကျွန်တော် စဉ်းစားလိုက်တိုင်း ကျွန်တော့်ရဲ့ခေါင်းတွေ မူးဝေနောက်ကျိလာတယ်ဗျာ"

ပြောရင်း ဝေးလွင့်၏အသံ တစ်စတစ်စ တိမ်ဝင်သွားၿ၍ နှုတ်ခမ်းနှစ်လွှာက တဆတ်ဆတ်တုန်ရင်လျက်…

"စဉ်းစား စဉ်းစားစမ်း မင်းနာမည် ဘယ်သူလဲ"

ဟု တတွတ်တွတ်ရွတ်လျက်နေသည်။

ထို့နောက်…

"မူး…မူးတယ် မူးလိုက်တာ"

ဟုပြောရင်း ဝေးလွင့်မှာ ထိုင်နေရာမှ ယိမ်းယိုင်၍ သွားသည်။ ဝေးလွင့်၏ပုံစံကြောင့် စိမ်းမမတို့ ထိတ်ထိတ်ပျာပျာဖြစ်သွားရသည်။

"အို…ဝေလွင့်…ဝေးလွင့်"

"မူး…မူးလိုက်တာ"

ဟု တတွတ်တွတ်ပြောဆိုရင်း ဝေးလွင့် သတိလစ် မေ့မြော၍သွားသည်။

❋ ❋ ❋

www.burmeseclassic.com



တစ်ကိုယ်လုံး နာကျင်ခြင်းဝေဒနာကို ဝေးလွင့် ကောင်းစွာသိနေသည်။

ကျိန်းစပ်ဖူးပိတ်နေသော မျက်ခွံကို အားယူ၍ဖွင့်ကြည့်မိသည်။ စိုးရိမ်တကြီး အုပ်မိုး၍ကြည့်နေသော မျက်နှာများကို တွေ့လိုက်ရသည်။

"ဝေးလွင့် ဝေးလွင့် သတိရပြီနော်"

ဝေးလွင့်၏ခေါင်းမှာ မူးနောက်ရီဝေနေသည့်အတွက် သူ၏မျက်ဝန်းများကို ပြန်လည်၍ မှေးမှိတ်လိုက်သည်။

"ဝေးလွင့် သတိရပြီနော် ငြိမ်ငြိမ်လေးနေ အိပ်ချင်ရင် ပြန်အိပ်နေလိုက်၊ ဘာကိုမှမတွေးနဲ့တော့နော် ကြားလား ဝေးလွင့်"

"ဟုတ်...ဟုတ်ကဲ့ မမစိမ်း ကျွန် ကျွန်တော်ကို ပစ်မထားပါနဲ့နော် မမစိမ်း"

"အေးပါကွယ် မင်းကိုပစ်မထားပါဘူး အိပ်လိုက် ဆရာဝန် မင်းကိုဆေးထိုးပေးခဲ့တယ်၊ မင်း အိပ်ရေးဝရင်





နေပြန်ကောင်းသွားမှာပါ၊ ဘာမှမတွေးနဲ့တော့နော် ကြားလား ဝေးလွင့်"

"ဟုတ်...ဟုတ်ကဲ့ မမစိမ်း"

"ရှိစေ့ မမစိမ်း မနက်ဖြန်ကုမ္ပဏီကိုမလာဘူး၊ ရှိစ်နဲ့ ဦးသက်ခိုင်တို့ပဲ ကြည့်စီစဉ်လိုက်ပါ၊ ဝေးလွင့်ကို မနက်ဖြန် ဦးနှောက်နဲ့ အာရုံကြောဆေးရုံကို သွားပြချင်တယ်ကွယ်"

"စိမ်း သိပ်လောမကြီးနဲ့ ညီမလေးရယ် တဖြည်းဖြည်းနဲ့ အကြောင်းချင်းတိုက်ဆိုင်ရင် သူ့ဘာဝ သူ ပြန်သတိရလာမှာပါ ညီမလေးရဲ့"

အစိုးရိမ်ပိုနေသော ညီမငယ်ကို ငြိမ်းမမ သတိပေးရလေသည်။ ဒေါ်ခင်မာလာကလည်း...

"အခုဆိုရင် သူ့ဘာဝသူ ပြန်သတိမရတာကလွဲလို့ သူ့ရဲ့စိတ်တွေ ပုံမှန်ချည်းပါပဲကွယ်၊ လူကောင်းပကတိအတိုင်းပဲ၊ မာမီကို ဈေးကိုသူကားမောင်းပြီး ပို့ပေးတယ်၊ သမီးရဲ့ မမငြိမ်းကိုလည်း တစ်ခါတလေ သူ့ကားနဲ့ ကြိုပို့ပေးတယ်လေ"

"ရှင်...ဟုတ်လား၊အန်တီ ဒါဆိုရင် ဝေးလွင့်ရဲ့အခြေအနေတွေက အရမ်းကိုတိုးတက်လာပြီပဲ၊ ဒါဆိုရင် သူဟာ ရန်ကုန်နဲ့ စိမ်းမနေဘူး၊ သူဟာ ဒီရန်ကုန်ကပဲဖြစ်ရမယ်၊ အဝေးကတော့ ဟုတ်မယ်မထင်ဘူး"

"ဟုတ်မယ်လို့လည်း အန်တီထင်ပါတယ်ကွယ်၊ သူ

www.burmeseclassic.com



ရုပ်ရည်လေးကလည်း သန့်သန့်လေး၊ သူ့ရဲ့ မိဘ ညီအစ်ကို မောင်နှမတွေကတော့ ဘယ်လောက်သောကရောက်နေမလဲ မသိဘူးနော်၊ သနားစရာကွယ် ဝဋ်ကြွေးပေါ့ကွယ်"

ဝေးလွင့် အိပ်နေရာမှ ငုတ်တုတ်ထထိုင်လိုက်သည်။

"ဟဲ့ ဝေးလွင့် အရမ်းမထနဲ့လေကွယ် ပြန်အိပ်နေစမ်း"

စိမ်းမမကို အလိုမကျရပ်တွေ စွန်းထင်းသောမျက်နှာထားဖြင့် စိုက်ကြည့်ရင်း...

"ကျွတ်...မမစိမ်းကလည်းဗျာ ကျွန်တော်ဘာဖြစ်လို့လဲ၊ မအိပ်ချင်ဘူးဗျာ"

"ကဲ...ကဲ ငြိမ်ငြိမ်ကလေးနေပါကွယ်"

"ကျွန်တော် မာမီကို ဈေးသွားကြိုရဦးမယ်လေဗျာ"

"ဝေးလွင့် မာမီကဒီမှာလေကွယ်၊ ဒီနေ့ စနေနေ့လေကွယ် ဗိုလ်ချုပ်ဈေးက ပိတ်တယ်လေ"

"အဟက် ဟက် မာမီ Sorry မာမီ Sorry"

ငြိမ်းမမဘက်သို့ လှည့်၍...

"မငြိမ်း ကျောင်းသွားမယ်လေဗျာ ကျွန်တော် ကားထုတ်ထားမယ်နော်"

"အဟင်းဟင်း ဒီနေ့ကျောင်းပိတ်တယ် ဝေးလွင့်ရဲ့၊ ဝေးလွင့်ရဲ့မှတ်ဉာဏ်တွေ အရမ်းကောင်းနေပြီနော်၊ ဝေးလွင့် နေကောင်းလာပြီ"





"ကျွတ်...မငြိမ်းကလည်း ဝေးလွင့်က နေကောင်းတဲ့လူပဲဟာ၊ ဝေးလွင့် ဘာမှမဖြစ်ဘူးဗျ၊ ဘာလဲ မမငြိမ်း နေမကောင်းဘူးလား၊ နေမကောင်းရင်ပြောနော် ဝေးလွင့် အဲ...ကျွန်တော့်နာမည် ဝေးလွင့်မဟုတ်ဘူးဗျ၊ ဝေးလွင့် မဟုတ်ဘူး"

ဝေးလွင့် မျက်ဝန်းကိုစုံမှိတ်ရင်း သံကုန်ဟစ်အော်လိုက်ပြန်သည်။

"အို...ဝေးလွင့် မင်းနာမည် ဝေးလွင့်လေကွယ်၊ ဒီမှာ ကြည့်စမ်း မမစိမ်းလေ မမစိမ်း မမစိမ်းကို မှတ်မိလားဟင်"

ဝေးလွင့်ရဲ့ပခုံးကို ဆုပ်ကိုင်လှုပ်ရမ်းကာ စိမ်းမမပြောလိုက်သည့်အတွက် ဓေးလွင့် မျက်လွှာပင့်ကာ မော့ကြည့်သည်။

"မမစိမ်း မမစိမ်း နဲ့ ရှိုစ့် သိတယ်၊ သိတယ် ဝေးလွင့် သိတယ်၊ ဝေးလွင့်မရူးဘူးနော်၊ ဝေးလွင့် အရူးမဟုတ်ဘူး၊ ဆေးရုံမပို့နဲ့နော်၊ မမစိမ်းနဲ့ မခွဲနိုင်ဘူး"

ကလေးတစ်ယောက်နှယ် မျက်နှာငယ်ကလေးဖြင့် တတွတ်တွတ်ပြောဆိုနေသည့် ဝေးလွင့်၏အပြောကြောင့် စိမ်းမမ၏မျက်ဝန်းကလေးများ ဝိုင်းစက်၍သွားရသည်။

"အို..."

www.burmeseclassic.com



ဟု နှုတ်ခမ်းထက်မှ ရေရွတ်သံထွက်လာရင်း ရင်တစ်ခုလုံး ပြောင်းဆန်သွားရသည်။

"မမစိမ်း ကျွန်တော့်ကို ပစ်မထားပါနဲ့နော်"

"အဟက် စိမ်းရေ ဝေးလွင့်ကတော့ အလာကြီးပါလားကွယ်၊ ဟင်း ဟင်း အရှူးပါး အရှူးပါး"

ငြိမ်းမမကို အလိုမကျသော မျက်ဝန်းစုံဖြင့် လှမ်းကြည့်သည်။

"ဝေးလွင့် ကိုယ့်ထက်ကြီးတဲ့လူကို အဲသလိုမကြည့်ရဘူးလေကွယ်၊ ငြိမ်း သူက စိတ်ဝေနာသည်လေကွယ်၊ သိပ်မစပါနဲ့"

ဝေးလွင့်၏မျက်နှာလေး ရုတ်ခြည်း ညှိုးနွမ်းသွားသည်။

"အီး ဟီးဟီး မမစိမ်း မမစိမ်းနဲ့ မခွဲနိုင်ဘူးဗျ၊ မမစိမ်းဆိုတဲ့ မမတွေနဲ့ မခွဲနိုင်ဘူး၊ ကျွန်. . .ကျွန်တော့်ကို ပစ်မထားပါနဲ့နော်၊ မာမီ ကယ်ပါဦးဗျာ"

"ကဲပါ ဝေးလွင့်ရယ် မငိုနဲ့ တိတ်တိတ် မမစိမ်း မင်းကို ပစ်မထားပါဘူးကွယ်၊ မင်းယောကျ်ားမဟုတ်ဘူးလား၊ ငိုတာ မမစိမ်း မကြိုက်ဘူးနော်"

စိမ်းမ၏လက်ကို ခပ်တင်းတင်းဆုပ်ကိုင်လိုက်ရင်း. . .

"မမစိမ်း တကယ်ပြောတာနော် တကယ်ပြောတာလား၊ ကျွန်. . .ကျွန်တော် ဝမ်းသာလိုက်တာဗျာ"





ရုတ်တရက် သူမလက်နှစ်ဖက်ကို ဆွဲယူပြီး ဇွေ့ဇွေ့ခုန်အောင် အော်ဟစ်နေခြင်းကြောင့် ရှက်ရွံ့စွာဖြင့် အတင်းရုန်းလိုက်ရသည်။ ရင်တုန်လိုက်တာ မပြောပါနှင့်တော့။ မာမီ မမငြိမ်းနှင့် ရိုစ့်တို့ကတော့ပြုံး၍သာ ကြည့်နေကြသည်။

"ဝေးလွင့် မမစိမ်းနဲ့ မမရိုစ့်တို့ကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်နဲ့ မြကျွန်းသာကို လိုက်ပို့ကွယ်"

"ဗျာ. . ."

ဝေးလွင့် ခေတ္တခဏ ငြိမ်ကျသွားသည်။ ထို့နောက်

"ပို့မယ် ပို့မယ် လာ လာ သွားမယ်"

ပြောပြောဆိုဆို စိမ်းမမလက်ကို ဆွဲသည်။

"လာလေ မမစိမ်း မမငြိမ်း မာမီ ရိုစ့် အားလုံးသွားကြမယ်လေ"

"မာမီနဲ့ မမငြိမ်း မလိုက်ပါဘူးကွယ်၊ သွား သွား သားနဲ့ မမစိမ်းတို့ မောင်နှမတွေပဲ သွားကြပါကွယ်"

❦ ❦ ❦

www.burmeseclassic.com



ပန်းပင်ရေလောင်းနေရာမှ တီ...တီ ကားဟွန်းသံကြောင့် ဝေးလွင့် အသံလာရာဆီသို့ လှမ်း၍ကြည့်လိုက်မိသည်။ သော့ခတ်ပိတ်ထားသော ခြံဝ၌ ကားဖြူလေးတစ်စီး ရပ်ထားသည်ကို တွေ့လိုက်ရသည့်အတွက် ဝေးလွင့် မျက်မှောင်ကြုတ်ကာ စိုက်ကြည့်နေမိသည်။ စိတ်ထဲ၌...

"ဒါ...ဒီ...ဒီကောင် မမစိမ်းရဲ့ ဧည့်သည်လား၊ မမစိမ်းဆီကိုပဲ ခဏခဏလာလာနေတာပဲ"

ဝေးလွင့် မသိဟန်ဆောင်ကာ ကျောခိုင်း၍ ပန်းပင်များကို ရေလောင်းနေလိုက်သည်။ ဝေးလွင့်၏ အပြုအမူကြောင့် ရာဇာ လွန်စွာဒေါသထွက်၍ စိတ်တိုသွားသည်။

"တောက်...ဒီကောင်သိပ်လူပါးဝနေပါလား"ဟု ရေရွတ်ရင်း ကားဟွန်းကို အဆက်မပြတ် တီးလိုက်မိသည်။

"တီတီ...တီတီ"

ဆူညံလွန်းသော ဟွန်းသံကြောင့် စိမ်းမမ တိုက်ထဲမှ ပြေးထွက်လာမိသည်။

"ဟင်...ကိုရာဇာရောက်နေပါလား"

စိမ်းမမကို ဝေးလွင့် မျက်စိပျက်မျက်နှာပျက်ဖြင့် မဝံ့မရဲ





လှမ်းကြည့်သည်။

"နေနေ ဝေးလွင့် မမစိမ်းဧည့်သည် မမစိမ်းသွားလိုက်မယ်"

အိမ်ထဲမှထွက်လာသည့် စိမ်းမမက ဝေးလွင့်ကို လှမ်းပြောပြီး သော့ခတ်၍ပိတ်ထားသော တံခါးကို ခပ်သွက်သွက်သွားဖွင့်သည်။

"ဘယ်ကလှည့်လာတာလဲ ကိုရာဇာ"

"စိမ်းတို့ဆီကိုလာတာလေ၊ ကားကိုတော့ အပြင်မှာပဲ ရပ်ထားတော့မယ်"

ပြောပြောဆိုဆို စိမ်းမမနှင့်အတူ ခြံထဲသို့ဝင်လာခဲ့သည်။

"စိမ်း ခြံထဲမှာပဲ အေးအေးဆေးဆေးထိုင်ကြတာပေါ့နော်"

ဝေးလွင့်ရှိရာသို့ ရာဇာလှမ်းကြည့်လိုက်ရင်း ပြောလိုက်သည်။ ဝေးလွင့်ကတော့ သူနှင့်မသက်ဆိုင်သလို ပန်းပင်များကို ရေလောင်းနေသည်။

"ဝေးလွင့်ရေ ဧည့်သည်စားဖို့ တစ်ခုခုသွားယူခဲ့ပါကွယ်"

ဝေးလွင့် မျက်စိပျက်မျက်နှာပျက်ဖြင့် စိမ်းမမနှင့်အတူပါလာသော ကိုရာဇာကို မကျေမနပ် မျက်မှောင်ကြုတ်ကာ စိုက်ကြည့်လိုက်ရင်း ရေပိုက်ကို လွှတ်ချလိုက်သည်။

www.burmeseclassic.com



"ဝေးလွင့် ညှော်သည်စားဖို့ တစ်ခုခုသွားယူခဲ့စမ်း"

တင်းမာခက်ထန်သော မျက်နှာထားနှင့် ထပ်မံပြော လိုက်သည့်အတွက်...

"ဟုတ်ကဲ့"

သံပြတ်ဖြင့်ပြောကာ ချာခနဲ ကျောခိုင်းလိုက်ပြီး တိုက် ထဲသို့ဝင်သွားလေသည်။

စံပယ်ရုံဘေးကခုံတန်းလျားကလေးဆီသို့ လျှောက် လာကာ ထိုင်လိုက်ကြသည်။

"စိမ်း ကိုယ် စိမ်းကိုမြတ်မြတ်နိုးနိုး ချစ်ခဲ့တာပါ စိမ်း ရယ်၊ ကိုယ့်အချစ်ကို စိမ်း အသိအမှတ်ပြုသင့်ပါတယ် ကိုယ့် မိဘတွေနဲ့ လာပြီး စေ့စပ်ထားချင်တယ်ကွာ"

ရာဇာ၏အပြောကြောင့် စိမ်းမမ၏မျက်နှာလေး သိသာစွာ ပျက်ယွင်းသွားသည်။

"ကိုရာဇာရဲ့အချစ်ကို အသိအမှတ်ပြုပါတယ်၊ ဒါပေ မယ့် အချိန်တွေအများကြီး ရှိပါသေးတယ် ကိုရာဇာ"

"ကျွန်တော် စိမ်းကို ပိုင်ဆိုင်ချင်တယ်ဗျာ၊ မာမီတို့ လည်း စိမ်းနဲ့ ကျွန်တော့်ကို သဘောတူတာ စိမ်းသိပါတယ်၊ ကိုယ့်ကို ပြန်ချစ်ပါလား စိမ်းရယ်"

ပြောပြောဆိုဆို စိမ်းမမ၏လက်ကလေးကို လှမ်းဆုပ် ကိုင်လိုက်သည်။

"အို...လွှတ်...လွှတ်ပါ စိမ်း စဉ်းစားပါရစေဦးရှင်၊





စိမ်းလက်ထပ်တော့မယ်လို့ ဆုံးဖြတ်တဲ့အခါကျရင် ကိုရာဇာ့ ကို ဦးစားပေးစဉ်းစားပါ့မယ်"

"စိမ်းရယ် ကိုယ်သိပ်ချစ်တယ်ကွယ်၊ ကိုယ့်ကို ပြန်ချစ် ပါနော်"

စိမ်းမမ တိုက်ကြီးဘက်သို့ လှမ်းကြည့်လိုက်၏။

"ဝေးလွင့်ကလည်း ကြာလိုက်တာနော်"

ခဏအကြာ အအေးဗန်းကိုကိုင်၍ ဝေးလွင့် မျက်စိ ပျက် မျက်နှာပျက်ဖြင့် မဝံ့မရဲ လျှောက်လာလေသည်။

"ရော့...မမစိမ်း"

အအေးဗန်းကလေးကို စိမ်းမမထံသို့ လှမ်းပေးလိုက် သည်။ ဝေးလွင့်က သူနှင့်မသက်ဆိုင်သလို ကျောခိုင်းကာ လှည့်ထွက်သွားသည်။

"ဝေးလွင့် လာဦး"

စိမ်းမမ၏အသံကြောင့် လှမ်းနေသော ဝေးလွင့်၏ ခြေလှမ်း အလိုလိုရပ်သွားသည်။

"ဝေးလွင့် ဒီစံပယ်ပန်းတွေကို မမစိမ်းကို ခူးပေးစမ်း ကွယ်"

"ဟုတ်...ဟုတ်ကဲ့ မမစိမ်း"

"အို...စိမ်းကလည်းကွယ် စိမ်းလိုချင်ရင် ကိုယ်ခူးပေး မယ်လေကွယ်"

"ရပါတယ် ကိုရာဇာ ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com



စိမ်းမမ ကိုရာဇာကို လွန်စွာစိတ်ပျက်မိသည်။ ထို့ကြောင့် ခုံတန်းလျားလေးပေါ်မှ ဆင်းလိုက်သည်။

"ဝေးလွင့် လာကွယ်၊ မမစိမ်းတို့ ပန်းခူးကြမယ်လေ"

ရာဇာ၏မျက်နှာ သိသာစွာ ပျက်ယွင်း၍နေသည်။

"ဒေါ်စိမ်းမမ ကျွန်တော်ပြန်လိုက်ပါဦးမယ်၊ ကိုယ်မင်းကို မရရအောင်ယူမှာပဲ"

ပြောပြီး ချာခနဲ ကျောခိုင်းကာ လှည့်ထွက်သွားသည်။

⚓ ⚓ ⚓

လိမ္မော်ရောင်တိမ်တိုက်တွေကတစ်ဆင့် ပါးပါးအိအိဖြိုကျနေသည့် အလင်းတန်းတွေက အင်းလျားကန်ပေါင်တစ်လျှောက် ရှပ်တိုက်ပြေးလွှား၍နေသည်။

မွန်းကျပ်ပိတ်လှောင်နေသော သောကဟူသမျှကို လေပြည်လေညင်းကြားထဲ စီးမျောပို့လွှတ်လိုက်သလို တချို့ကလည်း တလက်လက်ဖြာနေသည့် အင်းလျားကန်ရေပြင်





ထဲကို ခဏတာ သိမ်းဆည်းထားလိုက်ကြတယ်။

စိမ်းမမရဲ့ နွမ်းလျလျမျက်နှာလေးဟာ တဖြည်းဖြည်းလန်းဆန်း၍လာသည်။ အင်းလျားကန်ပေါင်ပေါ်ကနေ အင်းလျားရေပြင်ကို လှမ်းကြည့်ရင်း...

"သာယာလိုက်တာနော်၊ မမစိမ်း တက္ကသိုလ်တက်ပြီး ဘွဲ့ရတာတောင် ဒီနေရာကိုမရောက်ဖူးဘူး ရိုစ့်"

"ဟင်...ဟုတ်လား မမစိမ်းညာတာပါ"

ရိုစ့်က မယုံကြည်သောမျက်ဝန်းစုံဖြင့် သူမကိုကြည့်နေသည့်အတွက် စိမ်းမမ သက်ပြင်းမောကို ချလိုက်မိသည်။

"ရိုစ့်ကလည်းကွယ် စည်းကမ်းတွေတင်းကျပ်လွန်းတဲ့ ဒက်ဒီ့အကြောင်းကို သိရဲ့သားနဲ့၊ မမစိမ်းနဲ့ မမငြိမ်းတို့ နှစ်ယောက်စလုံး တက္ကသိုလ်စတက်တဲ့ အချိန်ကနေ ဘွဲ့ရတဲ့အချိန်အထိ ဒက်ဒီနဲ့ မာမီတို့ပဲ ကြိုပို့လုပ်တာ၊ ဘွဲ့ရမှသာ မမစိမ်းတို့ကို လွတ်လပ်ခွင့်ပေးတာ ရိုစ့်ရဲ့"

"အာ ... ဒါဆိုရင် အန်ကယ်ကြီးက သိပ်ဆိုးတာပေါ့နော်"

သန့်ရှင်းလတ်ဆတ်တဲ့ အေးမြမြလေညင်းကို စိမ်းမမ အစ်ဝကြီးရှူပစ်လိုက်၏။ လွတ်လပ်မှုအရသာက ဘာနှင့်မျှ မလဲနိုင်ပါ။

"တက္ကသိုလ်ကျောင်းသူဘဝက လှောင်အိမ်စံငှက်ကလေးတစ်ကောင်လို နေခဲ့ရတဲ့ဘဝကို အရမ်းစိတ်ပျက်မိ

www.burmeseclassic.com



တယ် ရှိစ့်ရယ်"

ရှိစ့်၏မျက်ဝန်းကလေးများက အင်းလျားကန်ပေါင်ရိုး နံဘေးက ခုံတန်းလျားပြာပြာလေးတွေပေါ်မှ ချစ်သူစုံတွဲကလေးတွေဆီကို အကြည့်ကရောက်သွားသည်။

"မမစိမ်း ဟိုမှာကြည့်လိုက်စမ်း"

ရှိစ့် မေးတလေးဆတ်၍ ညွှန်ပြရာသို့ စိမ်းမမကြည့်လိုက်ရာ ကလူကျီစယ်နေသော ချစ်သူစုံတွဲလေးတွေကြောင့် စိမ်းမမ၏မျက်နှာလေး ရဲသွားကာ အလိုလိုရှက်သွေးကြွယ်တာ သူမ၏ နှုတ်ခမ်းဖူးဖူးလေးဆီမှ...

"အို...ရှိစ့်ကလဲကွယ်"

စကားသံလေးထွက်လာသည်။

"အဟင်း...ဟင်း မမစိမ်းကလည်း ဒီလောက်ချော ဒီလောက်လှနေတာ ချစ်သူရည်းစား ကျောင်းတက်တုန်းက မထားဖူးဘူးလား"

"ကျောင်းစာကလွဲလို့ မမစိမ်း ဘာကိုမှစိတ်မဝင်စားဘူး ရှိစ့်၊ နည်းအမျိုးမျိုးနဲ့ ကိုယ့်ရဲ့အနားကိုကပ်ဖို့ ကြိုးစားလာတဲ့သူတွေကိုလည်း အလိမ္မာသုံးပြီး ငြင်းပစ်လိုက်တာချည်းပဲ ရှိစ့်ရယ်"

"ဟင်းဟင်း မမစိမ်းကိုတော့ လိုချင်တဲ့သူ ချူချင်တဲ့သူတွေ ဝိုင်းဝိုင်းလည်ထီဆိုင်ကြီး ဖြစ်နေမှာပဲနော် အဟင်းဟင်း"





"ဒက်ဒီနဲ့ မာမီတို့ရဲ့ချစ်ပုံက အတ္တကြီးတယ် တရားလွန်တယ်ရှိစ့်၊ ငယ်ငယ်ကလေးဘဝတည်းက အလယ်တန်း အထက်တန်း တက္ကသိုလ်ကျောင်းပြီးလို့ ဘွဲ့ရတဲ့အထိ ဘေးက ဒက်ဒီရဲ့အစောင့်အရှောက်နဲ့ စာသင်ချိန်တစ်ခုတည်း လွတ်လပ်ခွင့်ပေးတာ၊ ဘယ်ကျောင်းသား ယောကျ်ားလေးမှ အနားကပ်ခွင့်ပေးတာ မဟုတ်တဲ့အတွက် ဘယ်သူမှ အနားမသီဝံ့ဘူး၊ ခုလို အင်းလျားကန်ပေါင်ပေါ်မှာ လမ်းလျှောက်ဖို့ ကန်ပေါင်ပေါ်မှာထိုင်ဖို့ ဘူးသီးကြော်ဆိုင်ထိုင်ဖို့ ဝေးရော၊ အဓိပတိလမ်းတောင် အစအဆုံးမလျှောက်ဖူးဘူး၊ အဲဒီလောက်ထိ တင်းကျပ်တာ၊ လိုချင်တာဆိုရင် ပြော နှစ်ခါမပူဆာရဘူး၊ ဗိုလ်ချုပ်ဈေးကြီးတစ်ခုလုံး ဝယ်ပေးဖို့ပူဆာရင်တောင် မငြင်းတဲ့ ဒက်ဒီတဲ့ ဒက်ဒီကွ"

"အန်ကယ်ကြီးကတော့ မမစိမ်းတို့ ညီအစ်မကို တော်တော်ချစ်တာပဲနော်"

စကားတပြောပြောဖြင့် အင်းလျားကန်ပေါင်ရိုးလေး အတိုင်း လျှောက်လာခဲ့ကြသည်။ ညနေခင်းဆည်းဆာ လေနုအေးက ပွေ့ဖက်ကျီစယ် တိုက်ခတ်သွားပြန်သည်။ ကျောက်စိမ်းရောင် ထက်အောက်ဆင်တူဝတ်စုံကလေးကို ခေတ်ဆန်ဆန်လေးချုပ်ကာ ဝတ်ဆင်ထားသည့် စိမ်းမမ၏အလှမှာ တစ်မျိုးေး ကြည့်လို့ကောင်းနေသည်။

www.burmeseclassic.com



ရှိစ့်ကလည်း လိမ္မော်ရောင်တောက်တောက်ဝတ်စုံကလေးကို ခေတ်ဆန်ဆန်လေးချုပ်ကာ ဝတ်ဆင်ထားပြန်သည်။ ချောမောလှပလွန်းသော သူမတို့နှစ်ယောက်ကို လေညင်းခံသူများနှင့် လမ်းသွားလမ်းလာများက စောင်းငဲ့၍ ကြည့်သွားကြသည်။

စိမ်းမမ သက်ပြင်းမောတစ်ချက်ကို ချလိုက်ရင်း...

"မမစိမ်း သိပ်စိတ်ညစ်နေတယ် ရှိစ့်ရယ်"

"ဘာ...ဘာဖြစ်လို့လဲဟင် မမစိမ်း"

"ဒက်ဒီရှေ့အပတ်မှာ ဂျပန်ကပြန်ရောက်လာတော့မှာလေ"

စိမ်းမမထံမှ ကြားလိုက်ရသော စကားလုံးများကြောင့် ရှိစ့်၏မျက်ဝန်းကလေးများ ချာချာလည်သွားရသည်။

"အန်ကယ်ကြီးပြန်လာမှာများ ဘာစိတ်ညစ်စရာရှိလို့လဲ မမစိမ်းရဲ့၊ ပျော်စရာကြီး မမစိမ်းမှာထားတဲ့ ပစ္စည်းတွေလည်း ပို့ပေးသေးတယ်၊ နောက်ထပ်ဒီဇိုင်းဆန်းပစ္စည်းတွေလည်းပါလာဦးမှာ မမစိမ်းကြောင့် ခက်ပါတယ်"

"မမစိမ်း သိပ်စိတ်ညစ်နေတာ ရှိစ့်မသိပါဘူးကွယ်၊ ဒီလိုစိတ်ညစ်ရတာ ဝေးလွင့်ကြောင့်"

"ဘာ...ဘယ်လို မမစိမ်း ဝေးလွင့်ကြောင့် ဟုတ်လား"





"ဟုတ်တယ် စိတ်ညစ်တာ မမစိမ်းတစ်ယောက်တည်းတင်မဟုတ်ဘူး၊ မာမီနဲ့ မမငြိမ်းတို့ပါရောပြီး စိတ်ညစ်ရတာ"

"ရှင်"

"ဒက်ဒီပြန်လာရင် အိမ်မှာ ကိုယ်နဲ့ သွေးမတော်သားမစပ် သူစိမ်းယောကျ်ားလေးတစ်ယောက်ကိုတွေ့ရင် မိုးမီးလောင်မှာ၊ မမစိမ်း ဘာလုပ်ရင်ကောင်းမလဲဟင်"

"အန်ကယ့်ကို နားဝင်အောင် မမစိမ်းရှင်းပြလိုက်ပေါ့"

"ရှိစ့်ပြောတော့ လွယ်လိုက်တာကွယ် ဒက်ဒီရဲ့မာနကို အသိဆုံး ပေါက်လွှတ်ပဲစား ကလေကချေ အရှူးကို အိမ်ပေါ်ခေါ်တင်ထားရပါမလားဆိုပြီး မမစိမ်းကိုသတ်မှာ ရှိစ့်ရဲ့"

"ခက်လိုက်တာ မမစိမ်းရယ် ဝေးလွင့်ကို အိမ်ကနှင်ထုတ်ပစ်လိုက်ပါလား"

"အို...မမစိမ်းရဲ့အသက်သခင်ကို မမစိမ်း မရက်စက်ဘူးကွယ်၊ မမစိမ်းမှာ သူပေးတဲ့အသက်ပဲရှိတာ ရှိစ့်သိရဲ့သားနဲ့ကွယ်"

"ဒါ...ဒါဆိုရင် သူ့ကို စိတ်ရောဂါကုဆေးရုံကို ပို့လိုက်ပါလားဟင်"

စိမ်းမမ ခေတ္တတွေဝေသွားရသည်။ ပင့်သက်တစ်ချက်ကို တိတ်တခိုးချလိုက်ရင်း...

www.burmeseclassic.com



"ဖြစ်ပါ့မလားရိုစ့်ရယ် ဟို ဟို စိတ္တဇဆေးရုံမှာ သူထက် အရမ်းဆိုးတဲ့ လူနာတွေနဲ့တွေ့ရင် သူပိုဆိုးသွားမှာ စိုးတယ်ကွယ်၊ အခု သူ့ရဲ့ပုံစံက တကယ့်လူကောင်းတစ်ယောက်နဲ့ တဖြည်းဖြည်းတူတူလာတယ်၊ သူ့ရဲ့စိတ်တွေ တဖြည်းဖြည်းနဲ့ ပုံမှန်ပြန်ဖြစ်လာတော့မှာလို့ မမငြိမ်းနဲ့ မာမီတို့ကလည်း ပြောကြတယ်"

စိမ်းမမ၏မျက်ဝန်းထဲမှာ ဝေးလွင့်ရဲ့ ချောမောလှပ ခန့်ညားသော ပုံရိပ်ဟာ တရစ်ဝဲဝဲနှင့် မြင်ယောင်၍လာသည်။

"ခက်တယ် မမစိမ်းရယ် ဝေးလွန်းရဲ့ဘဝဟာ သနားစရာ ကောင်းလိုက်တာ၊ သူ့ရဲ့စိတ်တွေ ပုံမှန်အကောင်းပြန်ဖြစ်သွားရင် ကောင်းမယ်နော်"

စိမ်းမမ ထပ်မံ၍သက်ပြင်းချလိုက်ပြန်သည်။

ခက်တယ်ရိုစ့်ရယ် သိပ်ခက်တယ်၊ မမစိမ်းသာ ချောင်းသာကိုမသွားရင် သိပ်ကောင်းမှာပဲကွယ်"

"မမစိမ်း ဝေးလွင့်ကို ရိုစ့်တို့အိမ်ကို ပို့ထားပါလားဟင်၊ အိမ်က ဒက်ဒီနဲ့မာမီတို့က ရိုစ့်ပြောရင်ရပါတယ်"

"ဖြစ်ပါ့မလားရိုစ့်ရယ် ဝေးလွင့်က နေပါ့မလား သူ စိတ်ဖောက်လာရင် ပြဿနာရှာရင် ဒုက္ခ၊ ဖြစ်မယ်မထင်ပါဘူး ရိုစ့်ရယ်"





စိမ်းမမ သူမ၏လက်မှာပတ်ထားသောနာရီကို ငုံ့၍ကြည့်လိုက်ရင်း...

"ရိုစ့်ရေ ပြန်ကြပါစို့ကွယ် နောက်မှ ဝေးလွင့်အကြောင်း စဉ်းစားကြပါစို့"

"ဟုတ်ကဲ့ မမစိမ်း"

နှစ်ယောက်သား လှေကားထစ်များပေါ်မှ ဆင်းလာကြသည်။

✺ ✺ ✺

www.burmeseclassic.com

## အခန်း (၉)

ကုမ္ပဏီသို့သွားရန် ကားပေါ်တက်၍ ကားမောင်းထွက်ရန်ဆဲဆဲ...

"ဟယ်လို ဂွတ်မောနင်း မမစိမ်း"

ပြောပြောဆိုဆို စိမ်းမမ၏မျက်နှာရှေ့သို့ ကားပြတင်းမှတစ်ဆင့် တိုးဝင်လာသော နှင်းဆီပန်းဖြူဖြူတစ်ပွင့်ကြောင့်

"အို...ဝေးလွင့်"

"အဟဲ...ရော့ မမစိမ်းပန်ဖို့ နှင်းဆီပန်းလက်ဆောင်"

နှင်းဆီပန်းကိုကိုင်ထားသော ဝေးလွင့်က အပြုံးလဲ့လဲ့ဖြင့်ပြောလေသည်။ စိမ်းမမ ခေါင်းကိုခါရမ်းပစ်လိုက်ရင်း...





"ဟင့်အင်း မမစိမ်း ပန်းမပန်တတ်ဖူးကွယ်"

စိမ်းမမထံမှ ကြားလိုက်ရသည့် စကားလုံးများကြောင့် ဝေးလွင့်၏ ပြုံးပျော်နေသောမျက်နှာလေးမှာ မှုန်ကုတ်ကုတ်ဂျစ်ကန်ကန်ပုံစံ ပေါက်သွားရသည်။

"ဟင့်အင်းဗျာ မမစိမ်းပန်ရမှာပဲ ပန်ပါဗျ"

"မမစိမ်း တကယ်မပန်တတ်လို့ပါကွယ်"

"မမစိမ်းညာတာ မာမီလည်း ပန်းပန်တယ်၊ မမငြိမ်းလည်း ပန်တယ်ဗျ သိလား၊ မိန်းမဆိုရင် ပန်းကြိုက်ရတယ် ပန်းပန်မှလှတာဗျ"

ဝေးလွင့်၏အပြောကြောင့် စိမ်းမမ ပြုံးချင်ချင်ဖြစ်သွားရသည်။ ထို့ကြောင့် ဝေးလွင့်စိတ်ဆိုးအောင် သူမ စချင်နောက်ချင်မိသည်။ ထို့ကြောင့်...

"မင်းပေးတဲ့ပန်းကို ငါကဘာလို့ပန်ရမှာလဲကွ မင်း ငါ့ကို အမိန့်ပေးစရာမလိုဘူး၊ မင်းရဲ့ပန်းကို လွှင့်ပစ်လိုက်စမ်း"

တင်းမာခက်ထန်သော မျက်နှာထားဖြင့် မကျေမနပ်လေသံဖြင့် ပြောလိုက်သည့်အတွက် ပြုံးပျော်နေသော ဝေးလွင့်၏မျက်နှာလေး ညှိုးနွမ်း၍သွားသည်။

စိမ်းမမကိုပေးနေသော နှင်းဆီပန်းကလေးကို ကိုင်ထားသော လက်ကလေးကို ပြန်ရုပ်သိမ်းလိုက်ရင်း...

"မမစိမ်းပဲ နှင်းဆီပန်းကြိုက်တယ်ဆို မမစိမ်း အမြဲတ်

www.burmeseclassic.com



နှိုးဆုံးက နှင်းဆီပန်းဖြူဖြူတွေဆို..ကျွန်...ကျွန်တော် တမင် မမစိမ်းပန်ဖို့ နှင်းဆီပန်းဖြူဖြူလှလှကြီးကို တမင်ချန်ထားတာ၊ မာမီနဲ့ မမငြိမ်းတို့တောင်းတာတောင် ကျွန်တော် မပေးဘူး ဗျာ"

ပြောရင်း စကားသံက တိမ်ဝင်၍သွားသည်။

စိမ်းမမ ဘာပြောရမည်မှန်းမသိအောင် ဖြစ်သွားရသည် ရီဝေဝေမျက်ဝန်းစုံဖြင့် သူမကို မဝံ့မရဲစိုက်ကြည့်နေသည့် ဝေးလွင့်ကို ပြန်လည်ပြုံးရယ်၍ပြရင်း...

"အဟင်း...ဟင်း ဝေးလွင့်ရယ် ဖြစ်မှဖြစ်ရလေ ကဲ ကဲ ပေးပေး မမစိမ်း ပန်ပါ့မယ်ကွယ်"

ဝေးလွင့် ခေါင်းကိုခါရမ်းပစ်လိုက်ရင်း...

"ဟင့်အင်း ဟင့်အင်း မပေးဘူး မပေးဘူး လွှင့်ပစ်မှာ၊ မမစိမ်း ပန်မှာမဟုတ်ဘူး"

"အဟင်းဟင်း ဝေးလွင့်ရယ် မမစိမ်း တကယ်ပန်မှာပါကွယ်၊ ဝေးလွင့်ကို သက်သက်မဲ့စတာပါ၊ ပေးနော် မမစိမ်း ပန်ပါ့မယ်ကွယ်"

ချော့မော့ပြောမှ ဝေးလွင့်၏မျက်နှာလေး တဖြည်းဖြည်း ပြုံး၍လာသည်။

"မမစိမ်း တကယ်ပြောတာနော် တကယ်ပန်ရမှာ ရော့"





စိမ်းမမ ဝေးလွင့်၏လက်ထဲမှ နှင်းဆီပန်းကို လှမ်းယူလိုက်ရင်း...

"ကျေးဇူးအရမ်း အရမ်းကိုတင်ပါတယ်ကွယ် ဟင်းဟင်း မမစိမ်းကို ပန်ဖို့ နှင်းဆီပန်းလှလှပေးတဲ့အတွက် ကျေးဇူးကမ္ဘာပါပဲကွယ်"

အံ့ဩသလို မယုံကြည်နိုင်သော မျက်ဝန်းစုံဖြင့် ကြည့်ရင်း...

"တကယ် တကယ်ပြောတာလား မမစိမ်း"

"တကယ်ပြောတာပါကွယ် ကဲ...မမစိမ်း မင်းစားဖို့ ဘာဝယ်ခဲ့ရမှာလဲ"

"အဟီး တကယ်ပြောတာလား"

ဝေးလွင့်က ရယ်လေသည်။

"တကယ်ပေါ့ကွ ပြော မင်းဘာစားချင်လဲ"

ဟင့်အင်း ဘာမှမစားချင်ဘူး၊ မမစိမ်းနဲ့ ကားလျှောက်စီးချင်တယ်ဗျာ"

"အယ်...မမစိမ်း မအားဘူးကွာ နောက်နေ့မှလိုက်နော်"

ဝေးလွင့် စိမ်းမမကို ဘာတစ်ခွန်းမှပြန်မပြောဘဲ တစ်ခါမှမမြင်ဖူးသည့် သူအလား မျက်တောင်မခတ်စတမ်း စူးစိုက်၍ကြည့်နေသည့်အတွက် စိမ်းမမ၏ရင်တစ်ခုလုံး

www.burmeseclassic.com



တုန်ခါသွားရသည်။

အို...ဟု နှုတ်မှရေရွတ်လိုက်ရင်း ဝေးလွင့်ထံမှ သူမ အကြည့်ကို ပြန်ရုပ်သိမ်းလိုက်ရင်း သူမ၏ခေါင်းကလေး အလိုလိုငုံ့လိုက်မိသည်။

"မမစိမ်း မခေါ် ချင်လည်း ကျွန်တော်မလိုက်ပါဘူးဗျာ"

ဝေးလွင့်၏အသံက ရှိုက်သံနည်းနည်းရောစွက်နေသည်ဟု သူမထင်မိသည်။ ထို့ကြောင့် ကပျာကယာ မျက်လွှာပင့်ကာ မော့ကြည့်လိုက်မိသည်။

"မမစိမ်း မခေါ် ချင်လို့ မဟုတ်ပါဘူးကွယ်၊ ဒီနေ့ နိုင်ငံခြားသားကုန်သည်တွေနဲ့ ချိန်းထားလို့ပါကွယ်၊ နောက်နေ့မှ လိုက်တော့နော်"

"ဘာကယ် တကယ်ပြောတာလား မမစိမ်း"

စိမ်းမမ ခေါင်းကို ခပ်သွက်သွက်ညိတ်ပြလိုက်မိသည်။

"အေးပါကွယ် ကဲ မမစိမ်းသွားမယ် အပြန် ဘဲကင်ဝယ်ခဲ့မယ်နော် Good by"

ပြောပြောဆိုဆို စိမ်းမမ၏ လင့်(ခ)ခရူဇာကားလေး အရှိန်ပြင်းစွာ မောင်းထွက်သွားသည်။ ကားမောင်းနေရင်း ဝေးလွင့်၏ပုံရိပ်က သူမ၏မျက်ဝန်းထဲမှာ တရစ်ဝဲဝဲပေါ် လာသည့်အတွက် စိမ်းမမ သက်ပြင်းမောကို တိတ်တိတ်ကလေး ချလိုက်မိသည်။





ဟင်း...မင်းလေးအတွက် ရင်မောတယ် ချာတိတ်ရယ်။

ဒက်ဒီပြန်လာရင် မမစိမ်း ဒက်ဒီကို ဘယ်လိုရင်ဆိုင်ရမှာလဲ။

ခက်လိုက်တာ ဝေးလွင့်ရယ်။

စိမ်းမမ ခေါင်းကိုခါရမ်းပစ်လိုက်မိသည်။

စိမ်းမမ၏ လွတ်လပ်ပေါ့ပါးသော စိတ်တွေ လေးလံနောက်ကျိနေသည်။

စိမ်းမမ၏နားထဲသို့ မာမီပြောသော စကားသံအချို့ကို ရုတ်တရက် သူမနားထဲမှ ပြန်လည်ကြားယောင်၍လာသည်။

"သမီးစိမ်း မောင်ရာဇာက သမီးကိုလက်ထပ်ချင်တယ်လို့ သူ့မိဘတွေက မနေ့က မာမီ့ကိုလာနားဖောက်တယ် သမီး၊ မောင်ရာဇာဟာ အစစအရာရာ လိုလေသေးမရှိအောင် ချမ်းသာကြွယ်ဝတယ်၊ စီးပွားရေးလောကမှာလည်း အောင်မြင်နေတဲ့သူ၊ အဘက်ဘက်က ပြည့်စုံနေတဲ့သူ၊ သမီးအပေါ် လည်း အစစအလိုလိုက်ပြီး သမီးအကြိုက်ဆောင်ပေးနေတာ သမီးအသိဆုံးပဲ၊ ဒါကြောင့် မာမီခေါင်းညိတ်လိုက်တယ်၊ သမီးရဲ့ဒက်ဒီဆီကိုလည်း မောင်ရာဇာ လှမ်းအကြောင်းကြားတယ်လို့ ပြောတယ်၊ မာမီတော့ သမီးနဲ့

www.burmeseclassic.com



မောင်ရာဇာကို အမြန်ဆုံးဖြစ်စေချင်တယ်၊ သမီးဒက်ဒီ ပြန်လာတာနဲ့ တစ်ခါတည်း လက်ထပ်ပေးဖို့ မာမီတို့လူကြီးတွေ စီစဉ်ပေးထားတယ် သမီး”

“အို...ဟင့်အင်း ဟင့်အင်း ကိုရာဇာကို လက်မထပ်ပါရစေနဲ့ မာမီရယ်၊ လူရုပ်လူပွေတစ်ယောက်ကို သမီး လက်မထပ်ပါရစေနဲ့”

ဟု ရေရွတ်လိုက်မိသည်။ သူမ၏မျက်ဝန်းမှ မျက်ရည်ကြည်များ ပါးပြင်ပေါ်သို့ အရှိန်ပြင်းစွာ စီးကျ၍လာသည်။

“ငါ...ငါ ငိုနေတာလား၊ အို...မငိုဘူး မငိုဘူး ကိုရာဇာကို ငါ ဘာကြောင့် လက်ထပ်ရမှာလဲ”

ပါးပြင်ပေါ်သို့ စီးကျလာသော မျက်ရည်များကို သူမ၏ လက်ဖမိုးကလေးဖြင့် ခပ်ကြမ်းကြမ်းကလေးပွတ်ကာ သုတ်ပစ်လိုက်မိသည်။

အို...သွားစမ်းဟယ် သွားသွား ငါ့အတွေးထဲက ထွက်သွားကြစမ်း။

အတွေးစအချို့နှင့် ပုံရိပ်အချို့ကို နှင်ထုတ်ပစ်လိုက်ရင်း သူမ၏ကားလေးကို ဂရုတစိုက် မောင်းနှင်၍လာသည်။

ကားလေး ကုမ္ပဏီရှေ့တည့်တည့်တွင်ရပ်သွားသည်။ ကားရပ်သွားတယ်ဆိုရင်ပဲ ကုမ္ပဏီအတွင်းမှ ရှိစ် ပြေးထွက်လာသည်။ ပြုံးရွှင်သော မျက်နှာထားဖြင့်...





“ဂွတ်မောနင်း မမစိမ်း”

နှုတ်ဆက်စကားဆိုရင်း ကားတံခါးကို ဆွဲဖွင့်လိုက်သည်။

“မောနင်း...ရှိစ်”

ပြောပြောဆိုဆို စိမ်းမမ အတာက်ချီကေ့(စ်)သေတ္တာပြားလေးကိုဆွဲကာ ကားပေါ်မှဆင်းလိုက်သည်။

“ပေးလေ မမစိမ်း ရှိစ့်ကိုပေး”

စိမ်းမမထံမှ သေတ္တာပြားလေးကို ရှိစ့်လှမ်းယူလိုက်သည်။ ထို့နောက် ရှိစ့်နှင့်အတူ စိမ်းမမ ကုမ္ပဏီရုံးခန်းအတွင်းသို့ ဝင်လာခဲ့သည်။

“မမစိမ်း ခုနက ကိုရာဇာဆီက ဖုန်းလာတယ်၊ မနက်စာကို မမစိမ်း သူနဲ့အတူတူ အပြင်မှာလိုက်စားရမယ်လို့ ပြောတယ် မမစိမ်း”

ကြားလိုက်ရသည့် စကားလုံးတွေကြောင့် စိမ်းမမ လွန်စွာစိတ်ညစ်သွားရသည်။

“ကျွတ်...စိတ်ညစ်လိုက်တာ ရှိစ့်ရယ် မမစိမ်းလေ သေသာသေလိုက်ချင်တယ်ကွယ်”

ရှိစ့်မှာ ထိတ်ထိတ်ပျာပျာဖြစ်သွားရသည်။

“ဘာ...ဘာဖြစ်လို့လဲ မမစိမ်းရယ်”

စိမ်းမမ သက်ပြင်းမောကိုချလိုက်ရင်း...

www.burmeseclassic.com



"ရှုံးခန်းထဲကိုရောက်တော့ မမစိမ်းပြောပြမယ် ရိုစ့်ရယ်"

လေးလံသော ခြေလှမ်းများဖြင့် ရုံးခန်းအတွင်းသို့ ဝင်လာခဲ့ကြသည်။ သူမ၏ အလုပ်စားပွဲခုံရှေ့က အိစက်ငြိမ့်ညောင်းသော ဆိုဖာပေါ်တွင် စိမ်းမမ နွမ်းလျစွာဖြင့် ဝင်ထိုင်လိုက်သည်။

"မမစိမ်းရယ် ဘာတွေဖြစ်နေတာလဲ၊ ရိုစ့်တော့ ရင်ထိတ်လိုက်တာ မမစိမ်းရယ်"

"ဒီလို... ရိုစ့်ရယ် မာမီက မမစိမ်းကို ကိုရာဇာနဲ့ ဒက်ဒီပြန်လာရင် လက်ထပ်ပေးဖို့ စီစဉ်နေပြီ ရိုစ့်"

"ရှင် မမစိမ်းနဲ့ ကိုရာဇာ"

"ဟုတ်တယ် ရိုစ့် မမစိမ်း ကိုရာဇာကို လုံးဝလက်မထပ်နိုင်ပါဘူးကွယ်၊ မမစိမ်း သူ့ကို ရိုးရိုးသားသားခင်တာ ရိုစ့်သိရဲ့သားနဲ့၊ သူ့ရဲ့ ရုပ်ပွေတဲ့သတင်းတွေက ကြားရတာ နားနဲ့မဆံ့ဘူးကွယ်၊ မမစိမ်း ဘာလုပ်ရမှာလဲဟင်"

ထိုအချိန်...

"တီ..."

စိမ်းမမ၏ စားပွဲပေါ်မှ တယ်လီဖုန်းကလေးက မြည်လာသည်။ စိမ်းမမ ကောက်မကိုင်ဘဲ ငေးကြောင်၍ကြည့်နေသည်။





"တီ...တီ"

ဖုန်းသံလေးက ဆူညံစွာ ထွက်ပေါ်၍နေသည်။

ရိုစ့် ဖုန်းကလေးကို ကောက်ကိုင်လိုက်သည်။

"ဟယ်လို အမိန့်ရှိပါရှင် ရွှေမြန်ပြည်ကုမ္ပဏီကပါရှင်"

"ဟယ်လို မမစိမ်း ဝေးလွှင့်ပါ"

ရိုစ့်၏မျက်ဝန်းကလေး ပြူးကျယ်ဝိုင်းစက်သွားရသည်။

"ဟယ်..."

စိမ်းမမကိုလှမ်းကြည့်ရင်း ပြုံးစစမျက်နှာပေးဖြင့်...

"မမစိမ်း မမစိမ်းနဲ့ တွေ့ချင်လို့တဲ့"

ပြောပြောဆိုဆို စိမ်းမမ၏လက်ထဲသို့ ဖုန်းကို အတင်းထည့်ပေးလေသည်။

"အို...ဟင်းအင်း ဟင့်အင်း မမစိမ်းမရှိဘူးလို့ ပြောလိုက်ကွာ"

စိမ်းမမကလည်း ဖုန်းခွက်ကိုတွန်းထုတ်ရင်းပြောသည်။

"မမစိမ်းနဲ့ တွေ့ချင်လို့တဲ့"

စိမ်းမမ၏လက်ထဲ ဖုန်းခွက်ကိုချပေးရင်း ထွက်ပြေး၍သွားသည်။

"ကျွတ်...စိတ်ရှုပ်ရတဲ့ကြားထဲ"

စိမ်းမမ စိတ်ရှုပ်ထွေး နောက်ကျိစွာရေရွတ်လိုက်ရင်း ဖုန်းကို ကောက်ကိုင်လိုက်သည်။

www.burmeseclassic.com



"ဟဲလို ကျွန်မ စိမ်းမမပါရှင်"

"မမ မမစိမ်း"

"ဟင်...အခုပြောနေတာ ဘယ်သူလဲ"

"ဝေး...ဝေးလွင့်လေ မမစိမ်း"

ဝေးလွင့်ဆိုသည်နှင့် စိမ်းမမရင်တစ်ခုလုံး နှလုံးခုန်သံ ကျယ်လောင်စွာ ဆူညံ၍သွားသည်။

"မမစိမ်း မမစိမ်း"

"ဝေး ဝေးလွင့် မင်း မင်း ဘယ်ကဆက်တာလဲ"

"မမစိမ်းတို့ ကုမ္ပဏီရှေ့က ကော်ဖီဘားကလေ၊ အဟင်း ဟင်း"

"ဘာ...ဘယ်လို မင်းဘယ်တုန်းကရောက်တာလဲ"

"အဟဲ...ကျွန်တော် အခုပဲရောက်တာ မမစိမ်းရဲ့ မမစိမ်းကိုလွမ်းလို့ဗျ"

"ကျွတ်...ခက်လိုက်တာ ဘယ်ကိုမှထွက်မသွားနဲ့နော် မမစိမ်း အခုလာခဲ့မယ် သိလား"

"စိတ်ညစ်စိတ်ရှုပ်ရတဲ့ကြားထဲ တော်တော် အလိုက် ကမ်းဆိုးမသိတဲ့ကောင်လေး ဒုက္ခပါပဲနော်"

မြည်တွန်တောက်တီးပြောဆိုရင်း ဖုန်းခွက်ကို ချလိုက်သည်။ ရိုစ့်ဘက်သို့လှည့်ကြည့်ရင်း...

"ရိုစ့်ရေ ဝေးလွင့်အောက်မှာရောက်နေတယ် အိမ်ပြန်





ပို့ပေးလိုက်ဦးမယ်ကွယ်၊ တော်တော်ဒုက္ခပေးတဲ့ ချာတိတ်ပဲ ကွယ်"

"ဝေးလွင့် ဒီလောက်ဒုက္ခပေးနေရင် သူ့ကို အရှေ့ ထောင်ကို ပို့လိုက်တော့ မမစိမ်းရယ်၊ စိတ်ညစ်စရာတွေများရ တဲ့ကြားထဲ သူကတစ်မျိုး"

စိမ်းမမ၏မျက်နှာလေး ကွက်ခနဲ ပျက်ယွင်းသွား သည်။

"အို...ဝေးလွင့်နဲ့ ဘာမှမဆိုင်ပါဘူးကွယ်၊ ဝေးလွင့် မှာ ဘာအပြစ်မှမရှိပါဘူးကွယ်"

စိမ်းမမကိုကြည့်ရင်း ရိုစ့် ပြုံးချင်ချင်ဖြစ်သွားရသည်။

"အဟင်း ဟင်း မစိမ်းနော် ရိုစ့် တအားအော်ရယ်ပစ် လိုက်မှာ အဟက် ဟက်"

"ဘာ...ဘာဖြစ်လို့လဲ ရိုစ့်ရယ်"

"အဟင်း အလကား မမစိမ်းကိုချစ်လို့စတာပါ သွား သွား ဝေးလွင့် အောက်မှာစောင့်နေတာ တော်ကြာ စိတ် မထင်လို့ တခြားထွက်သွားရင် ခက်မယ်"

စားပွဲပေါ်မှာတင်ထားသော သူမ၏ကားသော့ ဘလေးကို ကောက်ကိုင်လိုက်သည်။

"ရိုစ့်ရေ ကောင်းသလိုသာ ကြည့်ရှင်းလိုက်တော့ အဲ မမစိမ်း နေမကောင်းလို့ ဒီနေ့မလာဘူးလို့ ပြောလိုက် ရိုစ့်ရေ

www.burmeseclassic.com



ဘိုင်ဘိုင် ဆီးယူ တူမောရိုး"

"ဘိုင် မမစိမ်း good by"

ပြောပြောဆိုဆို ရုံးခန်းအတွင်းမှ စိမ်းမမ ခပ်သွက် သွက် ဆင်းလာခဲ့သည်။

"ဟယ်လို ဒေါ်စိမ်းမမ ဘယ်လဲခင်ဗျ"

ပြုံးရွှင်သောမျက်နှာထားဖြင့် မန်နေဂျာ ဦးသက်ခိုင် က စိမ်းမမကို လှမ်းမေးလိုက်သည်။

"ဟို...ဟို ကျွန်မ နေလို့သိပ်မကောင်းလို့ အိမ်ပြန်ပြီး အနားယူမလို့ပါ။ ကုမ္ပဏီကိစ္စတွေအတွက် လိုအပ်တာကို ကျွန်မကိုယ်စား ရိုစ့်နဲ့တိုင်ပင်ပြီး စီစဉ်ကြပါ၊ နေ့လယ် တစ်နာရီ မှာ နိုင်ငံခြားသားကုန်သည်တွေနဲ့ တွေ့ဖို့ကိစ္စကို ရိုစ့်နဲ့အတူ ဦးသက်ခိုင်တို့ သွားတွေ့လိုက်ပါ၊ လိုအပ်တာတွေကို ရိုစ့်ပဲ စီစဉ်ညွှန်ကြားပေးလိမ့်မယ်"

"ဟုတ်ကဲ့ ခင်ဗျာ အားလုံးကိုစိတ်ချပါ"

"ကဲ...ကျွန်မကို သွားခွင့်ပြုပါဦး"

စိမ်းမမ ကုမ္ပဏီအတွင်းမှ ခပ်သွက်သွက်ထွက်လာ လေသည်။

ကုမ္ပဏီရုံးခန်းရှေ့တည့်တည့်မှာရှိသော ကော်ဖီဆိုင် ကလေးကို လှမ်း၍ကြည့်လိုက်မိသည်။ ဝေးလွင့်၏ အရိပ် အယောင်ကို မတွေ့ရ။





"ဟင်...ဝေးလွင့်တစ်ယောက်မရှိပါလား၊ ဒုက္ခပါပဲ ဘယ်ကိုလျှောက်သွားနေပြီလဲ ငါ့နှယ်နော် စိတ်ညစ်လိုက်တာ"

သူမ၏ မျက်ဝန်းစုံက ပတ်ဝန်းကျင်ကို ဝေ့ဝဲ၍ရှာမိ သည်။ သူမ၏ မြင်ကွင်းထဲသို့ တန်းတန်းမတ်မတ်လျှောက် လာသည့် လူငယ်တစ်ယောက်။

သားသားနားနား ဝတ်ဆင်ထားသည့် သူ့စတိုင်က တကယ့်ကို အချိုးကျကျ စမတ်ကျကျ ဝတ်ဆင်ထားသည်။ ရှပ်အင်္ကျီနုံ့သာရောင် အဖြူလက်ရှည်နှင့် လည်ကတိုင်အနက် ကို ဝတ်ထားသော သူကို စိမ်းမမ ငေးကြည့်၍နေမိသည်။ အဖြူရောင်နှင်းဆီပန်းကို လက်မှာကိုင်ထားသည်။

လူငယ်လေးက တဖြည်းဖြည်းသူမထံသို့ တည့်မတ် စွာ လျှောက်လာသည်ကို သတိလက်လွတ် ငေးကြည့်နေမိ သည်။ အနားရောက်လာသောအခါ...

"ဟင်...ဝေးလွင့်"

"အဟက်...မမစိမ်း ရော့ မမစိမ်းအတွက် နှင်းဆီပန်း လက်ဆောင်"

စိမ်းမမနှင့် ဝေးလွင့်တို့ကို ကုမ္ပဏီအတွင်းမှလူများက ဝိုင်း၍ကြည့်နေကြသည့်အတွက်...

"လာ လာ ဝေးလွင့် သွားမယ်"

ဝေးလွင့်၏လက်တစ်ဖက်ကိုဆွဲကာ သူမ၏ရပ်ထား

www.burmeseclassic.com



သော ကားဆီသို့ ခပ်သွက်သွက် လျှောက်လာခဲ့မိသည်။

"မမ မမစိမ်း ဒါကဘယ်လဲဗျ"

"အိမ်ကိုပြန်ကြမယ်လေကွယ်"

"ဟင့်အင်း ဟင့်အင်း မပြန်ဘူး မပြန်ဘူး မမစိမ်းနဲ့ ကားလျှောက်စီးမလို့ဗျ၊ လာဗျာ မြန်မြန်သွားကြမယ်"

ကားနားကိုရောက်လာကြသည်။ ကားတံခါးကိုဖွင့်လိုက်ရင်း ကားမောင်းသူနေရာတွင် ဝေးလွင့်က အရင်ဦးအောင် ဝင်ထိုင်လိုက်သည်။

"တက်လေ မမစိမ်း"

ဝေးလွင့်က အလိုက်တသိပင် စိမ်းမမတက်ရန် ကားတံခါးကို ဖွင့်ပေးလိုက်သည်။

"မမစိမ်း တက်ပါဗျ"

"ဝေးလွင့် ဖယ်ပါကွယ် မမစိမ်း မောင်းမယ်နော် မင်းသွားချင်တဲ့နေရာတွေကို မမစိမ်း လိုက်ပို့ပါ့မယ်ကွာ ဖယ် ဖယ် ကလေးက လိမ္မာပါတယ်ကွာ"

"ဟာဗျာ...တက်ပါ မမစိမ်းရဲ့ ကျွန်တော်မောင်းပြီး ပို့ပါ့မယ်၊ ဟဲ ဟဲ မမစိမ်းသွားချင်တဲ့နေရာ"

ထိုအချိန် ခပ်လှမ်းလှမ်းမှ ရာဇာ၏ ရွှေအိုရောင် ဘလူးဘဒ်ကားကလေးကို တွေ့လိုက်ရသည့်အတွက် စိမ်းမမ ကားပေါ်သို့ ကပျာကယာတက်ထိုင်လိုက်သည်။ ကားတံခါး





ကို ပိတ်လိုက်ပြီး တစ်ဆက်တည်း ဝေးလွင့်ဘက်သို့စောင်းငဲ့၍ ကြည့်လိုက်ရင်း...

"မောင်း ဝေးလွင့် မြန်မြန်မောင်း"

ဝေးလွင့် သူ၏လက်မှာကိုင်ထားသော နှင်းဆီဖြူပန်းစည်းက စိမ်းမမ၏ပေါင်ပေါ်သို့ ပစ်ကာချလိုက်သည်။

"အို..."

ပေါင်ပေါ်သို့ ဘုတ်ခနဲကျလာသော နှင်းဆီပန်းစည်းကို စိမ်းမမ ကောက်ကိုင်လိုက်သည်။ ဝေးလွင့်ကားစတီယာရင်ကို ဆုပ်ကိုင်ပြီး လီဗာကို ဖိနင်းလိုက်တယ်ဆိုရင်ပဲ စိမ်းမမ၏ လင့်ခရူဇာကားလေးက အရှိန်ပြင်းစွာ ရုတ်တရက် ဆောင့်၍ထွက်သွားသည်။

အရှိန်ပြင်းလွန်းသဖြင့် စိမ်းမမနှုတ်ခမ်းထက်ဆီမှ 'အို' ဟု ရေရွတ်သံနှင့်အတူ ဝေးလွင့်ဘက်သို့ ယိမ်းယိုင်၍ ကျသွားသည်။

"ဝေးလွင့် ကားကိုအရှိန်လျှော့ပြီး ဖြည်းဖြည်းမောင်းစမ်း"

"ဟုတ်ကဲ့ပါ မမစိမ်း"

လျှောင်ချိုင့်မှလွတ်သော ငှက်ကလေးနှယ်။ ကားလေးကို မြည်လမ်းမကြီးအတိုင်း မောင်း၍လာခဲ့သည်။ လှည်းတန်းမီးပွိုင့်မှာ မီးနီမိသွားသည်။

www.burmeseclassic.com

“ကျွတ်...အရေးထဲမှဗျာ”

သည်မီးပွိုင့်မှာ ယာဉ်ကြောစောင့်ရတာက ဟိုတုန်းကထက် ကြာသည့်ဟု ထင်မိသည်။

“အစတုန်းက မီးပွိုင့် ဒီလောက်မကြာပါဘူးဗျာ၊ ကားတန်းကြီးကလည်း ရှည်လိုက်တာ”

စိမ်းမမ ကားတန်းကြီးကို သတိလက်လွတ် ငေးကြည့်နေမိသည်။ ရုတ်တရက် မီးပွိုင့်က ပြောင်းသွားသည်။ မီးပွိုင့်က မီးစိမ်းနေတာကို ဝေးလွင့် သတိမပြုမိ။

“တီ” “ပွမ်”

“ပွမ်”

နောက်ကားတွေ ဟွန်းသံက ဆူညံစွာထွက်ပေါ်လာသည်။

“အို...ဝေးလွင့် မီးပွိုင့်က စိမ်းနေပြီလေကွယ်၊ မောင်းမောင်း”

စိမ်းမမ ဝေးလွင့်ဘက်သို့ စောင်းငဲ့ကြည့်ရင်း ပြောလိုက်မိသည်။

ဝေးလွင့်က စိမ်းမမကို မျက်တောင်မခတ်စတမ်း စူးစိုက်စွာ ငေးကြည့်နေသည်။ ဝေးလွင့်၏ ညှို့ငင်နိုင်စွမ်းသော မျက်ဝန်းရဲ့အကြည့် ရှင်းသန်းဖြူဝင်း နုဖတ်နေသော ဝေးလွင့်၏ ရုပ်သွင်တို့နှင့် အကြည့်ချင်းဆုံလိုက်ရသည့်အတွက်



စိမ်းမမ၏ မျက်နှာလေး ပန်းသွေးရောင်လွှမ်းသွားကာ ကမျာကယာ အလိုလို ခေါင်းငုံ့လိုက်မိသည်။

“အဟင်း ဟင်း မမစိမ်း သိပ်လှတယ်”

ဝေးလွင့် သူ့ဘာသာသူပြောရင်း တဟင်းဟင်း ရယ်မောနေရင်း ကားကို မောင်းထွက်လိုက်သည်။ စိမ်းမမ၏ ရင်တစ်ခုလုံး ပြောင်းဆန်၍ တုန်ခါနေသည်။ ကားလေးက တရိပ်ရိပ်ပြေးလွှား၍နေသည်။

“မမစိမ်း တိရစ္ဆာန်ဥယျာဉ်ကို သွားရအောင်နော်၊ ကျွန်တော့်ရဲ့စိတ်ထဲမှာ ရောက်ဖူးနေသလိုပဲ”

“ဟုတ်ပြီ ကဲ...ကဲ ဒါဆိုရင် ကားကို ညာဘက်ကို ချိုး၊ ဟုတ်ပြီ အောင်ဆန်းကွင်းဘက်က ပတ်မယ်ကွာ”

စိမ်းမမ၏ လမ်းညွှန်မှုကြောင့် ကားလေးက တိရစ္ဆာန်ရုံဘက်သို့ ဦးတည်၍သွားသည်။ ကားလေးက တိရစ္ဆာန်ဥယျာဉ်ရှေ့တွင် ရပ်သွားသည်။ ကားပေါ်မှ နှစ်ယောက်သား ဆင်း၍လာကြသည်။ ဂိတ်ပေါက်ဝတွင် ဝင်ကြေးပေးပြီး ဝင်လိုက်ကြသည် ဆိုရင်ပဲ...

“လာလာ ဝေးလွင့် ရေလှောင်လျှောစီးတဲ့ဆီကို အရင်သွားမယ်”

ဝေးလွင့်၏မျက်ဝန်းများက မလှမ်းမကမ်းမှာ မြင်တွေ့နေရသော မိုးပျံသရဲရထားဆီသို့ အကြည့်ကရောက်သွား

www.burmeseclassic.com



သည်။ လှမ်းနေသော ခြေလှမ်းကို ရပ်တန့်ကာ ငေးကြည့်နေသည်။

"ဝေးလွင့် ဘာရပ်လုပ်နေတာလဲ လာလေ သွားမယ်"

"ဟင်အင်း ဟိုမှာတွေ့လား မမစိမ်း"

ဝေးလွင့်ညွှန်ပြရာသို့ လှမ်း၍ကြည့်လိုက်မိသည်။

"ဝေးလွင့် ရိုလာကိုစကာ မိုးပျံသရဲရထားစီးမလို့လား"

"အင်း...စီးချင်တယ် မမစိမ်းရယ် ပျော်စရာကြီး လာပါ မမစိမ်းရဲ့"

စိမ်းမမ၏လက်ကို အတင်းဆွဲ၍ခေါ်လာလေသည်။

"မမစိမ်း စီးမယ်နော် ပျော်စရာကြီး"

"ဟင့်အင်း မမစိမ်းမစီးရဲဘူးကွယ် ကြောက်စရာကြီး"

"ဘာကြောက်စရာကြီးရမှာလဲ မမစိမ်းရဲ့ ဟိုမှာကြည့်လိုက်စမ်းပါဦး ပျော်ဖို့ဘယ်လောက်ကောင်းသလဲ"

"သံလမ်းက သေးသေးလေး မြီးတော့ ဟိုးအမြင့်ကြီးကို တက်သွားတာ ဘေးက အကာအကွယ်မဲ့နဲ့ မမစိမ်းကြောက်တယ်ကွယ် မစီးရဲဘူး"

"လာပါ မမစိမ်းရဲ့ ရထားစီးဖို့ လက်မှတ်ဝယ်မယ်နော် ပျော်စရာကြီး မမစိမ်းရဲ့"

စိမ်းမမ၏လက်ကိုဆွဲကာ မိုးပျံရထားစီးဖို့ လက်မှတ်ဝယ်လေသည်။ ဝေးလွင့်က စီးချင်တယ်ဟု တတွတ်တွတ်





ပူဆာသဖြင့် စိမ်းမမ ကြောက်ကြောက်ဖြင့် စီးဖြစ်သွားသည်။

"အို...ကြောက်တယ် ကြောက်တယ်"

စိမ်းမမ ထိတ်လန့်တကြားအော်ဟစ်ရင်း ဝေးလွင့်ကိုယ်လုံးကို အတင်းဖက်တွယ်ထားလေသည်။ ကြောက်ရွံ့မှုကြောင့် သူမတစ်ကိုယ်လုံး ဇောချွေးတွေပြန်ကုန်သည်။

"ကြောက်တယ် တော်ပြီ တော်ပြီ"

"ဟာဗျာ မကြောက်ပါနဲ့ မမစိမ်းရဲ့၊ ဟိုမှာကြည့်ပါလား၊ ကလေးတွေတောင် စီးနေတာ ပျော်စရာကြီး"

"ဟင့်အင်း တော်ပြီ တော်ပြီ"

ဝေးလွင့်က စိမ်းမမကို ပြန်လည်ဖက်တွယ်ရင်း ချော့မော့နှစ်သိမ့်၍နေသည်။ ဂိတ်ရောက်တော့ သူမရင်တွေ တလှပ်လှပ်ခုန်နေသည်။

"ရောက်ပြီ မမစိမ်းရဲ့ ရောက်ပြီလေဗျာ ထတော့"

စိမ်းမမကို ဖက်တွယ်ထားသောလက်ကို ဖြေလျော့ရင်း ပြင်သာစွာပြောသည့်အတွက် ဝေးလွင့်ကို ဖက်တွယ်ထားသည့် သူမ၏အဖြစ်ကို တွေးရင်း အလိုလိုရှက်သွားမိသည်။ မိုးပျံရထားပေါ်မှ ဆင်းလိုက်ကြသည်။

"တော်ပြီ တော်ပြီ နောက်ဆို သရဲရထားဘယ်တော့မှ မစီးတော့ဘူး"

"ဟာဗျာ ပျော်ဖို့ဘယ်လောက်ကောင်းသလဲဗျ၊ သတ်

www.burmeseclassic.com



သက်မဲ့ မမစိမ်းက ကြောက်နေတာ လာဗျာ ထပ်စီးရအောင် ဘယ်လောက်အရသာရှိလဲ"

"အို...ဟင့်အင်း ဟင်အင်း မစီးတော့ဘူး လာလေ ဝေးလွင့် ပြန်မယ် ပြန်မယ်"

ဝေးလွင့်၏လက်ကိုဆွဲရင်း ထိုနေရာမှ ခပ်သွက်သွက် ထွက်လာခဲ့သည်။ ဝေးလွင့်၏ လှမ်းနေသောခြေလှမ်းများ အလိုလိုရပ်တန့်သွားသည်။

"မမစိမ်း ဟိုမုန့်စားချင်တယ်"

လမ်းဘေးဈေးသည် ကုလားမကြီးကိုလက်ညှိုးထိုး၍ ပြောလေသည်။

"အို...ဒါတွေမစားနဲ့ကွယ် စားသောက်ဆိုင်မှ တစ်ခုခုစားမယ် လာ"

"ဟင့်အင်း အဲဒီမုန့်ပဲစားချင်တယ်"

ပြောပြောဆိုဆို မုန့်သည်ရှိရာသို့ လျှောက်သွားလေသည်။

"အဒေါ်ကြီး ကျွန်တော့်ကို မုန့်ရောင်းဗျာ အဲ... တစ်ရာဖိုးရောင်း"

စိမ်းမမ မုန့်သည်ရှိရာသို့ လျှောက်လာခဲ့မိသည်။

"အဲဒါဘာမုန့်လဲဟင် အန်တီ"

"မုန့်တိုဇံလို့ ခေါ်တယ် ကလေးမ"





"ဟင့်အင်း မဟုတ်ဘူး မဟုတ်ဘူး ဒီအဒေါ်ကြီး ညာပြောတာဗျ၊ မုန့်ဟင်းခါးဖတ်တွေကို သကြားဖြူးထားတာဗျ တွေ့လားမမစိမ်း စားကြည့်စမ်း ကောင်းမှကောင်း"

"ဟင့်အင်း မမ မစားချင်ပါဘူးကွယ်၊ မင်းဖဲစား"

ဝေးလွင့်ကတော့ မုန့်တိုဇံတွေကို အားပါးတရစား နေရင်း...

"ဟင့်အင်း မရဘူးဗျာ မမစိမ်း စားကြည့်ပါ"

စိမ်းမမကို ပြောပြောဆိုဆို အတင်းခွံ့လေသည်။

"စားပါ မမစိမ်းရဲ့ ကောင်းလွန်းလို့ ကျွန်တော် အရမ်းကြိုက်တာဗျ"

သူမ ဝေးလွင့်လက်ထဲမှ နည်းနည်းယူစားကြည့်သည်။

"တွေ့လား ကောင်းတယ်နော် အရမ်း အရသာရှိတာပဲ၊ မမစိမ်း နောက်ထပ် ငါးရာဖိုးလောက် ထပ်ဝယ်ကျွေးနော်"

"အင်း အင်း ဝယ်ကျွေးမယ် ဝယ်ကျွေးမယ်၊ အန်တီ ငါးရာဖိုး ထပ်ထည့်ပေးဦးနော်"

"အဟဲဟဲ မမစိမ်းက သိပ်ချစ်ဖို့ကောင်းတာပဲ"

"ဝေးလွင့်နော် ညာညာစားနေ ဟွန်း"

"လာဗျာ မမစိမ်း ပြန်ကြမယ်"

"အို...မပြန်သေးဘူးလေကွယ်၊ ကျားတွေ ဆင်တွေ ခြင်္သေ့တွေဘက်ကို သွားကြည့်ဦးမယ်နော်"

www.burmeseclassic.com



“ဟင့်အင်းဗျာ မကြည့်ချင်တော့ဘူး၊ မမစိမ်းက ကြောက်တတ်တယ်လေဗျာ၊ တော်ကြာ ကျားတွေ ဆင်တွေကိုမြင်ရင် လန့်ပြီးရှော့(ခ်)ဖြစ်သွားရင် ဘယ့်နှယ်လုပ်မှာလဲဗျာ၊ လာဗျာ ပြန်မယ်”

စိမ်းမမ၏လက်ကိုဆွဲကာ ကားရှိရာသို့ လျှောက်လာခဲ့ကြသည်။

“မမစိမ်း အင်းလျား ကန်တော်ကြီးကိုသွားမယ်နော်”

“ဟင့်အင်းကွာ မသွားချင်ဘူး”

“ဒါဆိုရင် ရွှေခင်းသာဥယျာဉ် မြေပဒေသာကျွန်း”

“ဟင့်အင်း မသွားချင်ဘူး”

စိမ်းမမ၏ မျက်နှာလှလှလေးကို မျက်တောင်မခတ်စတမ်း ဝေးလွင့် စူးစိုက်စွာကြည့်နေသည့်အတွက် စိမ်းမမကလည်း သတိလက်လွတ် ပြန်လည်ငေးကြည့်၍နေမိသည်။

စိမ်းမမ၏ပခုံးကို ဝေးလွင့် ညင်သာစွာဆုပ်ကိုင်လိုက်ရင်း...

“မမ မမစိမ်း”

ဝေးလွင့်၏ခေါ်သံကြောင့် စိမ်းမမ၏ပျောက်ကွယ်လုလု အသိတရားတွေ ပြန်ဝင်လာသည်။

“ဝေးလွင့် မမစိမ်းကိုလွှတ်လေကွယ်၊ မမစိမ်းတို့ ပြန်ကြမယ်”





စိမ်းမမ၏အသံတွေ တုန်ရင်နေသည်။

“အို...”

စိမ်းမမ၏ရင်ထဲမှာ မွန်းကျပ်၍ ပိတ်လှောင်သွားသလို ခံစားလိုက်ရသည်။

ရင်ခုန်သံတွေ ဆူညံ၍နေသည်။ သူမ၏ ဘဝတစ်သက်တာတွင် ယောကျ်ားလေးတစ်ဦးနှင့် အနီးစပ်ဆုံးနေမိသည့်သူမှာ ဝေးလွင့်တစ်ယောက်တည်း။ သူမ၏ရင်ကို ကပြောင်းကပြန်ဖြစ်စေခဲ့သည့် ဝေးလွင့်ကတော့ စိမ်းမမခံစားချက်ကို ဘာမှမသိ။

“လာ မမစိမ်း ပြန်ကြမယ်နော်”

“ရိုစ့်ရေ...ဒက်ဒီမနက်ဖြန်ခါ ပြန်လာတော့မယ်တဲ့ကွာ”

“ဟင်...အန်တကယ်ကလည်း မြန်လိုက်တာ၊ဒါနဲ့ ရွှေလဆန်းမှလာမှာဆို”

www.burmeseclassic.com



“မမစိမ်း အရမ်းစိတ်ညစ်နေတယ် ရိုစ့်ရယ်၊ ဝေးလွင့်ကို မာမီတို့ကတော့ စိတ္တဇဆေးရုံပို့မယ်လို့ စီစဉ်နေကြပြီကွယ်”

“ဟင်...ဟုတ်လား ဝေးလွင့်က အခု သူ့ရဲ့စိတ်က လူကောင်းလိုဖြစ်နေပြီလေ၊ သူ့ရဲ့အတိတ်ဘဝကို မေ့နေတာပဲရှိတယ်၊ အရူးတစ်ယောက်မှ မဟုတ်တာ ဆေးရုံကိုပို့လို့ မဖြစ်ပါဘူး မမစိမ်းရယ်”

“ဆေးရုံပို့ရင် ဆေးရုံမှာက သွက်သွက်လည်ရူးနေတဲ့အရူးတွေပဲရှိတာ၊ ပိုဆိုးမှာပေါ့ကွယ်၊ မမစိမ်း ဘာလုပ်ရမှာလဲဟင်”

“မမစိမ်း ဝေးလွင့်ကို ရိုစ့်ခေါ်ထားမယ်လေ”

“ဖြစ်ပါ့မလား ရိုစ့်ရယ်”

စိမ်းမမ၏ မျက်နှာလှလှလေးမှာ ညှိုးနွမ်း၍နေသည်။ သူမ၏မျက်ဝန်းဝယ် မျက်ရည်ကြည်များ စီတက်၍လာသည်ကို မျက်တောင်ကော့ရှည်ရှည်များဖြင့် ပုတ်ခတ်၍ထုတ်ပစ်မိသည်။

မိမိ၏နှလုံးသားကို မိမိမညာချင်။ ဝေးလွင့်ကို အမြတမ်း သတိရ တမ်းတ၍နေမိသည်။

“မမစိမ်း ဝေးလွင့်ကို ရိုစ့်ဆီပို့ထားတာ ဘယ်သူမှ မသိစေနဲ့နော်၊ သူစိတ်ဖောက်ပြီး တစ်နေရာရာကိုထွက်သွားတဲ့ ပုံစံမျိုးမယ် သိလား”





“ရိုစ့်ကောင်းမယ်ထင်သလို လုပ်ပါကွယ်”

“မမစိမ်း ကိုရာဇာနဲ့ကိစ္စရော ဘယ်လိုလုပ်မလဲဟင်”

“မမစိမ်းလည်း ငြင်းပါတယ်ကွယ် ဒါပေမယ့် ဒက်ဒီနဲ့မာမီက အတင်းအကျပ်စီစဉ်နေကြတယ်၊ မမစိမ်း သိပ်စိတ်ညစ်တယ်ကွယ်”

“အင်း အန်ကယ်ကလည်းဇွတ်၊ အန်တီကလည်းဇွတ် ကိုရာဇာကို အရမ်းသမက်တော်ချင်နေရင်လည်း မမငြိမ်းနဲ့ပေးစားလိုက်ပေါ့၊ မမစိမ်းမှ ယောကျ်ားမလိုချင်တာကို အတင်းပေးစားနေတာပဲ၊ မမစိမ်းက မမငြိမ်းနဲ့ ပေးစားပါလားလို့ ပြောလိုက်ပါလား”

စိမ်းမမ ဘာမှမပြောဘဲ သက်ပြင်းမောကို လေးတွဲ့စွာချလိုက်ရင်း...

“မမငြိမ်းမှာက ချစ်သူရှိတယ်လေ၊ မကြာခင် မမငြိမ်းက သူ့ရဲ့ချစ်သူနဲ့ လက်ထပ်တော့မှာ”

စိမ်းမမထံမှ ကြားလိုက်ရသည့် စကားလုံးများကြောင့် ရိုစ့်၏မျက်နှာလေး ဝင်းလက်၍ ပြုံးပျော်ရွှင်မြူး၍သွားသည်။

“အို...မမစိမ်းကလည်း ရိုစ့်ပြောမယ် အဟက်ဟက် ဘာမှ စိတ်သောကဖြစ်နေစရာ မလိုပါဘူး၊ သိလား ပျော်ပျော်သာနေစမ်းပါ မမစိမ်းရယ်၊ ဟဲဟဲ မာမီနဲ့ ဒက်ဒီ သမီးမှာချစ်သူရှိတယ်၊ ကိုရာဇာကို မယူပါရစေနဲ့လို့ ပြောလိုက်ပါလား”

www.burmeseclassic.com



စိမ်းမမ၏မျက်နှာလေး ရှက်လွန်း၍ ပန်းသွေးရောင် လွှမ်းသွားသည်။

"အို...ရိုစ့်ကလည်း ကြံကြံဖန်ဖန်ကွယ် ရှက်စရာ"

"ဒါရှက်စရာမှမဟုတ်တာ မမစိမ်းက ဒါဆိုရင် ကိုရာဇာကို ယူမှာလား"

"ဟင့်အင်း မယူဘူး မယူနိုင်ဘူး ရိုစ့်"

"ဒါဆိုရင် မမစိမ်း ရိုစ့်ပြောတဲ့အတိုင်းလုပ်ရမယ်၊ မမစိမ်းမှာ ရည်းစားရှိတယ်၊ ဒါကြောင့် ကိုရာဇာကို လက်မထပ်နိုင်ဘူးလို့ ပြောလိုက်"

"ဖြစ်ပါ့မလား ရိုစ့်ရယ်"

"အို...မမစိမ်းကလည်း ဘာလို့မဖြစ်ရမှာလဲ ရိုစ့်ပြောခိုင်းတဲ့အတိုင်းသာ ပြောပြလိုက် အန်ကယ်ကြီးတို့ နောက်ဆုတ်သွားလိမ့်မယ်"

စိမ်းမမ၏မျက်နှာလေး ညှိုးနွမ်းနေရာမှ ရုတ်တရက် တဖြည်းဖြည်း ပြုံး၍လာသည်။

"ကျေးဇူးကမ္ဘာပါပဲ ရိုစ့်ရယ်"





"သမီး...သမီးမှာ ချစ်သူရှိတယ် ဒက်ဒီ၊ သမီးမှာ ချစ်ရတဲ့ ချစ်သူတစ်ယောက် ရှိနေလို့ပါ"

"ဘာ"

"ဘာပြောတယ် သမီးငယ်"

စိမ်းမမကို မယုံကြည်နိုင်သော မျက်ဝန်းစုံနဲ့ မိခင်နဲ့ ဖခင်ဖြစ်သူတို့က ငေး၍ကြည့်နေကြသည်။

"တောက်..."

ဒီလောက် စည်းကမ်းတွေတင်းကျပ်လွန်းတဲ့ကြားက ရည်းစားရှိတယ်ဆိုတဲ့အသံ ကြားတော့ ဦးခင်မောင်ကျော် သွန်စွာဒေါသထွက်သွားသည်။

"မရဘူး စိမ်းမမ ဘယ်အကောင်ကိုမှ ငါသမက်မတော်နိုင်ဘူး၊ မောင်ရာဇာကိုပဲယူရမယ် စိမ်းမမ"

"သမီး သူ့ကိုမယူနိုင်ဘူး ဒက်ဒီ"

ဦးခင်မောင်ကျော်နဲ့ ဒေါ်ခင်မာလာတို့ တစ်ယောက်

www.burmeseclassic.com



မျှတ်နှာ တစ်ယောက် ပြုံးတူကြည့်လိုက်ကြသည်။ ဒေါ်ခင်မာလာက စိမ်းမမ၏ဆိုဖာပေါ်တွင် ဝင်ထိုင်လိုက်သည်။ စိမ်းမမ၏ ကျောပြင်ကို ပွတ်သပ်လိုက်ရင်း...

"စဉ်းစားပါသမီးရယ် သူက သမီးရှေ့ရေးလုံခြုံရေးအတွက် ဘဝလုံခြုံမှုပေးနိုင်မှာ၊ သမီးကိုလည်း ချစ်တယ်၊ သမီးလိုချင်တာ နှစ်ခါမပူဆာရဘူး မဟုတ်လား၊ အစစအရာရာ သိတတ်နားလည်တဲ့ မောင်ရာဇာလို လူတစ်ယောက်ကို သမီး ငြင်းဖို့မသင့်ကွယ်"

"အို...ဟင့်အင်း မာမီ သမီး ကိုရာဇာကို မယူပါရစေနဲ့"

စိမ်းမမကို ဘယ်လောက်ပဲနားချချ စိမ်းမမက ဟင့်အင်းလို့ အတင်းငြင်းဆန်သည့်အတွက် ဦးခင်မောင်ကျော်နဲ့ ဒေါ်ခင်မာလာတို့ဟာ အခက်ကြုံရပြီ။

"ခက်တယ် သမီးငယ် ဒက်ဒီတို့ အားလုံးစီစဉ်ပြီးနေပြီ"

"သမီးကတော့ ကိုရာဇာကို ဘယ်တော့မှ လက်မထပ်နိုင်ဘူး ဒက်ဒီ၊ သမီးရဲ့ချစ်သူကလွဲလို့ ဘယ်သူ့ကိုမှ လက်မထပ်နိုင်ဘူး"

ဦးခင်မောင်ကျော် သက်ပြင်းမောတစ်ချက်ကို ချလိုက်ရင်း...





"ဘယ်တုန်းက စကြိုက်တာလဲ"

"ကျောင်းတက်တုန်းက"

"ဘာ...ကျောင်းတက်တုန်းက ဟုတ်လား ဟင်ခွေးသမီး၊ ကျောင်းတက်တာ အစစအရာရာစည်းကမ်းတွေတင်းကျပ်ထားတဲ့ကြားက ချစ်သူရည်းစားထားတယ်တောက်"

စိမ်းမမကို ဒေါသတကြီး ပါးကိုရိုက်ရန် လက်ကိုမြှောက်လိုက်သည်။

"အို...မောင် မောင် တော်ပါတော့ကွယ် ခင်တောင်းပန်ပါတယ်"

"မိစိမ်း ငါ့ကိုသက်သက်စော်ကားတာပဲ တော်ကွာ ခင်မာလာ မင်းလည်းတော်တော့"

"မောင်ရယ် ခင်တောင်းပန်ပါတယ်၊ သမီးက စီးပွားရေးလောကမှာ ထိပ်ဆုံးရောက်အောင် ဇွဲရှိရှိနဲ့ ကြိုးစားသလို သမီးရဲ့ချစ်သူဟာလည်း သာမန်ယောကျ်ားတစ်ယောက်မဟုတ်ဘူးလို့ ခင် ထင်တယ်၊ အဆင့်အတန်းမြင့်မြင့်ထဲကပဲ ဖြစ်ရမယ်"

ဦးခင်မောင်ကျော်၏မျက်နှာကတော့ တင်းမာခက်ထန်၍ နေသည်။

www.burmeseclassic.com



"ဒီကောင်က ဘာလုပ်လဲစိမ်းမမ"

စိမ်းမမ၏မျက်နှာလေးက သွေးဆုတ်ထားသလို ဖြူလျော်၍နေသည်။

"သူ...သူက သဘော်သားတစ်ယောက်ပါ ဒက်ဒီ၊ သူ့မိဘတွေကတော့ မိုးကုတ်က ကျောက်တွင်းသူဌေးတွေပါ ဒက်ဒီ"

ဦးခင်မောင်ကျော် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်၍နေသည်။ စိတ်ထဲမှ သမီးရဲ့ချစ်သူဟာ သာမန်လူတစ်ယောက်မှမဟုတ်ဘဲဟု မှတ်ချက်ချရင်း သဘောထားတစ်မျိုးပြောင်းလိုက်ရင်း...

"အားတဲ့တစ်ရက် သမီးချစ်သူကို ဒက်ဒီတွေ့ချင်တယ်၊ ဒက်ဒီ့ဆီခေါ်လာခဲ့"

ဖခင်ဖြစ်သူ၏စကားလုံးကြောင့် စိမ်းမမ၏မျက်ခုံးနှစ်ဖက် မြင့်တက်၍သွားရသည်။

"ရှင်..."

ဟု ထိတ်လန့်တကြားရေရွတ်လိုက်ရင်း စိတ်ထဲမှ ဘုရားတလိုက်မိသည်။

"ဒက်ဒီဆီကို အလည်လာခဲ့ဖို့ပြောတာ စကားလေး ဘာလေး ပြောရအောင်လို့ပေါ့"





"ဟုတ်...ဟုတ်ကဲ့ ဒက်ဒီ"

"ကဲ...ကဲ သမီး သွားအနားယူတော့"

စိမ်းမမ မိခင်ဖခင်တို့ရှေ့မှ မပြေးရုံတမယ် သွက်သွက်ကလေး ထွက်လာခဲ့သည်။ ရှေ့ဆက်ရမည့် မနက်ဖြန်ပေါင်းများစွာကို ရင်ဆိုင်ရမည့်အတွက် စိမ်းမမရင်ထဲမှာ သောကမီးက တောက်လောင်၍နေသည်။

"ငါ ငါ ဘာဆက်လုပ်ရမှာလဲ၊ ရှိစ့်ရေ မမစိမ်းတော့ ဒုက္ခရောက်နေပြီကွယ်၊ မမစိမ်း ဘာလုပ်ရမှာလဲ"

✢ ✢ ✢

www.burmeseclassic.com

## အခန်း (၁၀)

ခရေပင်အောက်က ခုံတန်းလျားလေးပေါ်မှာ ဝေးလွင့် ထိုင်၍နေသည်။

"မမစိမ်းနဲ့မတွေ့ရတာ နှစ်ရက်ရှိပြီ၊ မမစိမ်း ဘာလို့မလာတာလဲ၊ လွမ်းလိုက်တာ မမစိမ်းရယ်"

ဟိုတစ်ခါက မမစိမ်းပြောဖူးတဲ့ မမစိမ်းရဲ့ ဧည့်သည်ဆိုတဲ့လူနဲ့ မမစိမ်းတို့က ချစ်သူတွေလား။ အဲဒီလူက မမစိမ်းနဲ့ မကြာခင် လက်ထပ်မယ့် ခင်ပွန်းလောင်းလို့ ပြောတယ်၊ ဝေးလွင့်၏ ရင်ထဲ နှလုံးသားထဲမှာ စူးတစ်ချောင်း နစ်ဝင်နေသလို နာနာကျင်ကျင်နှင့် ခံစားနေရခြင်းပင်။





စိမ်းမမနှင့်ပတ်သက်၍ သူ့ခံစားမှုကို သူ ခြေခြေမြစ်မြစ် နားမလည်။ စိမ်းမမသည် သူ မသိနိုင်သော သံယောဇဉ် ပန်းတစ်ပွင့်၊ ဒါမှမဟုတ် မြတ်နိုးတွယ်တာမိသော တိတ်တခိုး ချစ်သူတစ်ယောက်လား။

"ငါ ဘာတွေတွေးနေတာလဲ၊ ငါက အရူးပဲ၊ လူတွေက ငါ့ကို အရူးဆိုပြီး အားလုံးက ဝိုင်းပယ်ထားကြတာ ငါ့ကို မမစိမ်းက သနားလို့ခေါ်ထားတာ၊ ဟုတ်တယ် ဟုတ်တယ် ငါတွေးတာမှန်တယ် ငါ ငါဟာ အရူး အရူးပဲ၊ ညာတယ် မမစိမ်း ညာတယ်၊ မမရှိစ့်လည်း ညာတယ်၊ မမရှိစ့်က သက်သက်မဲ့ ငါ့ကို မမစိမ်းနဲ့ခွဲထားတာ၊ ငါ ငါ မမစိမ်းဆီကို ပြန်မယ်..."

မမစိမ်းက ငါ့ကို အိမ်ကိုပြန်မလာရဘူးလို့ ပြောတယ်။ မမရှိစ့်တို့နဲ့ နေရမယ်တဲ့။

မမရှိစ့်ရယ် ကျွန်တော့်ကို မမစိမ်းဆီ ပြန်ပို့ပေးပါ။ သွားမယ် သွားမယ် မမစိမ်းဆီကို သွားမယ်။ မမစိမ်း မတရားဘူး။

လွမ်းတယ်ဗျာ မမစိမ်းကို သိပ်လွမ်းတယ်။ ဟိုကိုရာဇာဆိုတဲ့ လူတစ်ယောက်နဲ့ မမစိမ်းက ချစ်သူတွေလား။ အဲဒီလူက မမစိမ်းရဲ့ ခင်ပွန်းလောင်းလား။

ကျွန်တော် ဘာလုပ်ရမှာလဲ။ မမစိမ်းနဲ့ ရာဇာဆိုတဲ့လူ မကြာခင်လက်ထပ်ကြတော့မှာလို့ မာမီတို့ပြောနေတဲ့အသံ

www.burmeseclassic.com



တွေကို ကျွန်တော်ကြားပါတယ် မမစိမ်းရယ်။

ဟင့်အင်း မမစိမ်း လက်မထပ်ရဘူး။ လုံးဝလက်မထပ်ရဘူး၊ မမစိမ်း ဘယ်သူကိုမှ လက်မထပ်ရဘူး။ မမစိမ်းကို လက်ထပ်မယ့်သူ မှန်သမျှ ငါ့ရန်သူပဲ။

"ဝေးလွင့် ဝေးလွင့်ရေ ဝေးလွင့်"

ဝေးလွင့်၏နားထဲ၌ မမစိမ်း၏ခေါ်သံသဲ့သဲ့ကို ကြားယောင်နေသည်။ ထိုင်နေရာမှ ထလိုက်မိသည်။

"ဝေးလွင့်ရေ... ဝေးလွင့်"

ခေါ်သံကိုကြားလိုက်ရသည့်အတွက် ဝေးလွင့် နောက်သို့စောင်းငဲ့၍ လှည့်ကြည့်လိုက်မိသည်။ ဝေးလွင့်၏ နောက်နားဆီမှာ ရပ်နေသော စိမ်းမမကိုတွေ့လိုက်ရသည်။

"ဟင်...မမ မမစိမ်း"

ဝေးလွင့်၏ နှုတ်ခမ်းထက်မှ တိုးညင်းသိမ်မွေ့စွာ ခေါ်လိုက်မိသောကြောင့်...

"ဝေးလွင့်"

စိမ်းမမ၏ လှုပ်ခတ်သွားသော နှုတ်ခမ်းဖူးဖူးလေးကို ဝေးလွင့် ငေးကြည့်နေရင်း...

"မမ မမစိမ်းနဲ့ ကိုရာဇာဆိုတဲ့လူ တကယ်လက်ထပ်မှာလားဟင်။ မမ မမစိမ်းနဲ့ အဲဒီ ကိုရာဇာဆိုတဲ့လူက ချစ်သူတွေလားဟင်"





ဝေးလွင့်ထံမှ ကြားလိုက်ရသည့် စကားလုံးများနှင့် ရီဝေဝေအကြည့်တို့ကြောင့် စိမ်းမမ ဝေးလွင့်ကို မယုံကြည်နိုင်သော အံ့ဩလွန်းသည့် မျက်ဝန်းစုံဖြင့် ငေးကြည့်နေမိသည်။

"မမစိမ်း ကျွန်တော်မေးတာကို ဖြေပါဦးဗျာ"

ဝေးလွင့်၏ စကားလုံးများက စိမ်းမမ၏ အိပ်ပျော်နေသော နှလုံးသားကို လှုပ်နှိုးနေသည့်နှယ်။

ဝေးလွင့် မင်း မင်း ဒီလိုအတွေးမျိုး ဘယ်ကရတာလဲ၊ မင်းကိုယ်တိုင်တွေးမိပြီး ပြောချလိုက်တာလား ဝေးလွင့်ရယ်။

စိမ်းမမရင်ထဲမှာ ဝေးလွင့်ရဲ့ ပြောင်းဆန်နေသော မေးခွန်းကြောင့် ရင်ထဲမှာ သော့ခတ်သိမ်းဆည်းထားတဲ့ နှလုံးသားလေးဟာ အတိတ်မဲ့ အနာဂတ်မဲ့ ယောကျ်ားတစ်ယောက်ကို မြတ်နိုးတွယ်တာ သိပ်ချစ်သွားရသည်။

ဝေးလွင့်ရဲ့မေးခွန်းတွေဟာ အချစ်ရဲ့ လေးနက်သိမ်မွေ့မှုတွေကို သူ တကယ်ခံစားတတ်လို့ပဲ ပြောချလိုက်တာလား ဝေးလွင့်ရယ်။

ဝေးလွင့်နှင့် စိမ်းမမတို့နှစ်ယောက် အချိန်တွေအကြာကြီး တစ်ယောက်မျက်ဝန်းကို တစ်ယောက် မျက်တောင်ခတ်စတမ်း အကြာကြီးကြည့်နေမိကြသည်။

"ဝေးလွင့် မင်းရဲ့မေးခွန်းအဓိပ္ပာယ်တွေကို မင်းတကယ်နားလည်လို့လား"

www.burmeseclassic.com



ရုတ်တရက် စိမ်းမမထံမှ သူ၏အကြည့်ကို ဖျတ်ခနဲ ရုပ်သိမ်းလိုက်ရင်း...

"ကျွန်...ကျွန်တော်မသိဘူးဗျာ မမစိမ်း ဘာတွေပြော နေတာလဲ၊ ကျွန်တော်သိတာ မမစိမ်းအနားမှာ ကျွန်တော်မှာ လွဲပြီး နောက်ထပ် တခြားယောကျ်ားတစ်ယောက်ကို ကျွန် တော် မတွေ့ချင် မမြင်ချင်ဘူးဗျာ"

ပြောပြောဆိုဆို စိမ်းမမ၏ ပခုံးလေးကို ဆုပ်ကိုင်လှုပ် ရမ်းလိုက်ရင်း...

"ကျွန်တော် ကျွန်တော် မမစိမ်းကို ချစ်တယ် ချစ် တယ်"

စိမ်းမမ၏မျက်နှာလေး ရဲသွားကာ ခေါင်းကလေး အလိုလိုငုံ့ကျိုက်ရင်း...

"အို...ဝေးလွင့်ရယ်..."

ဝေးလွင့်၏ မျက်ဝန်းမှ ဝမ်းသာကြည်နူးရိပ်များ တလက်လက်ဖြာသွားပြီး သူ၏ သန်မာတောင့်တင်းသော လက်များက စိမ်းမမ၏ ခန္ဓာကိုယ်လေးအား ဇွေ့ခနဲ ဆွဲယူ ပွေ့ဖက်ထားသည်။

"ကျွန်တော် မမစိမ်းနဲ့ မဝေးပါရစေနဲ့ ကျွန်တော့်ကို တစ်ယောက်တည်း မထားခဲ့ပါနဲ့ မမစိမ်းရယ်"

ကလေးတစ်ယောက်နှယ် တတွတ်တွတ်ပြောဆို





သည့်အတွက် စိမ်းမမ၏ရင်ထဲ နင့်ခနဲနေအောင် ခံစားသွား ရသည်။ ကာလသုံးပါးကို နားမလည်တဲ့ အရူးတစ်ယောက်လို့ ဘယ်သူက စွပ်စွဲမလဲ။

ဝေးလွင့်ရဲ့ အတိတ်ဘဝကို ပြန်သတိရသွားရင် မမစိမ်းကို မင်းမေ့သွားမှာပါ။

"အဟမ်း...အဟမ်း"

နောက်နားဆီမှ ချောင်းဟန့်သံကြောင့် စိမ်းမမ ဝေး လွင့်၏ ရင်ခွင်အတွင်းမှ ရုန်းထွက်လိုက်မိသည်။

"အယ်...ရိုစ့်"

ပြုံးစစမျက်နှာပေးဖြင့် ရိုစ့်ကိုတွေ့လိုက်ရသည်။

"အဟက်ဟက် မမစိမ်းရဲ့ ကြုံတွေ့နေရတဲ့ ဒုက္ခတွေ ကို ဟောဒီက မမစိမ်းရဲ့ချစ်သူ ဝေးလွင့်က ဖြေရှင်းပေးလိမ့် မယ်"

စိမ်းမမ၏ မျက်နှာလေး သွေးဆုတ်ထားသလို ဖြူလျော်သွားရသည်။

"အို...ရိုစ့်ရယ် မမစိမ်းကို အရှင်လတ်လတ် ငရဲပြည် ကို ပို့ခိုင်းနေရတာလဲကွယ်၊ ဝေးလွင့်သာ မမစိမ်းရဲ့ချစ်သူမှန်း သိသွားရင် မမစိမ်းကို လူ့ပြည်မှာတောင် ဒက်ဒီတို့ ထားမှာ မဟုတ်ဘူး"

"ကဲလာ...မမစိမ်း ရိုစ့်ပြောမယ်၊ ရိုစ့်ပြောစတားတို

www.burmeseclassic.com



သာ တစ်သဝေမတိမ်း နားထောင်၊ ရိုစ့်ပြောတဲ့အတိုင်းသာ လုပ် ကြားတယ်နော်၊ လာ...မမစိမ်းနဲ့ ဝေးလွင့် တိုက်ထဲကို လိုက်ခဲ့"

❦ ❦ ❦

"ဝေးလွင့် မမစိမ်းကိုချစ်တယ် မဟုတ်လား"

ဝေးလွင့် ခေါင်းညိတ်ပြလိုက်ရင်း...

"ချစ်တယ် ချစ်တာတောင် ရင်ဘတ်နဲ့ အပြည့်ဗျ"

ပြောပြောဆိုဆို ဝေးလွင့်က သူ၏ရင်ဘတ်ကို လက်ဖြင့် ပုတ်ပြရင်း ပြောလေသည်။

ရိုစ့်က ခေါင်းတညိတ်ညိတ်ဖြင့် ဝေးလွင့်ကို စေ့စေ့ကြည့်ရင်း...

"ဟုတ်ပြီ ဒါဆိုရင် ရိုစ့်ရဲ့ပြောစကားကို သေသေချာချာ နားထောင်ရမယ်နော်၊ ဝေးလွင့်ဟာ မမစိမ်းရဲ့ချစ်သူ နာမည်က မိုးမြင့်သော်တာ၊ ရိုစ့်နဲ့ မောင်နှမတစ်ဝမ်းကွဲ တော်





တယ်၊ အဖေ အမေတွေက အမေရိကားမှာ မိုးမြင့်သော်တာက သဘော်သား မှတ်ထားနော်"

"ဟုတ်ကဲ့...မှတ်ထားပါ့မယ်"

"ကဲ...ဒါဆိုရင် မမကို ပြန်ပြောစမ်းကွယ်"

"ကျွန်တော့်ရဲ့နာမည်က မိုးမြင့်သော်တာ၊ မမရိုစ့်နဲ့ မောင်နှမတစ်ဝမ်းကွဲတော်တယ်၊ ကျွန်တော့်ရဲ့ အဖေအမေတွေက အမေရိကားမှာ၊ ကျွန်တော့်ရဲ့ အလုပ်က သဘော်သား၊ ဟဲဟဲ...နိုင်ငံခြား သဘော်သားဗျ၊ အဟက်...ပိုင်ပါတယ် မမရိုစ့်ရဲ့ ဟဲ...ဟဲ"

စိမ်းမမကတော့ ပြုံးရှုံသာ နားထောင်၍နေသည်။

"နောက်တစ်ခုပြောမယ်နော် ဝေးလွင့်...မမရိုစ့်တို့ရဲ့ အိမ်ကို အခုမှရောက်ဖူးတဲ့ပုံစံနဲ့ နေရမှာနော်၊ ပြီးတော့ မာမီ မမငြိမ်းနဲ့ အိမ်ဖော်တွေအားလုံးနဲ့ မသိတဲ့ပုံစံနဲ့ နေရမှာ၊ သူတို့ကို မခေါ်ရဘူးနော်၊ တစ်ခါမှမတွေ့ဖူး မမြင်ဖူးတဲ့ပုံစံနဲ့ နေရမှာ မှတ်မိတယ်နော်"

"ဟုတ်ကဲ့ မှတ်မိပါတယ်"

"ဖြစ်ပါ့မလား ရိုစ့်ရယ်၊ မမစိမ်းတော့ ရင်ထိတ်ပါတယ်ကွယ်"

"အဟင်းဟင်း...မမစိမ်းကလည်း အရမ်း အစိုးရိမ်ကြီးတာပဲ၊ ရိုစ့်ပိုင်ပါတယ် မမစိမ်းရဲ့၊ ဟဲဟဲ...အခုကြည့်လေ

www.burmeseclassic.com



အန်တီကြီးနဲ့ မမငြိမ်းတို့က ဝေးလွင့်ကို စိတ္တဇဆေးရုံကို ပို့ထားတာလေ၊ ဆေးရုံပို့တဲ့နေ့ပဲ ရှိစုံ ဝေးလွင့်ကို အိမ်ကိုခေါ်လာတာ၊ ဘယ်သူမှမသိဘူးလေ၊ ဝေးလွင့်ကို ရုပ်ဖျက်ပြီး အိမ်ခေါ်သွားရမယ် မမစိမ်း"

"ရင်မောတယ် ရှိစုံရယ်၊ ဖြစ်ပါ့မလားဟင် မမစိမ်းရဲ့ ချစ်သူဟာ ဝေးလွင့်ဆိုတာသိရင် ဒက်ဒီတော့ မိုးမီးလောင်မှာပဲ၊ ဒက်ဒီရဲ့ဒေါသကို မမစိမ်းသိတယ်၊ မမစိမ်းကို ဒက်ဒီ ဘယ်တော့မှ ခွင့်လွှတ်မှာမဟုတ်ဘူး"

"မမစိမ်း"

"ဝေးလွင့်"

"မမစိမ်း ကျွန်တော့်ကိုချစ်တယ် မဟုတ်လားဟင်၊ ဖြစ်လာမယ့် သောကဒုက္ခတွေကို ကျွန်တော်ရင်ဆိုင်မယ်ဗျာ"

စိမ်းမမ သက်ပြင်းမောတစ်ချက်ကို တိတ်တခိုးချလိုက်မိသည်။

တင်း..ဝေးလွင့်ရယ် မမစိမ်း ရှုံးတောင်ရှုံးချင်ပြီကွယ်။

♥ ♥ ♥





တိုင်ကပ်နာရီက နံနက်ရှစ်နာရီကို ညွှန်ပြ၍နေသည်။ စိမ်းမမ၏စိတ်တွေ လှုပ်ရှားလို့နေသည်။ ခြေဖျားလက်ဖျားများပင် အေးစက်လို့နေသည်။

မာမီနှင့် မမငြိမ်းတို့က စိမ်းမမကို မသိမသာ လှမ်းအကဲခတ်၍နေသည်။ ဒက်ဒီက Time မဂ္ဂဇင်းတစ်စောင်ကို ဖတ်နေရင်း သတင်းစာပေါ်မှကျော်၍ စိမ်းမမကိုလှမ်းကြည့်ရင်း...

"သမီးငယ် စိမ်းမမ"

ကိုယ်လုံးကလေး ဆတ်ဆတ်တုန်ရင်သွားကာ...

"ရှင်...ဒက်ဒီ"

ထူးသံနှင့်အတူ မဝံ့မရဲ မျက်လွှာပင့်ကာ မော့ကြည့်လိုက်မိသည်။

"သမီးစိမ်း သူ့ကိုချိန်းထားတာ ရှစ်နာရီနော်"

"ဟုတ်...ဟုတ်ကဲ့ဒက်ဒီ"

www.burmeseclassic.com



အချိန်နှင့်ပတ်သက်လာလျှင် တိကျမှုကြိုက်သော ဒက်ဒီအကြောင်းကို စိမ်းမမ အသိဆုံး။ စိမ်းမမ သက်ပြင်းမောကို ခပ်ဖွဖွချလိုက်မိသည်။ အသေအချာပြော ထားပါလျက်နှင့် ဘယ်လိုအလွဲများ လုပ်နေဦးမည်မသိ။ ရှစ်နာရီ မိနစ်သုံးဆယ်စွန်းလာတော့ ဒက်ဒီရဲ့မျက်နှာက ပျက်ချင်ချင်ဖြစ်လာသည်။ စိုးရိမ်သောကကြောင့် စိမ်းမမ၏မျက်နှာလေးက ညှိုးနွမ်း၍နေသည်။

"သူ့ကို ဒက်ဒီ့အကြောင်း ပြောပြမထားဘူးလား သမီး"

"ပြော...ပြောထားပါတယ် ဒက်ဒီ"

"စိမ်းမမ၏စိတ်ထဲမှာ ရိုစ့်ကို အမုန်းကြီးတပ်ပစ်ချင်လောက်အောင် ဒေါသတွေထွက်နေသည်။ အပြောတစ်မျိုး အလုပ်တစ်မျိုး။

ထိုစဉ် ခြံအတွင်းသို့ မာစီဒီးကားနက်ကြီးတစ်စီး မောင်းဝင်လာသည်။ စိမ်းမမ၏မျက်နှာလေး ပြုံးပျော်သွားရသည်။ အရမ်းလည်း ဝမ်းသာ၍သွားသည်။

"ဟော...ဒက်ဒီ သူလာပြီ ဒက်ဒီ"

စိမ်းမမ ထိုင်ရာမှထ၍ သွားကြိုမည်အလုပ်...

"သမီးစိမ်း ပြန်ထိုင်နေစမ်း သူဝင်လာလိမ့်မယ်"





တင်းမာခက်ထန်သော မျက်နှာထားဖြင့် လှမ်းပြောသည့်အတွက် စိမ်းမမ သတိလစ်ချင်ချင်ပင် ဖြစ်သွားရသည်။ ဧည့်ခန်းအတွင်းသို့ ခပ်တည်တည် စတိုင်ကျကျဝင်လာသူက ဝေးလွင့်။ အနောက်တိုင်းဝတ်စုံကို သန့်ရှင်းသပ်ရပ်စွာ ဝတ်ဆင်၍ထားသည်။ ဘဲဥပုံမျက်မှန်ကို တပ်ဆင်၍ထားသည်။ တမင်တကာ ရုပ်ဖျက်ထားသော ဝေးလွင့်ကို မည်သူမျှမမှတ်မိကြပေ။

"အန်ကယ်နဲ့ အန်တီ ကျွန်တော် နည်းနည်းနောက်ကျသွားတာ ခွင့်လွှတ်ပါ"

"ထိုင်ပါ"

"ဟုတ်ကဲ့ခင်ဗျ"

ဒက်ဒီက ထိုင်ခွင့်ပေးလိုက်သဖြင့် ဒက်ဒီ မာမီတို့၏ ရှေ့တည့်တည့် ဆိုဖာလွတ်ပေါ်တွင် ဝင်ထိုင်လိုက်သည်။ ဒက်ဒီက ဝေးလွင့်ကို စေ့စေ့စပ်စပ်အကဲခတ်နေသည်။ ယောကျ်ားပီသ၍ ချောမောခန့်ညားနေသော ရုပ်ရည်သွင်ပြင်တို့ကြောင့် ရုပ်ရည်အနေဖြင့်တော့ ဘာမျှပြောစရာမလိုကြောင်းကိုတော့ ဒက်ဒီ၏မျက်နှာကိုကြည့်၍ စိမ်းမမသိလိုက်သည်။

"အအေးသောက်ပါဦး"

www.burmeseclassic.com



"ဟုတ်ကဲ့ ခင်ဗျ"

"မောင်ရင့်နာမည်က..."

"မိုးမြင့်သော်တာပါ ခင်ဗျာ"

ဝေးလွင့်၏အဖြေကြောင့် ဦးခင်မောင်ကျော်၏ မျက်ခုံးနှစ်ဖက် မြင့်တက်သွားရသည်။

"ဟော...မင်းရဲ့နာမည်ကလည်းကွာ ရှည်လျားလိုက်တာ"

"အဟဲ...ဒက်ဒီနဲ့မာမီ ပေးထားခဲ့တဲ့ နာမည်ပါခင်ဗျ၊ မိုးမြင့်သော်တာဆိုတာ ဒက်ဒီမာမီပေးထားတဲ့ အော်ရီဂျင်နယ်မို့ပါ၊ မမစိမ်းကတော့ သော်တာလို့ခေါ်တယ် ခင်ဗျ"

"မင်း မိဘတွေရဲ့နာမည်ကရော"

"ဦးမိုးမြင့် ဒေါ်သော်တာပါခင်ဗျ၊ အခု မြန်မာပြည်မှာ မရှိဘူး၊ အမေရိကားမှာပါခင်ဗျာ၊ ဒက်ဒီကော မာမီပါ အင်ဂျင်နီယာတွေပါ"

ပထမတိုင်ပင်စဉ်က ဒီအကြောင်းတွေမပါဘဲ မစဉ်းစားမိခဲ့။ တော်သေးသည်။ ဝေးလွင့်က ဝါကျညီအောင် ပြောတတ်ပေလို့။ ဒက်ဒီကတော့ ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်၍နေသည်။

"ဒါနဲ့ မောင်ရင်က သင်္ဘောသားဆို"





"ဟုတ်ကဲ့ ခင်ဗျ၊ ကျွန်တော်က သင်္ဘောသားပါခင်ဗျ၊ ဂျပန် ဝါတာနာဘီကုမ္ပဏီက သင်္ဘောမှာပါ၊ ကျွန်တော် ပင်လယ်ပြင်ကြီးမှာ သုံးနှစ်နေရတယ် ခင်ဗျ၊ မြန်မာပြည်ကို ပြန်ရောက်တာ မကြာသေးပါဘူး"

"မောင်ရင်နဲ့ သမီး ဘယ်မှာစတွေ့တာလဲ"

"ပင်လယ်မှာ"

ဦးခင်မောင်ကျော်၏ မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။

"ဘယ်လို...ပင်လယ်မှာ ဟုတ်လား"

ဝေးလွင့်၏ ကပေါက်တိ ကပေါက်ချာ စကားလုံးကြောင့် စိမ်းမမမှာ ရင်တထိတ်ထိတ်ဖြစ်၍နေသလို မျက်စိမျက်နှာ ပျက်ယွင်းနေသည်။

"အဟီး Sorry အန်ကယ်၊ ကျွန်တော်နဲ့မမစိမ်းက ကျောင်းမှာ စတွေ့တာပါ"

ဦးခင်မောင်ကျော် သက်ပြင်းကိုချလိုက်ရင်း...

"ကဲ ကဲ မောင်မိုးမြင့်သော်တာ တကယ်လို့ မောင်ရင့်လက်ထဲကို အန်ကယ့်သမီးကို ထည့်ပေးလိုက်မယ်ကွာ၊ မိဘအမွေ ဘာမှမျှော်လင့်လို့မရသလို အခု သူလုပ်နေတဲ့ ကုမ္ပဏီတွေရဲ့ အကျိုးခံစားခွင့်လည်း ငါ ဘာမှမပေးနိုင်ဘူးကွာ"

www.burmeseclassic.com



"ဟာ...တကယ်လားအန်ကယ် ကျွန်တော် ဝမ်းသာလိုက်တာဗျာ"

"ဘယ်လို...မင်းဘာပြောလိုက်တယ်"

"ကျွန်တော်က ငွေကိုလိုချင်တာမှ မဟုတ်တာဗျ၊ အန်ကယ့်သမီးကို ချစ်တာပါ"

"အေး...မင်းရဲ့ စိတ်မာတ်ကို ငါကြိုက်သွားပြီ"

ဝေးလွင့်၏ စကားတစ်ခွန်းနှင့်ပင် အမှတ်မြည့်ရသွားလေသည်။ ဒေါ်ခင်မာလာနှင့် ငြိမ်းမမတို့ကတော့ ဘာစကားတစ်ခွန်းမှ ဝင်မပြောဘဲ ပွဲကြည့်ပရိသတ်သက်သက်ပင်။ ဝေးလွင့်ကို လုံးဝမမှတ်မိသည့်အလား။

ဦးခင်မောင်ကျော်က မျက်နှာပြုံးရွှင်စွာဖြင့်...

"မိုးမြင့်သော်တာ ဟောဒါက စိမ်းမမရဲ့မာမီ ဒေါ်ခင်မာလာ၊ ဟောဒါက စိမ်းမမရဲ့အစ်မ ငြိမ်းမမတဲ့"

"ဟုတ်...ဟုတ်ကဲ့ မမစိမ်းပြောပြလို့ မာမီ အဲ...အန်တီနဲ့ မမငြိမ်းတို့အကြောင်းကို ကျွန်တော်သိပြီးသားပါခင်ဗျာ"

"အေးကွယ်...နောက်ကို အိမ်ကိုလည်း မကြာမကြာလာလည်ပေါ့ကွာ"

"ဟုတ်ကဲ့ ကျေးဇူးပါပဲအန်ကယ် ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး"

ထိုအခါ ဒေါ်ခင်မာလာက...

"သား ထမင်းစားပြီးမှ ပြန်ပါလားကွယ်"

စိမ်းမမကို ဝေးလွင့် လှမ်း၍ကြည့်လိုက်မိသည်။ စိမ်းမမက သူမ၏ခေါင်းကို ခါရမ်းရင်း မျက်နှာရိပ်မျက်နှာကဲပြလိုက်သည့်အတွက်...

"မစားတော့ဘူး အန်တီ ကျွန်တော် သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားလို့ ပြန်ခွင့်ပြုပါဦး ခင်ဗျာ"

"အေးကွယ်...အေးအေး နောက်လည်း လမ်းကြုံရင် ဝင်လည်ပေါ့ကွယ်"

"ဟုတ်ကဲ့ ခင်ဗျာ ဟုတ်ကဲ့၊ ကျေးဇူးပါပဲ အန်ကယ် မမငြိမ်း ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦးခင်ဗျာ"

"အေးကွယ် ကောင်းပါပြီ"

ဦးခင်မောင်ကျော် စိမ်းမမကို တစ်ချက်လှမ်းကြည့်ရင်း...

"သမီးစိမ်း မောင်မိုးမြင့်သော်တာကို ကားနားအထိ လိုက်ပို့လိုက်ပါကွယ်"

"ဟုတ်ကဲ့ ဒက်ဒီ"

လူကြီးတွေကွယ်ရာရောက်သည်နှင့်...




ကျော်စွာစာပေ

www.burmeseclassic.com



"ရင်ထိတ်လိုက်တာ ဝေးလွင့်ရယ်၊ တော်ပါသေးရဲ့"

"ဘာလဲ အလိမ်တွေပေါ်သွားမှာစိုးလို့လား"

"ဟုတ်တယ်"

"ဒက်ဒီက အင်မတန်ပါးနပ်တဲ့လူ ဝေးလွင့်ရဲ့၊ မနက်ဖြန်ပေါင်း မြောက်မြားစွာကို ရင်ဆိုင်ရဖို့ မလွယ်ဘူးကွယ်၊ မမစိမ်း ရင်မောတယ်"

"စိတ်ချပါ မမစိမ်းရယ်၊ ကျွန်တော့်ကြောင့် အလိမ်မပေါ်စေရပါဘူးဗျာ"

စကားတပြောပြောနှင့် ကားနားသို့ရောက်လာသည်။

"ကဲ...ကျွန်တော်ပြန်မယ်နော် မမစိမ်း မမရိုစ့်နဲ့ အန်ကယ်နဲ့ အန်တီတို့မျှော်နေကြလိမ့်မယ်"

"အေးကွယ်...အေးအေး ဝေးလွင့် နေရထိုင်ရတာ အဆင်ပြေတယ် မဟုတ်လား"

"ဟုတ်ကဲ့ အားလုံးအဆင်ပြေပါတယ်၊ မမစိမ်း ဒီနေ့ ကုမ္ပဏီကို မသွားဘူးလားဟင်"

"သွားမယ် သွားရမယ် ဒီနေ့ ကုန်သည်တွေနဲ့ အစည်းအဝေးလုပ်ဖို့ရှိတယ်၊ ကဲ ကဲ မင်းသွားတော့ တိုင်ဘိုင်"

"သွားပါမယ်ဗျာ မမစိမ်းကို အနမ်းလက်ဆောင်နဲ့ နှုတ်ဆက်ချင်လို့"





ပြောပြောဆိုဆို...

"အို...သွား...မောင်မကောင်းဘူးကွယ်"

◆ ◆ ◆

တစ်ပတ်ခန့်အကြာ ညစာစားသောက်ပြီး အေးအေးလူလူနေသော အချိန်၌ ညှော်ခန်းအတွင်းဝယ်...

"သမီးစိမ်း မောင်မိုးမြင့်သော်တာကို တကယ်ချစ်လား"

ဖခင်ထံမှ ဆိုင်းမဆင့်ဗုံမဆင့် စကားလုံးတွေကြောင့် သိုးမွေးထိုင်ထိုးနေသော စိမ်းမမ ဖခင်ဖြစ်သူကို ထိတ်လန့်တကြား မော့်ကြည့်မိသည်။

"ရှင်...ဒက်ဒီ ဘာ...ဘာဖြစ်လို့လဲဟင်"

"သမီးက ကာယကံရှင်လေ၊ ဒီတော့ သမီးကို ဒက်ဒီ သေသေချာချာ မေးကြည့်တာပါ"

www.burmeseclassic.com



"ဘာ...ဘာဖြစ်လို့လဲ ဒက်ဒီ"

"ဒက်ဒီ သမီးမာမီနဲ့ တိုင်ပင်ပြီးပြီ၊ အစစအရာရာ သမီးကို သိတတ်နားလည် အလိုလိုက် အကြိုက်ဆောင်ပေးတဲ့ မောင်ရာဇာကို သမီးငြင်းတယ်နော်၊ သမီးရှေ့ရေးအတွက် မောင်ရာဇာဟာ သမီးဘဝအတွက် ငြင်းဖို့မသင့်တဲ့ လူတစ်ယောက်ပဲ"

"အို...ဒက်ဒီ သမီးမှ သူ့ကိုမချစ်နိုင်တာ ပြီးတော့ သမီးမှာ ချစ်သူရှိတယ် ဒက်ဒီ၊ သမီးချစ်သူကလွဲလို့ သမီး သမီး ဘယ်သူ့ကိုမှ မယူနိုင်ဘူး ဒက်ဒီ"

စိမ်းမမ၏ စကားလုံးများမှာ ရှိုက်သံသဲ့သဲ့ ရောစွက်၍ နေသည်။ ဦးခင်မောင်ကျော် ခေါင်းတညိတ်ညိတ်ဖြင့်...

"အင်း...ဟုတ်ပြီ အချစ်အတွက် စွန့်စားမယ်ဆိုပါတော့ ဟုတ်လား သမီး၊ ဖေဖေ အရင်ရက်တွေက လေးလေးနက်နက် စဉ်းစားခဲ့တယ်၊ သမီးနဲ့ ငြိမ်းမမတို့ကို ချစ်လွန်းလို့ အလယ်တန်း အထက်တန်းကစလို့ ဘွဲ့ယူတဲ့အထိ ဒက်ဒီ ကိုယ်တိုင် အစောင့်အရှောက်တွေနဲ့ ကျောင်းပို့ ကျောင်းကြို လုပ်ခဲ့တယ်၊ ကျောင်းနေတုန်း ချစ်သူရည်းစား ထားခွင့်မရှိဘူးလို့ အမိန့်တင်းကျပ်စွာ ထုတ်ပြန်ခဲ့တာ သမီးတို့ ဘဝရှေ့ရေး တွေးမိပြီး မိဘဝတ္တရားရှိသည့်အတိုင်း ကောင်းနိုးရာရာ စီမံ





ပေးပေမယ့် မနာခံဘူး၊ ငြင်းဆန်တယ်၊ ဒက်ဒီ မသိလိုက်တဲ့ အချိန်မှာ ချစ်သူတွေထားကြတယ်၊ စိမ်းမမနဲ့ ငြိမ်းမမဟာ တကယ်တော့ ဒက်ဒီအဖို့တော့ သမီးမိုက်တွေချည်းပဲ၊ ဒက်ဒီ ဘယ်တော့မှ ခွင့်မလွှတ်နိုင်ဘူး"

"အို...ဒက်...ဒက်ဒီ သမီး တောင်းပန်ပါတယ်"

"တော်တော့ သမီး...သမီးဟာ သမီးချစ်သူကို သိပ်ချစ်တယ် မဟုတ်လား"

"ရှင် ဒက်...ဒက်ဒီ သမီး..."

စိမ်းမမ ရှေ့ဆက်ဘာပြောရမှန်းမသိအောင် ဖြစ်သွားရသည်။ အဖြစ်မှန်ကို ဒက်ဒီသိရင် မိုးမီးလောင်မှာ သေချာသည်။

"စိမ်းမမ"

"ရှင် ဒက်ဒီ"

"သမီးတို့ ဘယ်တော့လက်ထပ်ကြမှာလဲ"

"ရှင်..."

"သမီးတို့ ဘယ်တော့လက်ထပ်ကြမှာလဲလို့ မေးတာ၊ ဒီမှာသမီး သမီးလူရွေးတာ မှန်ပါတယ်၊ သမီးဟာ စီးပွားရေးသမားပဲ၊ သမီး လူရွေးမမှားဘူးလို့ ထင်တယ်"

"ဟုတ်...ဟုတ်ကဲ့ ဒက်ဒီ သမီးတို့နှစ်ယောက် လက်

www.burmeseclassic.com



ထပ်ဖို့ကတော့ သူ ဒီတစ်ခေါက် သဘော်ကပြန်လာရင် လက်ထပ်ဖြစ်မှာပါ ဒက်ဒီ"

"ကဲ…ဒါဆိုရင်လည်း ဒီလထဲမှာပဲ စေ့စပ်ပွဲကို ဒက်ဒီ လုပ်စေချင်တယ်"

စိမ်းမမ၏ရင်ထဲ ဘုရားတလိုက်မိသည်။ ရှေ့ဆက်သွားရမည့် ဇာတ်လမ်းကို ဘယ်လို အဆုံးသတ်ရမှာလဲ။

"သမီးမာမီကတော့ ဘာမှမပြောဘူး၊ ပြောလည်း မပြောချင်ဘူးလို့ ပြောတယ်၊ ဘာဖြူလို့လဲဆိုတော့ ရာဇာမိဘတွေနဲ့ စကားလွန်ထားပြီးသားလေ၊ လူကြီးချင်း မျက်နှာပျက်ရတာပေါ့ကွာ၊ ကဲ ကဲ သမီးသွားနားတော့"

"ဟုတ်…ဟုတ်ကဲ့ ဒက်ဒီ"

လေးလံသောခြေလှမ်းများဖြင့် ဒက်ဒီအခန်းမှ ထွက်လာခဲ့မိသည်။

ထိုညက စိမ်းမမ အိပ်မပျော်နိုင်။ ရှေ့ဆက်ရမည့်ခရီးအတွက် ရင်ထဲမှာ မီးတောက်၍နေသည်။ သက်ပြင်းမောကို အကြိမ်ကြိမ်ချလိုက်မိသည်။

"ဟင်း…ရင်မောရပါလား ဝေးလွင့်ရယ်"

ဝေးလွင့်၏ပုံရိပ်သည် သူမ၏မျက်ဝန်းထဲမှာ တရစ်ဝဲဝဲ မင်းမူ၍နေသည်။





ထိုအချိန် အိပ်ရာနံဘေးမှ သူမ၏ ဆယ်လ်လူလာဖုန်းကလေးထဲမှ ဒစ္စကိုသံစဉ် တီးလုံးလေးက မြည်လာသည့်အတွက် ဖုန်းကလေးကို လှမ်းယူလိုက်သည်။

"ကျွတ်..စိတ်ရှုပ်ရတဲ့ကြားထဲမှာ ဒီဖုန်းက တမျိုး"

နှုတ်ခမ်းထက်မှ စိတ်ပျက်စွာ ငြီးတွားရင်း ဖုန်းကလေးကို သူမ၏ နားနားသို့ကပ်၍ နားထောင်လိုက်သည်။

"ဟဲလို အမိန့်ရှိပါရှင်"

"မမစိမ်း ဝေးလွင့်ပါ"

တစ်ဖက်မှ ဝေးလွင့်၏အသံကို ကြားလိုက်ရသည့်အတွက် ရင်ခုန်သံတွေ ဆူညံသွားသည်။

"ဝေးလွင့်လား မင်းမအိပ်သေးဘူးလား၊ အချိန်မရှိတော့ဘူးလေကွာ ညဉ့် ၁၂-နာရီပဲ ထိုးနေပြီကွယ်၊ ညဉ့်နက်နေပြီလေကွယ်"

ဝေးလွင့်ထံမှ သက်ပြင်းချသံသဲ့သဲ့ကို ကြားလိုက်ရသည်။

"မမစိမ်း မမစိမ်းကို လွမ်းလို့ဗျ၊ တကယ်ပြောတာ မယုံဘူးလားဟင်"

"ယုံပါတယ် ဝေးလွင့်ရယ် ဟင်း ဟင်း"

"မမစိမ်း ကျွန်တော့်ကို မလွမ်းဘူးလားဟင်"

www.burmeseclassic.com



“လွမ်းတာပေါ့ ဝေးလွင့်ရယ်”

“တကယ်ပြောတာလား မမစိမ်းရယ်”

အဟင်း...ခစ်ခစ် တစ်ကယ် နှစ်ကယ် သုံးကယ် ခစ်...ခစ်”

“ဟာဗျာ...မမစိမ်းက ကျွန်တော့်ကို လှောင်နေတာလားဗျာ”

“ဝေးလွင့်ရယ်...မမစိမ်း သိပ်စိတ်ညစ်နေရတယ်ကွယ်’

“ဘာ...ဘာဖြစ်လို့လဲ မမစိမ်း၊ ကျွန်တော်ရင်ထိတ်လိုက်တာဗျာ”

“ဟို...ဟိုလေ ဒက်ဒီက ဒီလမကုန်ခင် စေ့စပ်ပွဲ လုပ်ခိုင်းနေတယ်ကွယ်”

“ဟာ..ကောင်းတာပေါ့ မမရာ၊ မမရှိစ့်ကို ကျွန်တော်ပြောပြလိုက်ဦးမယ်”

စိမ်းမမ စိတ်ရှုပ်ထွေးစွာဖြင့် ခေါင်းကိုခါရမ်းပစ်လိုက်ရင်း သက်ပြင်းမောတစ်ချက်ကို လေးတွဲ့စွာ ချလိုက်မိသည်။

“မမစိမ်း ဘာဖြစ်လို့ သက်ပြင်းတွေ ခဏခဏချနေရတာလဲ”

“မမစိမ်း သိပ်စိတ်ညစ်နေတယ်ကွယ်”





“ကျွန်တော့်ကြောင့်လား မမစိမ်းရယ် ပြောစမ်းပါဦး ကျွန်တော့်ကြောင့်လား”

“ဝေးလွင့် မနက်ဖြန်ခါမနက် မမစိမ်းလာခဲ့မယ်နော်၊ ရှိစ့်ရယ် ဝေးလွင့်ရယ် မမစိမ်းရယ် ဒို့သုံးယောက် တိုင်ပင်စရာတွေရှိတယ်”

“ဟုတ်...ဟုတ်ကဲ့ မမစိမ်း၊ မမစိမ်းနဲ့ မတွေ့ရတာ နှစ်ရက်ကြီးတောင်ကြာပြီ၊ မနက်ဖြန် ဆက်ဆက်လာခဲ့နော်၊ မိုးလင်းတာနဲ့လာခဲ့၊ ကျွန်တော်စောင့်နေမယ်နော် ဟဲဟဲ”

“အေးပါကွယ် မမစိမ်း စောစောလာခဲ့မယ် ဂွတ်နိုက်”

“ဂွတ်နိုက် မမစိမ်း ဘိုင် ဘိုင်”

စိမ်းမမ ဆဲလ်ဖုန်းကလေးကို ရင်ခွင်ထဲမှာ ထွေးပိုက်၍ ထားမိသည်။

ရင်မောရပါလား ဝေးလွင့်ရယ်။

မမစိမ်း ဘာလုပ်ရမှာလဲကွယ်။

မနက်ဖြန်ပေါင်းများစွာကို မမစိမ်း ဘယ်လိုရင်ဆိုင်ရမှာလဲ။

မင်းသာ အတိတ်မေ့ဝေဒနာသည် တစ်ယောက်သာ မဖြစ်ခဲ့ရင် ဘယ်လောက်ကောင်းမလဲဟင်။ အဖြစ်မှန်တွေကို

www.burmeseclassic.com



သာ ဒက်ဒီနဲ့ မာမီသိရင် မမစိမ်းကို သမီးမိုက်လို့ သတ်မှတ်မှာ”

အမှန်တကယ်လည်း မမစိမ်းဟာ သမီးမိုက်တစ်ယောက်ပါကွယ်...မင်းကိုချစ်တဲ့ အချစ်စိတ်ကြောင့် မမစိမ်းမှာ ရှူးနေရပြီကွယ်။ မမစိမ်း ဘာလုပ်ရမှာလဲ ဝေးလွင့်ရယ်။

ရုတ်တရက် စိမ်းမမအတွေးထဲသို့ အတွေးစတချို့က ထပ်မံ၍ ဝင်ရောက်လာပြန်သည်။

ဝေးလွင့်...သူ့ရဲ့ အတိတ်ဘဝဟောင်းကိုများ ပြန်သတိရသွားရင် သူ...သူ ငါ့ကိုမေ့...မေ့သွားမှာပါ။

အို...ဟင့်အင်း ဟင့်အင်း သူ့ရဲ့ဘဝဟောင်းကို ပြန်ပြီး သတိမရစေရဘူး၊ ပြန်ပြီး သတိမရစေရဘူး။

စိုးရိမ်သောကစိတ်များကြောင့် ရင်ထဲမှာ မွန်းကျပ်လာကာ သတိလစ်ချင်ချင်ဖြစ်သွားရသည်။

ဝေးလွင့် သူ့ရဲ့ အရင်ဘဝဟောင်းကို ပြန်လည်၍ သတိရသွားမှာကို အရမ်းစိုးရိမ်နေမိသည်။

***





ညှိုးနွမ်းကာဝေးမှိုင်နေသော စိမ်းမမ၏မျက်နှာကို ကရုဏာသက်စွာဖြင့် ရိုစ့်ငေးကြည့်၍နေမိသည်။

“ခက်တယ်ရိုစ့်ရယ်၊ မမစိမ်း မနက်ဖြန်ပေါင်းများစွာကို ဘယ်လိုရင်ဆိုင်ရမှာလဲကွယ်”

“ဘာဖြစ်လို့လဲ မမစိမ်းရဲ့ ရိုစ့် ရင်ထိတ်လိုက်တာ”

“မမစိမ်းတော့ အရှင်လတ်လတ် ငရဲခံနေရပြီကွယ်”

“ရှင်...”

“ဘာ...ဘာဖြစ်လို့လဲ”

“ဒက်ဒီက မေးတယ် ဘယ်တော့လက်ထပ်ကြမှာလဲတဲ့”

“မမစိမ်းက ဘယ်လိုပြန်ဖြေလိုက်လဲ”

www.burmeseclassic.com



"သူ ဒီတစ်ခေါက် သင်္ဘောပြန်လာရင် လက်ထပ်မယ်လို့ ပြောလိုက်တယ်၊ ဒါပေမယ့် ဒက်ဒီက ဒီလထဲမှာ စေ့စပ်ပွဲကို လုပ်ခိုင်းနေတယ်ကွယ်"

"ကောင်းတာပေါ့ မမစိမ်းရယ် ဟင်းဟင်း တစ်ခါတည်း လက်ထပ်လိုက်ရင် ပိုတောင်ကောင်းသေးတယ်"

"ရှိစ့်ရယ် မမစိမ်းရင်ထဲမှာ အဲဒီကိစ္စတွေကြောင့် မီးတောက်နေတာ သိရဲ့လား"

ရှိစ့်ကတော့ ခပ်ပြုံးပြုံးပင်။

"မမစိမ်း ဘာမှ ပူပင်သောကဖြစ်မနေနဲ့၊ ရှိစ့်တာဝန်ထား ရှိစ့်အားလုံးတာဝန်ယူတယ်၊ ရှိစ့် စီစဉ်ပေးမယ်နော် မမစိမ်း"

"ဝေးလွင့် လူကောင်းတစ်ယောက်သာဖြစ်ရင် ဘယ်လောက်ပျော်စရာကောင်းမလဲနော်၊ အတိတ်မေ့ဝေဒနာသည်မဟုတ်ရင် ကောင်းမယ်၊ အို...သူ...သူ့ရဲ့အတိတ်ဟောင်းကို သူပြန်သတိရသွားရင် ဘယ်လိုလုပ်မလဲ ရှိစ့်ရယ်၊ သူ...သူ မမစိမ်းကို မေ့သွားမှာပါ အဟင့်...ဟင့်"

မျက်ဝန်းအိမ်မှ မျက်ရည်ကြည်များ ပါးပြင်ပေါ်သို့ စီးကျလာသည်။ သူမ မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ အားပါးတရ ငိုရှိုက်လိုက်မိသည်။ ထိုအချိန် ဝေးလွင့်တစ်





ယောက်မှာ စိမ်းမမ၏အလာကိုသာ မျှော်နေမိသည်။

မမစိမ်း ဘာကြောင့်မလာသေးတာလဲ။ သူ...စိတ်ညစ်နေတယ်လို့လည်း ပြောတယ်။ ဘာတွေဖြစ်နေတာလဲ မမစိမ်းရယ်။

ရာဇာဆိုတဲ့လူ ငါမရှိတုန်း မမစိမ်းဆီကို ခဏခဏလာနေမှာပဲ။

"ဝေးလွင့် ဒါ မမစိမ်းရဲ့ညည့်သည်လေ"ဟု ချိုမြိန်သောစကားသံတို့က ဆူးတစ်ချောင်းလို နာနာကျင်ကျင် ခံစားနေရခြင်းပင် ဖြစ်သည်။

ရာဇာဆိုတဲ့လူက မမစိမ်းနဲ့ လက်ထပ်မယ့် ခင်ပွန်းလောင်းတဲ့။ မမစိမ်းနဲ့ ရာဇာက ချစ်သူတွေလား။

ဟင့်အင်း မဟုတ်ဘူး မဟုတ်ဘူး ငါနဲ့ မမစိမ်းနဲ့သာ ချစ်သူတွေ၊ ဟုတ်တယ် ဟုတ်တယ် မမစိမ်းဟာ ငါ့ရဲ့ချစ်သူ ဟုတ်ပါ့မလား၊ မဟုတ်ဘူးနဲ့တူတယ်၊ ငါ...ငါဟာ အရူးပဲ၊ အရူးတစ်ယောက်မို့လို့ လူတွေက ငါ့ကို ဝိုင်းပယ်ထားတာ။ ငါ အရူး...အရူး အဲ...အဲဒီအရူးက မမစိမ်းရဲ့ချစ်သူ။ ဟုတ်တယ် ငါက မမစိမ်းရဲ့ တရားဝင်ချစ်သူ။ မမစိမ်းရဲ့အနားမှာ ငါကလွဲပြီး တခြားလူတစ်ယောက်မှ မရှိစေရဘူး။ ငါတွေးတာ မှန်တယ်။ မမစိမ်းနဲ့ ရာဇာဆိုတဲ့လူ လက်ထပ်သွားရင် ငါနဲ့

www.burmeseclassic.com



မမစိမ်း ဝေးကြရမှာ။

မဝေးပါရစေနဲ့ မဝေးပါရစေနဲ့ အို…မမစိမ်း ဘယ်သူ့ကိုမှ လက်မထပ်ရဘူး။ မမစိမ်း လက်ထပ်မယ့်လူဟာ ငါ ရန်သူပဲ။

ဝေးလွင့်တစ်ယောက် နံနက် မိုးစင်စင်လင်းကတည်းက ခြံထဲက ပိတောက်ပင်အောက်က ခုံတန်းလျားကလေးပေါ်မှာ ထွက်ထိုင်၍နေသည်။ နေမွန်းတည့်၍ပင် နေသည်။ ထမင်းစားဖို့ခေါ် လျှင်လည်း လာမစား။ ငုတ်တုတ်ပင် ထိုင်၍နေသည်။

"မမရှိစ့်…မမရှိစ့်"

"ဂျိုင်း…ဂျိုင်း…ဂျိုင်း"

ဗိတ်ထားသော သံဘာဂျာတံခါးကို တဝုန်းဝုန်းဆွဲခါပြီး ခေါ်သံကြောင့် ဒေါ်ပု မီးဖိုခန်းထဲမှ ထိတ်လန့်တကြား ပြေးထွက်၍လာခဲ့သည်။

"ဝေးလွင့် ဘာဖြစ်လို့လဲဟင်"

"ကျွတ်..ဘာဖြစ်ရမှာလဲဗျ မမစိမ်း မမစိမ်း မလာဘူးလား အဲ…မမရှိစ့်ပြန်မလာသေးဘူးလားဗျ"

ဝေးလွင့်၏ ပြူးပြူးပျာပျာ ပုံစံကြောင့် ဒေါ်ပု ရယ်ချင်ချင်ဖြစ်သွားရသည်။





"ဝေးလွင့်ကလဲကွယ် ဒီအချိန်ဘယ်ပြန်လာဦးမှာလဲကွယ်၊ ခုတလော ကုမ္ပဏီမှာ အလုပ်တွေရှုပ်နေတယ်လို့ ပြောတယ်လေကွယ်၊ အပြန်နောက်ကျတာလည်း မင်းသိသားနဲ့ကွယ်"

"မမစိမ်းကိုမေးတာဗျ၊ မမစိမ်းအကြောင်းမေးတာဗျ"

ဝေးလွင့်၏အဖြစ်ကိုကြည့်ပြီး ဒေါ်ပုမှာ ငိုအားထက်ရယ်အားသန် ဖြစ်ရသည်။

"အမလေး ဝေးလွင့်ရယ် ဟင်း…ဟင်း…ဟင်း စိမ်းမမလေ စိမ်းမမ"

"ဗျာ…ဒေါ်ပု မမစိမ်း ဘာ ဘာဖြစ်လို့လဲဗျ"

"ဟင်း…ဟင်း စိမ်းမမကိုလေ သူ့အိမ်က ယောက်ျားပေးစားတော့မှာတဲ့"

ဒေါ်ပုထံမှ ကြားလိုက်ရသည့်စကားကြောင့် ဝေးလွင့်မှာ ဆောက်တည်ရာမရဖြစ်နေသည်။

"ဗျာ…တ…တကယ်ပြောတာလား ဒေါ်ပု"

ဒေါ်ပုမှာ ဝေးလွင့်နှင့်စိမ်းမမတို့ နှစ်ယောက်အကြောင်းကို သိထားသည့်အတွက် ဝေးလွင့်ကို နောက်ပြောင် ကျီစယ်၍ နေသည်။

"ဟုတ်တယ်…ယောက်ျားပေးစားတော့မှာကွ၊ ရာဇ

www.burmeseclassic.com



ဆိုတဲ့လူနဲ့”

“ရာဇာ…ရာဇာ…ရာဇာက မမစိမ်းနဲ့ ချစ်သူတွေလား”

ဟင့်အင်း…မဟုတ်ဘူး၊ ရာဇာနဲ့ မမစိမ်းက ချစ်သူတွေ မဟုတ်ဘူး၊ မမစိမ်းနဲ့ရာဇာ…မမစိမ်းနဲ့ရာဇာ မမစိမ်းနဲ့ ရာဇာ…သူ…သူတို့ လက်ထပ်ကြတော့မယ်”

ဝေးလွင့်၏ နှုတ်ခမ်းထက်မှ တတွတ်တွတ်ရေရွတ်ပြောဆို၍ နေသည်။ ဝေးလွင့်၏စိတ်တွေလည်း ပိုမိုရှုပ်ထွေးနောက်ကျိ၍သွားရသည်။

“အို…ရက်စက်လိုက်တာဗျာ”

ဂျိုင်း…ဂျိုင်း…ဂျိုင်း ဒေါသတကြီး သံဘာဂျာတံခါးကို တဝုန်းဝုန်းဆွဲခါနေသည့် ဝေးလွင့်၏ပုံစံကြောင့် ဒေါ်ပု ပြုံးလိုက်မိသည်။

“အဟင်းဟင်း…ဝေးလွင့် စိမ်းမမက မင်းရဲ့ချစ်သူဆို…”

“ဗျာ…ဟုတ်တယ်…ဟုတ်တယ် မမစိမ်းက ကျွန်တော်ရဲ့ချစ်သူဗျ၊ ဟဲ…ဟဲ…”

“ဟဲ့…ဒါဆိုရင် စိမ်းမမ မတရားဘူးပေါ့”

ဝေးလွင့် ဒေါ်ပုကို နားမလည်သော မျက်ဝန်းစုံဖြင့်





လှမ်းကြည့်လိုက်ရင်း…

“ဘာ…ဘာဖြစ်လို့လည်း ဒေါ်ပု”

“မင်းနဲ့စိမ်းမမ ချစ်သူတွေဆို…”

“ဟုတ်တယ်လေဗျာ”

“မင်းက သူ စိမ်းမမက မင်းရဲ့ချစ်သူလို့ပြောနေတယ်၊ စိမ်းမမက ရာဇာဆိုတဲ့လူနဲ့ ယူတော့မှာ”

ရုတ်ချည်း ဝေးလွင့်၏မျက်နှာလေး ညိုးနွမ်းကာ ငေးငိုင်၍ မှိုင်ကျသွားသည်။ သံမံတလင်းပေါ် ဝယ် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။

“ဟဲ့…ဝေးလွင့် ထမင်းစားတော့မလား၊ လာ…လာ မင်း မနက်တည်းက ဘာမှမစားရသေးဘူး မဟုတ်လား၊ ယခု နေ့လယ် ၂ နာရီထိုးနေပြီ”

ပြောပြောဆိုဆို ဧည့်ခန်းမှာချိတ်ထားသော တိုင်ကပ်နာရီကို လှမ်းကြည့်ရင်း ဒေါ်ပု ပြောလိုက်သည်၊ ဝေးလွင့်က ခေါင်းကိုခါယမ်းပြလိုက်သည်။

“ဟင့်အင်း…မစားချင်ဘူး…မစားချင်ဘူး”

“မမစိမ်းပေးထားတဲ့ ဝေဒနာတွေကြောင့် ရင်ပြည့်နေတယ်”

“ကဲ…ဒါဆို မင်းဖာသာတစ်ယောက်တည်း ရင်ပြည့်

www.burmeseclassic.com



နေတော့ကွယ့်၊ ဒေါ်ပု လုပ်စရာလေးတွေရှိတာ သွားလုပ်လိုက်ဦးမယ်”

ပြောပြောဆိုဆို ဒေါ်ပု အိပ်ခန်းအတွင်းသို့ ဝင်သွားသည်၊ ဝေးလွင့်တစ်ယောက်တည်း ဆောက်တည်ရာမရ ဖြစ်၍ ကျန်ရစ်ခဲ့သည်။

“ဂျိုင်း...ဂျိုင်း...ဂျိုင်း”

ဒေါ်ပု၏ရင်ထည်း ထိတ်လန့်၍သွားသည်။

“ဒုက္ခပါပဲနော်...ဝေးလွင့်ရဲ့ စိတ်တွေဖောက်လာရင် ဒုက္ခပဲ၊ အိမ်မှာ ဘယ်သူမှ မရှိဘူး၊ ရိုစ့်ဆီကို ဖုန်းဆက်ပြောရင် ကောင်းမယ်၊ ငါစနောက်လိုက်တာ လွန်သွားလားလည်း မသိဘူး”

ထိုအချိန်...

“မမစိမ်း ရက်စက်တယ်၊ မမစိမ်းက ရာဇာနဲ့ယူတော့မှာတဲ့၊ မမစိမ်း ငါကလွဲရင် ဘယ်သူ့ကိုမှ မယူရဘူး၊ မချစ်ရဘူး၊ သတ်မယ်...သတ်မယ်၊ ရာဇာဆိုတဲ့ကောင်ကို သတ်မယ်”

ပါးစပ်က တတွတ်တွတ် မြည်တမ်းပြောဆို၍နေသည်၊ တွေးလေ ရှုပ်လေ ရင်တည်းမှာမွန်းကျပ်လေ ဖြစ်လာသောကြောင့် အသက်ရှူသံများပင် ကျယ်လောင်လာသည်၊ တင်းတင်းစေ့ထားသော အံပုံကြောင့် မေးကြောများပင် ထောင်





ကား၍လာသည်။

“သတ်မယ်...သတ်မယ်...ရာဇာဆိုတဲ့ကောင်ကို သတ်မယ်” အော်ဟစ်ကြိမ်းမောင်းရင်း မြံပြင်သို့ မြေးကာ ထွက်သွားသည်။

ဝေးလွင့်၏ခြေလှမ်းများက ကားလမ်းမ ကတ္တရာဆီသို့ ဦးတည်၍နေသည်၊ ညာတယ်...မမစိမ်း...ညာတယ်၊ ကျွန်တော်ကလွဲလို့ တခြားယောကျာ်းတစ်ယောက်ကို လက်မခံရဘူးဆိုနေမှဗျာ...

ထိုအချိန်...ဝေးလွင့်၏ရှေ့တည့်တည့်မှ လာနေသော ကားတစ်စီးကို မတွေ့...

“အို...ရှေ့...ရှေ့မှာ...”

“ဝုန်း...”

“အား...”

“ဟာ...ကားတိုက်မိပြီဟေ့”

www.burmeseclassic.com



ရှင်ပါကူ အထူးကုဆေးရုံကြီးတွင်...

"အို...မထနဲ့လေ၊ ဝေးလွင့် မင်းခေါင်းမှာ ဒဏ်ရာရထားတယ်"

သူမသိသော အမည်နာမတစ်ခုကို သုံးနှုန်း၍ သူ့ပခုံးနှစ်ဖက်အားဖေးတွယ်ရင်း ခုတင်ပေါ်သို့ ပြန်လှဲသိပ်နေသော သူမကို နားမလည်နိုင်သော မျက်ဝန်းစုံဖြင့် ကြည့်ပြီး မှိန်းနေလိုက်သည်။

"ဒေါ်စိမ်းမမ သိပ်လည်း စိတ်ပူမနေပါနဲ့နော်၊ ဟဲ...ဟဲ...လူနာအတွက် စိတ်မချဖြစ်နေလား၊ ဘာမှစိုးရိမ်စရာမရှိတော့ပါဘူးဗျ၊ လူနာ သတိရလာမှပဲ"

"ဟင်းဟင်း...ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ဆရာရယ်၊ ဆရာတို့ကျေးဇူးကို ကျွန်မ မမေ့ပါဘူး၊ ဝေးလွင့်သာ တစ်ခုခုဖြစ်ရင် ကျွန်မ..."





"ဟာဗျာ...ခင်ဗျားလူနာ ဘာမှစိုးရိမ်စရာမရှိတော့ပါဘူး"

"ဟုတ်...ဟုတ်ကဲ့...ကျေးဇူးတင်ပါတယ် ဆရာ"

"ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ရှင့်"

ဆရာဝန်ကြီး အခန်းထဲမှ ထွက်သွားသည်။

"ဝေးလွင့်"

"ဝေးလွင့်..."

မှိန်းနေရာမှ ဖျတ်ကနဲ မျက်လုံးဖွင့်ကြည့်လိုက်မိသည်၊ စိမ်းမမဆိုသော အမျိုးသမီးကို "ဒေါ်တာ" အေးစက်စက်မျက်ဝန်းစုံဖြင့် တစ်ချက်လှမ်းကြည့်လိုက်ရင်း...

ဒီအမျိုးသမီးက ဘာလို့ ငါ့ကို ဝေးလွင့် ဝေးလွင့်လို့ ထပ်ခါတလဲလဲ ခေါ်နေရသလဲ ပြီးတော့သူနဲ့တိုက်ရိုက် ပတ်သက်နေတဲ့ ယောကျ်ားတစ်ယောက်လို့ သူဘာကြောင့် ပြောရတာလည်း၊ သူ့ကို တစ်ခါမှမသိဘူး၊ မမြင်ဘူးဘူး ငါနဲ့သူ ဘယ်လို ပတ်သက်နေရတာလဲ... "ဒေါ်တာ"၏ စိတ်တွေ တွေးရင်း ပိုမိုနောက်ကျိရှုပ်ထွေးကုန်သည်။

ဆရာဝန်ကြီး ထွက်သွားပြီးတဲ့နောက် အခန်းထဲမှာ သူတို့နှစ်ဦးတည်း တိတ်ဆိတ်စွာကျန်ခဲ့စဉ်... သူမက ထိုင်ခုံကို ခုတင်ခေါင်းရင်းအထိ တိုးကပ်ထိုင်ပြီး "ဒေါ်တာ" ကို

www.burmeseclassic.com



နူးညံ့သိမ်မွေ့သော မျက်ဝန်းတို့ဖြင့် ငုံ့ကြည့်၍လာသည်။

ခဏဆိုသောအချိန်ကလေးမှာ ပျော်ဝင်ခံစားလိုက်ရသည့် သူမရဲ့အကြည့်နုနုလေးတွေကြောင့် စောစောက တွေဝေနေသည့် အတွေးတို့ကို "သော်တာ" မေ့မျောသွားမိသည်။ ဘာပဲဖြစ်ဖြစ် သူ့အပေါ်မှာ ကရုဏာကြီးစွာ ဂရုစိုက်ပေးနေတာကို သော်တာ ငြင်းကွယ်၍မရ။

"ဝေးလွင့် သက်သာရဲ့လား၊ အခု ဘယ်လိုနေသေးလဲဟင်"

လာပြန်ပြီ ဒီဝေးလွင့်ဆိုတဲ့အမည်ကိုပဲ ခေါ်နေတာပဲ၊ စိတ်ချဉ်ချဉ်ဖြင့်တွေးရင်း ခပ်စိမ်းစိမ်း သူမကိုပြန်စိုက်ကြည့်မိသည်၊ မိမိ၏လက်ကို ဆုပ်ကိုင်ထားသော သူမ၏လက်ကို ခပ်ဆတ်ဆတ် ပုတ်ထုတ်ပစ်လိုက်ရင်း...

"နေစမ်းပါဦးဗျ...ကျွန်တော့်ခြေရင်းက ချပ်(စ)ကို ခင်ဗျား သေသေချာချာ ဖတ်မိရဲ့လား"

သော်တာ၏ အမေးကြောင့် စိမ်းမမ အူတူတူ ဖြစ်သွားရသည်။

"ဘာဖြစ်လို့လဲ ဟင်"

"ကျွန်တော့်နာမည် ဝေးလွင့်မဟုတ်ဘူးဗျ၊ သော်တာ သော်တာ ရှင်းပြီလား၊ ခင်ဗျားကရော ဘယ်သူလဲ၊ ခင်ဗျားကို ကျွန်တော်မသိဘူး၊ ခင်ဗျား ဘယ်သူလဲ၊ ဘယ်တုန်းကမှ





ခင်ဗျားကို မမြင်ဖူးဘူး၊ မတွေ့ဖူးဘူး မသိဘူးဗျာ"

စိမ်းမမ ဝေးလွင့်ထံမှ မမျှော်လင့်သော ကြားလိုက်ရသည့် စကားလုံးများကြောင့် သူမ၏ နှုတ်ခမ်းဖူးဖူးလေးမှ...

"ရှင်..."

ဟု အသံလေး ထိတ်လန့်စာကြား ခုန်ထွက်လာသည်၊ အားပြင်းသော လက်သီးချက်ဖြင့် ရင်ဝကို အထိုးခံလိုက်ရသူပမာ နောက်သို့ ယိုင်လဲကျမသွားအောင် သူမ မနည်းကြီး ထိန်းထားလိုက်ရသည်။

သတိလက်လွတ် ဝေးလွင့်ကို စိမ်းမမ ငေးကြည့်နေမိသည်။

"ဝေးလွင့်...ဝေးလွင့်" တိုးတိတ်စွာ စိတ်ထဲမှခေါ်ရင်း သူမ၏မျက်ဝန်းထက်မှ မျက်ရည်ကြည်များ ပါးပြင်ထက်သို့ စီးကျလာသည်။

သူ...သူ...သူရဲ့ဘဝဟောင်းကို ပြန်သတိရသွားလို့ ငါ့ကိုမေ့...မေ့သွားတာပါ...ဟု ရေရွတ်လိုက်ရင်း မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ငိုရှိုက်ရင်း ပြေးထွက်သွားသည်။

"အဟင့်...ဟင့်..."

သက်ပြင်းမောကို သော်တာ တိတ်တခိုးချလိုက်မိသည်၊ တစ်ခုခုမှားယွင်းနေတာ သေချာသည်၊ ပိုမိုပြင်းထန်သော ဝေဒနာကို ခံစားနေရသော ခေါင်းက ဝေဒနာကြောင့်

www.burmeseclassic.com



အတွေးစကို ဖြတ်တောက်ပစ်လိုက်ရသည်။ မျက်ဝန်းစုံကို မှေးမှိတ်ထားလိုက်မိသည်၊ ထို့နောက်တော့ သူ၏အသိစိတ်များက သူ၏ခန္ဓာကိုယ်မှ တဖြည်းဖြည်းခြင်း ဆွဲထုတ်ခံလိုက်ရသလို ခံစားလိုက်ရသည်။

* * *

ဓာက်တာတစ်ယောက် ဒဏ်ရာများ ပျောက်ကင်း၍ ဆေးရုံမှ ဆင်းသွားပြီဆိုသော သတင်းကိုသာ သူမကြားလိုက်ရသည်။ ထိုသတင်းကြောင့် စိမ်းမမ၏ ခန္ဓာကိုယ်မှာ အသက်နှင့် ဝိညာဉ် ကင်းကွာသွားသလို ခံစားလိုက်ရသည်၊ ကျောက်ရုပ်တစ်ရုပ်လို ငေးကြောင်၍ကြည့်နေမိသည်။

စိမ်းမမ ခံစားနေရသည့်သောကကို ရိုစ့်မကြည့်ရက်နိုင်...

"မမစိမ်းရယ်...ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေကို မေ့ပစ်လိုက်တာ အကောင်းဆုံးပါပဲကွယ်"





ဝေ့ဝဲလာသော မျက်ရည်များကို မျက်တောင်ရှည်ကြီးများဖြင့် ပုတ်ခတ်ကာ ထုတ်ပစ်လိုက်ရင်း...

"အိမ်မက်တစ်ပုဒ်သာ မက်ခဲ့ရတယ်ဆိုရင် ဘယ်လောက်ကောင်းမလဲ...ဝေးလွင့်ရယ် မင်းဘယ်ရောက်နေပြီလည်းကွယ်"

"မမစိမ်း တစ်နေ့ ဒီလိုခံစားရမယ်ဆိုတာကို ရိုစ့် ကြိုမြင်နေတယ်၊ ဒါပေမယ့် ရိုစ့် မမစိမ်းကို မတားရက်ခဲ့ဘူး၊ မမစိမ်း ခံစားနေရသလိုမျိုး ရိုစ့်လည်း ခံစားရပါတယ် မမစိမ်းရယ်"

စိမ်းမမ၏ ရှေ့တည့်တည့်တွင် ရိုစ့် ဝင်ထိုင်လိုက်သည်။

စိမ်းမမကတော့ ပြတင်းဝမှတဆင့် အဝေးတစ်နေရာသို့ ငေးကြည့်၍နေသည်။

"မောင်ရယ်...မောင်ဆီကရတဲ့ အချစ်တစ်ခုအတွက် ကျွန်မဆီက ခံနိုင်ရည်စွမ်းတွေ အဆမတန် ပေးဆပ်နေရပါပြီ မောင်ရယ်"

မောင်...

ပျော်ရွှင်ကြည်နူး...ချစ်ခင်တုန်းက
နှစ်ကိုယ်ယှဉ်တွဲ...
ချစ်ခွန်းတေးသီ...
ပျော်ရွှင်ခဲ့တဲ့...ပုံရိပ်တွေဟာ...
မျက်ဝန်းထဲမှာ မြင်ယောင်တမ်းတ...

www.burmeseclassic.com



လွမ်းမိတယ်...မောင်...

အို...ငါ...ငါ ငိုနေတာလား၊ ငိုခြင်းဟာ အရှုံးပေးခြင်းတဲ့၊ ဟင်အင်း...မောင်ရယ်၊ မမ ငိုနေတာ မဟုတ်ဘူးနော်၊ မျက်ရည်ကျတာပါ၊ လွမ်းလို့ကျတဲ့ မျက်ရည်တွေပါ မောင်...

မောင့်ကိုလွမ်းလို့ ကျတဲ့ လွမ်းမျက်ရည်တွေပါ မောင် မောင်...မမကို မေ့နေမှာပါ...

မမစိမ်းကို မောင် သတိမရတော့ဘူးလား မောင်... မောင်နဲ့ မမစိမ်းတို့ နှစ်ယောက် ဒီတစ်သက် ပြန်ဆုံပါ့မလား၊ လွမ်းတယ်...မောင်ရယ်...သိပ်လွမ်းတယ်ကွယ်...

မောင့်ရဲ့ စကားသံလေးတွေကို ကြားချင်တယ်၊ မောင့်ရဲ့ အနမ်းနွေးနွေးကလေးတွေကို ခံယူချင်တယ်၊ မောင်ရဲ့ ရင်ခွင်မှာ ခိုလှုံချင်တယ် မောင်ရယ်...

မမစိမ်းရဲ့ ထွက်သက်ဝင်သက်ကလေးတွေ ချုပ်ငြိမ်းသွားတဲ့အထိ မောင့်ကို ချစ်နေမှာပါ မောင်...

"မမစိမ်း"

ငေးငိုင်ကာ မှိုင်တွေနေသော စိမ်းမမ၏အတွေးစတွေ ရိုစ့်၏ခေါ်သံကြောင့် လွင့်ပျံ့ကုန်ရသည်၊ သက်ပြင်းမော တစ်ချက်ကိုချလိုက်ရင်း ရိုစ့်ကို စိမ်းမမ လှမ်းကြည့်လိုက်သည်။

"မမစိမ်းရယ်...ပြီးခဲ့တာတွေလည်း ပြီးခဲ့ပြီပဲကွယ်၊ ခုချိန်ခါမှာ မေ့ပစ်လိုက်တာ အကောင်းဆုံးပါပဲ၊ မမစိမ်းနဲ့ ဝေးလွင့် ဖူးစာမှန်ရင် ပြန်ဆုံကြမှာပါ၊ မမစိမ်းရယ် ခါတိုင်းလို ပြုံးပြုံးလေး နေပါနော်"

"အဟင့်...ဟင့်...ဒက်ဒီမေးရင် မမစိမ်း ဘယ်လို ဖြေရဦးမလဲကွယ်၊ ဒက်ဒီကို မမစိမ်း ရင်မဆိုင်ရဲဘူးကွယ်"

စိမ်းမမ၏ လက်ကလေးကို ရိုစ့် ညင်သာစွာ ဆုတ်ကိုင်လိုက်သည်။

"မမစိမ်း...ရိုစ့်တာဝန်ထားစမ်းပါ၊ အန်ကယ်ကို ရိုစ့် အကောင်းဆုံးဖြစ်အောင် ရိုစ့်စီစဉ်ပေးပါ့မယ်၊ ဖဲ...ဟဲ ဘာမှ စိတ်မပူနဲ့"

"မမစိမ်းတော့ ရင်လေးတယ်ကွယ်...ဖြစ်ပါ့မလား ရိုစ့်ရယ်"

* * *

www.burmeseclassic.com

## အခန်း (၁၁)

သော်တာ ပြန်ရောက်သည့်နေ့မှစ၍ မိခင် ဒေါ်မူယာ ချို တစ်ယောက် သားကို မျက်စေ့အောက်က အပျောက်မခံ နိုင်၊ အရုပ်ကလေးတစ်ရုပ်လို တစိမ့်စိမ့်ကြည့်နေခဲ့သည်၊ တစ်ဦး တည်းသော သားလေးမို့လို့ ငယ်စဉ်ကတည်းကပင် အချစ်ပို ခဲ့ရသည်၊ မသေကောင်း မပျောက်ကောင်း ငါးနှစ်ကျော်ကျော် ပျောက်ဆုံးနေသော သား အလုပ်ကိစ္စတစ်ခုဖြင့် ပုသိမ်သို့ လွှတ်လိုက်ရာမှ မုန်တိုင်းမိ၍ ထူးဆန်းစွာ ပျောက်ဆုံးနေသည့် သား...မမျှော်လင့်ဘဲ ပြန်ရောက်လာသဖြင့် ဒေါ်မူယာချို ရင်ထည်း အတိုင်းအဆမဲ့ ဝမ်းသာကြည်နူးနေရသည်။





"သားလေး...မေမေ့သား ဘယ်ကိုသွားနေတာလဲ ဟင်"

"သား...ပုသိမ်က ဘဘကြီးတို့ဆီကို သွားတာလေ ဗျာ၊ ဟိုမှာ နှစ်ပတ်နေပြီးမှ ပြန်လာတာလေ၊ အပြန် သင်္ဘော မုန်တိုင်းမိတာပဲ မှတ်မိတယ်၊ နောက် သားဆေးရုံပေါ် ရောက် နေတာလေ၊ အခု သား ဆေးရုံက နေကောင်းလို့ ဆင်းလာ တာလေ မေမေ"

သော်တာ၏အဖြေစကားကြောင့် မိခင်ဖြစ်သူ ပြုံးချင် ချင် ဖြစ်သွားရသည်။

"မဟုတ်ဘူးသားလေးရဲ့... သားထွက်သွားတဲ့ရက်နဲ့ ခုပြန်ရောက်တဲ့ရက်ကို အတိအကျတွက်ရင် ငါးနှစ်သုံးလနဲ့ ရက်နှစ်ဆယ် ကြာခဲ့တယ်"

"သား...အဲဒီရက်တွေမှာ သား ဘယ်တွေကို သွား နေတာလဲဟင်"

"ဟုတ်တယ်...ညီညီ မင်း ဘယ်ကို သွားနေတာလဲ ပြောပြကွာ၊ မင်းပျောက်သွားပုံက သိပ်ထူးဆန်းနေလို့"

"မေမေ့သား မိန်းမတွေ ဘာတွေရနေသလားမှမသိ တာ၊ မောင်လေး ပြောစမ်းမှန်ရာကို"

သော်တာ စိတ်ပျက်စွာ ညည်းညူလိုက်ရင်း ခေါင်းကို

www.burmeseclassic.com



တဖျင်းဖျင်းကုတ်ကာ ထရပ်လိုက်သည်။

"ဂျွတ်…ဒုက္ခပါပဲဗျာ၊ သားမသိတာကို ဘယ်လိုလုပ်ပြောပြရမှာလဲဗျ"

"မဟုတ်ဘူးလေ သားရယ်…သား ပင်လယ်ထဲမှာ မုန်တိုင်းမိတာပဲ သိတယ် မဟုတ်လား"

"ဟုတ်တယ်လေ မေမေရဲ့…သား အဲဒါပဲ မှတ်မိတယ်"

"သားကို ကယ်တင်စောင့်ရှောက်ထားတဲ့ သူတွေကို မှတ်မိလား"

"ဟင့်အင်း သား…သား ဘာမှ မမှတ်မိဘူး မေမေ"

"စဉ်းစားကြည့်ပါဦးလား ညီညီရာ"

"ဟုတ်သားပဲ မောင်လေးရဲ့…မင်းသေသေချာချာ စဉ်းစားကြည့်စမ်းပါဦး"

သော်တာ ခေတ္တခဏ တွေးဝေငေးငိုင်ကာ မှိုင်၍ သွားသည်။

မျက်ဝန်းကို စုံမှိတ်ထားလိုက်မိသည်၊ သို့သော်… ခေါင်းတစ်ခုလုံး တဆစ်ဆစ်နှင့် နာကျင်ကိုက်ခဲ၍ မူးဝေလာသည်။

"သား ဘာမှစဉ်းစားလို့မရဘူး မေမေရယ်၊ မူးတယ် ခေါင်းမူးလိုက်တာဗျာ"

အားလုံး ထိတ်ထိတ်ပျာပျာဖြစ်သွားကြသည်။

"အို…သား သားလေး"

"ညီညီ"

"မောင်လေး မောင်လေး"

သော်တာ့ကို ဘယ်လိုပင်ချော့မေးချော့မေး မေးလို့မရ။ မထူးခြားတဲ့ အဖြေစကားနှင့်အတူ သူငယ်ခံစားရတဲ့ ဝေဒနာကို မကြည့်ရက်တော့သဖြင့် ဒေါ်မူယာချို လက်လျှော့လိုက်ရသည်။

ဘာပဲဖြစ်ဖြစ် သိပ်ချစ်ရတဲ့ မိမိရဲ့သားငယ်လေး မိမိရဲ့ ရင်ခွင်ထဲကို ပြန်ရောက်နေပြီမဟုတ်လား။

"သား ဘာကိုမှမတွေးနဲ့တော့နော်၊ မေမေ့သားလေး မေမေ့ရင်ခွင်ထဲကို ပြန်ရောက်လာပြီပဲ၊ သားလေး အရင်တလိုပဲ ပျော်ပျော်နေပါကွယ်"

"ဟုတ်…ဟုတ်ကဲ့ပါ မေမေရယ်"

ဒေါ်မူယာချို သားငယ်ကို ရင်ခွင်အတွင်း တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်မိသည်။ သားကြီးသူရိန်နှင့် သမီးကြီး စန္ဒာက ပြုံးစစမျက်နှာပေးဖြင့်…

"မောင်လေးနော် မတရားဘူး၊ ဟွန်း…ခုမှညာပြီး

www.burmeseclassic.com



မေမေ့ကိုချွဲမနေနဲ့၊ မေမေနော် သမီးတို့မောင်နှမနှစ်ယောက်ကို ချစ်ဖို့ကျန်သေးတယ်"

"အဟင်းဟင်း...မေမေ့သားတွေ သမီးတွေအားလုံးကို မေမေချစ်တာပါပဲကွယ်"

✣ ✣ ✣

ဒီနေ့ အိမ်မှာ ကိုကိုကြီးသူရိန်နှင့် ဧည့်သည်တွေလာမှာမို့လို့ မမကြီးစန္ဒာတို့ မီးဖိုချောင်ထဲမှာ အလုပ်ရှုပ်နေကြသည်။

"မေမေ"

သော်တာ၏ခေါ်သံကြောင့် ဒေါ်မူယာချို နောက်သို့လှည့်ကြည့်မိသည်။

"ဟယ်...သား ဒါကဘယ်လဲ"

"သားသူငယ်ချင်းတွေနဲ့ ချိန်းထားလို့ မနက်စာ အပြင်





မှာပဲစားမယ် မေမေ"

သားဖြစ်သူ၏ စကားကြောင့် ဒေါ်မူယာချို မျက်ခုံးနှစ်ဖက် မြင့်တက်သွားရသည်။

"အယ်...သားငယ်ကတော့ လုပ်ပြီကွယ်၊ သားသွားစရာရှိတာ ဒီနေ့မသွားနဲ့တော့ကွယ်၊ အိမ်ကို ဧည့်သည်တွေ လာမှာမို့လို့ပါ"

သော်တာ၏မျက်နှာ စူပုပ်ပုပ်လေးဖြစ်သွားရသည်။

"ကျွတ်...မေမေကလည်းဗျာ ဧည့်သည်က ကိုကိုကြီးရဲ့ ဧည့်သည်လေဗျာ၊ သားဧည့်သည်မှ မဟုတ်တာ ပြီးတော့ သား လူတွေအများကြီးနဲ့ စကားမပြောချင်ဘူး၊ မနေတတ်ဘူး၊ အသက်ရှုကျပ်တယ်၊ မွန်းကျပ်ကျပ်နဲ့ အနေရကျပ်တယ်ဗျ"

"အို...သားငယ်ကတော့ လုပ်ပြီကွယ်၊ ကိုကိုကြီးရဲ့ ဧည့်သည်ဆိုပေမယ့် သားတို့ မေမေတို့ရဲ့ ဧည့်သည်ပဲလေကွယ်၊ မိသားစုရှိတာမှ နည်းနည်းလေးရယ်၊ ဘာပဲဖြစ်ဖြစ် ဧည့်သည်တွေကို သားဧည့်ခံရမှာပဲ၊ သားကိုကိုကြီးရဲ့မျက်နှာက ရှိသေးတယ်လေ၊ ဒီမနက်ထမင်းဝိုင်းမှာ သားရှိမှဖြစ်မှာ"

သော်တာ လက်မှာပတ်ထားသော နာရီကို ငုံ့ကြည့်လိုက်ရင်း...

www.burmeseclassic.com



"ဟာဗျာ..မမေတို့က သိပ်ခက်တယ်၊ သားမစောင့် ချင်တော့ဘူးဗျာ၊ ခုတောင် ဆယ်နာရီခွဲတော့မှာ"

"စောင့်လိုက်ပါ သားရယ်၊ သားရဲ့ကိုကိုကြီးက ဧည့်သည်ကို သားတို့မောင်နှမ အားလုံးနဲ့ မိတ်ဆက်ပေးချင်လို့ပါတဲ့ကွယ်"

ထိုစဉ် ခြံထဲသို့ ကိုကိုကြီးသူရိန်၏ မာဇဒါဂျစ် အစိမ်းရောင်လေးက အရှိန်ပြင်းစွာ မောင်းနှင်ဝင်ရောက်လာသည်။ ထိုက်အတွင်းမှ စန္ဒာပြေးထွက်လာသည်။

"ဟော...ပြောရင်းဆိုရင်း လာနေကြပြီ"

"ဟော...မမရိုစ့် လာပြီ"

ကားပေါ်မှ ကိုကိုကြီးနှင့်အတူ အမျိုးသမီးတစ်ယောက် ဆင်းလာသည်။

"ဟော့...ညီညီ ဘယ်လဲကွ၊ ကိုကိုကြီးရဲ့ အမျိုးသမီးနဲ့ မိတ်ဆက်ပေးမလို့"

ပြောပြောဆိုဆို ဒေါ်မူယာချိုနှင့် သော်တာတို့ရှိရာသို့ လျှောက်လာခဲ့သည်။ ကိုကိုကြီး၏ညီကို မြင်လိုက်ရသည့်အတွက် ရိုစ့်၏မျက်ဝန်းစုံ ပြူးကျယ်၍သွားရသည်။ မမျှော်လင့်ဘဲ ဝေးလွင့်ကို တွေ့လိုက်ရသည့်အတွက် အသက်ရှူဖို့ပင် သတိမေ့ချင်ချင်ဖြစ်သွားရသည်။





"ရှင့်"

ကိုသူရိန်၏ခေါ်သံကြောင့် ပျောက်ကွယ်လုလု အသိတရားတွေ ပြန်ဝင်လာသည်။

"ရှင် ကိုကို"

"ရိုစ့် ဟောဒါက ကိုကိုရဲ့ညီ သော်တာ"

ရိုစ့်က သော်တာကို မျက်တောင်မခတ်စတမ်း စူးစိုက်စွာကြည့်လိုက်ရင်း စိတ်ထဲမှ...

"ဟုတ်ပါတယ် ဝေးလွင့်မှ ဝေးလွင့်အစစ်ပါပဲ"

မှတ်ချက်ချနေမိသည်။ ရိုစ့်၏ စူးစူးရှရှအကြည့်ကြောင့် သူရိန်ပင် နားမလည်နိုင်အောင်ဖြစ်သွားရသည်။ သူရိန်ကတော့ သူနှင့် ဘာမှမသက်ဆိုင်သလိုပင်။

"ညီညီ ဟောဒါက ကိုကိုရဲ့ဇနီးလောင်း ရိုစ့်တဲ့၊ မှတ်ထားနော် ညီ"

ကိုကိုကြီးသူရိန်၏မိတ်ဆက်သည့်အတွက် သော်တာ ပြုံးရယ်မှုကင်းတင်းဖြင့် ခေါင်းညိတ်၍ အသိအမှတ်ပြုပြီးသည်အထိ ရိုစ့်၏အကြည့်က ဝေးလွင့်ဆီက ခွာ၍မရနိုင်သေးပါချေ။

"ကိုကို ရိုစ့် သူ့ကိုသိတယ်"

www.burmeseclassic.com



သော်တာ မျက်မှောင်ကြုတ်ကာ သူမကို စိုက်ကြည့်ရင်း ခေါင်းကိုခါရမ်းပစ်လိုက်ရင်း...

"ဟင့်အင်း ကျွန်တော် သူ့ကိုမသိဘူး ကိုကို"

ရိုစီနှင့် ဝေးလွင့်တို့ နှစ်ယောက်ကိုကြည့်ရင်း ဒေါ်မူယာချို၏မျက်နှာ ပြုံးရွှင်၍သွားသည်။

"ကဲ..သားနဲ့သမီး တိုက်ထဲကိုဝင်ကြကွယ်၊ သားငယ်လာ တိုက်ထဲကိုဝင်စမ်း၊ ဧည့်ခန်းမှာ အေးအေးဆေးဆေးထိုင်ပြီး ပြောကြကွယ်"

"လာ...ရိုစီ"

သူရိန် ရိုစီ၏လက်ကိုဆွဲကာ တိုက်အတွင်းသို့ မေမေ၏နောက်မှ ဝင်လာခဲ့သည်။

"ကဲ...သားတို့ သမီးတို့ ထိုင်ကြ"

သော်တာက မေမေ၏နံဘေးတွင် ဝင်ထိုင်လိုက်သည်။ ကိုကိုကြီးသူရိန်နံဘေးတွင် ရိုစီကထိုင်လိုက်ရင်း...

"ကိုကို ရိုစီ သူ့ကိုသိတယ် ကိုကို ရိုစီ သိတယ်"

ရိုစီ မိမိ၏ဆုံးဖြတ်ချက်ကို ငွတ်မှိတ်၍ အရဲစွန့်ကာချလိုက်မိသည်။ မှားယွင်းမှုရှိရင်လည်း မတတ်နိုင်။ ချစ်ရသည့်အချစ်ဆုံး စိမ်းမမအတွက် အကောင်းဆုံးအခွင့်အရေးဟု သူမ





ယုံကြည်သည်။

"ဝေးလွင့်"

သော်တာကိုကြည့်ပြီး ပီပီသသ ရိုစီ၏နှုတ်ခမ်းထက်မှ ခေါ်လိုက်သည့်အသံကြောင့် သော်တာ နားမလည်နိုင်စွာဖြင့် ပြန်ကြည့်သည်။

"အရင်တုန်းကတော့ ဝေးလွင့်နဲ့ မမရိုစီ သူစိမ်းပေါ့ကွယ်၊ ခုတော့ ကိုကိုနဲ့ပတ်သက်ပြီးတော့ ဝေးလွင့်ဟာ မမရိုစီရဲ့ မောင်လေးဖြစ်သွားပြီ၊ မမ အားမနာတော့ဘူး၊ ဝေးလွင့်မင်း ဖြည်းဖြည်းချင်းစဉ်းစားကြည့်ပါလားကွယ်၊ မင်းကြောင့် အသည်းကွဲကျန်ရစ်ခဲ့ရတဲ့ စိမ်းမမဆိုတဲ့ မင်းရဲ့ချစ်သူ တစ်ယောက်အကြောင်း"

သော်တာ တွေဝေကာ ဒေးငိုင်ရင်း မှိုင်ကျသွားသည်။ ဦးနှောက်သွေးကြောတွေ ပြတ်လုမတတ် စဉ်းစားမိသည်။

မေမေကလည်း ငါ့နှစ်ကျော်ကြာတယ် ဘယ်သွားနေတာလဲလို့ မေးဖူးတယ်။ ခုလည်း ကိုကိုရဲ့ဇနီးလောင်း မမက မှတ်မိနေတယ် ဆိုပါလား။ ပြီးတော့ ပြီးတော့ စိမ်းမမတဲ့၊ စိမ်းမမဆိုတာ ငါ့ရဲ့ချစ်သူဆိုပါလား။

သော်တာ သက်ပြင်းမောကို လေးတွဲ့စွာချလိုက်ရင်း

www.burmeseclassic.com



"ကျွန်…ကျွန်တော် ဘာမှစဉ်းစားလို့မရဘူး မမ"

ဒေါ်မူယာချို သူရိန်နှင့် စန္ဒာတို့က ရိုစ်နှင့် သော်တာ တို့ ပြောစကားများကို စိတ်ဝင်စားစွာ နားထောင်နေကြသည်။

"ကောင်းပြီလေ ဝေးလွင့် အဲ…Sorry သော်တာ မင်း စဉ်းစားလို့မရဘူးဆိုရင်လည်း သော်တာရဲ့ မသိစိတ်နဲ့ ရှင်သန်ခဲ့တဲ့ ဘဝတစ်ခုကို ပြောပြရတော့မှာပေါ့၊ စဉ်းစား ကြည့်ပေါ့ သော်တာ အဲဒီတုန်းက ဝေးလွင့်ဆိုတဲ့ အတိတ်မေ့ ဝေဒနာရှင်ဟာ ရူးသွပ်ပေါနှမ်းတဲ့ ယောက်ျားအဖြစ်နဲ့ ချောင်း သာ ပင်လယ်ကမ်းစပ်ရဲ့ နံဘေးက တစ်ရွာလုံးသိထားကြတာ လေ၊ အဲဒီချောင်းသာမှာ အပန်းဖြေဖို့လာရင်း မင်းနဲ့မမစိမ်းတို့ တွေ့ကြတာ၊ ရူးသွပ်ပေါနှမ်းနေတဲ့ မင်းကို လူအများက အရူး လို့ သတ်မှတ်ပြီး ဝိုင်းအနိုင်ကျင့်တာကို မင်းဘက်က မခံနိုင်ဘဲ မင်းကို သနားကရုဏာ ပိုခဲ့တယ်၊ မင်းကလည်း ပင်လယ်ထဲ မှာ ရေကူးရင်း လှိုင်းပုတ်တဲ့ဒဏ်ကြောင့် ရေနစ်သွားတဲ့ မမ စိမ်းရဲ့အသက်ကို ကယ်တင်ခဲ့တယ်၊ စိမ်းမမကလည်း သူ့ရဲ့ အသက်သခင်ဖြစ်တဲ့ မင်းကို ဆေးကုဖို့ ရန်ကုန်ကိုခေါ်လာ ခဲ့တယ်၊ နောက်တော့…မင်းနဲ့ မမစိမ်းတို့နှစ်ယောက် ချစ်သူ တွေ ဖြစ်ခဲ့ကြတယ်လေ၊ မင်းလည်း ဝေးလွင့်ဆိုတဲ့ဘဝနဲ့





မမစိမ်းကို အရမ်းချစ်သလို မမစိမ်းကလည်း အတိတ်မေ့ ဝေဒနာသည် ဖြစ်မှန်း သိရက်သားနဲ့ မင်းကို သနားကရုဏာ ပိုပြီး အရမ်းချစ်ခဲ့တယ်ကွယ်"

ပြောရင်း ရိုစ့်၏စကားသံ တိမ်ဝင်သွားသည်။

စိမ်းမမ…စိမ်းမမ…

"ဟုတ်တယ် မမစိမ်း…မမစိမ်း"

သော်တာ၏ မျက်ဝန်းထဲသို့ ပုံရိပ်အချို့က ထင်ဟပ် ၍လာသည်။ ပြာနှမ်းကြေမွနေသော နှလုံးသားရဲ့ အိုအေစစ် ကလေး အရိပ်အငွေ့တို့ တစိမ့်စိမ့် ထိုးဖောက်တိုးဝင်၍ လာ သည်။

ဝေးလွင့်၏ ရင်ခုန်သံတွေ မြန်လာသည်။ မိမိဆေးရုံ တက်စဉ်က သူမ၏ ပုံရိပ်အချို့…ခေါ်သံအချို့ ဝေးလွင့် ဝေးလွင့် ခေါ်သံသဲ့သဲ့က နားထဲမှာ ကြားယောင်ရင်း အကြင် နာ မျက်ဝန်းတစ်စုံ လွင့်ပျံ့၍ စွန်းထင်းလာသော သူမ၏ မျက်ရည်စက်များ…

ထိုစဉ်အခါက မိမိတစ်ခုခု မှားယွင်းနေတာ သေချာ ပါသည်။ ပူလောင်ဆူပွက်နေသော နှလုံးသွေး မူးဝေနောက် ကျိုနေသော အာရုံထဲမှာ မမစိမ်းနှင့် ပျော်ရွှင်ကြည်နူးနေသော

www.burmeseclassic.com



ပုံရိပ်တွေက တရစ်ဝဲဝဲ။ အိပ်မက်ထက်ဆန်းကြယ်ခဲ့ဖူးသော အတိတ်မေ့ပုံပြင် ဒဏ္ဍာရီထဲက ချစ်သူ။

"မမစိမ်း မမစိမ်းရယ်..."

ရေရွတ်လိုက်ရင်း ဝေးလွင့် ထိုင်ရာမှထလိုက်သည်။ ပြုံးရွှင်၍ တလက်လက်ဖြာသော မျက်ဝန်းစုံဖြင့် ရိုစ့်ကို ကြည့်လိုက်ရင်း...

"မမရိုစ့် ကျေးဇူးပါပဲ မမရယ်၊ ကျွန်တော် အားလုံးကို ပြန်မှတ်မိသွားပြီ၊ ကျွန်တော့်ရဲ့ ချစ်သူဆီကို ကျွန်တော်သွားမယ်၊ ကျွန်တော့်ရဲ့ ကယ်တင်ရှင် မမစိမ်းဆီကို ကျွန်တော်သွားမယ်"

ဒေါ်မူယာချိုဘက်ကို စောင်းငဲ့ကြည့်ရင်း...

"မေမေ သားရဲ့ချစ်သူလေးဆီကို သွားခွင့်ပြုပါမေမေ"

ပြောပြောဆိုဆို သော်တာ တိုက်ထဲမှပြေးကာထွက်သွားသည်။ အသင့်ရပ်ထားသော ဆိုင်ကယ်ပေါ်သို့တက်ကာ စက်ကိုနှိုးရင်း အရှိန်ပြင်းစွာ မောင်းထွက်၍သွားသည်။

"မောင်လာပြီ အချစ်ရယ်...ခွဲခွာရတဲ့ရက်တွေကို အတိုးချပြီး ချစ်မယ်ကွယ်၊ အချစ်ငိုနေမှာလား"

ဝေးလွင့်ထိုင်နေကျ ပိတောက်ပင်အောက်က ခုံတန်းလျားကလေးပေါ်မှာ စိမ်းမမထိုင်၍ ငေးငိုင်ကာ မှိုင်နေသည်။





ဝေးလွင့်နဲ့ ပြုံးပျော်ကြည်နူးခဲ့တဲ့ ပုံရိပ်ကလေးတွေက တရစ်ဝဲဝဲနဲ့ မြင်ယောင်ဆဲပါကွယ်။ ရက်တွေ လတွေကြာခဲ့ပေမယ့် စိမ်းမမတစ်ယောက် မေ့မရနိုင်ခဲ့ပါဘူးကွယ်။ မေ့ဖို့ကြိုးစားမိပေမယ့် ပိုလို့သာ တိုးတိုးပြီး သတိရနေမိတယ် ဝေးလွင့်ရယ်...သိပ်လွမ်းတယ်ကွာ။

စိတ်ထဲမှ တီးတိုးရေရွတ်လိုက်ရင်း သက်ပြင်းမောကို လေးတွဲ့စွာချလိုက်မိသည်။ သူမ ခေါင်းကိုခါရမ်းပစ်လိုက်ရင်း

"ဝေးလွင့်ရယ်...မမစိမ်းရဲ့အတွေးကမ္ဘာထဲက မင်းထွက်သွားပါလားကွယ်"ဟု ရေရွတ်နှင်ထုတ်ပစ်မိပေမယ့် အချည်းနှီးပင်။ ပုံရိပ်အချို့က ထင်ဟပ်လာဆဲ။

"ဝေးလွင့် မင်းဘာလုပ်နေတာလဲ"

အပင်ခြေမှာ ကြွေကျနေသော သစ်ရွက်ခြောက်ကလေးတွေကို ကောက်ကာ စုပုံရေတွက်နေသော ဝေးလွင့်ကို တင်းမာသော မျက်နှာထားလေးနှင့် လေသံခပ်ဆတ်ဆတ်လေး ပြောမိတိုင်း ညှိုးငယ်သောမျက်နှာထားဖြင့် မဝံ့မရဲလေး မျက်လွှာပင့်ကာ မော့ကြည့်ရင်း...

"မမ...မမစိမ်းနဲ့ ခွဲနေရတဲ့ အချိန်တွေကိုသိချင်လို့ သစ်ရွက်ခြောက်ကလေးတွေကို ကောက်ပြီး ရေတွက်ကြည့်နေတာလေ မမရဲ့"

www.burmeseclassic.com



"ဟယ်...ကြည့်စမ်းကွယ် ကြံ့ကြံ့ဖန်ဖန်"

ပြောပြောဆိုဆို ဝေးလွင့်ရဲ့အနားမှာ ငုတ်တုတ်ကလေး ထိုင်ချလိုက်ရင်း...

"ကဲ..ပြောစမ်းပါဦးကွယ်၊ အချိန်ဘယ်လောက်ကြာအောင် ခွဲရသလဲ"

ထိုအခါမှ ဝေးလွင့်ရဲ့မျက်နှာလေး ပြုံးယောင်သမ်းလာသည်။

"သိတာပေါ့ မမရဲ့မယုံရင် ဟောဒီသစ်ရွက်ကလေးတွေကို ရေကြည့်ပါလား အဟက်ဟက် မယုံဘူးလားဟင်"

"ဟင့်အင်း မယုံဘူးကွယ်"

"မယုံရင် မောင်သက်သေပြမယ်"

ပြောပြောဆိုဆို စိမ်းမမကို ရင်ခွင်အတွင်းသို့ ခပ်တင်းတင်းကလေး ဆွဲယူဖက်တွယ်လိုက်သည်။

"အာ...ဝေးလွင့် လူဆိုးကလေး"

"မမ မယုံဘူးဆို၊ ယုံအောင် မမကို အနမ်းနဲ့ သက်သေပြမယ်လေ အဟက်ဟက်"

အို...ဝေးလွင့်ရယ်...ဝေးလွင့်ရယ်...

ရုတ်တရက် စိမ်းမမ၏ မျက်ဝန်းအိမ်မှ မျက်ရည်ကြည်များ ဝဲတက်လာပြီး ပါးပြင်ပေါ်သို့ စီးကျလာသည်။





တောတောက အပျော်ရိုပ်ကလေးတွေက ဟိုးအဝေးကြီးကို လွင့်ထွက်သွားသည်။

ဝေးလွင့်ရယ်...အဟောင်းဟောင်း...ပြုံးပျော်ကြည်နူးစဉ်က မင်းရဲ့ ရယ်သံလွင်လွင်ကလေးတွေရဲ့ အပျော်ရက်ကလေးတွေဟာ ဘယ်မှာလဲကွယ်။

စိမ်းမမဆိုတဲ့ မမစိမ်းတစ်ယောက် မောင့်ကိုချစ်တဲ့ အချစ်တွေနဲ့ ရူးနေပြီ မောင်...

သေဆုံးသွားတဲ့ မောင်နဲ့ ကျွန်မတို့ရဲ့ ရင်ခုန်သံတွေဟာ ကျွန်မကို ရူးသွပ်သွားအောင် ခြောက်လှန့်နေဆဲ ကြားယောင်နေဆဲပါ မောင်။

တကယ်လို့များပေါ့ မောင်ရယ်...အတိတ်ရင်ခုန်သံကို မောင်တစ်ယောက် ပြန်ကြားနိုင်သေးတယ်ဆိုရင် စိမ်းမမဆိုတဲ့ မမစိမ်း သေရင်တောင် သေပျော်ပါပြီမောင်ရယ်... မမစိမ်း မောင့်ကို တွက်သက်ဝင်သက်ကလေးတွေ ချုပ်ငြိမ်းသွားတဲ့အထိ ချစ်သွားမှာပါ။

မောင့်ကို မောင်လို့ မမစိမ်းရဲ့ရင်ထဲ အသည်းနှလုံးထဲက မြတ်မြတ်နိုးနိုးနဲ့ ချစ်ခြင်းမေတ္တာတွေနဲ့ အတူ မောင်ဆိုတဲ့ နာမ်စားကလေးကို ခေါ်လိုက်တာပါ မောင်ရယ်...

သိပ်လွမ်းတယ် မောင်ရယ်...

www.burmeseclassic.com



မမရဲ့ဘဝက မောင့်ကို ချစ်မြတ်နိုးမှုတွေနဲ့အတူ ဝေးလွင့်ဆိုတဲ့ မောင်နဲ့အတူပဲ အတိတ်ရင်ခုန်သံထဲမှာ သေဆုံးခဲ့ပါပြီ မောင်ရယ်။

"မမစိမ်း မမစိမ်း"

"အို..."

ရုတ်တရက် စိမ်းမမနားထဲသို့ ဝေးလွင့်၏ ခေါ်သံသဲ့သဲ့ကို ကြားလိုက်ရသည့်အတွက် သူမ၏ မျက်ဝန်းကလေးများ ချာချာလည်သွားရသည်။

"ငါ...ငါ စိတ်ထင်လို့ပါလေ"

"မမစိမ်း...မမစိမ်း"

စူးရှကျယ်လောင်သော အသံလာရာဆီသို့ သူမ လှမ်းမျှော်ကြည့်လိုက်သည်။

"ဟင်...ဝေး...ဝေးလွင့် အို...ဘုရား ဘုရား"

မယုံကြည်နိုင်သော မျက်ဝန်းစုံဖြင့် စိမ်းမမ ငေးကြည့်မိသည်။

သူမ၏မျက်ဝန်းထဲသို့ ပြုံးရယ်၍ ပြေးလာနေသော ဝေးလွင့်ကိုတွေ့ရသည်။ ကြေကွဲဝမ်းနည်းစွာ ရပ်ကြည့်နေသော စိမ်းမမဆီသို့ သော်တာ ပြေးလာလေသည်။





"မမစိမ်း...မမစိမ်း လွမ်းလိုက်တာ မမစိမ်းရယ်"

ပြောပြောဆိုဆို စိမ်းမမကို တင်းကျပ်စွာပွေ့ဖက်လိုက်သည်။

"အဟင့်...ဟင့် ဝေး...ဝေးလွင့်"

သော်တာ၏ရင်ခွင်ထဲတိုးဝင်ရင်း စိမ်းမမ အားပါးတရ ငိုရှိုက်လိုက်မိသည်။

"မမစိမ်း ငိုချင်ရင် ဟောဒီမောင့်ရဲ့ရင်ထဲ ပြည့်အောင် ငိုလိုက်ပါ မမစိမ်းရယ်"

စိမ်းမမ အငိုမျက်ဝန်းစုံဖြင့် မော့ကြည့်ရင်း...

"တကယ်လားမောင် မောင်ရဲ့ သေဆုံးသွားတဲ့ အတိတ်ဘဝက မောင် ပြန်နိုးထလာတာလားဟင်၊ အတိတ်ဘဝက တကယ် မောင် မသေဆုံးသေးဘူးပေါ့နော်"

"ဟောဒီက မောင်သိပ်ချစ်တဲ့ ချစ်မမ မမစိမ်းအတွက် မောင် ပြန်လည်ရှင်သန်ခဲ့တာပါ အချစ်ရယ်...သိပ်လွမ်းတယ်ကွယ်"

ပြောပြောဆိုဆို ဝေးလွင့်၏မျက်နှာက စိမ်းမမ၏ မျက်နှာလေးပေါ်သို့ တအိအိပြိုကျ၍လာသည်။

"အို...မောင်ရယ်"

www.burmeseclassic.com



စိမ်းမမ၏ နှုတ်ခမ်းဖူးဖူးကလေးမှ တီးတိုးရေရွတ်သံလေး ထွက်ပေါ်လာသည်။ ချစ်သူနှစ်ယောက် ချစ်ရည်ရွှန်းလဲ့သော မျက်ဝန်းလေးတွေနှင့်ကြည့်ကာ လွတ်ထွက်သွားတော့မည့်အလား တင်းကျပ်စွာ ဖက်ထားလျက်..အကြင်နာစကားတွေနှင့် ဝေစီလျက်...။

❀ ❀ ❀

ပရိသတ်အတွက်
အမြဲတမ်း
မြသင်းကြူ